www.burmeseclassic.com

# ဝတ္ထုအောင်

နေဝန်းသစ်စာပေ

## ဒေါင်းနဂါးမဝါ

တတိပိုင်း(ဇာတ်သိမ်းပိုင်း)



www.burmeseclassic.com

www.burmeseclassic.com

# ပ[illegible]အောင်

## ခေါင်းနဂါးမဓါ

တတိယပိုင်း (စာတင်သိမ်)

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး.... (ဒို့အရေး)

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... (ဒို့အရေး)

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး.... (ဒို့အရေး)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းကမ်းကိုက်ညီ ဘေးကင်းမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။



သူက ဒေါင်းနဂါးဂိုဏ်းအား ကျောခိုင်းခဲ့သည်ကို လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားလိုသည့် သွေးဝိဉာဉ်ဂိုဏ်းမှာ မကျေနပ်ဖြစ်ခဲ့လေသည်။

သူ့အား ဒေါင်းနဂါးဂိုဏ်းခေါင်းဆောင်အဖြစ် ရုပ်ပြသထားပြီး နောက်ကွယ်မှ ကြိုးကိုင်စေခိုင်းရန် မဖြစ်နိုင်တော့သဖြင့် သွေးဝိဉာဉ်ဂိုဏ်း၏ အစဉ်အလာအတိုင်း သူ့အား ဆုံးမခြင်း ပြုပုံရလေသည်။

သူ့အား ရှင်းမပစ်နိုင်လျှင် လူတိုင်းလူတိုင်းအား ထိတ်လန့်ကြောက်ရွံ့သွားစေသည့် သွေးဝိဉာဉ်ဂိုဏ်း၏အမည်မှာ ရေစုန်မျောသွားမည် ဖြစ်ပေသည်။

ထို့ကြောင့်လည်း သိုင်းလောက၌ မထေမအာသင့်ရှိသည့် အသက်ကြီးလူမမာ ကျောင်းစုလွှအား စေလွှတ်လိုက်ခြင်း ဖြစ်ပေသင်သည်။

ကျောင်းစုလွှ၏ဓားချက်ကို ရှောင်တိမ်းနိုင်မည် မဟုတ်မှန်း ကောင်းစွာနားလည်ထားပါ၏။

ကျောင်းစုလွှသည် သူ၏ဦးခေါင်းကို ထက်ခြမ်းခွဲပစ်ရန် ရည်ရွယ်ချက်ဖြင့် ခုတ်ချလာခြင်းဖြစ်သည်။

သူက ရှေ့တိုးကာ ခန္ဓာကိုယ် ဘေးတိုက်အနေအထားဖြင့် ဓားချက်ကို ပခုံးစောင်းဖြင့် ခံပေးလိုက်ပြီး ကျောင်းစုလွှ၏ မျက်နှာတည့်တည့်သို့ လက်သီးဖြင့် ထိုးလိုက်ခြင်း ဖြစ်လေသည်။

သူ၏လက်သီးမှာ ကျောင်းစုလွှ၏နှာခေါင်းကို တည့်တည့် မတ်မတ် ထိုးမိသွားပုံရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစုလွင်၏ မျက်နှာ သွေးဖြာသွားပြီး အထိုးခံလိုက်ရသည့် အချိန်ဖြင့် ဦးခေါင်း နောက်သို့လန်တက်သွားရာမှ လည်ပင်းရိုး ကျိုးသွားဟန် ရှိလေသည်။

ကျောင်းစုလွင်၏ ဓားချက်သည် သူ၏ပခုံးစောင်းပေါ်သို့ ကျရောက်ခဲ့သည်သာမက ဓားနှောင့်ဖြင့် တွက်ချလိုက်သည့်ဒဏ်ဖြင့် နားအုံတစ်ခုလုံး ထူပူသွားခဲ့ရ၏။

ကျောင်းစုလွင် လဲကျသွားသည်ကိုမြင်တွေ့လိုက်ရပြီး သူကိုယ်တိုင်လည်း အမှောင်ကမ္ဘာထဲရောက်သွားရာ ယခုမှ ပြန်လည်သတိရလာခြင်း ဖြစ်ပေတော့သည်။

ယန်ခွမ်း တွေးတောရင်း အသာမှိန်းနေလိုက်ပြီး စေစေနောက်ဆက်သာသွားသလိုရှိမှ ထရပ်လိုက်လေသည်။

ပြတင်းပေါက် တစ်ပေါက်နှင့် တံခါးပေါက် တစ်ပေါက်ရှိသည့် သန့်ရှင်းသော အခန်းတစ်ခုဖြစ်သည်။

ဤအခန်းအတွင်းသို့ ဘယ်နည်းဘယ်ပုံ ရောက်ရှိနေရပါသနည်း။

'ချူးရှာ....'

ယန်ခွမ်း တီးတိုးရေရွတ်လိုက်၏။

သူ့အား ဤနေရာသို့ ခေါ်ဆောင်လာသူမှာ ချူးရှာပင်ဖြစ်ရမည်ဟု ယုံကြည်လိုက်လေသည်။

ချူးရှာက သူ့အတွက် ဂရုစိုက်နေသည်ဆိုလျှင် စိတ်ပူစရာရှိတော့မည်မဟုတ်ပါချေ။

ယန်ခွမ်းသည် ပြတင်းပေါက် အနီးသို့ ချဉ်းကပ်သွားပြီး အပြင်ဘက်ကို လှမ်းကြည့်လိုက်၏။



အပြင်ဘက်၌ ရောင်စုံပန်းများပွင့်နေသည့် ပန်းဥယျာဉ်ကြီးတစ်ခု ရှိနေသည်ကို တွေ့မြင်ရပါ၏။

ယန်ခွမ်း မျက်မှောင်ကျုံ့သွား၏။

'ဒီပန်းဥယျာဉ်ထဲကို ငါရောက်ဖူးတယ်'

ဟု တီးတိုးရေရွတ်မိ၏။

မှန်ပေသည်။ အပြင်ဘက်၌ရှိနေသော ပန်းဥယျာဉ်အတွင်းသို့ သူရောက်ဖူးခဲ့သည်ဟု ထင်မိ၏။

ဤနေရာသည် သူနှင့် စိမ်းသောနေရာ မဖြစ်နိုင်တော့ပေ။

ယန်ခွမ်းသည် ဟိုဟိုသည်သည် မျက်လုံးကစားလိုက်ပြီး

'လက်စသပ်တော့ သူဌေးကြီးရှောင်စန်းရဲ့ ရတနာစံအိမ်ကို ပြန်ရောက်လာတာကိုး၊ ချူးရှာက ဘယ်သွားရမှန်းမသိတာနဲ့ ဒီကိုပြန်ခေါ်လာတာထင်ပါရဲ့'

သူတွေးတောနေစဉ်မှာပင် အပြင်ဘက်မှ ခြေသံများ ထွက်ပေါ်လာသည်။

ယန်ခွမ်း လှည့်ကြည့်လိုက်ချိန်၌ ကျွီခနဲ မြည်သံနှင့်အတူ အခန်းတံခါးပွင့်သွားပြီး လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟင်....ညီမလေးရှောင်ရှောင်'

ယန်ခွမ်း လွှတ်ခနဲ ခေါ်မိသည်။

မှန်ပေသည်။ ဝင်ရောက်လာသူမှာ သူဌေးကြီးရှောင်စန်း၏ သမီး သခင်မလေးရှောင်ရှောင် ဖြစ်လေသည်။

ရှောင်ရှောင်သည် ပြတင်းပေါက်အနီး၌ ရပ်နေသည့် ယန်ခွမ်းကို တွေ့မြင်သည်နှင့် မျက်လုံးကလေးဖိုင်းသွားပြီး....

www.burmeseclassic.com

'ဟင်...အစ်ကို၊ ဘာဖြစ်လို့ ခုတင်ပေါ်မှာ လှဲမနေတာလဲ၊ အစ်ကို့ ဒဏ်ရာ ရှင်းရှင်းလင်းလင်း ပျောက်သေးတာလဲ မဟုတ်ဘဲနဲ့၊ သမားတော်ကြီးက အနားယူထားရမယ်လို့ ပြောခဲ့တယ်၊ မဖြစ်သေးပါဘူး၊ ကဲ...လာ...လာ'

ရှေ့တိုးလာပြီး ယန်ခွမ်း၏ အကောင်းပကတိ ရှိနေသော လက်ကို ဆွဲ၍ခေါ်လိုက်လေသည်။

ယန်ခွမ်းသည် သူမအား မယုံကြည်နိုင်စွာဖြင့် ကြည့်နေမိပါ၏။

...အတွက် စိုးရိမ်ပူပန်နေမှန်း သိရသဖြင့် ရင်ထဲ၌ ဖော်မပြနိုင်သည့် ခံစားချက်များ ဖြစ်ပေါ်ခံစားလာရလေသည်၏။

ရှောင်ရှောင် ဆွဲခေါ်ရာသို့ အသာတကြည်ပင် လိုက်ပါသွားမိလေသည်။

'တဲ့...ထိုင်၊ ခုချိန်မှာ လှုပ်လှုပ်ရှားရှား မလုပ်ရသေးဘူး၊ ငြိမ်ငြိမ်ကလေးနေရမယ်လို့ သမားတော်ကြီးက မှာသွားတယ်၊ ...ကိုရာ ...မြန်မြန်သက်သာသွားမှာ'

ယန်ခွမ်း ငြိမ်သက်စွာ ထိုင်လိုက်မိ၏။

...ငြိမ်းနီးကပ်စွာရှိနေသည်မို့ ရှောင်ရှောင်၏ ကိုယ်သင်းနံ့လေးကို ရှူရှိုက်မိပါ၏။ လှပချောမောလှန်းသည့် သူမ၏ ...ခက်နုရကလေးကို တမေ့တမော ငေးမော ကြည့်ရှုနေမိလေ၏။

ရှောင်ရှောင်သည် သူ့အား ကြည့်လာခိုက် မျက်လုံးချင်းဆုံမိ...ကြလျှင် သူမ၏ပါးပြင်မှာ ရှက်သွေးဖြာခြင်း နီရဲသွားပါ...သည်။



ချက်ချင်းပင် ခေါင်းကလေးငုံ့သွား၏။

ယန်ခွမ်းက...

'...က ညီမလေးကို ဒုက္ခပေးသလိုဖြစ်နေပြီထင်တယ်'

ဟု ပြောလိုက်လေသည်။

ရှောင်ရှောင် ခေါင်းကလေး ခါယမ်းလိုက်သည်။

'အို...အစ်ကိုဟာ ဖေဖေ့အကျိုးကို ဆောင်ရွက်ပေးခဲ့သူပဲ၊ အစ်ကို့ ကိုပြန်ပြီးကူညီရမှာ ညီမတို့ဝတ္တရားပါရှင်'

ယန်ခွမ်းက...

'အစ်ကိုကသာ ညီမဖေဖေရဲ့အကျိုး ဆောင်ရွက်ခဲ့သူမဟုတ်ဘူးဆိုရင် ညီမလေးဟာ...'

'အို...ဒီလိုမပြောပါနဲ့ရှင်'

ရှောင်ရှောင် မျက်နှာကလေး ညှိုးသွားသည်ကို ယန်ခွမ်း သတိပြုမိလိုက်လေသည်။

'ညီမလေးကိုကျေးဇူးမှိတာ စိတ်မဆိုးပါနဲ့ကွယ်၊ အခု အစ်ကို့ ဒဏ်ရာတွေ သက်သာသွားပါပြီ၊ ဒါကြောင့်...'

'ဟင့်အင်း...ဟင့်အင်း၊ အစ်ကိုမသွားရဘူး'

ရှောင်ရှောင် ကပျာကယာ တားဆီးလာလေသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်မိကြလေသည်။

နှစ်ယောက်အား ဖွင့်မပြောကြသော်လည်း တစ်ယောက်၏ ရင်ထဲမှ ခံစားချက်များကို တစ်ယောက်က နားလည် သဘောပေါက်နေကြပြီ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းသည် တစ်သက်နှင့်တစ်ကိုယ် မိန်းကလေးများနှင့် နီးနီးကပ်ကပ် နေခဲ့ဖူးခြင်း မရှိခဲ့ပါ။

ချစ်ခြင်းမေတ္တာဆိုသည့် သဘောတရားကိုလည်း ချိုသည် ခါးသည် နားလည်ရကောင်းမှန်း မသိခဲ့သူ ဖြစ်ပေသည်။

ယခု ရှောင်ရှောင်နှင့်တွေ့မှ ချစ်ခြင်းမေတ္တာ၏ လွှမ်းမိုးမှု ခံနေရပြီဖြစ်၏။ သူ၏ အမူအရာ၊ စကားသံ အလိုလို နူးညံ့ ပျော့ပျောင်းလာသည်။

သူတို့ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေရာမှ ယန်ခွမ်းက....

'ညီမရယ်....'

တီးတိုးခေါ်ရင်း ရှောင်ရှောင်၏ ပခုံးကလေးကို ဆုပ်ကိုင်ကာ သူ၏ရင်ခွင်ထဲ ဆွဲသွင်းလိုက်လေသည်။

ရှောင်ရှောင် ခေါင်းကလေးငုံ့သွား၏။

သို့သော် သူမကိုယ်တိုင်လည်း မေတ္တာ၏သားကောင်ဖြစ်နေခဲ့၍ အလိုက်သင့် တိုးဝင်လိုက်လေသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြင်နာစွာ ထွေးပွေ့ထားလိုက်ကြ၏။ နှစ်ဦးသားပေါင်းစပ်မှု ဘဝတစ်ခု ပြည့်စုံလိမ့်မည်ဟု ခံယူမိလာချိန်မှာပင် အပြစ်ဘက်မှခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ယန်ခွမ်းနှင့် ရှောင်ရှောင်တို့ ကပျာကယာ လူချင်းခွာလိုက်သည်။



ထိုအခိုက်မှာပင်....

'ယန်ခွမ်း....မင်းဟာ မငြိမ်းချမ်းရတော့တဲ့ နဂါးလေးပဲ'

စကားသံနှင့်အတူ ရှာကာ ရယ်ရယ်မောမောဖြင့် အခန်းတွင်းသို့ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

....၂....

သုံးလ....

သုံးလအတွင်း ယန်ခွမ်းတစ်ယောက် ထူထူထောင်ထောင် ဖြစ်လာလေသည်။

သူဌေးကြီးရှောင်စန်း၏လက်စွဲ သမားတော်ကြီး ကြိုးကြပ် ကုသပေးမှုကြောင့် ပခုံးမှဒဏ်ရာမှာ လျင်မြန်စွာ သက်သာ ပျောက်ကင်း လာလေသည်။ လူကောင်းတစ်ယောက် နီးနီး အခြေအနေသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။

သူဌေးကြီးရှောင်စန်းသည် သစ္စာရှင် အာမခံရှာနေသူ ပေးခိုင်းသည့် အဖိုးတန် ရတနာများပါရှိသည့် အထုပ်ကလေးကို

www.burmeseclassic.com

www.burmeseclassic.com



လာမို့ ပေးခဲ့သည်မို့ ယန်ခွမ်းတို့အား နဂိုကပင် သဘောကျခဲ့လေသည်။

ယန်ခွမ်းဖတ်ရာရကာ သူ့ ထံရောက်လာသောအခါ ကျေးဇူးအပ်ချည့်အနေနှင့် လိုလေသေးမရှိ ပြုစုခဲ့လေသည်။

ထို့ကြောင့်လည်း ယန်ခွမ်းမှာ သူဌေးကြီးရှောင်စန်းအား ကျေးဇူးတင်ရမည့် အခြေအနေ ပြန်လည် ရောက်ရှိသွားလေတော့သည်။

တနေ့စံအိမ်၌ နေထိုင်ရသည်ကို ယန်ခွမ်း ပျော်ရွှင်နေမိပါသည်။

သူနှင့်ရှောင်ရှောစ်သည် မမျှော်လင့်ဘဲ ချစ်သူဘဝ ရောက်ရှိခဲ့ကြပြီ မဟုတ်ပါလား။

ယန်ခွမ်းမှာ ဝေဒနာ သက်သာပျောက်ကင်းသွားမည်ကိုပင် စိုးရိမ်ပူပန်နေလေတော့သည်။

သို့သော် သူ၏ ဝေဒနာသည် တဖြည်းဖြည်း သက်သာလာသည်။

ဝေဒနာသက်သာလာခြင်းကြောင့် ယန်ခွမ်း စိတ်ညစ်ရသည် ဆိုလျှင် ကြားရသူအပေါင်း ရယ်မောကြလိမ့်မည် ဖြစ်ပေသည်။

လူကောင်းပကတိ ဖြစ်လာလျှင် သူဌေးကြီး ရှောင်စန်းက လက်ခံထားမည်ဆိုလျှင်ပင် ဆက်နေ၍ မသင့်ပါချေ။

သူ၏ဘဝသည် မရေမရာနိုင်လှသော ဘဝမျိုးဖြစ်သည်။

မီးသွေးတုံးကဲ့သို့ပင် ကိုယ်ကြမ္မာကိုယ်ဖန်တီးကာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ခြင်းမျိုး မရှိသေးချေ။



ထို့အတွက် ယန်ခွမ်း တွေးတောပူပန်နေသည်ကို ချူးရှာမှ လွဲပြီး မည်သူမျှ နားမလည်နိုင်ကြတော့ပေ။ ထိုအခါ....။

လေပြည်ညင်း ဝေ ယမ်းတိုက်ခတ်လာလေသည်။

မွှေးကြိုင်သင်းပျံ့သည့် ပန်းရနံ့များ ပျံ့လွင့်လာ၏။

ယန်ခွမ်းသည် ပန်းဥယျာဉ်အတွင်း၌ ငူငူကြီး ရပ်နေမိ၏။

သူ၏ စိတ်ဓာတ်ပခုံးမှ ဖိအားကျက်သွားပြီး အသစ်ပြန်ပင် တက်လာပြီ ဖြစ်သည်။

ပတ်တီးစည်းနှောင်စရာလည်း မလိုတော့ပေ။

သမားတော်ကြီးပေးလာသည့် ဆေးရည်ကို မှန်မှန်လိမ်းရုံသာ ရှိပေတော့သည်။

'အင်း ..နောက်သုံးလေးရက်လောက်ပဲ'

ယန်ခွမ်း သက်ပြင်းချကာ တိုးတိုးညည်းညူလိုက်သည်။

နောက်သုံးလေးရက်ခန့်ကြာလျှင် ရတနာစံအိမ်မှ သူ ထွက်သွားပြီး ခြေဦးလှည့်ရမည်။

ထို့နောက်တွင်ကား....

'အစ်ကိုတို့ ဘယ်တော့များမှ ပြန်ဆုံနိုင်မှာလဲ ညီမရယ်'

ယန်ခွမ်း၏ရင်ထဲ၌ဖော်မပြနိုင်သောခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ရှောင်ရှောစ်နှင့်ဝေးရမည်ကိုတွေးတောပူပန်ရင်း စိတ်ဓာတ်ကျဆင်းလာ၏။

ချစ်ခြင်းမေတ္တာသည် တွေ့ဝေခြင်း၊ပျော့ညံ့ခြင်းတို့ ဖြစ်စေတတ်သည်လော။

ရှော်တရက် ခြေသံများ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းဥယျာဉ်အတွင်းသို့ လူနှစ်ယောက် ဝင်ရောက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ယန်ခွမ်း ရင်ထိတ်သွား၏။

ဝင်လာသူနှစ်ယောက်အနက် တစ်ယောက်မှာ သူဌေးကြီးရှောင်စန်းဖြစ်နေ၍ သွားရောက်နှုတ်ဆက်ရန် ဟန်ပြင်လိုက်မိသည်။

သို့သော်သူဌေးကြီးရှောင်စန်းနှင့်အတူသွေ့သည့်တစ်ယောက်ပါလာသည်ကို တွေ့ရသဖြင့် အနှောင့်အယှက်ဖြစ်သွားနိုင်သည်ဟု တွေးကာ နှုတ်မဆက်ဘဲနေရန် ဆုံးဖြတ်လိုက်၏။

ထို့အပြင် ယခုအချိန်မှ တိုတိုတဆိတ် ရှောင်ထွက်သွားမည်ဆိုလျှင် မည်သူမျှမတွေ့ကာ အရေးမကြီးသော်လည်း သူဌေးကြီးရှောင်စန်း တွေ့မြင်သွားလျှင် မကောင်းဖြစ်မည်ကို စိုးရိမ်ကာ သည်အတိုင်း ဆက်ပြီး ရပ်နေလိုက်လေသည်။

သူဌေးကြီးရှောင်စန်းနှင့် သူ၏ မိတ်ဆွေမှာ ယန်ခွမ်းအား သတိမပြုမိကြပါချေ။ မလှမ်းမကမ်းမှဖြတ်သွားကြပြီး ကျောက်ထိုင်ခုံတစ်ခု၌ မျက်နှာချင်းဆိုင် ထိုင်လိုက်ကြလေသည်။

ထိုအခါ ယန်ခွမ်းမှာ ပို၍ ထွက်သွားရန် မဖြစ်နိုင်တော့ပါ။

သူက အနည်းငယ် လှုပ်ရှားလိုက်သ နှင့် သူဌေးကြီးရှောင်စန်းတို့ သတိပြုမိသွားကြလိမ့်မည် မဟုတ်ပါလား။

ထွက်မသွားနိုင်တော့သည့်အတူ သူဌေးကြီး ရှောင်စန်းတို့အား အကဲခတ်ကြည့်နေမိလိုက်လေသည်။

သူဌေးကြီးရှောင်စန်း၏မိတ်ဆွေသည် အဖြူရောင် ဝတ်ဆင်ထားပြီး အသက်လေးဆယ်ခန့်ရှိသူ ဖြစ်၏။



တည်ကြည်ခန့်ညားသော ဥပဓိရုပ်ပိုင်ရှင်ဖြစ်သလို ခါး၌ချိတ်ထားသည့်ဓားက သိုင်းလောကသားတစ်ယောက် ဖြစ်ကြောင်း ဖော်ပြနေပေတော့သည်။

ယန်ခွမ်း၏မျက်လုံးအစုံသည် ထိုလူ၏ခါးမှ ဓားဆီသို့ ရောက်သွားသည်နှင့် ထိုလူအား စိတ်ဝင်စားသွားလေတော့သည်။

ထိုလူ၏ဓားမှာ အနီရောင် ပန်းပွားကလေးများနှင့် အလှဆင်ထားသည့် ဓားတစ်လက်ဖြစ်နေသည် မဟုတ်ပါလား။

ထိုအနီရောင်ပန်းပွားများနှင့် ဓားပိုင်ရှင်ကို သူ မြင်တွေ့ခဲ့ဖူးပါသည်။

သူ့အတွက် အလိုလိုလေးစားကြည်ညိုမိသူ ဖြစ်၏။

သူလိုက်လံရှာဖွေနေသည့် ယန်ယင်းပင်သည် ထိုလူကဲ့သို့သော လူစားမျိုး ဖြစ်ပါစေဟု ဆုတောင်းခဲ့ဖူးသည် မဟုတ်ပါလား။

ယန်ခွမ်း စိတ်လှုပ်ရှားလာသည်။ ထိုလူအား စိုက်ကြည့်လိုက်လေသည်။

ထိုလူမှာ သူ့အား သတိမပြုဘဲ သူဌေးကြီးရှောင်စန်းနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ စကားပြောနေပါသည်။

သူတို့နှစ်ယောက်၏ စကားသံများကို အတိုင်းသား ကြားနေရပေတော့သည်။

သူဌေးကြီး ရှောင်စန်းက....

'မိတ်ဆွေရဲ့ကျေးဇူးကြောင့် ကျုပ်သမီးလေး အန္တရာယ်က လွတ်ခဲ့ရတာကို ကျုပ်ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ပါဘူးဗျာ'

ဟု ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက....

'ကျုပ်က ဒုက္ခရောက်နေတဲ့လူတွေရှာရင် ဆင်းရဲချမ်းသာမရွေး ကိုယ်တတ်နိုင်သလောက် ကူညီခဲ့တာချည်းပါပဲဗျာ၊ ကျေးဇူးတင်ရကောင်းအေးဆိုတဲ့ သဘောမျိုးနဲ့ မဟုတ်ပါဘူး'

'အင်း....ဒါကြောင့်လဲ မိတ်ဆွေဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် နာမည်ကြီးနေတာပေါ့ဗျာ၊ ဒါထက် မိတ်ဆွေဟာ ဆေးဝိညာဉ်ဂိုဏ်းကို ဖော်ထုတ်ဖို့ ကြိုးစားနေတာ ဘယ်လိုအခြေအနေ ရောက်ပြီလဲဗျ'

ဆေးဝိညာဉ်ဂိုဏ်းဆိုသည့် အမည်ကို ကြားလိုက်ရခြင်းကြောင့် ယန်ခွမ်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

မြင်းလှည်းပေါ်မှ မရှုမလှဆိုးကျလာသည့် သမားတော်၏ အလောင်းကို မြင်ယောင်လာ၏။

ဟားတိုက်ရယ်မောနေသည့် ငွေအိုးကြီး၏ မျက်နှာကိုလည်း မြင်ယောင်လာ၏။

တစ်ဆက်တည်းပင် သေလုမျောပါး ဝေဒနာ ခံစားရင်း သူ့ [illegible] အမှန်တရား မြင်လာပြန်သည်။

ယန်ခွမ်း၏လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

'ဆေးဝိညာဉ်ဂိုဏ်းနဲ့ စာရင်းရှင်းရမယ်'

ဟု စိတ်ထဲမှ ကြုံးဝါးလိုက်လေသည်။

ထိုအချိန်တွင် အဖြူရောင် ဝတ်ထားသူထံမှ စကားသံ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

'ဆေးဝိညာဉ်ဂိုဏ်းဟာ သိပ်ပြီးနာမည်ကြီးလာတာမို့ ပိုပြီး လျှို့လျှို့ဝှက်ဝှက် လှုပ်ရှားနေရတယ်၊ ခုဆိုလော အဖြူရောင်



သိုင်းသမားတွေကလဲ ဒုစရိုက်မှုကို စုပေါင်း တွန်းလှန်နေကြလို့ သူတို့ အခက်တွေ့နေကြတယ်လေ၊ ကျုပ်ကြားတဲ့ သတင်း အဆိုင်းဆိုရင် ဆေးဝိညာဉ်ဂိုဏ်းဟာ ဒေါင်းနဂါးဂိုဏ်းကို စည်းရုံးသိမ်းသွင်းပြီး၊ သူတို့အကျိုးအတွက် အသုံးချလိမ့်မယ်ဗျ၊ ဒေါင်းနဂါးဂိုဏ်း အကြောင်းကော ခင်ဗျား ကြားမိတယ် မဟုတ်လား'

သူဌေးကြီးရှောင်ဝန်း ခေါင်း ညိတ်လိုက်လေသည်။

'ကြားဖူးပြီလားဗျာ၊ လေးငါးနှစ်အတွင်းမှာ တစ်ဟုန်ထိုး ကျော်ကြားလာတဲ့ ဒုစရိုက်ဂိုဏ်းကြီးတစ်ခုပေါ့၊ သူတို့ ခေါင်းဆောင်ဟာ 'နဂါးလေး' ဆိုသူပဲ၊ ဆေးဝိညာဉ်ဂိုဏ်းနဲ့သာ ပူးပေါင်းလိုက်မယ်ဆိုရင် အနက်ရောင် သိုင်းလောကနဲ့ ဒုစရိုက် လောကကြီးဟာ တစ်စည်းတစ်လုံးတည်း ဖြစ်သွားတော့မှာ သေချာတယ်'

အဖြူရောင် ဝတ်ထားသူက....

'ဒါကို သိုင်းလောကသားတွေ ရိပ်မိကြပါတယ်ဗျာ၊ ဒါကြောင့်လဲ ခုကတည်းက စုပေါင်းပြီး ရင်ဆိုင်ဖို့ပြင်ဆင်နေကြတာပေါ့၊ သူတို့နဲ့ ကျုပ်တို့ဟာ စိတ်ဓာတ်ချင်း-သတ္တိချင်း ကွာပါတယ်ဗျာ၊ တကယ်တမ်း ယှဉ်ပြိုင်ကြမယ်ဆိုရင် သူတို့ပဲ အရှုံးနိမ့်သွားမှာပါ'

သူဌေးကြီး ရှောင်ဝန်း ရယ်မောလိုက်လေသည်။

'အင်း...မိတ်ဆွေရဲ့ သံမဏိစိတ်ဓာတ်ကို ချီးကျူးပါတယ်ဗျာ၊ သိုင်းလောကမှာ မိတ်ဆွေအကြောင်း နာမည်ကြီး

နေရ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ကျုပ်သဘောပေါက်သွားပါပြီး၊ လေးစားပါတယ်ဗျာ’

အဖြူရောင်ဝတ်ထားသူ ပြုံးလိုက်သည်။

‘ကျုပ်က နာမည်ကြီးဖို့ ကြိုးစားနေတာ မဟုတ်ပါဘူးဗျာ၊ မကောင်းမှုတွေကို တိုက်ဖျက်ချင်တဲ့ သဘောပါ’

‘ဒါထက်မိတ်ဆွေ၊ ဟူယင်တောင်ကို သွားမယ်ဆိုတာက....’

‘အင်း...ဟူယင်တောင်မှာ သွေးဝိညာဉ်ဂိုဏ်းက အရေးပါသူတစ်ယောက် ရှိနေတယ်လို့ ကျုပ်သတင်းကြားထားတယ်ဗျ’

‘ဟုတ်တယ်၊ ဒါဆို မြို့တော်ဝန်ကို အကြောင်းကြားပြီး....’

သူ၏စကားမဆုံးမီ အဖြူရောင်ဝတ်ဆင်ထားသူက ကြားဖြတ်ပြောလိုက်လေသည်။

‘ကိစ္စမရှိဘူး၊ ကျုပ်ကြားရတဲ့သတင်းက သေချာလှသေးတာ မဟုတ်ဘူး၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ပါဘူး၊ ကျုပ်ဘာသာ ကြည့်ပြီး ဖြေရှင်းလိုက်ပါ့မယ်’

သူဌေးကြီးရှောင်စန်း သက်ပြင်းချလိုက်သည်။

‘မိတ်ဆွေ အကူအညီလိုရင်ပြောနော်၊ ဘာမှအားမနာနဲ့၊ ကျုပ် အခုမ်းကုန် ကူညီမယ်၊ သွေးဝိညာဉ်ဂိုဏ်းကြောင့် ကျုပ်ရဲ့ပစ္စည်း ဥစ္စာတွေ ဆုံးရှုံးရပေါင်းများပြီ၊ သူတို့ကို ဖော်ထုတ်ဆုံးမနိုင်ရင် ကျုပ်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးကျူးရမှာပဲဗျ’

‘ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်ဟူယင်တောင်ကို သွားမယ်ဆိုတဲ့ အကြောင်းကိုသာ ဘယ်သူ့မှ မသိပါစေနဲ့’

‘ဟာ...စိတ်ချ၊ ကျုပ်ဆီကသတင်း မပေါက်ကြားစေရဘူး၊ ကျုပ်ရဲရဲကြီး အာမခံပါတယ်ဗျာ’



အဖြူရောင်ဝတ်ဆင်ထားသူက....

‘မိတ်ဆွေကို ကျုပ်ယုံပါတယ်၊ သူတို့ထွက်ပြေးသွားမှာကို စိုးရိမ်လို့ပါဗျာ၊ ဟူယင်တောင် သတင်းတောဖိမှ ကျုပ်က အတော်ခက်ခက်ခဲခဲ စုံစမ်းခဲ့ရတာဗျ၊ ကဲ...စကားပြောလို့ ကောင်းပါရဲ့၊ ကျုပ်သွားဦးမှဖြစ်မယ်’

ပြောပြောဆိုဆို ထိုင်ရာမှထလိုက်လေသည်။

သူဌေးကြီးရှောင်စန်းလည်း ထရပ်လိုက်၏။

သူတို့နှစ်ယောက်သည် ပန်းချင်းယှဉ်ကာ ယန်းဉယျာဉ်ထဲမှ ထွက်သွားကြလေသည်။

ယန်ခွမ်းကား ကျောက်ရုပ်ကြီးတစ်ရုပ်ပမာ မလှုပ်မယှက် ရပ်နေဆဲ။

သူ၏ရင်ထဲ၌ ဆုံးဖြတ်ချက်တစ်ခု ခိုင်မာစွာ ချမှတ်လိုက်ပြီ ဖြစ်သည်။

သွေးဝိညာဉ်ဂိုဏ်းအား ရင်ဆိုင်ရန် ဖြစ်ပေတော့သည်။

....ဝ....

www.burmeseclassic.com

www.burmeseclassic.com



ဟယုယင်တောင်....

ဟယုယင်တောင်သည် ကျင်းလိမ်မြို့နှင့် မိုင်နှစ်ဆယ်ခန့်အကွာတွင် ရှိသည်။

ယန်ခွမ်းသည် ချူးရှာနှင့် သခင်မလေးရှောင်ရှောင်ကိုပင် အသိမပေးနိုင်ဘဲ အလျင်အမြန်ထွက်လာခဲ့သည်။

သူ၏စိတ်ကူးမှာ ဟယုယင်တောင်သို့သွားကာ သွေးဝိညာဉ်ဂိုဏ်းမှလူများအား ဆုံးမပစ်ရန်ဖြစ်လေသည်။

ကျင်းလိမ်မြို့သို့ ရောက်လာခဲ့သည်မှာ အတော်ကြာသွားပြီဖြစ်ရာ ဟယုယင်တောင်သို့ မည်သို့မည်ပုံသွားရမည်ကို သိရှိထားပြီးဖြစ်သည်။

မခုံးမှုဝေဒနာ သက်သာလာကာစအချိန်၌ နောက်ထပ်တိုက်ပွဲတစ်ခုရင်ဆိုင်ရန် စိုင်းပြင်းမိခြင်းအတွက် မှားသည်မှန်သည် သူက တွေးတောနေမည် မဟုတ်ပါချေ။

ယခု လောလောဆယ်အချိန်၌ သွေးဝိညာဉ်ဂိုဏ်းမှလူများအား ဆုံးမနှိမ်နင်းပစ်လိုစိတ်များသာ ရှိနေပေတော့သည်။

ယန်ခွမ်း ခရီးပြင်းနှင်လာခဲ့ရာ ဟယုယင်တောင်အနီးသို့ရောက်ရှိလာသောအခါ ညနေစောင်းအချိန် ရှိနေချေပြီ။

တောင်းကင်တစ်ခုလုံး ပုစွန်ဆီရောင်သမ်းနေသည်။

တိမ်ဖြူများသည် လေနှင့်အတူ လွင့်မျောနေသည်။

အိပ်တန်းပျံ ငှက်တစ်အုပ်သည် အသံဗစာစာ မြည်မကြားလျက် ပျံသန်းသွားနေကြ၏။

တောင်နံကျဉ်တွင် မှိုင်းညို့ညို့ တောဝတန်းကြီးများ၊ စိမ်းလန်းသောတောအုပ်များ ဖုံးလွှမ်းလျက်ရှိပါသည်။



အေးမြသော ညနေခင်းလေမျှင်းလည်း သုန်သုန်ညင်းညင်းတိုက်ခတ်နေ၏။

ယန်ခွမ်းက ခြေလှမ်းရပ်ကာ နဖူးပေါ်မှ စို့ရွှဲနေသည့်ချွေးများကို သုတ်ပစ်လိုက်သည်။

ခပ်လှမ်းလှမ်း၌ ဟယုယင်တောင်ကို တွေ့မြင်နေရပါ၏။

ဆည်းဆာရောင်ခြည်အောက်တွင် တောင်ပေါ်၌ ဖြူဖြူဖွေးဖွေး အဆောက်အအုံအချို့ ရှိနေသည်ကို တွေ့မြင်နေရလေသည်။

'တောင်ပေါ်မှာ လူနေနိုင်တဲ့နေရာဆိုလို့ ဒီအဆောက်အအုံတွေပဲ ဖြစ်လိမ့်မယ်၊ သွေးဝိညာဉ်ဂိုဏ်းကလူတွေကို တွေ့နိုင်မှာပဲ'

ယန်ခွမ်း စိတ်လှုပ်ရှားလာသည်။

ရှေ့ခရီးဆက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်....

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယန်ခွမ်း ရင်ထိတ်သွားသည်။

'ဘယ်သူများပါလိမ့်'

တွေးယင်း ကြည့်လိုက်သောအခါ ခပ်လှမ်းလှမ်းတနေရာမှ မြင်းစီးသူများတစ်ယောက် ဒုန်းစိုင်း မောင်းနှင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်လှမ်းနေသဖြင့် မြင်းစီးသမားမှာ မည်သူမည်ဝါ ဖြစ်သည်ကို သဲသဲကွဲကွဲ မတွေ့ရချေ။

'သွေးဝိညာဉ်ဂိုဏ်းက လူများလား'

ယန်ခွမ်း ပို၍ ဂနာမငြိမ်ဖြစ်လာသည်။

ဟူယင်တောင်သို့ဦးတည်ကာ ခပ်သွက်သွက် လှမ်းသွားလေတော့သည်။

သူလာနေမှန်း မည်သူမျှမသိနိုင်စေရန် တောလမ်းကလေးအတိုင်းမသွားဘဲ သစ်ပင်ချုံနွယ်များကြားမှ ဖြတ်သန်းသွားလေသည်။

အချိန်များ တဖြည်းဖြည်းကုန်ဆုံးသွား၏။

အလင်းရောင် အားပျော့သွားပြီး အမှောင်ထု လွှမ်းမိုးလာသည်။

မကြာမီ နေလုံးကွယ်ပျောက်၍အမှောင်ကာလ ရောက်ရှိလာပေတော့မည်။

ယန်ခွမ်းသည် မှောင်မိုက်မသွားမီ ဟူယင်တောင်ပေါ်သို့ ရောက်သွားနိုင်စေရန် လျင်မြန်စွာ ရှေ့ဆက်သွားလေသည်။

ချုံနွယ်ပိတ်ပေါင်းများ တစ်စထက်တစ်စ ကျဲပါးလာ၏။

မြေပြင်မှာ တဖြည်းဖြည်း ကုန်းကမူများဖြင့် မြင့်မား မတ်စောက်လာ၏။

တောင်အမြင့်ပိုင်းသို့ ရောက်မှန်းမသိ ရောက်ရှိလာချိန်၌ ယန်ခွမ်းရှေ့ဆက်သွား၍ မဖြစ်နိုင်တော့အောင် အမှောင်ထု ဖိစီးဖုံးသွားလေသည်။

ယန်ခွမ်း ခြေလှမ်းရပ်လိုက်၏။



သစ်ပင်ကြီးတစ်ပင်ကို ကျောမှီကာ အနားယူနေလိုက်လေသည်။

အမှောင်ထုထဲ မျက်စိကျင့်သားရသွားလျှင် ရှေ့ဆက်သွားမည်သာ ဖြစ်ပေသည်။

သူ၏စိတ်ထဲ၌ အနီရောင် ပန်းပွားကလေးများ ပါရှိသည့် ခေါင်းပိုင်ရှင်ထက် အလျင်ဦးအောင် အရောက်သွားနိုင်ရန် အားခဲထားလေသည်။

သို့မှသာလျှင် သွေးဝိညာဉ်ဂိုဏ်းသားများအား ဆုံးမခွင့်ရလိမ့်မည် မဟုတ်ပါလား။

သွေးဝိညာဉ်ဂိုဏ်းသည် လျှို့ဝှက်ဆိပ်သည်းလှန်းလှသည့် ဒုစရိုက်ဂိုဏ်းကြီးတစ်ဂိုဏ်း ဖြစ်ပေသည်။

သွေးဝိညာဉ်ဂိုဏ်းဆိုသည့်အမည်ကို လူတိုင်းလိုလို ကြားဖူးကြမည်ဖြစ်သော်လည်း သွေးဝိညာဉ်ဂိုဏ်း၏ ခေါင်းဆောင်မှာ မည်သူမည်ဝါဖြစ်ကြောင်း သိနိုင်ကြလိမ့်မည် မဟုတ်ချေ။

သွေးဝိညာဉ်ဂိုဏ်းသည် သူ၏ဘဝဒရိုး လမ်းကြောင်းကို နောက်ကွယ်မှ ချုပ်ထိန်းပဲ့ကိုင်ကာ လိုရာဆွဲခေါ်သွားခဲ့သည်ဟု သူနားလည်ခဲ့ရ၏။

ထို့ကြောင့် ဒေါင်းနဂါးဂိုဏ်းအား ကျောခိုင်းကာ ထွက်လာခဲ့ခြင်း ဖြစ်၏။

ယခု သူအတွေ့ချင်ဆုံးသောလူမှာ ငွေဒေါ်ကြီးဖြစ်လေသည်။

'သွေးဝိညာဉ်ဂိုဏ်းက အရေးပါတဲ့လူတော့ ငွေဒေါ်ကြီးကို ပြောတာပဲ ဖြစ်မယ်'

www.burmeseclassic.com

www.burmeseclassic.com



သူ တွေးတော စဉ်းစားနေချိန်မှာပင် ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာလေသည်။

အေးမြသော လရောင်သည် ဝန်းကျင်တစ်ခုလုံး ဖြာကျလာသည်။

ယန်ရှမ်း ဝမ်းသာသွား၏။

လရောင်ဖြင့်အားပြုကာ တောင်ပေါ်သို့ ဆက်ပြီးတက်သွားလေသည်။

အစ်ပါ ဆက်သို့ရောက်လေသော်၊ မြေအနေအထားမှာ မြင့်မားမတ်စောက်လာလေပြီ။

မကြာမီ ကြာသွားပြီးကျင် တောင်ထိပ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေသည်။

ယခုတစ်ခေါက် တောင်ထိပ်မှာ မြေပြန့်လွင်ပြင်တစ်ခုမှာ ညီညာပြန့်ပြူးလှပါ၏။

ကျောက်တုံးဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံ [illegible]လုံးမျှ ရှိနေသည်ကို တွေ့ရ၏။

ထိုအဆောက်အအုံများမှ မီးရောင်လင်းလက် ပေါ်ထွက်နေလေသည်။

ယန်ရှမ်းသည် ရုတ်တရက် ချဉ်းကပ်သွားခြင်းမပြုသေးဘဲ အမှောင်ရိပ်ထဲ၌နေ၍ အတန်ကြာအောင် အကဲခတ်ကြည့်နေလိုက်၏။

လေတဝေ့ယမ်း တိုက်ခတ်လာသောအခါ ဘုရားစာရွတ်ဆိုသံများ ဝင်သဲ့သဲ့ကြားရ၏။

'ဘုကျောင်းတစ်ခုပါလား'



ယန်ရှမ်း မျက်လုံးပြူးသွား၏။

သွေးစိုညာဉ်ဂိုဏ်းမှ အရေးပါသူတစ်ယောက် ရှိနေသည် ဆိုသောနေရာမှာ ဘုကျောင်းတစ်ခု ဖြစ်နေပါ၏။

ဘုကျောင်းနှင့်လူဆိုးသည် လားလားမျှမအပ်စပ်သည့်ကိစ္စ ဖြစ်ပေသည်။

'ဒုက္ခပဲ၊ ဟိုလူတော့ သတင်းမှားကြီး ရထားပြီထင်တယ်'

ယန်ရှမ်း ခေါင်းကုပ်လိုက်သည်။

ရှေ့တိုးလည်းခက်၊ နောက်ဆုတ်လည်းခက်သည့် အဖြစ်နှင့် ကြုံတွေ့နေရပြီ ဖြစ်လေသည်။

မည်သို့ပြုလုပ်ရမှန်းမသိ အကြံအိုက်နေစဉ် လရောင်အောက်၌ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ယန်ရှမ်း မျက်လုံးပြူးသွား၏။

သေသေချာချာကြည့်လိုက်သောအခါ အဖြူရောင်ဝတ်ဝတ်ထားသူတစ်ယောက်သည် အဆောက်အအုံများဆီသို့ လျှင်မြန်စွာ ချဉ်းကပ်သွားနေသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟင်... သူဌေးကြီးရဲ့ မိတ်ဆွေပါလား'

ယန်ရှမ်း မနေနိုင်တော့ပါ။

ထိုလူသာ အလျှင်ရောက်သွားလျှင် သူ ဘာမျှ တတ်နိုင်တော့မည် မဟုတ်ပါချေ။

ယန်ရှမ်း ခပ်သွက်သွက် ပြေးလိုက်သွားလေသည်။

ခြေကွက်လပ်ကိုဖြတ်ကျော်မိသည်နှင့် ထိုလူသည်အဆောက် အအုံတစ်ခု၏ရှေ့သို့ ရောက်သွားသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း ပြေးလိုက်လာသည့်ခြေသံကို သတိထားမိလိုက်ဟန်ဖြင့် ချာခနဲလှည့်ကြည့်လာလေသည်။

ယခုမှ မထူးတော့ဟုသဘောပိုက်ကာ ယန်ခွမ်းက ထိုလူထံသို့ တည့်တည့်မတ်မတ် ပြေးသွား၏။

အနီးသို့ရောက်သွားလျှင် ထိုလူက မျက်မှောင်ကုပ်ကာ စိုက်ကြည့်ရင်း....

'မင်း ဘယ်သူလဲ'

ဟု ခပ်ထန်ထန် မေးလာလေသည်။

အကျိုးအကြောင်းရှင်းပြ၍လည်း အချိန်ကုန်ရုံသာရှိမည်ဟု တွက်ဆမိသဖြင့် ယန်ခွမ်းက ခပ်တည်တည် လိမ်ပြောလိုက်လေသည်။

'သူဌေးကြီးက ဦးကို ကူညီဖို့ ကျွန်တော့်ကို လွှတ်လိုက်တာပါ'

ထိုလူ မျက်နှာပျက်သွား၏။

မေးခွန်းထုတ်ရန် ဟန်ပြင်လိုက်ပြီးမှ စိတ်ထား ပြောင်းလဲသွားဟန်ဖြင့် သက်ပြင်းချကာ....

'ကောင်းပြီ၊ ငါ့နောက် လိုက်မယ်ဆိုရင် ငါ့စကားကို တစ်သဝေမတိမ်း နားထောင်ရမယ်၊ ဘယ့်နှယ်လဲ'

ဟု မေးလေသည်။

ယန်ခွမ်း ချက်ချင်း ခေါင်းညိတ်လိုက်သည်။

'ကျွန်တော် သဘောတူပါတယ်'



'ကဲ...လာခဲ့'

ထိုလူသည် ယန်ခွမ်းကို ခေါ်ကာ ကျောက်လှေကားထစ်များအတိုင်း အဆောက်အအုံပေါ်သို့ တက်သွားလေသည်။

ဘုရားစာ ရွတ်ဆိုသံများသည် ထိုအဆောက်အအုံအတွင်းမှ ထွက်ပေါ်နေခြင်း ဖြစ်ပေသည်။

အဆောက်အအုံ အဝင်တံခါးမကြီး အပေါ်ဘက်၌....

'ဟူယင်ဘုံကျောင်း'

ဟု ရေးသားထားသည့် ဆိုင်းဘုတ် ချိတ်ဆွဲထားလေသည်။

ထိုလူသည် တံခါးမကြီးကို ဖြတ်ကျော်ကာ အတွင်းဘက် လှမ်းဝင်လိုက်၏။

ယန်ခွမ်းလည်း ထပ်ကြပ်မကွာ လိုက်သွားရလေသည်။

ယခုအချိန်၌ ထိုလူထက် လက်ဦးအောင် သွေးဝိညာဉ်ဂိုဏ်းမှ လူများနှင့် ရစ်ဆိုင်လိုစိတ် ကွယ်ပျောက်သွားပြီ ဖြစ်သည်။

ထိုလူနှင့် အတူ လက်တွဲရသည်ကို ပိုသဘောကျနေမိတော့သည်။

သူတို့နှစ်ယောက် ဘုံကျောင်းအတွင်းသို့ ရောက်ရှိသွားသောအခါ ရသေ့တစ်ပါးနှင့် ဘုန်းတော်ကြီးတစ်ပါးသည် မယ်တော်ရုပ်တုရှေ့၌ထိုင်ကာ ဘုရားစာများ ရွတ်ဆိုနေကြသည်ကို တွေ့ရ၏။

ဘုံကျောင်း အတွင်း၌ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိထားရာ လင်းလင်းချင်းချင်း ရှိနေပါ၏။

ယန်ခွမ်းသည် ဟိုဟိုသည်သည် ကြည့်လိုက်ပြီး ဘုန်းတော်ကြီးနှင့် ရသေ့ကြီးတို့ထံ၌ အကြည့်ကို ရပ်တန့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ဝတ်ထားသူက....

'သတိအေး...ငါတို့ တောင်ချောက်ထဲကို ရောက်နေပြီ'

ဟု တီးတိုး သတိပေးလိုက်လေသည်။

ယန်ခွမ်း မျက်မှောင်ကုပ်သွား၏။

'တောင်ချောက်....ဟုတ်လား'

'သေချာတာပေါ့၊ ညကြီးအချိန်မတော် ငါတို့ ရောက်လာတာကြောင့် သူတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားသင့်တယ်၊ ခုတော့ တည်တည်ငြိမ်ငြိမ် ရှိလွန်းလှတယ်၊ သူတို့ဘက်က အပိုင်တွက်ဆထားလို့ တုန်လှုပ်မနေနိုင်ကြတာပေါ့၊ ငါတို့ကို တောင်ချောက်ထဲထားမှာ သေချာတယ်'

ယန်ခွမ်း ပါးစပ်ပိတ်ထားလိုက်သည်။

သူသာ ပြောဖြစ်မည်ဆိုလျှင် ထိုလူ မည်သည့်နည်းနှင့်မျှ သဘောကျမည်မဟုတ်ချေ။ ဘုံကျောင်းတစ်ခုကိုတောင်ချောက်ဟု မြင်နေခြင်းကို သူက လက်မခံနိုင်ကြောင်း ပြောမိလိမ့်မည် မဟုတ်ပါလား။

အဖြူရောင်ဝတ်ထားသူက....

'မင်း ဒီမှာရပ်နေ၊ ငါအချက်မပေးဘဲ မလှုပ်ရှားနဲ့'

ဟု ဖော်ကြားလိုက်သည်။

ထို့နောက် ဘုန်းတော်ကြီးနှင့် ရသေ့ကြီးတို့ ရှိရာသို့ ချဉ်းကပ်သွားလေသည်။

ယန်ခွမ်း မလှုပ်မယှက် ရပ်ကာ အခြေအနေ စောင့်ကြည့်နေလိုက်၏။



ဘုန်းတော်ကြီးနှင့် ရသေ့ကြီးတို့သည် မျက်နှာချင်းဆိုင်ကာ ထိုင်ရင်ခွေ ထိုင်နေကြပြီး တုတ်တံကလေး တစ်ချောင်းစီဖြင့် တစ်တောင်ခန့် အရှည်ရှိသော သစ်သားတုံးကလေး တစ်ခုကို တစ်ယောက်တစ်ချက်စီ စည်းချက်ဝါးချက်ညီညီ အဆက်မပြတ် ခေါက်နေကြလေသည်။

တုတ်တံကလေးများနှင့် သစ်သားတုံး ထိတွေ့သံမှာ တဒေါက်ဒေါက် မြည်ကာ ထွက်ပေါ်နေ၏။

သူတို့ နှစ်ယောက်သည် မျက်လုံးမှိတ်ကာ ဘုရားစာများလည်း အဆက်မပြတ် ရွတ်ဆိုနေကြလေသည်။

အဖြူရောင်ဝတ်ဆင်ထားသူသည် သူတို့အနီးသို့ရောက်သွားလျှင် ခြေလှမ်း ရပ်တန့်ကာ ချောင်းဟန့်လိုက်၏။

'အဟမ်း'

သူ၏ ချောင်းဟန့်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သို့သော် ဘုန်းတော်ကြီးနှင့် ရသေ့ကြီးတို့ ကြားဟန်မတူကြချေ။

အဖြူရောင်ဝတ်ဆင်ထားသူသည် သူတို့နှစ်ယောက်ကြား၌ ထိုင်ချလိုက်၏။

ထို့နောက် ကြမ်းပြင်ပေါ်၌ အသင့်ရှိနေသော တုတ်တံကလေးတစ်ချောင်းကိုယူကာ သစ်သားတုံးကို ဝင်ခေါက်လိုက်လေသည်။

စည်းချက်ဝါးချက်ညီညီ တဒေါက်ဒေါက်မြည်ကာ ထွက်ပေါ်လာသည့် အသံမှသည် စည်းဝါးမကျ တဖျောင်းဖျောင်း မြည်သံများ ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဘုန်းတော်ကြီးနှင့် ရသေ့ကြီးတို့သည် တုံးခေါက်နေရာမှ ရပ်တန့်သွားကြလေသည်။

ဘုရားစာရွတ်ဆိုသံများလည်း ချက်ချင်း ရပ်ဆိုင်းသွား၏။ နှစ်ယောက်သား ပြိုင်တူမျက်လုံးဖွင့်ကြည့်လာကြလေသည်။ အဖြူရောင်ဝတ်ဆင်ထားသူက ပြုံးပြလိုက်၏။

'ခင်ဗျားတို့ တုံးခေါက် ပုံ က လဲ မမှန်ဘူး၊ ဘုရားစာရွတ်တာလဲ မမှန်ဘူး၊ ကပေါက်တိကပေါက်ချာ ဖြစ်နေတယ်၊ ဒါကြောင့် ကျုပ်က ဘယ်သိုဆိုရ ရွတ်ရတယ်ဆိုတာ လက်တွေ့ပြမလို့'

ဟု ပြောလိုက်လေသည်။

ရသေ့ကြီးက....

'တကာကြီးက ဘယ်သူများပါလိမ့်၊ ကျုပ်တို့ မှားယွင်းနေတယ်ဆိုတာ ဘယ်လိုလုပ်ပြီး ပြောနိုင်တာတုန်း'

ဟု ပြန်မေးလိုက်၏။

ဘုန်းတော်ကြီးက....

'ဟုတ်တယ်၊ တကာကြီး ရှင်းပြဖို့လိုလိမ့်မယ်'

ဟု ပြောလေသည်။

အဖြူရောင်ဝတ်သားသူက....

'ခင်ဗျားတို့ရွတ်ဆိုနေတဲ့ ဘုရားစာဟာ နံနက်ပိုင်းအချိန်မှာ ရွတ်ရမှာ၊ အခု ဘယ်အချိန်ရှိနေပြီလဲ'

ထိုစကားကြားလျှင် ရသေ့ကြီးရော ဘုန်းတော်ကြီးပါ မျက်နှာပျက်သွားကြလေသည်။



သူတို့သည် အယောင်ဆောင်ထားကြသူများ ဖြစ်ကြောင်း အဖြူရောင်ဝတ်ဆင်ထားသူက အလွယ်တကူဖော်ထုတ်လိုက်ပြီမဟုတ်ပါလား။

ထို့နောက် အဖြူရောင် ဝတ်ဆင်ထားသူအား ကျောင်းဝိုင်းက ထွက်ခွာသွားကြရန် ဟန်ပြင်လိုက်ကြလေသည်။

အဖြူရောင်ဝတ်ထားသူက....

'နေကြပါဦးဗျာ၊ ကျုပ်က မေးစရာလေးတစ်ခုရှိလို့ လာခဲ့တာပါ၊ ကျုပ်မေးတာကို ဖြေပြီးမှ သွားရင် ပိုကောင်းပါလိမ့်မယ်'

ဟု လှမ်းပြီးတားမြစ်လိုက်သည်။

ရသေ့တုသည် စိတ်ဆိုးမာန်ဆိုးဖြင့်....

'တကာကြီးဟာ ဘုံကျောင်းထဲကို ခွင့်ပြုချက်မရှိဘဲဝင်လာတယ်၊ ကျုပ်တို့ကိုလဲ ဆရာဝင်လုပ်တယ်၊ တကာကြီးမှာ အပြစ်တွေ များနေပြီ'

ဟု အော်ငေါက်လိုက်၏။

အဖြူရောင်ဝတ်ဆင်ထားသူက ရယ်မောလိုက်သည်။

'ကျုပ်မှာ အပြစ်ရှိတယ်ဆိုရင်တောင် ရသေ့တု ဘုန်းကြီးတု လုပ်တာလောက် အပြစ်ကြီးမှာ မဟုတ်ပါဘူးဗျာ၊ ကဲ...သေွးဝိညာဉ်ဂိုဏ်းအကြောင်း ပြောပေတော့'

ဘုန်းကြီးတုနှင့် ရသေ့တုတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပြီးလျှင်....

'တကာကြီး ဘာလေ့လာပြောနေတာလဲ'

ဟု ပြိုင်တူမေးလိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ဝတ်ထားသူ၏မျက်နှာ တည်သွားသည်။

'ကျုပ် အခုပြောနေတယ်ဆိုတာ ခင်ဗျားတို့ သိပါတယ်။ ဆေးဝိဇ္ဇာဂိုဏ်းရဲ့ အဓိကခေါင်းဆောင်ဟာ ဘယ်သူလဲဆိုတာ ပြောပါ'

'တကာကြီး အတော်ရမ်းကားပါလား'

'ကဲ…ကဲ…ဘုန်းကျောင်းထဲက အေးအေးဆေးဆေး ထွက်သွားကြပေတော့'

ဘုန်းကြီးတို့နှင့် ရသေ့တို့မှာ သူတို့အကြောင်း ပေါ်လွင်နေပြီဖြစ်သည့်တိုင် ဟန်မပျက် ပြောနေကြသေး၏။

အဖြူရောင်ဝတ်ထားသူ စိတ်မရှည်နိုင်တော့ဘဲ…

'ကောင်းပြီလေ၊ ခင်ဗျားတို့ ဘယ်လောက်ထိန်ဖုံးထားနိုင်မလဲ၊ ကြည့်ကြသေးတာပေါ့'

စကားဆုံးသည်နှင့် ခုန်ဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ဤတွင် ဘုန်းကြီးတို့နှင့် ရသေ့တို့၏ဇာတိရုပ် ဘွားဘွားကြီး ပေါ်လွင်လာလေတော့သည်။

'သွားစမ်း'

ဘုန်းကြီးတို့သည် အော်ငေါက်ရင်း လက်ထဲ၌စွဲထားသည့် ပုတီးတစ်ကုံးဖြင့် ပစ်လွှတ်လိုက်လေသည်။

ပုတီးသည် တချောက်ချောက်မြည်သံနှင့်အတူ အဖြူရောင် ဝတ်ထားသူထံ တိုးဝင်လာလေသည်။



အဖြူရောင်ဝတ်ထားသူက လက်တစ်ဘက် ဆန့်ထုတ်ကာ ဆီးကြိုဖမ်းဆီးထားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် ပုတီးသည် ပစ်လွှင့်လာသည့်အရှိန် ပုတီးစေ့ အချင်းချင်း ပွတ်ကြိတ်မိသောအရှိန်ဖြင့် ထောက်ခနဲမြည်ကာ ကြိုးပြတ်သွားပြီး ပုတီးစေ့ကလေးများသည် ဖွာခနဲပြန့်ကြဲကာ အဖြူရောင်ဝတ်ထားသူထံ ပြန့်ကျက် တိုးဝင်လာလေတော့သည်။

တဂျိုးဂျိုးမြည်သော လေတိုးသံများ ထွက်ပေါ်လာသဖြင့် ပုတီးစေ့များပစ်လွှင့်လာသည့်အရှိန် မနည်း[illegible] ယန်ခွမ်း ရိပ်မိလိုက်လေသည်။

အဖြူရောင်ဝတ်ထားသူ ဒုက္ခ ရောက်တော့မည် ဟုလည်း ထပ်မှတ်မိလေသည်။

အဖြူရောင်ဝတ်ထားသူသည် ခါးမှဓားကို လျှပ်တစ်ပြက် ဆွဲထုတ်ကာ စက်ဝိုင်းပုံ ဝေ့ယမ်းလိုက်၏။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာပြီးလျှင်…

'ထောက်… ထောက်… ထောက်'

ပုတီးစေ့ကလေးများသည် ထက်ပိုင်းပြတ်ကာ ကြမ်းပြင်ပေါ် ပြန့်ကြဲသွားလေတော့သည်။

ဘုန်းကြီးတို့ မျက်နှာပျက်သွား၏။

သူ၏ပုတီးသည် အဖြူရောင် ဝတ်ထားသူအား မည်သို့မျှ ဒုက္ခမပေးနိုင်တော့မှန်း ရိပ်မိသဖြင့် ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ရသေ့တုသည် တောင်ဝှေးတစ်ချောင်း ဆွဲကာ ခုန်ထွက်လာလေသည်။

'သတိသာထားပေတော့'

အောင်ကြွေးကြော်ရင်း တောင်ဝှေးကိုဝှေ့ယမ်းကာ အဖြူရောင်ဝတ်ထားသူ၏ ခါးလည်ပိုင်းသို့ ဖြတ်ရိုက်ပစ်လိုက်လေသည်။

အဖြူရောင်ဝတ်ထားသူ ရှည်ရှည်ဝေးဝေး စဉ်းစား မနေတော့ပါ။

ဓားဖြင့် တောင်ဝှေးကို ခုခံပေးလိုက်၏။

'ထန်း'

သံ့သံချင်း အရှိန်ပြင်းစွာ ထိတွေ့မိသည့်အသံ ထွက်ပေါ်လာ၏။

ရသေ့တုကော အဖြူရောင် ဝတ်ထားသူပါ နောက်သို့ ခြေတစ်လှမ်းစီ ဆုတ်လိုက်ကြရလေသည်။

ရသေ့တုသည် ပထမသိုင်းကွက် အောင်မြင်ခြင်းမရှိသဖြင့်....

'ယား....'

ဗြောသံပေးကာ ထပ်မံတိုက်ခိုက်လာလေသည်။

တောင်ဝှေးကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ရင်း အဖြူရောင်ဝတ်ထားသူ၏ ရင်ဝသို့ လှံတစ်စင်းပမာ ထိုးသွင်းလိုက်ခြင်းဖြစ်၏။

တောင်ဝှေးထိုးချက်သာ ထိမှန်သွားမည်ဆိုလျှင် နံရိုးများ ကျိုးကြေကာ သေဆုံးသွားရမည်မှာ သေချာလှ ပေတော့သည်။



ရသေ့တုသည် ထိုမျှနှင့် အားမရသေးဘဲ လူကိုယ်တိုင်ပါ တစ်ရှိန်ထိုးခုန်ဝင်ကာ ခြေစုံပစ် ကန်ကျောက်လိုက်လေသည်။

'သတိထား'

ယန်ခွမ်း ထိတ်လန့်ကာ အော်ဟစ် သတိပေးလိုက်လေသည်။

အဖြူရောင် ဝတ်ထားသူသည် ဗြောသံတစ်ချက် ပေးကာ ကြမ်းပြင်ပေါ် ခြေဆောင့်၍ အပေါ် ခုန်တက်လိုက်၏။

တစ်ဖန် လေထဲ၌ အိပ်ချလိုက်သည့်သဏ္ဍာန်မျိုး ပြုလုပ်ကာ ဓားကိုင်ထားသည့်လက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်လေသည်။

သူ၏ခန္ဓာကိုယ် လေဟာနယ်ထဲရောက်ရှိသွားကာတောင်ဝှေးပေါ် အိပ်ချလိုက်သည့် အနေအထားအရောက်တွင် သူ ထိုးသွင်းလိုက်သည့် ဓားဦးမှာ ရသေ့တု၏ ဝဲဘက်ပခုံးသို့ ထိုးချမိလိုက်လေတော့သည်။

'အား....'

ရသေ့တု လွှတ်ခနဲ အော်လိုက်၏။

ပခုံး၌သွေးများ ဖြာခနဲဖြစ်သွားသည်နှင့် တောင်ဝှေးကို ဘက်လွှတ်ကာ နောက်သို့ ကပျာကယာ ခုန်ဆုတ်လိုက်လေသည်။

ဘုန်းကြီးတုလည်း မျက်လုံးပြူးသွား၏။

နှစ်ယောက်သား ခြေလှမ်း ဆယ့်လေးငါးလှမ်းမျှ နောက်ဆုတ်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ဝတ်ထားသူက....

'မင်းက ဟိုဘက်အပေါက်ကို ပိတ်ထား'

ယန်ခွမ်းအား လှမ်းအော်ပြောလိုက်လေသည်။

ယန်ခွမ်း သတိဝင်လာသည်။

ချက်ချင်းပင် ဘုန်းကြီးတုတို့ ထွက်ပြေးသွားမည့်ဘက်မှ လမ်းပိတ်ထားလိုက်လေသည်။

ဤတွင် ဘုန်းကြီးတုနှင့် ရသေ့တုတို့သည် လှချစ်ပူးကပ် လိုက်ကြပြီး တစ်ယောက်ပခုံး တစ်ယောက်ဖက်ကာ....

'ယား...'

ဩသံနှင့်အတူ ကြမ်းပြင်ပေါ် ခြေဆောင့် လိုက်ကြလေ သည်။

'ဝုန်း....'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာ၏။

ကြမ်းပြင်မှ လျှိုဝှက်အံဖုံးတံခါးဆာစ်ခု ပွင့်သွားပြီးလျှ ရသေ့တုကော ဘုန်းကြီးတုပါ ကြမ်းပေါက်အတွင်းမှနေပြ အောက်ဘက်သို့ ကျသွားကြလေသည်။

သူတို့နှစ်ယောက် မြင်ကွင်းမှ ကွယ်ပျောက်သွားသည်နှ အံဖုံးတံခါး ပြန်ပိတ်သွား၏။

ယန်ခွမ်းနှင့် အဖြူရောင်ဝတ်ထားသူတို့ တစ်ယောက် တစ်ယောက် ကြည့်လိုက်ကြ၏။



ထိုစဉ်...

'ဝုန်း....'

အသံတစ်ချက် ထွက်ပေါ်လာပြီး ဘုရားကျောင်းအဝင်တံခါး မကြီး ပိတ်သွားသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

....ဝ....

ဘုရားကျောင်းအဝင်တံခါးမကြီး ပိတ်သွားပြီဖြစ်သည်။

ယန်ခွမ်းနှင့် အဖြူရောင်ဝတ်ထားသူတို့ ဘုရားကျောင်းထဲမှ ပြန်ထွက်သွားရန် မဖြစ်နိုင်တော့ချေ။

သူတို့သည်လည်း ကြောက်ရွံ့ထိတ်လန့်ကာ ထွက်ပြေးသွား ကြမည့်လူစားမျိုးများ မဟုတ်ကြပါ။

အဖြူရောင် ဝတ်ထားသူသည် ယန်ခွမ်းအား လှမ်း၍ပြုံးပြ လိုက်ပြီး...

'တို့ သွားကြရအောင်'

ဟု ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုံကျောင်း အစဝ်တံခါးမကြီး ပိတ်သွားသော်လည်း တစ်ဘက်တွင် တံခါးပေါက်တစ်ပေါက် ရှိနေသေးသည် မဟုတ်ပါလား။

အဖြူရောင်ဝတ်ထားသူသည် ထိုတံခါးပေါက်ဆီသို့ ဦးတည်လျှောက်သွား၏။

ယန်ခွမ်းက နောက်မှလိုက်သွားလေသည်။

သူတို့နှစ်ယောက် တံခါးပေါက်ကိုဖြတ်ကျော်လိုက်သည်နှင့် ခန်းမကျယ်တစ်ခုသို့ ရောက်ရှိသွားကြလေသည်။

ခန်းမကျယ်၏ ဝဲယာတစ်ဘက်တစ်ချက်တွင် သစ်သားဖြင့် ထုလုပ်ထားသည့် နတ်ရုပ်တုများ ရှိနေပါ၏။

သက်ရှိလူသား အရိပ်အယောင်ပင် မတွေ့ရချေ။

နတ်ရုပ်တုများကြား၌ လမ်းတစ်ခုကဲ့သို့ဖြစ်နေပြီး တစ်ဘက်ထိပ်၌ တံခါးပေါက်တစ်ပေါက် ရှိနေသည်ကို တွေ့မြင်နိုင်ပေသည်။

အဖြူရောင် ဝတ်ဆင်ထားသူသည် နတ်ရုပ်တုများကို တစ်ချက်စေ့ကြည့်လိုက်ပြီး တစ်ဘက်တံခါးပေါက်ဆီသို့ လျှောက်သွားလေသည်။

ယန်ခွမ်းက နောက်မှလိုက်သွား၏။

သူတို့နှစ်ယောက် နတ်ရုပ်တုများကြားသို့ ရောက်ရှိသွားသည်နှင့်....

'ဂလောက်...ဂလောက်'



မြည်သံအချို့ ထွက်ပေါ်လာ၏။

နတ်ရုပ်တုများသည် လှုပ်ရှားလာပြီး၊ ယန်ခွမ်းတို့ထံ ချဉ်းကပ်လာကြလေတော့သည်။

ယန်ခွမ်း ထိတ်လန့်သွားပြီး....

'ဒုက္ခပဲ'

ဟု ညည်းညူလိုက်၏။

အဖြူရောင် ဝတ်ထားသူက....

'နတ်ရုပ်တုကို ပုံဖျက်ထားတဲ့ယန္တရားရုပ်တွေပဲ၊ နံရံတစ်ဘက်အပေါက်ကလေးတွေကနေ ကြိုးနဲ့ လိုသလိုလှုပ်ရှားလို့ရအောင် ထိန်းချုပ်ထားတာ'

အတွေ့အကြုံ ရင့်ကျက်သူပီပီ အဖြစ်အပျက်ကို ရှင်းပြလိုက်သည်။

တစ်ဆက်တည်းပင်....

'ယန္တရားရုပ်တွေ အနောက်ဘက်ကို ရောက်အောင်သွားပြီး ကြိုးတွေကိုဖြတ်ပစ်ဖို့ အရေးကြီးတယ်'

ဟု သတိပေးလိုက်လေသည်။

အဖြေမှန်ကို သိလိုက်ရခြင်းကြောင့် ယန်ခွမ်း၏ရင်ထဲမှ ကြောက်ရွံ့ထိတ်လန့်မှုများ ကွယ်ပျောက်သွား၏။

အခက်အခဲအန္တရာယ်ကို ဖြတ်ကျော်မည်ဟူသော ရည်ရွယ်ချက်ဖြင့် စိတ်ဓာတ်တက်ကြွလာသည်။

'ကျွန်တော် ကြိုးစားမယ်'

ဟု ပြောကာ ယန္တရားရုပ်များကြား ခုန်ဝင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ဝတ်ဆင်ထားသူကသည်း ဓားရှည်ကိုဆွဲကိုင်ကာ ယာဘက်သို့ ခုန်ဝင်သွား၏။

အဝါရောင်ဝတ်ဆင်ထားသူက ဘယ်ဘက်လာ ယန္တရားရုပ်များကို ဖျက်ဆီးပစ်ရန် ကြိုးစားလိုက်ကြလေသည်။

သို့သော် ယန္တရားရုပ်များကြားသို့ ရောက်သွားသည်နှင့် ...

'ဂဇောက်...ဂဇောက်'

ယန္တရားရုပ်များသည် ချက်ချင်း ဝိုင်းရံထားလိုက်ကြပြီး ခြေလက်များသည် သိုင်းကွက်အနေအထားအတိုင်း လှုပ်ရှားတိုက်ခိုက်လာကြလေတော့သည်။

ဖော်ရှိတန်ရာ ပညာဖြင့် ယန္တရားရုပ်များကို လိုသလိုအသုံးချနိုင်မည် မဟုတ်ပါချေ။

မိမိကိုယ်ကိုဆိုင်နေရသည့် ရန်သူမှာ အလွန်ကြောက်မက်ဖွယ်ကောင်းသည်ကြောင်း ယန်ခွမ်းကား၊ အဖြူရောင်ဝတ်ဆင်ထားသူပါ ရိပ်မိထားကြလေတော့သည်။

အဖြူရောင်ဝတ်ထားသူမှာ သိုင်းပညာ တတ်ကျွမ်း ထားသဖြင့် ပတ်ဘာသီကာ ရှောင်တိမ်းရင်း ဓားရှည်ကိုဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်နိုင်ခဲ့လေသည်။

ယန်ခွမ်းမှာမူ သိုင်းပညာအကြောင်း ကောင်းကောင်းသိသူ မဟုတ်ပါ။

ထို့ကြောင့် ယန္တရားရုပ်များနှင့် ရင်ဆိုင်လိုက်ရသည့်အခါ အခက်ကြုံတွေ့သွားလေတော့သည်။



သူ့ကို ယန္တရားရုပ်တစ်ခုအနီးသို့ လျှပ်တစ်ပြက်ချဉ်းကပ်သွားပြီး လက်သီးဖြင့်ထိုးချလိုက်ရာ သစ်သားရုပ်ကိုထိုးချမိခြင်းဖြစ်၍ အရိုးများကျိုးသွားမတတ် နာကျင်သွားရပေတော့သည်။

'အား'

ယန်ခွမ်း လွတ်ခနဲအော်ကာ လက်ကိုဖိနေရပေတော့သည်။

ထိုအချိန်တွင် ယန္တရားရုပ်တစ်ရုပ်ကခြေထောက်မြှောက်ကာ ကန်ကျောက်လာသဖြင့် ယန်ခွမ်း ရှောင်တိမ်းလိုက်သော်လည်း နောက်ကျသွားသဖြင့်....

'ဝုန်း'

ယန်ခွမ်း၏ခန္ဓာကိုယ် အပေါ်သို့ မြောက်တက်သွားပြီးမှ ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ် ပြုတ်ကျသွားလေသည်။

ကျန်ယန္တရားရုပ်များသည် သူ့ထံ စိုင်းအုံလာကြပြန်လေသည်။

အဖြူရောင်ဝတ်ထားသူမှာမူ ယန္တရားရုပ်များနှင့် ထိပ်တိုက် ရင်ဆိုင်ခြင်းမပြုဘဲ ပေါ့ပါးသွက်လက်စွာ ရှောင်တိမ်းရင်း လှုပ်ရှားမှုကို ထိန်းချုပ်ထားသည့်ကြိုးများကို ဖြတ်ပစ်ရန် ကြိုးစား အားထုတ်နေလေသည်။

ယန်ခွမ်းသည် အတော်ကလေးနာကျင်သွားရကား ဒေါသ ခြောင်းခြောင်းထွက်သွားပါတော့သည်။

'ယား'

ဟုသံပေးရင်း ကြမ်းပြင်ပေါ်မှ ခုန်ထကာ ခြေထောက် နှစ်ချောင်းဖြင့် အနီးဆုံးသို့ ရောက်လာသည့် ယန္တရားရုပ်၏ [illegible] ကျောက် [illegible] လိုက် [illegible]။

www.burmeseclassic.com

www.burmeseclassic.com



‘ဝုန်း’

ကျယ်လောင်သော မြည်ဟည်းသံတစ်ချက် ထွက်ပေါ်လာသည်။

ယန်ခွမ်း ကန်ကျောက်လိုက်သည့်အရှိန် ပြင်းထန်လွန်းကား ယန္တရားရုပ်မှာ ပက်လက်လန်ကာ ကြမ်းပြင်ပေါ် လဲကျသွားလေတော့သည်။

လဲကျသွားသည့် ယန္တရားရုပ်သည် ပြန်ထလာနိုင်စွမ်း မရှိတော့သည်ကိုမြင်လျှင် ယန်ခွမ်း အားတက်သွား၏။

နောက်ထပ် ယန္တရားရုပ်များအား လှဲချနိုင်ရန် အစွမ်းကုန် ထိုးကြိတ်ကန်ကျောက်လိုက်လေသည်။

ယန္တရားရုပ်များသည် အချို့က ခြေထောက်မြှောက်ကာ ကန်ကျောက်လာကြသည်။

အချို့က သူတို့၏လက်ကြီးများကိုမြှောက်ကာ တင်းပုတ်ကြီးများပမာ အပေါ်မှမိုးကာ ထုချလာကြသည်။

မည်သို့ပင်ဖြစ်စေ ထိလိုက်လျှင် သက်သာမည်မဟုတ်ချေ။

တစ်ချက်ဆိုလျှင် တစ်ချက်ဆိုသလို ခံလိုက်ရမည်သာ ဖြစ်ပေသည်။

ယန်ခွမ်းသည် ကြိုးစားတိုက်ခိုက်ပါသော်လည်း ယန္တရားရုပ်များ၏ တန်ပြန်တိုက်ကွက်များကြောင့် ထိထိရောက်ရောက် တိုက်ခိုက်နိုင်ခြင်းမရှိချေ။

အကြပ်အတည်း ကြုံတွေ့နေရသည့်ကြားထဲ လဲကျနေသည့် ယန္တရားရုပ်နှင့် ဝင်တိုက်မိကာ ခြေချော်လဲရမလို ဖြစ်သွားလေသည်။



ကြမ်းပြင်ပေါ် လဲကျသွားလျှင် သက်သာမည်မထင်ချေ။

ယန္တရားရုပ်များ၏ခြေထောက်ဖြင့် ဖိနင်းခြင်းခံရလျှင် အရိုးအသား ခွဲခြားမရအောင် စိစိညက်ညက် ကြေမွသွားမည် ဖြစ်လေသည်။

ရုတ်တရက် ယန်ခွမ်း အကြံတစ်ခုရလာသည်။

လဲကျနေသည့် ယန္တရားရုပ်နောက်သို့ လွှားခနဲ ဝမ်းလျှား ထိုးဝင်လိုက်ပြီး ကြမ်းပြင်ပေါ် လက်နှစ်ဖက်ထောက်ကာ ခြေအစုံဖြင့် လဲကျနေသည့် ယန္တရားရုပ်ကို ကန်ကျောက်ပစ်လိုက်လေသည်။

‘ဝုန်း....’

ယန္တရားရုပ်မှာ အရှိန်ဖြင့် သုံးလေးပတ်မျှ လိမ့်သွား၏။

ဤတွင် ရှေ့တိုးလာကြသည့် ယန္တရားရုပ်များနှင့် ဝင်တိုက်မိလေတော့သည်။

ယန္တရားရုပ်များ ဟန်ချက်ပျက်ကုန်ပြီ။

‘ဝုန်း....ဝုန်း....’

တစ်ရုပ်ပြီးတစ်ရုပ် လဲကျကုန်တော့သည်။

ထိုအချိန်မှာပင် အဖြူရောင်ဝတ်ဆင်ထားသူကလည်း သူနှင့်ရင်ဆိုင်နေသည့် ယန္တရားရုပ်များ၏ အထိန်းကြိုးများကို ဖြတ်တောက်ပစ်နိုင်ခဲ့ရာ....

‘ဝုန်း....ဝုန်း....’

ယန္တရားရုပ်များ လဲကျသံသည် တစ်ခန်းလုံး ဆူညံသွားပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန္တရားရုပ်များဖြင့် တိုက်ခိုက်သော်လည်း မဟာနိမ့်မှန်းသိလျှင် အထိန်းကြီး ကိုင်ဆောင်သူများသည် လက်နက်ကိုယ်စီဆွဲကာ ပုန်းကွယ်ရာမှ ခုန်ထွက်လာကြပြီး....

'ယား....'

ငြာသံပေးကာ ယန်ခွမ်းနှင့် အဖြူရောင်ဝတ်ဆင်ထားသူထံ ပြေးဝင်တိုက်ခိုက်လာကြလေတော့သည်။

...ဒ....

'ဝုန်း....'

'အား....'

'အမယ်လေး'

စူးရှကျယ်လောင်သောအသံများ တစ်ခဲနက်ထွက်ပေါ်လာလေသည်။



ပုန်းကွယ်ရာမှ ထွက်လာကြသူများသည် ယန်ခွမ်းနှင့် အဖြူရောင် ဝတ်ဆင်ထားသူတို့အား မယှဉ်နိုင်ဘဲ တစ်ခဏအတွင်းမှာ အရေးနိမ့်သွားကြလေသည်။

ယန်ခွမ်းနှင့် အဖြူရောင်ဝတ်ဆင်ထားသူတို့ ကျောချင်းကပ်လိုက်ကြပြီး ထပ်မံရင်ဆိုင်ရန် အသင့်ဖြစ်ထားလိုက်ကြ၏။

အဖြူရောင်ဝတ်ထားသူက....

'မင်းမဆိုးဘူး'

ဟု ချီးကျူးလိုက်လေသည်။

ယန်ခွမ်း ပြုံးလိုက်သည်။

'ဦးကြောင့် သူတို့ကိုရင်ဆိုင်နိုင်တာပါ'

ဟု ပြန်ပြောလိုက်လေသည်။

မှန်ပေသည်။ ရန်သူဘက်မှ အင်အားများနေသဖြင့် အဖြူရောင်ဝတ်ထားသူက လက်နက်မှန်းများထုတ်ကာ အသုံးချခဲ့၍သာ ရန်သူများ အရေးနိမ့်သွားကြခြင်း ဖြစ်ပေသည်။

အဖြူရောင်ဝတ်ထားသူက....

'သူတို့အကြံ ကုန်လောက်ပြီကွ၊ ခေါင်းဆောင်တွေထွက်လက်လာတော့မယ်၊ မင်းဘေးဖယ်နေလိုက်၊ ငါကြည့်ပြီးရှင်းမယ်'

ဟု သတိပေးလိုက်သည်။

ထိုစဉ်မှာပင်....

'ရပ်လိုက်စမ်း'

အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခန်းမကျယ်တစ်ဘက်မှ လူသုံးယောက် လှမ်းဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူသုံးယောက်မှာ ဘုန်းကြီးတစ်ပါး၊ ရသေ့တစ်ပါးနှင့် ရှည်ရှည်ခက်ထန်ကြမ်းတမ်းသူတစ်ယောက် ဖြစ်ပေသည်။

ထိုလူကိုမြင်လျှင်....

'ဆရာချုပ်'

ယန်ခွမ်း လွှတ်ခနဲခေါ်လိုက်သည်။

မှန်ပေသည်။ ထိုသူမှာ ငှက်ဆိုးဂိုဏ်းမှ သူ၏ ဒေါင်းနဂါးဂိုဏ်းသို့ ကူးပြောင်းလာခဲ့သည့် ဆရာချုပ်ဖြစ်ပေသည်။

ဆရာချုပ်သည် ယန်ခွမ်းကိုမြင်လျှင် မဲ့ပြုံးပြုံးလိုက်ပြီး....

'နဂါးလေး၊ မင်း တော်တော်မိုက်မဲတာပဲ၊ ဒေါင်းနဂါးဂိုဏ်းမှာ ခေါင်းဆောင်အဖြစ် နေရတဲ့ဘဝကို မင်းမို့ စွန့်လွှတ်ပြီး ကျောခိုင်းရဲတယ်၊ မင်းမရှိတော့ ငါကပဲ ခေါင်းဆောင်နေရပြီပေါ့ကွာ၊ ဟား....ဟား....ဟား'

ယန်ခွမ်း နှာခေါင်းရှုံ့လိုက်သည်။

'ကျုပ်က သူတစ်ပါးရဲ့ ကြိုးကိုင်မှုကို ဘယ်တော့မှမခံဘူးဆိုတာ မှတ်ထားပါ'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်၏။

ဆရာချုပ်က....

'နဂါးလေး၊ ဒေါင်းနဂါးဂိုဏ်း တစ်ရှိန်ထိုးအောင်မြင်လာတာဟာ မင်းရဲ့အစွမ်းအစကြောင့်လို့ ထင်နေသလား၊ တကယ်



တော့ သွေးဝိညာဉ်ဂိုဏ်းဟာ နောက်ကွယ်ကနေ မင်းမသိအောင် ကူညီပံ့ပိုးပေးခဲ့လို့ အချိန်တိုတိုနဲ့ ထိပ်ဆုံးကိုရောက်လာတယ်ဆိုတာ မှတ်ထားစမ်းပါကွာ'

'ဘာပဲဖြစ်ဖြစ် ဒါတွေကို ကျုပ်မေ့ပစ်လိုက်ပြီ၊ ကျုပ်က ခင်ဗျားတို့ကို ဒုက္ခမပေးဘဲနေပေမယ့် ခင်ဗျားတို့က ကျုပ်ကို ဒုက္ခပေးဖို့ကြိုးစားတာ ဘာကြောင့်လဲ၊ ဒီကိစ္စကိုရှင်းချင်လို့ ကျုပ်လိုက်လာတာပဲ'

ဆရာချုပ်၏ မျက်နှာ တည်သွားသည်။

'မင်းက စွန့်ခွာသွားတော့ သွေးဝိညာဉ်ရဲ့လိုအပ်ချက်တွေကို လုပ်ပေးရမယ့် ဒေါင်းနဂါးဂိုဏ်းမှာ ခေါင်းဆောင် မရှိတော့ဘူးလေကွာ၊ သွေးဝိညာဉ်ဂိုဏ်းရဲ့အကြီးအကဲက မင်းတစ်ယောက်တည်းသာ အရည်အချင်းရှိတဲ့လူ ထင်နေတာကွ၊ ဒါကြောင့် မင်းကို ဖြစ်တဲ့နည်းနဲ့ ပြန်ခေါ်ဖို့ ကြိုးစားတာပဲ'

ယန်ခွမ်း ရယ်မောလိုက်လေသည်။

'ဟား-ဟား-ဟား၊ ရယ်စရာ ကောင်းလိုက်တာ၊ ကျောင်းစုလေးကို လွှတ်လိုက်တာ ကျုပ်ကို ပြန်ခေါ်ဖို့ဟုတ်လား၊ သူက ကျုပ်ရဲ့အလောင်းကို သယ်ပြီး ပြန်သွားချင်တဲ့ လူဗျ'

'မင်းပြောတာ မှန်တယ်၊ တကယ်တော့ ကျောင်းစုလေးကို ပေးလိုက်တဲ့ အမိန့်ဟာ မင်းကို အကျပ်ကိုင်နိုင်အောင် ချုပ်ရာကို ဖမ်းခေါ်လာဖို့ပဲ၊ ဒါပေမယ့် သူက နဂါးလေးဆိုတဲ့ မင်းကို အထင်သေးနေတယ်လေကွာ၊ သိုင်းပညာ မတတ်တဲ့ လူတစ်ဦးက အကြီးအကဲနေရာ ရောက်လာတယ်ဆိုတာ သူက လုံးဝ လက်မခံနိုင်ခဲ့ဘူးကွ၊ ဒါကြောင့်လဲ သူသေသွားရတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း ငြိမ်ကျသွားလေသည်။

ကျောင်းစုလွှသာ သူနှင့် ထိပ်တိုက် ရင်ဆိုင်ခြင်း မပြုဘဲ ပရိယာယ်စဝင်ကာ ချုံးရှာအား ဒုက္ခပေးမည်ဆိုပါက သူ့အတွက် ကြီးမားသော အခက်အခဲနှင့် ရင်ဆိုင်ရမည် ဖြစ်ပေသည်။

သေနင်္ဂီဉာဉ်ဂိုဏ်းသည် ကောက်ကျစ်စဉ်းလဲသည့် နည်းလမ်းမှန်သမျှ အသုံးပြုရန် ဝန်မလေးရကား သူ့အတွက် တစ်နေ့ ဒုက္ခတွေ့နိုင်သည်ဟု တွေးမိလာ၏။

အဖြူရောင်ဝတ်ထားသူနှင့် လက်တွဲကာ သေနဝိဉာဉ်ဂိုဏ်းအား အပြီးတိုင် ဖြိုခွဲသွားရန် ဆုံးဖြတ်ချက် ချလိုက်လေသည်။

အဖြူရောင် ဝတ်ဆင်ထားသူသည် သူ့အား တအံ့တသြ ကြည့်နေပါ၏။

'လက်စသပ်တော့ နဂါးလေးဆိုတာ မင်းကိုး'

ဟုလည်း ရေရွတ်နေ၏။

ထိုစကားကို ယန်ခွမ်း ကြားသွားသဖြင့်.....

'ဒေါင်းနဂါးဂိုဏ်းခေါင်းဆောင် နဂါးလေးဆိုတာ သေဆုံးသွားပါပြီ၊ ကျွန်တော်ဟာ စိတ်သစ်လူသစ် ဖြစ်နေပါပြီ'

ဟု ရှင်းပြလိုက်လေသည်။

အဖြူရောင်ဝတ်ထားသူ၏ မျက်နှာ ပြုံးရွှင်သွားလေသည်။

'မင်း အခုလို နောင်တရတာ ငါဝမ်းသာပါတယ်ကွာ၊ အကယ်တော့ မကောင်းမှု ဒုစရိုက်လုပ်ငန်းတွေဟာ လောက



အလှအပကို ဖျက်ဆီးနေကြတဲ့ အဆိုးဝါးဆုံး လုပ်ငန်းတွေပဲ မဟုတ်လား၊ ကဲ–သူတို့ကို ဆုံးမပြီး သေနဝိဉာဉ်ဂိုဏ်းအကြောင်း ဖော်ထုတ်လိုက်ကြရအောင်၊ မင်း ဘယ်လို သဘောရသလဲ'

ယန်ခွမ်း ခေါင်းညိတ်လိုက်သည်။

'သိပ်ကောင်းတာပေါ့ ဦးရယ်'

သူတို့နှစ်ယောက် ပခုံးချင်းယှဉ်ကာ ရပ်လိုက်ကြ၏။

ဆရာချုံးအား စိုက်ကြည့်လိုက်ကြလေသည်။

ဆရာချုံး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပါ၏။

အဖြူရောင် ဝတ်ဆင်ထားသူ တစ်ယောက်တည်းကိုပင် ရင်ဆိုင်ဖို့ ခက်ခဲမှန်း ရိပ်မိထား၏။ ယန်ခွမ်းကပါ ထိုလူနှင့် လက်တွဲလိုက်ရာ သူတို့အတွက် ပို၍ အခြေအနေဆိုးခဲ့ရခြင်း ဖြစ်လေသည်။

ဆရာချုံး သက်ပြင်းတစ်ချက် ချလိုက်ပြီး.....

'မင်းပါလာမယ်လို့ ငါမထင်မိဘူး၊ သူတစ်ယောက်တည်းပဲ ရောက်လာမယ်ဆိုပြီး ကြိုတင် ပြင်ဆင်ထားကြတာ၊ ခုတော့ မင်းကြောင့် အစီအစဉ်တွေ ပျက်ကုန်ရပြီ'

ဟု ပြောလေသည်။

ယန်ခွမ်းက....

'ကျုပ် မပါလာဘူးဆိုရင်လဲ ခင်ဗျားတို့ အနိုင်ရမယ် မထင်စမ်းပါနဲ့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာကြောင့် မနိုင်ရသလဲကွ ဟစ်း မယုံချင် နောက်ဆုတ်ပြီး ကြည့်နေလိုက်ပါလား'

ယန်ခွမ်းက အဖြူရောင် ဝတ်ထားသူအား ကြည့်လိုက်၏။

တိုက်ခိုက်ပြီး သူ့အား ကြည့်နေသဖြင့် မျက်လုံးချင်း ဆုံမိကြလေသည်။

ထိုလူ ဆဘောကျစွာ ပြုံးလိုက်ပြီး....

'သူပြောတာ မှန်းယုံသလား'

ဟု မေးလေသည်။

ယန်ခွမ်း ခေါင်းခါလိုက်သည်။

'မယုံပါဘူး ဦး'

'ကောင်းပြီ၊ နောက်ဆုတ်ပေးလိုက်ပါ'

ထိုလူသည် မိမိကိုယ်ကို ယုံကြည်စိတ်ချထားဟန်အပြည့်ရှိနေသည်ဟု ယန်ခွမ်း သတိပြုမိလေသည်။

ထို့ကြောင့်....

'ကောင်းပါပြီခင်ဗျာ'

ပြောရင်း နောက်ဆုတ်လိုက်၏။

ထိုအခါ ဆရာချုပ်အား လှည့်ကာ....

'ကဲ ခင်ဗျားတို့ စကားကို သက်သေပြဖို့ လိုနေပြီ'

ဟု ပြောလိုက်လေသည်။

ဆရာချုပ်း ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ ခင်ဗျား သတိထားပေတော့'



စကားဆုံးလျှင် ဘုန်းကြီးတစ်၊ ရသေ့တစ်တို့နှင့်အတူ အဖြူရောင်ဝတ်ထားသူအား တြိဂံပုံသဏ္ဌာန် ဝိုင်းရံကာ စုပေါင်း တိုက်ခိုက်လိုက်လေတော့သည်။

....၀....

အဖြူရောင်ဝတ်ထားသူ မလှုပ်မယှက် ရပ်နေ၏။

ဆရာချုပ်၊ ဘုန်းကြီးတစ်နှင့် ရသေ့တစ်တို့က ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

သူတို့၏တိုက်ကွက်များကို ကြည့်ရုံဖြင့် ထိုလူအပေါ် ယှဉ်စွာမှုပင် မုန်းတီးစက်ဆုတ်နေမှန်း သိနိုင်ပေတော့သည်။

အဖြူရောင်ဝတ်ထားသူက ဓားရှည်ကို ဝေ့ယမ်းကာ ပြန်လည် တိုက်ခိုက်လိုက်သည်။

လေပြင်းတိုက်ခတ်ခြင်း ခံရသဖြင့် လေယူရာယိမ်းနွဲ့နေသည့် ပဲ့ပြားပင်ပမာ ပေါ့ပါးသွက်လက်စွာ ခုခံတိုက်ခိုက်နေခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာချုးတို့ သုံးယောက်ပေါင်းကာ တိုက်ခိုက်ကြပါသော်လည်း ထိုလူအား အနိုင်မရနိုင်သည့်အပြင် တစ်ခဏအတွင်းမှာပင် သိသိသာသာ အရေးနိမ့်လာလေသည်။

ဤတွင် ဆရာချုးသည်ကြိုတင်စီစဉ်ထားသည့်အတိုင်း အဖြူရောင်ဝတ်ထားသူအား ရှင်းပစ်ရန် သူ၏ ကောက်ကျစ်စဉ်းလဲမှုကို ထုတ်ဖော်လိုက်လေသည်။

ခန်းမဆောင် အလယ်သို့ ရောက်ရှိလာစေရန် နောက်သို့တရွေ့ရွေ့ဆုတ်ကာ များခေါ်လာပြီး အခွင့်အရေးရပြီဟုရပြီ ဟု ယုံကြည်မိသည်နှင့် ပြင်းထန်စွာ ဖိ၍ တိုက်ခိုက်ကြမည်ဖြစ်လေသည်။

အဖြူရောင်ဝတ်ထားသူမှာ ဆရာချုး၏အကြံကို ရုတ်တရက်ရိပ်မိဟန်မတူပါချေ။

ယန်ခွမ်း စိုးရိမ်သွား၏။

'ဆရာချုးက ဘာတွေများ အကောက်ကြံဦးမလဲ မသိဘူး'

တိုက်ပွဲနှင့် မလှမ်းမကမ်း၌ရပ်ကာ တိုက်ပွဲကို မျက်တောင်မခတ် စိုက်ကြည့်နေလိုက်လေသည်။

ဆရာချုး၊ ဘုန်းကြီးတုနှင့် ရသေ့တုတို့သည် ထိုလူအားစိုင်းရံတိုက်ခိုက်နေကြရာမှ....

'ဘာလုပ်နေတာလဲ'

ဆရာချုးက ကျယ်လောင်စွာ အော်မြွှေလိုက်၏။

ယန်ခွမ်း မျက်လုံးပြူးသွားသည်။



ထူးခြားမှု စတင်ဖြစ်ပေါ်လာပြီ မဟုတ်ပါလား။

ရုတ်တရက် အဆောက်အအုံခေါင်မိုး ထုတ်တန်းများပေါ်၌မည်သည့်အချိန်က ရောက်ရှိနေရာယူထားမှန်း မသိလိုက်ရသည့်ဆရာချုး၏ လူအချို့သည် ပိုက်ကွန်ကြီးတစ်ခုဖြင့် အဖြူရောင်ဝတ်ဆင်ထားသူ၏ကိုယ်ပေါ် အုပ်ချလိုက်ကြ၏။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် အဖြူရောင်ဝတ်ထားသူ ထိတ်လန့်သွားလေသည်။

ဝဲဘက်သို့ ကပျာကယာ ခုန်ထွက်ရှောင်တိမ်းရန် ဟန်ပြင်လိုက်၏။

သို့သော် နောက်ကျသွားပြီဖြစ်ရာ၊ ပိုက်ကွန်ကြီးသည် သူ၏ကိုယ်ပေါ် ဖုံးအုပ်သွားလေတော့သည်။

ဆရာချုးက....

'မလွတ်စေနဲ့'

ဟု အမိန့်ပေးလိုက်၏။

ဘုန်းကြီးတုနှင့် ရသေ့တုတို့သည် ဓားကိုယ်စီဖြင့် ရှေ့သို့ပြေးဝင်သွားကြလေသည်။

အဖြူရောင်ဝတ်ထားသူကား အန္တရာယ်နှင့် ရင်ဆိုင်နေရပြီဖြစ်လေသည်။

ယန်ခွမ်း ထိတ်လန့်သွား၏။

'ရပ်လိုက်စမ်း'

အော်ဟစ်ကာ တစ်ဟုန်ထိုး ပြေးဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာချုပ်း မျက်နှာပျက်သွား၏။

'သတိထား'

အောင်မြေရင်း ရှေ့သို့ခုန်ထွက်ကာ ယန်ခွမ်းအား တားဆီးရန် ကြိုးစားလိုက်သည်။

သို့သော် ယန်ခွမ်းသည် တုန်းကြီးတုနှင့် ရသေ့တုတို့အနီးသို့ ရောက်ရှိသွားပြီဖြစ်၏။

ယန်ခွမ်းက တျှရှိင်းတစ်ကောင်ပမာ တစ်ဟုန်ထိုး ပြေးဝင်လာသည်ဖြစ်ရာ တုန်းကြီးတုနှင့် ရသေ့တုတို့သည် အဖြူရောင်ဝတ်ထားသူအား တိုက်ခိုက်နိုင်ခြင်းမရှိတော့ဘဲ နောက်လှည့်ကာ ယန်ခွမ်းနှင့် ရင်ဆိုင်လိုက်ကြလေသည်။

ယန်ခွမ်းအား ခေးရှည်ကြီးများဖြင့် ဆီးကြိုခုတ်ချလိုက်ကြလေသည်။

သို့သော် နောက်လှည့်ကာ ယန်ခွမ်းနှင့် မျက်နှာချင်းဆိုင်မိလိုက်သည့်အချိန်မှာပင် ယန်ခွမ်း၏လက်သီးနှစ်လုံးသည် သူတို့၏ မျက်နှာများဆီသို့ ရိပ်ခနဲ တိုးဝင်သွားလေတော့သည်။

'ခွပ်....'

'အား....'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာလေသည်။

တုန်းကြီးတုနှင့် ရသေ့တုတို့သည် စူးရှစွာ အော်ဟစ်လိုက်ကြပြီး ကြမ်းပြင်ပေါ် ခွေခနဲ လဲကျသွားလေတော့သည်။

ဆရာချုပ်း၏လူများ ထိတ်လန့်သွားကြ၏။

ထိုလူများမှာ ဒေါင်းနဂါးဂိုဏ်းသားများ ဖြစ်ကြရာ ယန်ခွမ်းအား နဂါးလေးအဖြစ် သိရှိထားကြဖော်သည်။



ယန်ခွမ်းအား ကြောက်စရာကောင်းသူအဖြစ် နားလည်ထားကြသဖြင့် ကပျာကယာ နောက်ဆုတ်သွားကြလေသည်။

တုန်းကြီးတုနှင့် ရသေ့တုတို့သည် ကြမ်းပြင်ပေါ် စန့်စန့်ကြီး လဲကျနေကြပြီး လှုပ်ရှားမှု မလုပ်ကြပါတော့ချေ။

ဆရာချုပ်း ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

'နဂါးလေး...မင်းဘယ်သူ့ဖြစ်ထား'

အော်ပေါက်ရင်း ယန်ခွမ်းထံ ခုန်ဝင် တိုက်ခိုက်လာသည်။

ယန်ခွမ်းသည် ဆရာချုပ်းအား အရေးမစိုက်နိုင်အားဘဲ အဖြူရောင်ဝတ်ဆင်ထားသူ လွတ်မြောက်ရေးအတွက် ပိုက်ကွန်ကြီးအား ဖယ်ရှားရန် ကြိုးစားနေပါ၏။

ဆရာချုပ်းသည် ရရှိလာသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ ယန်ခွမ်း၏နောက်ကျောကို ဓားဖြင့်ထိုးသွင်းလိုက်၏။

ထိုအချိန်တွင် ယန်ခွမ်းသည် ပိုက်ကွန်ကြီးအား လက်နှစ်ဘက်ဖြင့် မ,ယူကာ ဘေးသို့ ဆွဲပစ်နိုင်ခဲ့၏။

'ကျေးဇူးပဲဟေ့'

အဖြူရောင် ဝတ်ဆင်ထားသူက အောင်မြေရင်း ပိုက်ကွန်အောက်မှ ခုန်ထွက်လာသည်။

တစ်ဆက်တည်းပင် ယန်ခွမ်းအား ဒုက္ခပေးရန် ကြံစည်နေသည့် ဆရာချုပ်းအား တိုက်ခိုက်ပစ်လိုက်လေသည်။

ဓားရောင် ဖွေးခနဲ ဝင်းလက်သွား၏။

ထိုလူ၏ဓားဦးသည် ဆရာချုပ်း၏ရင်ဝကို ဖောက်ထွင်းနိုင်ဝင်သွားလေသည်။

'အား....'

www.burmeseclassic.com

www.burmeseclassic.com



ဆရာချုပ်း စူးရှစွာ အော်ဟစ်လိုက်၏။

သူ၏သက်ထံမှအား လွှတ်ကျသွားပြီး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

ယန်ခွမ်း ပြုံးလိုက်သည်။

'ကျေးဇူးပဲ'

ဟု ပြန်ပြောလိုက်၏။

အဖြူရောင် ဝတ်ဆင်ထားသူက....

'မသိပါဘူးကွာ၊ မင်းက ငါ့ကိုကယ်ဖို့ ကြိုးစားအားထုတ်နေရှာလို့ သူ့ကို လွှတ်ထားလိုက်ရတယ်ဆိုတာ ငါသိပါတယ်'

ထိုအချိန်တွင် ဆရာချုပ်း၏ လူများသည် အရေးနိမ့်သွားပြီဖြစ်ကြောင်း နားလည်ကြရကား ဆရာချုပ်းကိုပင် လျစ်လျစ်ရှုကာ ထွက်ပြေးသွားကြလေတော့သည်။

ဆရာချုပ်းသည် နောက်ဆုတ်သွားရင်း မားမားမတ်မတ် ရပ်တည်နေနိုင်စွမ်း မရှိတော့ဘဲ ကြမ်းပြင်ပေါ် ဒူးထောက်ကျသွားလေသည်။

သူ၏ ရင်ဘတ်၌ သွေးချင်းချင်း နီရဲနေ၏။

ယန်ခွမ်းနှင့် အဖြူရောင် ဝတ်ဆင်ထားသူတို့က သူ့အား လှမ်းကြည့်လိုက်ကြလေသည်။

ဆရာချုပ်းက အံကြိတ်ရင်း....

'နဂါးလေး....မင်းသာ ဝင်မရှုပ်ဘူးဆိုရင် သူ့ကို ရှင်းပစ်နိုင်မှာပဲကွ၊ သွေးစည်းဥဇ်ဂိုဏ်း ဆက်ပြီး ရှင်သန်နေနိုင်အောင်



သူ့ကိုရှင်းပစ်ဖို့အရေးအကြီးဆုံးပဲ၊ အခုတစ်ကြိမ်မအောင်မြင်လဲ နောက်တစ်ကြိမ် ကြိုးစားကြဦးမှာပဲ'

ဟု ပြောလေသည်။

ယန်ခွမ်းက ဘာမျှ မပြောဘဲ ကြည့်နေ၏။

အဖြူရောင်ဝတ်ဆင်ထားသူက....

'ကျုပ်ကိုရှင်းပစ်ဖို့ ကြိုးစားနေတဲ့ ဒုစရိုက်လောကသားတွေ ရာထောင်ချီပြီး ရှိနေလဲ ကျုပ်က မမှုဘူးဆိုတာ မှတ်ထားပါ၊ တရားမျှတမှုအတွက် မကောင်းတဲ့ လူတွေကို ဖယ်ရှားပစ်ရမှာ ကျုပ်တာဝန်ပဲ'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ဆရာချုပ်းက....

'အပြောမကြီးစမ်းပါနဲ့၊ ဒီကနေ့ဟာ နဂါးလေးကြောင့် ခင်ဗျား ကံကောင်းသွားတယ် မှတ်ပါ၊ နောက်ထပ် ဒီလို ကံကောင်းနိုင်မှာ မဟုတ်တော့ဘူး၊ နဂါးလေး ကိုယ်တိုင်က ခင်ဗျားကို မြန်ပြီး ရှင်းပစ်လိမ့်မယ်'

ထိုစကားကြားလျှင် ယန်ခွမ်းကော အဖြူရောင် ဝတ်ဆင်ထားသူပါ တအံ့တသြ ဖြစ်သွားကြလေသည်။

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီးမှ ဆရာချုပ်းအား ကြည့်လိုက်ကြလေသည်။

ဆရာချုပ်းက....

'နဂါးလေး....သူ ဘယ်သူလဲဆိုတာ မင်းသိသလား'

ဟု မေးလေသည်။

ယန်ခွမ်း မျက်မှောင်ကုပ်သွားပြီး....

'ခင်ဗျား ဘာတွေ ပြောနေတာလဲ၊ ဘာတွေများ မကောင်း ကြံဦးမလို့ လဲဗျ'

ဟု နေမျိုးနိုင်စွာ ပြောလိုက်လေသည်။

ဆရာချုပ်း မှဲ့ပြုံး ပြုံးလိုက်လေသည်။

'မင်းက သူ့ဘက်က မဝင်ကူညီခဲ့တယ်ဆိုတာကို ကျားငါးကောင် ဟူကျင်း သိသွားရင် တမလွန်ကနေ မင်းကို အပြစ်တင်နေမှာပဲကွ'

'ဘာ…ကျားငါးကောင် ဟူကျင်း ဟုတ်လား'

'ဟုတ်တယ်၊ မင်းရဲ့ အသက်သခင် ကျေးဇူးရှင်လေကွာ၊ အယ်ဒီ လက်ချက်နဲ့ သူသေသွားရတယ် ဆိုတာ မင်းသိပါတယ်'

ယန်ခွမ်း နှာခေါင်းရှုံ့လိုက်သည်။

'ကျုပ် ဘာကြောင့် မသိရမှာလဲ'

'မင်းသိတယ်ဆိုရင် မင်းရဲ့ လုပ်ရပ်တွေဟာ ကျားငါးကောင် ဟူကျင်းကို လှောင်ပြောင်သလို ဖြစ်နေပြီ'

'ဘာဗျ'

'မင်း ကူညီခဲ့တဲ့ လူဟာ ဟူကျင်းကို သတ်ပစ်ခဲ့တဲ့ လူဆိုတာ မင်း မသိလို့လား၊ ဒါမှမဟုတ် မသိချင်ဟန် ဆောင်နေတာလား'

'ဟာ….'

ယန်ခွမ်း ထွက်ခနဲ အော်လိုက်လေသည်။

သူ၏ ခန္ဓာကိုယ် လေထဲမြောက်တက်သွားသည်ဟု ထင်မှတ်ရလေသည်။



အဖြူရောင် ဝတ်ဆင်ထားသူအား မျက်လုံးပြူး၍ ကြည့်လိုက်မိ၏။

ထိုလူက တည်ငြိမ်သော အသွင်ဖြင့် သူ့အား ကြည့်နေပါ၏။

ယန်ခွမ်းက….

'လောကပါလဓား ယန်ချင်း ဆိုတာ ခင်ဗျား ဟုတ်လား'

ဟု မေးလိုက်၏။

အဖြူရောင်ဝတ်ဆင်ထားသူ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ပါပဲ'

ဆရာချုပ်းက….

'နဂါးလေး…မင်းက ကျားငါးကောင် ဟူကျင်း အတွက် လက်တုန့်ပြန်ပါမယ်လို့ သစ္စာဆိုထားတာ မေ့နေပြီလားကွ'

ဟု အော်ပြောလိုက်လေသည်။

အဖြူရောင်ဝတ်ထားသူ (ဝါ) လောကပါလဓား ယန်ချင်း နှင့် နဂါးလေးအမည်ခံ ယန်ခွမ်းတို့အား ရန်တိုက်ပေးလိုနေမှန်း ထင်ရှား ပေါ်လွင်နေပေတော့သည်။

ယန်ခွမ်း၏ မျက်နှာ နက်ဆန် တင်းမာသွား၏။

'ခင်ဗျား ပါးစပ်ပိတ်ထားလိုက်စမ်း'

အော်ငေါက်ရင်း ဆရာချုပ်းထံ ခုန်ဝင်သွားကာ လက်သီးဖြင့် ထိုးချလိုက်သည်။

www.burmeseclassic.com



'ခွပ်....'

'အား....'

ဆရာချုပ် စူးရှစွာ အော်ဟစ်လိုက်ပြီး ကြမ်းပြင်ပေါ် ဗိုလျက်သား လဲကျသွားလေတော့သည်။

....o....

ဘုံကျောင်း အတွင်း၌ တိတ်ဆိတ် ငြိမ်သက်နေလေသည်။

ဆရာချုပ်သည် ကြမ်းပြင်ပေါ်၌ မလှုပ်မယှက် ဖြစ်နေ၏။

ယန်ခွမ်းနှင့် ယန်ချင်းတို့ မျက်နှာချင်းဆိုင် ရပ်နေ၏။

သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားသည့် လောကပါလခေါ် ယန်ချင်းနှင့် ဒုစရိုက်ကမ္ဘာတွင် နာမည်ကြီးခဲ့သူ နဂါးလေးအမည်ခံ ယန်ခွမ်းတို့၏ ဆုံတွေ့မှုမှာ စိတ်ဝင်စားစရာကောင်းနေပေတော့သည်။

ယန်ချင်းသည် ယန်ခွမ်းအား အတန်ကြာ ငေးကြည့်နေပြီးမှ သက်ပြင်းချလိုက်လေသည်။



'မင်းဟာ ဒေါင်းနဂါးဂိုဏ်းကို ကျောချိုင်းသွားတယ်လို့ ကျုပ် သတင်းကြားခဲ့ပြီးပြီ၊ မင်းကို စိတ်ဝင်စားမိတာ အမှန်ပဲ၊ မင်းဟာ ဒုစရိုက်လောကကို စိတ်ကုန်နေပြီလို့ ငါထင်တယ်'

ဟု ပြောလေသည်။

ယန်ခွမ်းက ဘာမျှမပြောဘဲ မျက်တောင်မခတ်စိုက်ကြည့်နေပါ၏။

ယန်ချင်းက....

'မင်းရဲ့ စိတ်ဓာတ်ကို ငါရိပ်မိပါတယ်၊ မင်းဟာ လူဆိုးတစ်ယောက် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူး'

ယန်ခွမ်းက....

'ခင်ဗျားမှားပြီ'

'ဟေ....'

'ကျုပ်က ခင်ဗျားကို လေးစားမိပါတယ်၊ ဒါပေမယ့် အစ်ကိုကြီး ဟူကျင်းအတွက် လက်မှိုက်ကြည့်နေနိုင်မှာ မဟုတ်ဘူးဗျ'

ယန်ချင်း ပခုံးတွန့်လိုက်သည်။

'သူက ဓားပြကြီးတစ်ယောက်ဆိုတာ မင်းမသိဘူးလား'

'ကျုပ်အတွက် ဓားပြဆိုတဲ့စကားလုံးဟာ ဘာမှ အဓိပ္ပာယ်မရှိဘူးဗျ'

ယန်ချင်း ခေါင်းခါယမ်းလိုက်သည်။

'မင်းမှားနေပြီ၊ သူ့ကို ငါကမတားဘူးဆိုရင် သူဟာ အပြစ်မရှိတဲ့လူနှစ်ယောက်ကို သတ်ပစ်လိုက်တော့မှာကွ၊ သူ့ရဲ့အသက်တစ်ချောင်းနဲ့ အသက်ပေါင်းများစွာ ဘယ်ဟာကိုဦးစားပေး

www.burmeseclassic.com

www.burmeseclassic.com



မလဲ၊ ဟူကျင်းကြောင့် နောက်ထပ် ဒုက္ခရောက်ရမယ့်လူ မရှိနိုင်တော့ဘူးပေါ့’

ယန်ခွမ်းက....

‘ဒါတွေ ကျုပ်နားမလည်ဘူး၊ အစ်ကိုကြီး ဟူကျင်းဟာ ကျုပ်ရဲ့အသက်သခင် ကျေးဇူးရှင်ပဲ၊ ဒါကြောင့် သူ့အတွက် ရန်ကြွေးတောင်းရလိမ့်မယ်’

သူတို့နှစ်ယောက်သည် မကြာသေးမီကပင် သွေးသောက်မိတ်ဆွေမှာ လက်တွဲကာ ရန်သူကို ရင်ဆိုင်ခဲ့ကြပေသည်။

တစ်ယောက်အသက်ကို တစ်ယောက် စွန့်စားကယ်တင်ခဲ့ကြလေသည်။

ယခုမူ သူတို့သည် ရန်သူကြီးများသဖွယ် ရှိနေကြပြီ မဟုတ်ပါလား။

ယန်ချင်း စိတ်မကောင်း ဖြစ်သွားသည်။

‘ငါတို့...အမှားနဲ့အမှန်ကို မင်းသိပါတယ်၊ စိတ်အလိုမလိုက်ချင်စမ်းပါနဲ့၊ ဟူကျင်းဟာ သေသင့်သေထိုက်တဲ့ လူတစ်ယောက်ဆိုတာ အားလုံးသိကြသလို မင်းလဲသိပါတယ်ကွာ’

ယန်ခွမ်း အံကြိတ်လိုက်သည်။

‘ကျုပ်သိတာက အစ်ကိုကြီးဟူကျင်းအတွက် ခင်ဗျားဆီက အကြွေးတောင်းဖို့ပဲ’

တုံ့ကြက်သားစွာ ပြောလိုက်လေသည်။

ဘဝပေးအခြေအနေအရ အငြိုးကြီးသူတစ်ယောက်ဘဝသို့ ရောက်ခဲ့ရသည်ကို မီးသွေးတုံးနှင့် ချူးရှာတို့မှလွဲပြီး ရိပ်မိသူ ရှိကြလိမ့်မည်မဟုတ်ပါချေ။



စိတ်ထဲ တေးမှတ်ထားပြီးပြီဆိုလျှင် မည်သို့သောအခြေအနေပင် ဖြစ်စေကာမူ ခတ်သွားထားသည့်အတိုင်း မဖြစ်မနေ ပြုလုပ်တတ်သည့်သဘော ရှိလေသည်။

ထို့ကြောင့်လည်း ယန်ချင်းအား လေးစားမိသည့်ထိုင်ကျားငါးကောင် ဟူကျင်းအတွက် လက်တုန့်ပြန်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ယန်ချင်းက....

‘ငါတို့...ဒုစရိုက်လောကအကြောင်း ငါတို့သိနားလည်ပြီးသားပါကွာ၊ ဇွတ်မတိုးချင်စမ်းပါနဲ့’

ဟု ဆုံးမစကားပြောလိုက်၏။

သို့သော် ဟူကျင်း၏မျက်နှာကို မြင်ယောင်နေမိပြီဖြစ်သည့် ယန်ခွမ်းမှာ သူ၏ဆုံးဖြတ်ချက်ကို မပြင်တော့ချေ။

‘ကျုပ်ဆုံးဖြတ်ပြီးပါပြီ’

ဟု ပြောလိုက်၏။

ယန်ချင်း စိတ်ပျက်သွားသည်။

‘မင်းကို နဂါးလေးလို့ ဘာကြောင့် ခေါ်ကြတယ်ဆိုတာ ငါနားလည်သွားပြီကွ’

‘ကဲ...ခင်ဗျားအဆင့်ပြင်ထားပါ’

စကားဆုံးလျှင် ယန်ခွမ်းက စတင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ချင်းက....

'မင်းဟာ ဒေါင်းနဂါးဂိုဏ်း ခေါင်းဆောင် ဖြစ်ခဲ့တဲ့တိုင် အောင် မင်းနဲ့ထိပ်တိုက်တွေ့ဖို့ ငါဟာယ်တော့မှ မကြိုးစားတော့ ဘူးကွ'

ပြောပြီး ချာခနဲလှည့်ကာ ထွက်သွားရန် ဟန်ပြင်လိုက် လေသည်။

'ရပ်လိုက်'

ယန်ခွမ်းက ဟန့်တားလိုက်၏။

ယန်ချင်း လှည့်ကြည့်လိုက်၏။

ယန်ခွမ်းက....

'ခင်ဗျား အသက်ရှင်လျက် ထွက်သွားချင်တယ်ဆိုရင်တော့ ကျုပ်ရှေ့မှာ ဒူးထောက် ပြီး အစ်ကိုကြီး ဟုကျွဲအတွက် တောင်းပန်သွားရလိမ့်မယ်'

ထိုစကားကြားလျှင် ယန်ချင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါ သွားလေသည်။

မည်သို့မျှ မဖြစ်နိုင်သည့် တောင်းဆိုချက်ကို ယန်ခွမ်းက တောင်းဆိုလာသည် မဟုတ်ပါလား။

ယန်ခွမ်းက....

'ခင်ဗျား မတောင်းပန်နိုင်ဘူးဆိုရင်တော့ ကျုပ်ကို သတ်ပစ် ခဲ့ပါဗျာ'

ဟု ပြောလိုက်လေသည်။



ယန်ချင်း သက်ပြင်းချလိုက်သည်။

ယန်ခွမ်းအား စိုက်ကြည့်ရင်း....

'မင်းရဲ့ဆုံးဖြတ်ချက်ကို မပြောင်းနိုင်တော့ဘူးလား'

ဟု မေးလေသည်။

ယန်ခွမ်း ခေါင်းခါယမ်းလိုက်သည်။

'ဝမ်းနည်းပါတယ်ဗျာ ကျုပ်ဆုံးဖြတ်ခဲ့တာ ကြာပါပြီ'

ယန်ချင်းက....

'မင်းကို တစ်ခုပြောပါရစေလားကွာ'

'ပြောပါ၊ ခင်ဗျား ဘာပြောချင်လို့လဲ'

ယန်ချင်းက လဲကျနေသည့် ဆရာချုပ်တို့လူစုအား ညွှန်ပြ ရင်း....

'ကျုပ်က သူတို့နဲ့ရပ်ဆိုင်ခဲ့ရလို့ အစောင့်ကိုပင်ယန်းနေပြီ၊ ဒါ ကြောင့် နောက်ထပ် ရပ်ဆိုင်တိုက်ခိုက်ဖို့အတွက် အနားယူဖို့ လိုလိမ့်မယ်'

ယန်ခွမ်း အံ့သြသွား၏။

ယန်ချင်း ကညီ မြင်းတစ်စီး၊ ဒေးတင်လက်ဖြင့် ဆိုင်းလော့က ဦး ကျ ည ကျိုက်စားရင်း မကောင်းသူပယ် ကောင်းသူကယ် နေသူ မဟုတ်ပါလား။

သူ့အတွက် အနားယူရန်လိုသည်ဆိုသောစကားသည် ရယ်စရာ ဖြစ်နေပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားက ဘယ်လိုလုပ်ချင်လို့လဲ'

'မင်းကောင်ပေါ ပင်ပန်း နကြပြီဆိုတော့ တစ်လလောက် အနားယူကြရင် မကောင်းဘူးလား'

'ဒီကနေ့ကစပြီး တစ်လပြည့်တဲ့နေ့ရောက်မှ ရင်ဆိုင်ကြမယ် ဆိုတဲ့သဘောလား'

ယန်ချစ်း ခေါင်းညိတ်ကာ...

'ဟုတ်ဘယ်'

မပြောချင်ပြောချင်နှင့် ပြောလိုက်လေသည်။

ယန်ခွမ်း သဘောမကျပါချေ။

သို့သော် ယန်ချင်းအား လေးစားသည့်စိတ်က ရှိနေသေး သည်။

'ကောင်းပြီလေ၊ တစ်လပြည့်တဲ့အချိန် ပြန်တွေ့ကြတာပေါ့၊ ကျုပ်ဘယ်ကိုလာခဲ့ရမယ်ဆိုတာ ပြောပါ'

ဟုမေးလိုက်လေသည်။

ယန်ချင်းက အနည်းငယ်စဉ်းစားလိုက်ပြီး....

'စီးဝူကာန်ရဲ့ 'မိုးနှင်းကျွန်း' ပေါ်မှာဆိုရင် မကောင်းဘူး လား'

'ကောင်းပြီ၊ ကျုပ် လာခဲ့မယ်၊ ခင်ဗျား ဆက်ဆက်စောင့် နေပါ'



စကားဆုံးလျှင် ယန်ခွမ်းက ချာခနဲလှည့်ထွက်သွား၏။

ယန်ချင်းက တားမြစ်ခြင်း မပြုပါချေ။

ပိတ်ဆို့နေခဲ့သည့် တံခါးများ ပွင့်သွားပြီ ဖြစ်သည်။

ယန်ခွမ်းသည် ဘုံကျောင်းအတွင်းမှ တိတ်တဆိတ် ထွက်ခွာ သွားလေတော့သည်။

....ဝ....

www.burmeseclassic.com

မှားယွင်းသစ္စာ

လောကသည် သန့်ရှင်းဖြူစင်သည်။

သစ္စာတရားသည် လေးစားမြတ်နိုးဖွယ်ကောင်း၏။

လောက၏ သစ္စာသည် မပြောင်းမလဲ ကြည်မြဲသော တရ

ဖြစ်သည်။

ပြောင်းလဲတတ်သည့် သဘောသည် လူသားတို့ထံ၌သ

ရှိပေသည်။

ထို့ကြောင့် ပြောင်းလဲတတ်သော လူတို့၏ သဘောသ

လည်း အမှန်ကန် ဖြစ်ရကား မှားယွင်းသစ္စာဟု ဆိုနိုင်သ

မဟုတ်ပါလော။

....o....



နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာခဲ့ပြီ ဖြစ်လေသည်။

ကျင်းလိန်မြို့ကြီးသည် ပွင့်သစ်စ နေရောင်ခြည် အောက်၌ လှပရွှားသက်ဝင်လာ၏။

ယန်ခွမ်းသည် မြင်းလမ်းမကြီးအတိုင်း သူဌေးကြီး ရှောင်စန်း၏ ရတနာဂေဟာဆီသို့ ဦးတည်ကာ လျှောက်လှမ်းလာနေပါသည်။

ယခုတစ်ကြိမ် သူက ရတနာစံအိမ်၌ နေထိုင်ရန် ပြန်လာခဲ့ခြင်း မဟုတ်ပါ။

သူဌေးကြီး ရှောင်စန်း၊ သခင်မလေး ရှောစ်ရှောစ်နှင့် ချူးရှာတို့အား နှုတ်ဆက်ရန် ပြန်လာခဲ့ခြင်း ဖြစ်လေသည်။

ရတနာစံအိမ်ရှေ့သို့ ရောက်ရှိသွားသည်နှင့်....

'အစ်ကိုလေးယန်ခွမ်း ပြန်လာပြီဟေ့'

အစောင့်အကြပ်များ ဝမ်းသာအားရ အော်လိုက်ကြသည်။

ချက်ချင်းပင် ယန်ခွမ်းကို ကြိုဆိုကာ စံအိမ်အတွင်းသို့ ခေါ်ဆောင်သွားကြလေသည်။

ဧည့်ခန်းအတွင်း၌ သူဌေးကြီး ရှောင်စန်း၊ သခင်မလေး ရှောင်ရှောစ်နှင့် ချူးရှာတို့ ရှိနေကြပါသည်။

သူတို့သည် တစ်ညလုံး ကောင်းစွာ အိပ်စက်ထားကြပုံ မပေါ်ချေ။

ယန်ခွမ်းအား တွေ့မြင်ရချိန် ဝမ်းသာအားရ ဖြစ်သွားကြပြီး...

www.burmeseclassic.com



'ဟာ...ယန်ခွမ်း ပြန်လာပြီ'

'အစ်ကို...'

ချူးရှာနှင့် ရှောင်ရှောင်တို့ ချက်ချင်း ပြေးလာကြလေသည်။

ရှောင်ရှောင်သည် ဖခင် ရှိနေသည်မို့ ကိုယ်ရှိန်သတ်ကာ....

'အစ်ကို...တစ်ညလုံး ဘယ်သွားနေတာလဲဟင်၊ ဒီမှာ ဖေဖေက အစ်ကို့အတွက် စိတ်ပူနေတယ်'

ဟု ပြောလေသည်။

ချူးရှာမှာမူ မေးမြန်းရန် ဟန်ပြင်ပြီးမှ ယန်ခွမ်း၏ အဝတ်အစားပေါ်၌ သွေးစသွေးနများ ပေကျံနေသည်ကို သတိပြုမိသွားသဖြင့် မမေးဘဲ နေလိုက်တော့သည်။

သူဌေးကြီးရှောင်စန်း ထိုင်ရာမှ ထလာပြီး....

'ယန်ခွမ်း...မင်း ဘယ်သွားနေတာလဲကွ၊ ငါတို့ ဓဝင်းကို လိုက်ရှာကြမလို့ တိုင်ပင်နေကြတာ'

ဟု ပြောလာလေသည်။

ယန်ခွမ်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး....

'မမျှော်လင့်ဘဲ အရေးကြီးတဲ့ ကိစ္စတစ်ခု ပေါ်လာလို့ မပြောမဆိုဘဲ ကျွန်တော် ထွက်သွားမိတာကို ခွင့်လွှတ်ပါ ခင်ဗျာ'

ဟု တောင်းပန်လိုက်သည်။



ရှောင်ရှောင်က....

'အစ်ကို့မှာ ဘယ်လို အခက်အခဲများ ရှိနေလို့လဲဟင်'

ဟု မေးလေသည်။

ယန်ခွမ်း သက်ပြင်းချလိုက်သည်။

အဖြစ်မှန်ကို သူက ပြောပြနိုင်မည် မဟုတ်ပါ။

ထို့ကြောင့်....

'အစ်ကိုပြောမပြနိုင်တာကို ခွင့်လွှတ်ပါဦးမ'

ရှောင်ရှောင် မကျေမနပ်ဖြစ်သွားလေတော့သည်။

သူမသည် နှုတ်ခမ်းစူကာ ခေါင်းငုံ့ထားလိုက်၏။

ယန်ခွမ်း စိတ်မကောင်းဖြစ်သွားသည်။

သို့သော် အဖိုးတရား၏ ပူဆောင်မှုမီးတောက်ကို မေတ္တာရေစင်ဖြင့် ငြိမ်းသတ်နိုင်စွမ်းမရှိဘဲ ဖြစ်ရလေသည်။

ယန်ခွမ်းက သူဌေးကြီး ရှောင်စန်းဘက်သို့လှည့်ကာ....

'ကျွန်တော် ဒုက္ခရောက်နေတဲ့အချိန်မှာ ကူညီခဲ့တဲ့အတွက် ဦးရဲ့ကျေးဇူးကို မမေ့ပါဘူးခင်ဗျာ၊ ကျွန်တော့်မှာ ကိစ္စလေးတစ်ခုရှိနေလို့ သွားခွင့်ပြုပါဦး'

ဟု ခွင့်တောင်းလိုက်၏။

ရှောင်ရှောင် မျက်လုံးပြူးသွားသည်။

'အစ်ကိုထွက်သွားမယ် ဟုတ်လား၊ အစ်ကိုပဲ ညီမတို့နဲ့အတူ နေပြီး ဖေဖေ့ရဲ့စီးပွားရေးလုပ်ငန်းတွေကို ကူညီလုပ်ပေးမယ်ဆို

www.burmeseclassic.com



မှန်ပေသည်။ သူတို့နှစ်ယောက် မေတ္တာမျှခဲ့ကြပြီးနောက် ယန်ခွမ်းသည် ရှောင်ရှောင်နှင့်ခွဲမသွားလိုတော့သဖြင့်သူဌေးကြီး ရှောင်စန်း၏ လုပ်ငန်းတစ်ခုခု၌ ဝင်ရောက်လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့လေသည်။

သူဌေးကြီး ရှောင်စန်းသည်လည်း သူ့အား သဘောကျနေသည်ဖြစ်ရာ လူယုံအဖွဲ့လိုနေသည် မအာတ်ပါသား။

ယန်ခွမ်းက...

'အစ်ကို ကိုခွင့်လွှတ်ပါညီမရယ်၊ မလွဲမရှောင်သာတဲ့ ကိစ္စတစ်ခုကြောင့် အစ်ကို သွားမှဖြစ်ပါတော့မယ်'

'အစ်ကို'

ရှောင်ရှောင်၏ မျက်ဝန်းအစုံ၌ မျက်ရည်များပြည့်လျှံလာလေတော့သည်။

သူဌေးကြီးရှောင်စန်းသည် ယန်ခွမ်းအား အကဲခတ်ကြည့်နေရာမှ...

'မင်းဟာ ထူးခန်းတဲ့ လူငယ်လေးတစ်ယောက်ဆိုတာ ငါ နားလည်ပါတယ်၊ လိုအပ်လို့ထွက်သွားတယ်ဆိုတာလဲ နားလည်တယ်၊ ဒါကြောင့် မင်းကို မတားတော့ပါဘူး'

ဟုပြောကာ ခွင့်ပြုလေသည်။

ယန်ခွမ်းသည် ရှောင်ရှောင်ကို စိုက်ကြည့်လိုက်၏။

ထို့နောက် ချာခနဲလှည့်ကာ ထွက်သွား၏။



'ယန်ခွမ်း၊ ငါ့ကိုစောင့်ပါဦးကွ'

ချူးရှာက အော်ပြောရင်း နောက်မှ ပြေးလိုက်သွားလေတော့သည်။

....o....

စီးဝူကန်....

စီးဝူကန်သည် ကျင်းလိန်မြို့၏ အနောက်ဘက်၌ တည်ရှိလေသည်။

အလွန်သာယာလှပပြီး ကျယ်ဝန်းလှသည့် ရေကန်ကြီး ဖြစ်သည်။

ရေကန်ထဲ၌ သဲသောင်များပေါ် ထွန်းကာ ကျွန်းကလေးများ ဖြစ် တည်ရှိနေသည်။

ရပ်ဝေးမှ ရောက်လာသူများသာမက မြို့ခံလူများပါ စီးဝူကန်အတွင်း၌ လှေအပျော်စီးရသည်ကို နှစ်သက်သဘောကျပေသည်။

www.burmeseclassic.com



နေ့စဉ်လိုလို စီးဝူကုန်၏ သာယာလှပပုံများကို လာရောက်ကြည့်ရှုသူများဖြင့် စည်ကားနေတတ်ပေရာ ကမ်းစပ်တွင် စားသောက်ဆိုင်များ၊ တည်းခိုခန်းများလည်း မှိုလိုပေါက်နေပေတော့သည်။

ယန်ခွမ်းနှင့် ချူးရှာတို့သည် 'နှင်းမိုးကျွန်း' နှင့် အနီးဆုံးရှိ 'နှင်းမိုး' စားသောက်ဆိုင်၌ ရောက်ရှိနေကြပေသည်။

နှင်းမိုး စားသောက်ဆိုင်သည် တည်းခိုခန်းနှင့် တွဲဘက်ဖွင့်လှစ်ထားသည့်ဆိုင် ဖြစ်ပေသည်။

ယန်ခွမ်းသည် သူဌေးကြီး ရှောင်စန်း၏ ရတနာဂေဟာမှ ထွက်လာပြီးသည်နှင့် ငေးမှေးငိုင်ငိုင် ဖြစ်နေခဲ့ပေသည်။

နှင်းမိုးစားသောက်ဆိုင်သို့ ရောက်လျှင် အရက်ကိုချည်း ဖိ၍ သောက်နေလေတော့သည်။

ယနေ့....

ယနေ့လည်း နံနက် မိုးစင်စင်လင်းသည်နှင့် ယန်ခွမ်းသည် အရက်သုံးအိုးမျှ သောက်ခဲ့ပြီး ဖြစ်လေသည်။

သူ၏မျက်လုံးများ ရဲရဲနီနေ၏။

သူ၏ မျက်နှာပေါ်တွင် ဆွေးမြည့်ကြေကွဲခြင်း၊ ခံပြင်းဒေါသထွက်ခြင်း စသည့်အရိပ်အယောင်များ လွှမ်းမိုးနေ၏။

ချူးရှာမှာ ယန်ခွမ်းကိုကြည့်ကာ စိတ်မသက်မသာ ဖြစ်လာလေတော့သည်။

'ယန်ခွမ်း၊ အရက်သောက်ပြီး ဘဝရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို ဖြုန်းပစ်လိုက်တော့မှာလားကွ'

ကရုဏာဒေါသော ပြောလိုက်မိလေသည်။



ယန်ခွမ်း လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

ချူးရှာကို စိုက်ကြည့်လိုက်ပြီး....

'မင်း ပါးစပ်ပိတ်ထားရင်ကောင်းမယ်'

ဟု ခပ်ထန်ထန် ဟောက်လိုက်လေသည်။

ချူးရှာက....

'ပါးစပ်ပိတ်ပြီး ကြည့်နေခဲ့တာ သုံးရက်ရှိပြီကွ'

မှန်ပေသည်။ နှင်းမိုးစားသောက်ဆိုင်သို့ သူတို့ရောက်ရှိလာခဲ့သည်မှာ သုံးရက်ရှိပြီဖြစ်လေသည်။

ချူးရှာက ဆက်ပြောသည်။

'ယန်ခွမ်း၊ မင်း ယောကျ်ားမဟုတ်ဘူးလား၊ မိန်းကလေးတစ်ယောက်အတွက် ဒီလောက်မဲ ပျော့ညံ့နေရသလားကွ'

'ဟေ....'

'သခင်မလေးရှောင်ရှောင်ဟာ မင်းကိုစွဲလန်းနေတယ်ဆိုတာ ငါသိပါတယ်၊ သူဌေးကြီးရှောင်စန်းကလဲ မင်းကိုသဘောကျနေတာပဲ၊ မင်းဖွင့်ပြောလိုက်မယ်ဆိုရင် သဘောမတူစရာအကြောင်း မရှိဘူးကွ၊ မင်း ခုလို ရှောင်ထွက်လာဖို့မကောင်းဘူး'

ရုတ်တရက် ယန်ခွမ်း ဟားတိုက်ရယ်မောလိုက်၏။

'ဟား....ဟား....ဟား'

ချူးရှာ အံ့ဩသွားသည်။

ယန်ခွမ်းအား မျက်လုံးပြူး၍ကြည့်ကာ....

'မင်းဘာရယ်တာလဲ'

ဟု မေးလေသည်။

ယန်ခွမ်းက ရယ်မောရာမှ ရပ်တန့်လိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'ရယ်စရာကောင်းလို့ပေါ့၊ ငါက သခင် [illegible] အတွက် ခံစားနေရတယ်လို့ မင်းထင်နေတယ်မဟုတ်လား'

'ဟုတ်တယ်လေ၊ အခြေအနေချင်းကွာခြားနေလို့ အသင့်တော်ဆုံး ပေါင်းစပ်ဖို့ မဖြစ်နိုင်ဘူးလို့ မင်းထင်နေတယ် မဟုတ်လား၊ တမင်ရှောင်ပြေးလာခဲ့တာ မဟုတ်လား'

ယန်ခွမ်းက...

'သခင်မလေး ရှောင်ရှောင်အတွက် ငါစိတ်ထိခိုက်နေရတယ်လို့ မင်းမြင်တာ မမှားပါဘူး၊ ဒါပေမယ့် အမုန်းကြီးလဲမဟုတ်သေးဘူးကွ'

ချူးရှာ မျက်မှောင်ကုပ်သွားသည်။

'မင်းမှာ တခြားသောက ရောက်စရာတွေ ရှိနေသေးတယ်ပေါ့ ဟုတ်လား'

ယန်ခွမ်း မျက်နှာတည်သွား၏။

ချူးရှာကိုမကြည့်တော့ဘဲ အရက်အိုးဆီသို့ အကြည့်လွှဲလိုက်လေသည်။

ပြီးလျှင်....

'ချူးရှာ၊ ငါ့ဘဝမှာ အမိကရည်ရွယ်ထားခဲ့တာ ငါ့အဖေကို တွေ့အောင် ရှာဖို့ပဲကွ၊ ဒါပေမယ့် ငါ အရွယ်ရောက်လာတဲ့ တိုင်အောင် ငါ့အဖေကို ရှာဖွေဖို့ ဖိဖိစီးစီး ကြိုးပမ်းခဲ့တာ မရှိသေးဘူး၊ ငါ့အမေစကားကို အလေးမထားသလို ဖြစ်ခဲ့ရတယ်'

ချူးရှာ ငြိမ်ကျသွားလေသည်။

ယန်ခွမ်းသည် အခြေအနေမဲ့ဘဝမှ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရေးအတွက် ကြိုးစားရင်း ဒေါင်းနဂါးဂိုဏ်း၏ 



ခေါင်းဆောင်အဖြစ်သို့ ရောက်လာပြီး ပြဿနာရပ် အမျိုးမျိုးနှင့် ရှုပ်ထွေးနေကာ မူလရည်ရွယ်ချက် ကွယ်ပျောက်ခဲ့ရလေသည်။

သွေးဓိဋ္ဌာန်ဂိုဏ်းစစ်လာမှ ဒေါင်းနဂါးဂိုဏ်းကို ကျောခိုင်းကာ မူလရည်ရွယ်ချက်ကို ဆက်လက် အကောင်အထည် ဖော်ရန် ကြိုးစားခဲ့၏။

ဤတွင် လူငယ်တို့ဖွယ်သဘာဝ အချစ်ရေးကိစ္စနှင့် ကြုံတွေ့ လာခဲ့ရပြန်တော့သည်။

ယန်ခွမ်းက ဆက်ပြောလေသည်။

'ချူးရှာ၊ သခင်မလေး ရှောင်ရှောင်အပေါ်မှာ မေတ္တာ သက်ဝင်မိတယ်ဆိုတာ ငါဝန်ခံပါတယ်၊ ဒါပေမယ့် ငါတို့ဘဝ ချင်း နှီးစပ်ဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တာ အသေအချာပဲ၊ ဗိုဆိုးတာက ငါဟာ လူတစ်ယောက်နဲ့ ရင်ဆိုင်ဖို့ ချိန်းထားပြီးပြီ'

'ဟေ....'

ချူးရှာ တအံ့တသြ ဖြစ်သွားလေသည်။

ယန်ခွမ်းအား မယုံကြည်နိုင်စွာ ကြည့်ရင်း....

'ဘာပြောတယ်၊ လူတစ်ယောက်နဲ့ရင်ဆိုင်ဖို့ ချိန်းထားပြီးပြီ ဟုတ်လား၊ ဘယ်သူလဲ ဘယ်နေရာမှာလဲ၊ ဘာကြောင့် ရင်ဆိုင် ရမှာလဲ'

မေးခွန်းများ ဆက်တိုက်မေးလိုက်လေသည်။

ယန်ခွမ်းက အဖြေမပေးသေးဘဲ ...

'အစ်ကိုကြီးဟူကျင်းကို မင်းသိတယ် မဟုတ်လား'

ဟု ပြန်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ချူးရှာက....

'ကျားငါးကောင်ဟူကျင်းကို ပြောတာလား၊ မင်းနဲ့ မီးသွေးတုံးတို့ရဲ့ အသက်ကို ကယ်ခဲ့ဘယ်ဆိုတာလေ'

ယန်ခွမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'သူဟာ လောကပါလဓား ယန်ချင်းရဲ့လက်ချက်နဲ့ သေသွားပြီ မဟုတ်လား'

ယန်ခွမ်း၏ မျက်ဝန်းအစုံတွင် ခံပြင်းသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာ၏။

'အစ်ကိုကြီးဟူကျင်းကြောင့် ငါတို့ အသက်ချမ်းသာရခဲ့သလို၊ ငါ့ဘဝအတွက် အပြောင်းအလဲတွေ ဖြစ်ခဲ့ရတာပဲ၊ သူဟာ ငါ့ရဲ့ ကျေးဇူးရှင်ပဲ'

ရုတ်တရက် ချူးရှာ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ယန်ခွမ်း၏လက်မောင်းကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ပြီး....

'ယန်ခွမ်း၊ မင်းက ဟူကျင်းအတွက် လောကပါလဓားနဲ့ ရင်ဆိုင်တွေ့မယ်ပေါ့ ဟုတ်လား'

ဟု အထိတ်တလန့် မေးလိုက်လေသည်။

ယန်ခွမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ငါဟာ မှန်ဘယ်မှားတယ်ဆိုတာ မစဉ်းစားဘဲ အငြိုးထားတတ်တဲ့လူလို့ မီးသွေးတုံးက ဝေဖန်ဖူးတယ်၊ သူ့စကားတွေ သွေးထွက်အောင် မှန်နေတယ်ကွ၊ ငါ့ရဲ့ အကြီးမားဆုံး ချို့ယွင်းချက်ဟာ ရန်ငြိုးသိုတတ်တာ ဖြစ်နေဘယ်'



ချူးရှာက....

'သူငယ်ချင်း၊ မင်းကိုယ်မင်း နားလည်နေပြီပဲ၊ မြင်လိုက်ရင် ချပါတယ်ကွာ၊ မင်းဟာ စိတ်ရင်းကောင်းတဲ့ လူတစ်ယောက်ဆိုတာ ငါသိပါတယ်'

'နောက်ကျသွားပြီး သူငယ်ချင်း'

'ဘာဖြစ်လို့ နောက်ကျရမှာလဲ'

ချူးရှာ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ယန်ခွမ်းက သူ့အား စိုက်ကြည့်လိုက်ပြီး ဘာမှမပြောချေ။

ချူးရှာက....

'သူငယ်ချင်း၊ မင်းနဲ့ငါဟာ ဘဝတူတွေပါကွာ၊ အခြေအနေမဲ့ဘဝမှာ မင်းဘယ်လိုခံစားနေရတယ်ဆိုတာ ငါသိပါတယ်၊ ငါတို့ဘဝဟာ လောကကြီးကို အရှုံ့တိုက်ချင်စိတ် ဖြစ်လာအောင် ဖန်တီးခဲ့တာပဲ၊ ငါတို့ စိတ်လိုက်မာန်ပါ လုပ်ခဲ့ကြလို့ အမှားတွေအများကြီး ကြုံတွေ့ခဲ့ကြပြီးပြီ သူငယ်ချင်း၊ ကိုယ့်အမှား ကိုယ်ပြုပြင်ပြီး အေးချမ်းတဲ့ဘဝရောက်နေတဲ့ မီးသွေးတုံးကို မင်းသတိမရဘူးလား၊ လောကပါလဓားဆိုတဲ့ သိမ်းသမားကြီးဟာ တကယ့်လူတော်လူကောင်းကြီးကွ၊ သူ့ကိုရှင်းပြပြီး ငါတောင်းပန်လိုက်မယ်၊ မင်းရင်ဆိုင်စရာ မလိုဘူး'

ယန်ခွမ်း ခါးခါးသီးသီး ငြင်းဆန်လိုက်လေသည်။

'ချူးရှာ၊ ဘာမှတောင်းပန်စရာ မလိုဘူးကွ'

'သူငယ်ချင်း-မှားမှန်းသိလျက်နဲ့ မင်း ဘာကြောင့် ဆက်မိုက်ချင်နေရတာလဲ၊ ကျားငါးကောင် ဟူကျင်းဟာ လောကပါလဓားကြောင့်မသေရင်လဲ တခြားတစ်ယောက်ယောက်လက်ချက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



သေရမှာပဲကွ၊ ဆိုးလူမိုက်တွေရဲ့ နောက်ဆုံး သွားရာလမ်း
အတိုင်း လိုက်ရမှာပဲကွ၊ မင်းက လောကပါလဓားကို အပြစ်တင်
စရာ အကြိုးအကြောင်းစရာ မလိုဘူး၊ သူ့မိုက်ပြစ်နဲ့ သူခံသွားရတယ်
လို့ပဲ သဘောထားရမှာပေါ့’

ယန်နွမ်းက...

‘ငါက သူနဲ့ရင်ဆိုင်ဖို့ ချိန်းထားပြီးပြီ’

ချူးရှာက လက်ကာပြလိုက်သည်။

‘ကိစ္စမရှိဘူး၊ ငါတာဝန်ယူလိုက်မယ်၊ သူနဲ့ သွားတွေ့ပြီး
အကျိုးအကြောင်း ရှင်းပြလိုက်မယ်၊ သူ လက်ခံလိမ့်မယ်လို့ ငါ
အာမခံတယ်ကွ’

ယန်နွမ်း သက်ပြင်းချလိုက်သည်။

လောကပါလဓား ယန်ချင်းအား သူက ကြည်ညိုလေးစားမ
သကဲ့သို့ အလိုလို သံယောဇဉ် တွယ်တာနေမိပါ၏။

ကျားငါးကောင်ဟုကျော်ကြား သတ်ဖြတ်ခဲ့သူဟု သိရချိန်က
ရုတ်တရက်မို့ ဒေါသထွက်ခဲ့ရလေသည်။

သူ၏ ဉာဉ်အတိုင်း ယှဉ်ပြိုင်တိုက်ခိုက်ရန် ချိန်းဆိုမိခဲ့လေ
သည်။

လောကပါလဓား ယန်ချင်းသည် အတွေ့အကြုံ ရင့်ကျက်
သည့် ဓားပြသိုင်းသမားကြီးတစ်ယောက် ဖြစ်လေရာ သူသ
လျှင် အရေးနိမ့်သွားလိမ့်မည်ဟု နားလည်ခဲ့၏။

သူ၏တိုက်ကွက်သည့် အသက်ကို ပဓာနမထားဘဲ ရန်သူအာ
တိုက်ခိုက်ခြင်း ဖြစ်၏။ အလွန်အန္တရာယ်များလှသည့် တိုက်ကွက်
ဖြစ်သည်။



လောကပါလဓားသမား ယန်ချင်းနှင့် ရင်ဆိုင်ရာ၌ အရေး
နိမ့်မည်ဆိုလျှင် အသက်ရှင်နိုင်ဖွယ် အကြောင်း မမြင်ချေ။

ယန်ချင်းက ညှာတာလျှင်ပင် သူ၏တိုက်ကွက်သည် သူ့အား
အဆုံးစီရင်မိစေရန် ယန်ချင်းအား အကျပ်ကိုင်သကဲ့သို့ ဖြစ်နေ
ပေလိမ့်မည်။

ရန်သူနှင့် ရင်ဆိုင်ရာ၌ အသက် သေဆုံး သွားရမည်ကို
ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိသည်က အမှန်ပင်။

ယခုမူ သူ၏စိတ်ထဲ စိုးရွံ့မှုများ ကြီးစိုးနေ၏။

ဖခင်အား ရှာမတွေ့သေးဘဲ အသက်ဆုံးရမည်ကို ကြောက်ရွံ့
နေခြင်းလော။

သို့မဟုတ် သခင်မလေး ရှောင်ရှောင်နှင့် အပြီးတိုင် ခွဲသွား
ရမည့် အရေးကို ကြောက်ရွံ့နေခြင်းလော။

မေတ္တာတရားသည် ခွန်အားကို ဖြစ်ပေါ်စေသကဲ့သို့ တွေဝေ
မိုက်မဲမှုကိုလည်း ဖြစ်ပေါ်စေတတ်သည် မဟုတ်ပါလား။

သံမဏိကဲ့သို့ မာကျောပြီး တိကျပြတ်သားလှသည့် ယန်နွမ်း
အတွက် တွေဝေမှုများ ဖြစ်ပေါ်လာသည်နှင့် ကြံရာမရသည့်
အဆုံး အရက်ကို ဖိသောက်နေမိခြင်း ဖြစ်၏။

အရက် သောက်နေ၍ ပြဿနာ အရပ်ရပ် ပြေလည်သွား
မည်လော။

ယန်နွမ်းသည် ချူးရှာအား ငေးကြည့်နေမိလေတော့သည်။

ချူးရှာက...

‘သူနဲ့ ရင်ဆိုင်စရာမလိုဘူး၊ မင်းအဖေကို တွေ့အောင် ရှာရ
မယ်၊ သခင်မလေး ရှောင်ရှောင်ကို မင်း လက်ထပ်ရလိမ့်မယ်’

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေသည်။

ယန်ခွမ်းအား ငေး၍ ကောင်းနေဆဲ။

ချူးရှာက...

'သူ့ကို ငါသွားရှာမယ်'

ဟု ပြောဆိုကာ၏။

တိုင်ကွာ ဘက်ခန်း ဇရပ်ကာ ယန်ခွမ်းကို စိုက်ကြည့်လိုက်ပြီးနောက် ချာခနဲ လှည့်ကာ နှင်းမိုးစားသောက်ဆိုင်ထဲမှ ထွက်သွားလေသည်။

ယန်ခွမ်းကား ငုပ်တုပ်ပျပင် မလှုပ်ချေ။

ချူးရှာ မြင်ကွင်းမှ ကွယ်ပျောက်သွားသောအခါ....

'သူ့ကို ငါ တားဆင့်တယ်'

ဟုသော စကားလုံးကို ထပ်ကာတလဲလဲ ရေရွတ်နေလေတော့သည်။

....၁...



နေဝန်းနီမှာ ကောင်းကင် အလယ်ဗဟိုတည့်တည့်သို့ ရောက်ရှိနေ၏။

နေမွန်းတည့်ချိန် ဖြစ်၍ နေပူရှိန် ပြင်းထန်လှသည် ထင်ရပေသည်။

အပူဒဏ် ရှောင်ကြသဖြင့် လမ်းပေါ်၌ လူရှင်းနေ၏။

မသွားမဖြစ်သော ကိစ္စကြောင့် ခပ်သုတ်သုတ် သွားလာနေကြသူ အချို့ကိုသာ တွေ့မြင်ရမည် ဖြစ်ပေသည်။

ထိုလူများအနက် ချူးရှာသည်လည်း တစ်ယောက် အပါအဝင် ဖြစ်လေသည်။

ချူးရှာသည် လမ်းဘေး တစ်ဘက်တစ်ချက်သို့ မျက်ခြည်မပြတ် အကဲခတ်ရင်း ခပ်သုတ်သုတ် လျှောက်လာခဲ့ပါ၏။

နှင်းမိုးစားသောက်ဆိုင်မှထွက်လာပြီး ပထမဆုံးသွားရောက်ခဲ့သည့်မှာ ရတနာစံအိမ်ဖြစ်လေသည်။

သူဌေးကြီး ရှောပ်စန်းနှင့် တွေ့ခွင့်တောင်းပြီး ယန်ခွမ်းကိုတွေ့နေရသည့် အဖြစ်အပျက်များကို ရှင်းပြကာ လောကပါလအား ယန်ချင်းနှင့် တွေ့ခွင့်ရဖို့ လမ်းညွှန်ပေးရန် အကူအညီတောင်းခဲ့လေသည်။

သခင်မလေးရှောင်ရှောင်နှင့် ပတ်သက်၍မူ ဘာမျှမပြောဘဲ နေခဲ့လေသည်။

သူဌေးကြီးရှောင်စန်းသည် ယန်ခွမ်းအား နှစ်သက်သဘောကျနေသူဖြစ်ရကား လိုလိုလားလားပင် အကူအညီပေးခဲ့လေသည်။

www.burmeseclassic.com



ယန်ခွမ်းနှင့် ရင်ဆိုင်ခြင်းမပြုဖို့ မေတ္တာရပ်ခံစာတစ်စောင် ရေးပေးပြီး ယန်ချင်းရှိနေသည့် တည်းခိုခန်းအား ပြောပြလိုက်လေသည်။

ယန်ချင်းသည် ကျင်းလိန်မြို့မှထွက်မသွားသေးဘဲ မိုးကောင်းကင် တည်းခိုခန်း၌ တည်းခိုနေသည်ဟု သိရသဖြင့် ချူးရှာ အားတက်သွားလေသည်။

ယခု သူက နေပူကျဲကျဲအောက်တွင် သုတ်သုတ်လျှောက်ရင်း မိုးကောင်းကင်တည်းခိုခန်းအား လိုက်လံရှာဖွေနေခြင်း ဖြစ်ပေတော့သည်။

မြို့လယ်သို့ ရောက်သောအခါ မင်းလမ်းမကြီး၏ ဝဲယာ တစ်ဘက်တစ်ချက်တွင် လမ်းသွယ်ကလေးများ ပရပ္ပရှိနေသည် ကို တွေ့ရပေသည်။

ချူးရှာသည် လမ်းသွယ်ကလေးတစ်ခုသို့ လှမ်းကြည့်ရင်း....

'သူဌေးကြီး ရှောင်စန်းပြောလိုက်တာ ရှေ့ကလမ်းသွယ်ပဲ၊ လမ်းအလယ်လောက်မှာ မိုးကောင်းကင်တည်းခိုခန်းကို တွေ့ရ လိမ့်မယ်'

ဟု တွေးပြီး လမ်းသွယ်ကလေးထဲ ချိုးဝင်လိုက်လေသည်။

လမ်းသွယ်ထဲ၌ အဆောက်အအုံများ ပြွပ်သိပ်မနေဘဲ ကိုယ့် ခြံဝင်းနှင့်ကိုယ် သပ်သပ်ရပ်ရပ်ရှိနေသည်ကို တွေ့ရ၏။

အေးချမ်းတိတ်ဆိတ်ပြီး လူသွားလူလာရှင်းနေသည်။

အတန်ကြာဆောက် သွားပြီးမှ ခြံဝင်းတစ်ခု၏ရှေ့၌ ဆိုင်း ဘုတ်တစ်ခု ချိတ်ဆွဲထားသည်ကို တွေ့ရ၏။



ဆိုင်းဘုတ်ပေါ်၌....

'မိုးကောင်းကင် တည်းခိုခန်း'

ဟု ရေးသားထားလေသည်။

ချူးရှာ ဝမ်းသာသွား၏။

'ယန်ချင်းလိုလူစားမျိုးဟာ ဒီလိုအေးချမ်းတဲ့ပတ်ဝန်းကျင်မှာ ဖွင့်ထားတဲ့ တည်းခိုခန်းမျိုးမှ သဘောကျမှာပေါ့'

တွေးရင်း ခြံဝင်းတံခါးကိုတွန်းဖွင့်ကာ လှမ်းဝင်လိုက်၏။

ခြံဝင်းအတွင်း၌ လှပခန့်ညားသည့် အဆောက်အအုံကြီး တစ်လုံး ရှိနေပါ၏။

ထိုအဆောက်အအုံရှေ့သို့ ရောက်သွားလျှင် လူတစ်ယောက် ထွက်လာသည်ကို တွေ့မြင်ရလေသည်။

ထိုလူသည် ချူးရှာကိုမြင်လျှင်....

'မိတ်ဆွေလေးက အခန်းငှားမလို့လားဗျာ'

ဟု မေးလေသည်။

ထိုလူသည် မိုးကောင်းကင် တည်းခိုခန်းမှလူ ဖြစ်ရမည်ဟု တွေးမိသဖြင့် ချူးရှာ ဝမ်းသာသွားလေသည်။

'ကျုပ်က ဒီမှာတည်းခိုနေတဲ့လူတစ်ယောက်ကို လာရှာတာ ပါဗျာ'

'ဩော်....ဩော်....ဘယ်သူ့ကိုများ တွေ့ချင်လို့လဲဗျ'

'သိုင်းသမားကြီး ယန်ချင်းပါ'

'ဆရာကြီးယန်ချင်းကို တွေ့ချင်တာကိုး၊ ရှိတယ်...ရှိတယ်၊ လာ....ကျုပ်လိုက်ပို့ပေးမယ်'

www.burmeseclassic.com

www.burmeseclassic.com



မပြောမပြောဆိုဆို ချူးရှာအား လမ်းပြ ခေါ်ဆောင်သွား လေသည်။

ချူးရှာလည်း ထက်ကြပ်မကွာ လိုက်ပါသွား၏။

အခန်းတစ်ခုရှေ့သို့ ရောက်သွားကြလျှင် ထိုလူက....

'အခန်းထဲမှာ ဆရာကြီးယန်ချင်း ရှိပါတယ်၊ တံခါးခေါက်ပြီး ဝင်သွားပါ၊ ကျုပ်ကိုခွင့်ပြုပါဦး'

'ကောင်းပါပြီဗျာ၊ ကျေးဇူးပါပဲ'

ထိုလူသည် ချူးရှာအားနှုတ်ဆက်ကာ ထွက်သွားလေသည်။

ထိုလူ မြင်ကွင်းမှ ကွယ်ပျောက်သွားလျှင် ချူးရှာက တံခါး ခေါက်လိုက်၏။

'ဒေါက်....ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာပြီး မကြာမီမှာပင်....

'ဘယ်သူလဲ'

အတွင်းဘက်မှ စကားသံတစ်ချက် ထွက်ပေါ်လာ၏။

ချူးရှာက....

'သူဌေးကြီးရှောင်စုန်း လွှတ်လိုက်တဲ့လူပါ'

ဟု ခပ်တည်တည် ပြောလိုက်လေသည်။

သို့မှသာ ယန်ချင်းနှင့် အလွယ်တကူတွေ့ခွင့်ရမည်ဟု ယုံကြည် မိလေသည်။

သူ၏စကားအဆုံးတွင်....

'တံခါးတွန်းဖွင့်ပြီး ဝင်လာခဲ့ပါ'



အတွင်းဘက်မှ ဖိတ်ခေါ်သံ ထွက်ပေါ်လာ၏။

ချူးရှာလည်း ချက်ချင်းပင် တံခါးတွန်းဖွင့်ပြီး ဝင်သွား လေသည်။

အတွင်းဘက်သို့ရောက်လျှင် လူတစ်ယောက်က သူ့အား အသင့်စောင့်နေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

....ဝ....

ချူးရှာမှာ အတွင်းခန်းသို့ ရောက်ရှိသွားပြီဖြစ်သည်။

အခန်းတွင်း၌ လူတစ်ယောက်ရှိနေ၏။

ထိုလူမှာ လောကပါလစား ယန်ချင်းဖြစ်လေသည်။

သူဌေးကြီးရှောင်စုန်း၏အိမ်၌ ယန်ချင်းအား တစ်ကြိမ်တွေ့ခဲ့ ဖူးသဖြင့် ချူးရှာ မှတ်မိလိုက်ခြင်းဖြစ်လေသည်။

ချက်ချင်းပင် ဦးညွှတ်လိုက်ပြီး....

'ဆရာယန်ချင်းကို ဂါရဝပြုပါတယ်ခင်ဗျာ'

ဟု ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ချင်းက....

'သူဌေးကြီးရှောင်စိန်းက ဘယ်လိုကိစ္စမျိုး ရှိနေလို့ မင်းကို လွှတ်လိုက်ရတယ်ဆိုတာ ပြောပါ'

တည်ကြည်သော မျက်နှာထားဖြင့် မေးလေသည်။

ချူးရှာက....

'ကျွန်တော်လာခဲ့ရတဲ့ အဓိကအကြောင်းရင်းက နဂါးလေး ကြောင့်ပါခင်ဗျာ'

'ဟော...'

'နဂါးလေးနဲ့ဦးဟာ မကြာခင် ယှဉ်ပြိုင်တိုက်ခိုက်ကြဖို့ ချိန်း ဆိုထားကြတယ်ဆိုတာ ကျွန်တော်သိပါတယ်'

ယန်ချင်း မျက်မှောင်ကုပ်သွား၏။

'မင်းက ဘယ်သူလဲ၊ နဂါးလေးနဲ့ ဘယ်လိုပတ်သက်နေသလဲ ဆိုတာ ပြောစမ်း'

ဟုခပ်ထန်ထန် မေးလိုက်လေသည်။

ချူးရှာက ...

'ကျွန်တော်ဟာ နဂါးလေးရဲ့ အရင်းနှီးဆုံး မိတ်ဆွေပါ၊ ချူးရှာလို့ ခေါ်ပါတယ် ခင်ဗျာ'

'လက်စသပ်တော့ မင်းဟာ နဂါးလေးရဲ့ ဘယ်လက်ရုံး ချူးရှာကိုး'

မှန်ပေသည်။

မီးသေးတုံးသည် ညာလက်ရုံးဖြစ်ပြီး၊ ချူးရှာသည် ဘယ် လက်ရုံးဖြစ်ခဲ့သည် မဟုတ်ပါလား။



ချူးရှာက....

'နဂါးလေးဟာ ဒေါင်းနဂါးဂိုဏ်းကို ကျောခိုင်းလိုက်သလို ခုစရိုက်လောကကိုလဲ စွန့်ခွာလိုက်ပါပြီ၊ သူဟာ လူကောင်း တစ်ယောက်ဖြစ်အောင် ကြိုးစားနေပါတယ်၊ ဒါကြောင့် ဆရာ ကြီးအနေနဲ့ ခွင့်လွှတ်နိုင်မယ်ဆိုရင် မကြာခင် အများအကျိုး ဆောင်ရွက်မယ့် လူတော်လူကောင်းတစ်ယောက် ပေါ်ထွက် လာမှာ အမှန်ပါပဲ'

ထိုသို့ ရှင်းပြလိုက်သည်နှင့်....

'ဟား....ဟား....ဟား'

ယန်ချင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

ချူးရှာ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ယန်ချင်းအား နားမလည်နိုင်စွာ ကြည့်လိုက်လေသည်။

ယန်ချင်းက အတန်ကြာရယ်မောပြီးမှ....

'လက်စသပ်တော့ မင်းကနဂါးလေးအတွက်လာပြီးအာသနား ခံနေတာကိုးကွ'

'ဗျာ'

'မင်းရဲ့သူငယ်ချင်းဟာ အမြိုမြို့အနယ်နယ်မှာ ဒုက္ခပေးခဲ့တဲ့ သူဆိုတာ မင်းမသိတော့ဘူးလားကွ'

'သူနောင်တရနေပါပြီဗျာ'

ယန်ချင်း၏မျက်နှာ တည်သွားပြီး...

www.burmeseclassic.com

www.burmeseclassic.com



'နေ့ခင်တရတယ်ဆိုတိုင်း ခွင့်လွှတ်ရမှာလားကွ'

'ဟင်'

ချူးရှာသည် ယန့်ချင်းအား မယုံကြည်နိုင်စွာ ကြည့်လိုက်မိလေသည်။

ယန့်ချင်းသည် လောကပါလတရား(၀၁) လောက၏သစ္စာတရားကို စောင့်ထိန်းသူဟုသည့် အမည်ခံယူထားသော်လည်း ခွင့်လွှတ်သည်းခံသည့်စိတ် နည်းပါးနေသည်ကို သိလိုက်ရသည် မဟုတ်ပါလား။

ယန့်ချင်းက....

'ခွင့်လွှတ်တယ်ဆိုတာ အတိုင်းအတာရှိတယ်၊ နဂါးလေးကိုတော့ ကျုပ်က ဘယ်နည်းနဲ့မှ ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး'

'ဆရာကြီးက သူ့အကြောင်းမသိသေးလို့ပါ၊ ကျွန်တော်ရှင်းပြပါ့မယ်'

ယန့်ချင်း ခေါင်းခါယမ်းလိုက်သည်။

'မလိုပါဘူးကွာ၊ သူ့ကို ငါကရှင်းပစ်ဖို့ဆုံးဖြတ်ပြီးပြီ၊ နဂါးလေးဟာ ငါ့လက်ချက်နဲ့ ခံသွားရတယ်ဆိုရင် တခြားလူတွေ ဖိမ့်ဖိမ့်တုန်သွားကြလိမ့်မယ်၊ ဆိုးတဲ့လောကသားတွေကလဲ ငါ့ကို ချီးကျူးကြလိမ့်မယ်'

ထိုစကားကြားလျှင် ချူးရှာ ခေါင်းပွသွားလေတော့သည်။



'လက်စသပ်တော့ ခင်ဗျားဟာ အများအကျိုးဆောင်ရွက်ချင်လို့ မဟုတ်ဘဲ နာမည်ကြီးချင်လို့၊ လူချီးမွမ်းခံချင်လို့ လုပ်နေတာကိုး'

'မင်းက ငါ့ကိုဝေဖန်တာလား၊ မင်းသေချင်ပြီထင်တယ်'

ချူးရှာ မဲ့ပြုံးပြုံးလိုက်လေသည်။

'ခင်ဗျားဟာ လေးစားစရာကောင်းတဲ့လူ မဟုတ်ဘူးဆိုတာ သိရမှတော့ ကျုပ်ဂရုမစိုက်တော့ပါဘူးဗျာ၊ ခင်ဗျားကိုဆုံးမပစ်ဖို့ နဂါးလေးကို တိုက်တွန်းရမှာပဲ'

စကားဆုံးလျှင် ချာခနဲလှည့်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

'နေဦး'

ယန့်ချင်းက ဟန့်တားလိုက်လေသည်။

ချူးရှာ လှည့်ကြည့်လိုက်၏။

ယန့်ချင်းက...

'မင်းလာချင်တိုင်းလာပြီး ပြန်ချင်တိုင်းပြန်လို့ ရမယ်ထင်သလား'

ဟု ဒေါက်လိုက်လေသည်။

ချူးရှာမှာ အထင်နှင့်အမြင် တခြားစီဖြစ်နေသော ယန့်ချင်းအား ရှုံ့ရှာသွားပြီဖြစ်လေရာ...

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်က ခင်ဗျားကို ဂရုစိုက်နေရမှာလား'

ဟု အရွဲ့ တိုက်ပြီး ပြန်ပြောလိုက်လေသည်။

ယန်ချင်းက...

'အြ...မင်းက တော်တော် သတ္တိကောင်းနေတယ်ပေါ့လေ။ ကောင်းပြီ၊ နဂါးလေးရဲ့ဘယ်လက်ရုံးဟာ ဘယ်လောက် အရည်အချင်းရှိတယ်ဆိုတာ ငါစမ်းကြည့်လိုက်ဦးမယ်'

မြေဒပြောဆိုဆို တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ချူးရှာကလည်း ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ယန်ချင်းသည် ဓါးမြှောင်းကိုဆွဲထုတ်ရန် ဟန်ပြင်ပြီးမှ ရုတ်တရက် စိတ်ထားပြောင်းလဲသွားဟန်ဖြင့်....

'မင်းကိုဆုံးမလိုက်ရင်၊ ငါ့ကို မတရားဘူးလို့ လူတွေ ပြောကြလိမ့်မယ်၊ ကဲ....ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ ငါ့မျက်စိရှေ့မှောက်က အမြန်ဆုံးထွက်သွားပေတော့'

ဟု ငေါက်လိုက်လေသည်။

အဖြူရောင် ဆိုင်းလောကသားများသည် မိမိထက် သိုင်းပညာ အဆင့်နိမ့်သူအား တိုက်ခိုက်ခြင်း မပြုမိစေရန် ရှောင်ရှားလေ့ ရှိကြလေသည်။

သိုင်းပညာအားကိုးပြီး နိုင်ထက် စီးနင်း ပြုကျင့်သည်ဟု အပြောခံရမည်ကို လွန်စွာကြောက်ရွံ့ကြပေသည်။

ထို့ကြောင့်လည်း ယန်ချင်းက တိုက်ခိုက်ခြင်းမပြုတော့ဘဲ အသာတကြည် လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း ထင်ရှားနေပေတော့သည်။



ချူးရှာ အံကြိတ်လိုက်သည်။

ယန်ချင်းအား ခပ်စိမ်းစိမ်း စိုက်ကြည့်လိုက်ပြီး ချာခနဲလှည့်ကာ ထွက်သွားလေတော့သည်။

....ဝ....

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားတော့မည် ဖြစ်လေသည်။

လမ်းပေါ်၌ လူစည်းကားနေသည်။

ချူးရှာသည် ပတ်ဝန်းကျင်ကိုပင် သတိမထားမိဘဲ ခေါင်းငိုက်စိုက်ချကာ လျှောက်လာနေ၏။

ယန်ချင်းသည် လက်မခံဘဲ မောင်းထုတ်လိုက်ပြီ ဖြစ်သည်။

ချူးရှာ မျှော်လင့်ထားသမျှ သဲထဲရေသွန် ဖြစ်ခဲ့ရပေသည်။

ယန်ခွမ်းသည် လျပ်တစ်ပြတ် တိုက်ခိုက်ခြင်းဖြင့် ရန်သူကို အနိုင်ယူလေ့ ရှိသော်လည်း လောကပါလဓား ယန်ချင်းကိုမူ မည်သည့်နည်းနှင့်မျှ အနိုင်ယူနိုင်မည်မဟုတ်ဟု နားလည်ထား

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ယန်ခွမ်းကိုယ်တိုင်ကလည်း ထိုသို့မင် လက်ခံထားသည် မဟုတ်ပါလား။

ယာဉ်မှုမ်တိုက်ခိုက်ခြင်း မပြုမီ အရေးနိမ့်မည်ဟု ကြိုတင် မျှော်မှန်းထားခြင်းသည်ပင် ရှုံးနိမ့်သွားစေမည့် အကြောင်းရင်း ဖြစ်လေသည်။

ယန်ခွမ်းသည် ရှုံးနိမ့်သွားလိမ့်မည်ဟု ကြိုတင်တွက်ဆထား ခြင်းကြောင့် အရက်ကိုချည်း ဖိသောက်နေသည် မဟုတ်ပါလား။

မှားယွင်းသွားပြီဟုသော ယူဆချက် ရင်တွင်းဖြစ်ပေါ်လာ သဖြင့် ယန်ခွမ်း အကြီးအကျယ် စိတ်ဓာတ်ကျနေသည်မှာ ထင်ရှားလှ၏။

ဖခင်ဖြစ်သူအား ရှာဖွေရန်နှင့် သခင်မလေး ရှောင်ရှောင်နှင့် ခွဲသွားရမည့် အရေးသည် သူ့အတွက် ကြီးမားသော ရင့်တွင်း ခံစားချက်များ ဖြစ်ပေါ်စေခဲ့လေတော့သည်။

ယခုအချိန်တွင် ယန်ခွမ်း အကူအညီ လိုအပ်နေကြောင်း ချူးရှာ ကောင်းကောင်းကြီး နားလည်ထားပါ၏။

ထို့ကြောင့် အရဲစွန့်ကာ လောကပါလအား ယန်ချင်းနှင့် သွားတွေ့ခဲ့ခြင်း ဖြစ်သည်။ အကျိုးအကြောင်း ရှင်းပြသည်ကို လက်မခံဘဲ ယန်ချင်းက ချိုးခါးသီးသီး ငြင်းဆန်ခဲ့သဖြင့် ချူးရှာ ဒေါသဖြစ်ခဲ့ရပေတော့သည်။

'တောက်…သိုင်းပညာဆော်တာနဲ့ ဘဝင်မြင့်နေလိုက်တာ။ အဃကားလူ။ ကိုယ့်နာမည်ကြီးဖို့သောက်မဲ့ အဘရှိစိုက်နေတယ်။ အယ်လိုလုပ်ပြီး တရားမျှတတဲ့ သိုင်းသမားဖြစ်နိုင်တော့မှာလဲ'



ချူးရှာသည် နှုတ်မှ တဖျစ်တောက်တောက် ရေရွတ်မြှားဆို ရင်း လျှောက်လာခဲ့ရာမှ ရုတ်တရက် လူတစ်ယောက်အား ဝင် တိုက်မိမလို ဖြစ်သွားရလေသည်။

'ဟာ…မတော်လို့ပါဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်'

ချူးရှာ ကပျာကယာ တောင်းပန်လိုက်သည်။

ဝင်တိုက်မိမလိုဖြစ်ရသူအား ကွေ့ပတ်ရှောင်သွားရန် ဟန် ပြင်လိုက်သည်။

'ချူးရှာ… မင်းဘယ်လို ဖြစ်လာရတာလဲကွ'

ရုတ်တရက် သူ၏အမည်ကို ခေါ်လာသဖြင့် ချူးရှာ အံ့ဩ သွား၏။

ကပျာကယာ မော့ကြည့်လိုက်လေသည်။

'ဟင်…'

သူဝင်တိုက်မိမလို ဖြစ်ရသူမှာ ထိုလူက တမင်လမ်းပိတ် ထားခြင်းဖြစ်ကြောင်း ချက်ချင်း သဘောပေါက်သွားလေ၏။

'ငွေအိုးကြီး'

မှန်ပေသည်။ ထိုလူမှာ ယန်ခွမ်းအ မုန်းကြီး မုန်းသည့် ငွေအိုးကြီးဖြစ်နေသည် မဟုတ်ပါလား။

'ငွေအိုးကြီး ရယ်မောလိုက်လေသည်။

'ဟဲ…ဟဲ…ဟဲ…မင်းက ငါ့ကိုမှတ်မိသေးတာကိုးကွ၊ မမှတ် မိဘဲနေမှာကို ငါက စိတ်ပူနေလိုက်ရတာ'

'ခင်…ခင်ဗျား….'

ငွေအိုးကြီးသည် ယန်ခွမ်း၏ မိတ်ဆွေ သမားငှေတော်အား သုတ်သင်ရှင်းလင်းပစ်ခဲ့လေသည်။

www.burmeseclassic.com



ဒေါင်းနဂါးဂိုဏ်းကို ကျောခိုင်းသွားခြင်းကြောင့် ယန်ခွမ်း အပေါ် မကျေမနပ် ဖြစ်နေသူပင်။

ငွေအိုးကြီးသည် ဉာဏ်များသလို၊ ကောက်ကျစ်စဉ်းလဲပြီး ကြောက်စရာကောင်းသူဟု ချူးရှာနားလည်ထား၏။

ထို့ကြောင့် ငွေအိုးကြီးအား မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ ကြောက်လည်းကြောက် ဒေါသလည်း ထွက်သွားခြင်း ဖြစ်ပေတော့သည်။

ငွေအိုးကြီးက ရယ်မောရင်း....

'ချူးရှာ၊ မင်းတို့ တော်တော်မိုက်မဲတာပဲကွ၊ ငါတို့နဲ့သာ လက်တွဲမဖြုတ်ဘူးဆိုရင် ခုချိန်မှာ လက်ညှိုးညွှန်ရာ ရေဖြစ်တဲ့ ဘဝကို ရနေကြမှာပဲ'

ဟု ပြောလေသည်။

ချူးရှာ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်တို့က သူများခိုင်းတာ မလုပ်နိုင်ဘူးဗျ၊ သမားတော်ကို ရှင်းပစ်လိုက်လို့ ယန်ခွမ်းက ခင်ဗျားကို တော်တော်ဒေါပွနေတယ်'

'ဟဲ့...ဟဲ...သူဒေါပွတော့ကော ငါကဂရုစိုက်ရမှာလားကွ၊ ဂရုမစိုက်လို့ တမင်လုပ်ခဲ့တာပေါ့၊ ချူးရှာ မင်းငါတို့နဲ့ပေါင်းမလား၊ ဒါမှမဟုတ် သမားတော်နောက် လိုက်သွားမလား'

'အာဗျ'

ငွေအိုးကြီး မျက်နှာတည်သွားသည်။

'ယန်ခွမ်းကိုသာ သွေးဝိညာဉ်ဂိုဏ်းကသဘောကျတာမဟုတ်ပါဘူးကွာ၊ မင်းကိုလဲ သဘောကျနေကြပါတယ်'



ချူးရှာ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က ခင်ဗျားတို့နဲ့ ဘယ်တော့မှ လက်တွဲမှာ မဟုတ်ပါဘူး'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။

ငွေအိုးကြီးက....

'ဒါဖြင့် မင်းက သမားတော်နောက်ကို လိုက်သွားမယ်ပေါ့ ဟုတ်လား'

'ခင်ဗျား ဘာများတတ်နိုင်မှာမို့လဲ'

'မင်းသိချင်ရင် သိရမှာပေါ့'

စကားဆုံးလျှင် ငွေအိုးကြီးက လက်တစ်ဘက်ဆန့်ထုတ်ကာ ချူးရှာ၏ပခုံးကို လှမ်းပြီးဆုပ်ကိုင်လိုက်သည်။

ငွေအိုးကြီးမှာ ဉာဏ်များသူဖြစ်ပြီး ပြိုင်ဘက်များအား ချေမှုန်းရာ၌လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများအား သိမ်းပိုက်ရာ၌လည်းကောင်း ထူးခြားသောအကြံအစည်များ ပေးနိုင်သူ ဖြစ်သည်။

ငွေအိုးကြီးအား လက်ရုံးသမားအဖြစ်ထက် ဉာဏ်သမား အဖြစ် လူတိုင်းလက်ခံထားကြပေသည်။

ငွေအိုးကြီးကိုယ်တိုင် ရင်ဆိုင်တိုက်ခိုက်သည်ကို မည်သူ တစ်ဦးတစ်ယောက်မျှ မတွေ့ခဲ့ဖူးကြပါချေ။

ထို့ကြောင့် ချူးရှာသည် ငွေအိုးကြီးအား ကြောက်ရွံ့ခြင်း
၇ မရှိဘဲ ရင်ဆိုင်ရန်ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ရှောင်တိမ်းပြီး ငွေအိုးကြီး၏ ဝှဝ်ဝကို လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။

ငွေအိုးကြီးက ရှောင်တိမ်းခြင်းမပြုဘဲ ချူးရှာ၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားလိုက်၏။

'ဟိုက်....'

ချူးရှာ အထိတ်တလန့် ရေရွတ်လိုက်သည်။

ငွေအိုးကြီးက ရယ်မောရင်း....

'ချူးရှာ၊ မင်းဘာတတ်နိုင်သေးသလဲ'

'ကြည့်ပါဦးလေ'

ချူးရှာက ကျန်လက်တစ်ဘက်ဖြင့် ငွေအိုးကြီးအား တိုက်ခိုက်လိုက်ပြန်သည်။

ငွေအိုးကြီးက သူ၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားလိုက်ပြန်သည်။ ချူးရှာ၏လက်နှစ်ဘက်စလုံး ငွေအိုးကြီး၏ချုပ်ကိုင်မှု ခံနေရပြီဖြစ်သည်။

ငွေအိုးကြီးက....

'မင်းက ငါ့ကြားနားထောင်မလား၊ ဒါမှမဟုတ် အသက်အသေခံမလား၊ ကြိုက်တဲ့လမ်းကိုရွေးစမ်း'

'ကျုပ်ဘယ်တော့မှ အရှုံးမပေးဘူးဗျ'

ချူးရှာသည် ဒေါသတကြီးအော်ဟောက်ရင်း ခြေထောက်ဖြင့် ကန်ကျောက်လိုက်သည်။

ငွေအိုးကြီးမှာ ရှောင်တိမ်းမည်ဆိုလျှင် ချူးရှာ၏ လက်နှစ်ဘက်ကို လွှတ်ပေးလိုက်ရမည် ဖြစ်ပေသည်။



သို့မဟုတ်ပါက ချူးရှာ၏ခြေထောက်ကန်ချက်ကြောင့် ဒုက္ခရောက်သွားနိုင်သည် မဟုတ်ပါလား။

သို့သော် ငွေအိုးကြီးက ရှောင်တိမ်းခြင်း မပြုချေ။

ချူးရှာ၏ ဝဲဘက်လက်ကို အားစိုက်၍ ဖျစ်ညှစ်လိုက်သောအခါ....

'ဖျောက်'

'အား....'

အရိုးကျိုးသံသဲ့သဲ့ ထွက်ပေါ်လာသည်။

ချူးရှာ စူးရှစွာ အော်ဟစ်လိုက်သည်။

သူ၏ခြေထောက်ကန်ချက်သည် ထိရောက်မှုမရှိတော့ပါချေ။

ငွေအိုးကြီးက....

'မင်း ခေါင်းမာချင်သေးသလား'

ဟု ရယ်ကျဲကျဲဖြင့် မေးလေသည်။

ချူးရှာ ဒေါသမထိန်းနိုင်တော့ဘဲ....

'ထွီ....'

ငွေအိုးကြီး၏မျက်နှာကို တံတွေးဖြင့် ထွေးပစ်လိုက်သည်။

'ဟာ....'

ငွေအိုးကြီး လွှတ်ခနဲ အော်လိုက်၏။

ချူးရှာ၏လက်ကိုလွှတ်ကာ သူ၏မျက်နှာတွင် ပေကျံသွားသည့် တံတွေးများကို သုတ်ပစ်လိုက်၏။

သူ၏မျက်နှာမှာ ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးရှာသည် ငွေအိုးကြီး လက်လွှတ်ပေးလိုက်သည့် တခဏ်အချိန်အတွင်းမှာပင် အခွင့်အရေးကို လက်လွှတ်မခံဘဲ ချာခနဲလှည့်ကာ ထွက်ပြေးသွားလေသည်။

'မင်း ပြေးလို့ လွတ်မလား'

ငွေအိုးကြီး၏ အသံမှာ မိုးခြိမ်းသံပမာ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ချူးရှာက ယန်ခွမ်းထံသို့ အရောက်ပြေးသွားရန် ဆုံးဖြတ်ထားခြင်း ဖြစ်သည်။

ယန်ခွမ်းနှင့် တွေ့လျှင် ငွေအိုးကြီးအား ကြောက်စရာမလိုတော့ဟု ယုံကြည်ထားပေတော့သည်။

သို့သော် တကယ်တမ်းတွင် ငွေအိုးကြီး၏လက်မှ ပြေးမလွတ်နိုင်တော့သည့်အဖြစ်နှင့် ကြုံတွေ့လိုက်ရ၏။

သူ၏ရှေ့၌ လူတစ်ယောက် လမ်းပိတ်ထားပြန်သည် မဟုတ်ပါလား။

ချူးရှာ ခြေလှမ်း တုန့်ခနဲရပ်သွား၏။

လမ်းပိတ်ထားသူကို မကျေမနပ် ကြည့်လိုက်မိ၏။

ထိုလူ၏မျက်နှာကိုမြင်လျှင်....

'ဟင်....ခင်....ခင်ဗျား'

အာမေဋိတ်တလန့်ဖြစ်ကာ ငေးငိုင်သွားရတော့သည်။

အကြောင်းမှာ လမ်းပိတ်ထားသူသည် လောကပါလခေါ် ယန်ချင်း ဖြစ်နေသည် မဟုတ်ပါလား။



ယန်ချင်းက....

'ချူးရှာ...မင်း ပြေးလို့ မရတော့ပါဘူးကွာ'

ဟု ခပ်အေးအေးပင် ပြောလာသည်။

'ဟား....ဟား....ဟား'

ငွေအိုးကြီး၏ ရယ်မောသံ နောက်ကျောဘက်မှ ထွက်ပေါ်လာ၏။

ချူးရှာသည် ငွေအိုးကြီးကို တစ်လှည့်၊ လောကပါလခေါ် ယန်ချင်းကို တစ်လှည့် ကြည့်လိုက်မိလေသည်။

ငွေအိုးကြီးက....

'ဘာလဲ...မင်း အံ့ဩနေသလားကွ၊ လောကပါလဆိုတာ ဟာလဲ လူထဲက လူသားတစ်ယောက်ပဲ ဆိုတာ မှတ်ထားစမ်းပါကွာ'

ဟု လှမ်းပြောသည်။

ချူးရှာ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ငွေအိုးကြီး၏ စကားအရ လောကပါလခေါ် ယန်ချင်းမှာ သေးဝိညာဉ်ဂိုဏ်းနှင့် လက်တွဲလျက်ရှိပြီ ဟူသော အဓိပ္ပာယ်ဆောင်နေသည် မဟုတ်ပါလား။

ချူးရှာသည် ယန်ချင်းအား ကြည့်ရင်း....

'ခင်ဗျား လူယုတ်မာပဲ'

ဟု အော်ပြောလိုက်သည်။

ယန်ချင်း ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒေါင်းနဂါးဂိုဏ်း ဘာကြောင့် နာမည်ကျော်လာရသလဲ။ မင်းတို့ကို နောက်ကွယ်ကနေ ကူညီပံ့ပိုးမယ့်လူ ရှိနေလို့ မဟုတ်လား၊ အေး....ငါ့နာမည် သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတာ ဘာကြောင့်လဲဆိုတာ တွေးကြည့်ပေါ့ကွာ'

'တောက်...'

ချူးရှာ ခံပြင်းနာကြည်းစွာဖြင့် တက်ခေါက်လိုက်သည်။

လောကပါလဓား ယန်ချင်း ရယ်မောလိုက်သည်။

'ငါက သိုင်းလောကရဲ့ ထိပ်တန်းအဆင့်ကို ရောက်ချင်တဲ့ အဲ....နာမည်ကောစ်းနဲ့ ရောက်ချင်တာ ဆိုပါတော့၊ ဒါပေမယ့် ငါ့အတွက် ပြိုင်ဘက်တွေက အများကြီး ရှိနေတယ်၊ သူတို့ကို ကျော်မြှတ်ဖို့ရာ မလွယ်လှဘူးလေ၊ ဒါကြောင့် သွေးဝိညာဉ် ဂိုဏ်းရဲ့ အကူအညီကို ရယူပြီး လူတိုင်း ကြည်ညိုလေးစားရတဲ့ ဘဝရောက်အောင် ကြိုးစားခဲ့ရတာပေါ့၊ ငါရှင်းပစ်ခဲ့တဲ့ လူဆိုး တွေဟာ သွေးဝိညာဉ်ဂိုဏ်းကို အာခံနေကြတဲ့ လူတွေပဲ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့ကွာ၊ ဘယ့်နှယ့်လဲ....ငါတို့အကြံ မပိုင်ဘူးလား၊ ယန်ရွှမ်းက ခေါင်းမာနေတော့ သူ့ကို ရှင်းပစ်ဖို့ ငါတာဝန်ယူထားလိုက်ပြီလေ'

ချူးရှာသည် မှားသည် မှန်သည် တွေးတောစဉ်းစားမနေ တော့ဘဲ....

'ယား....'

ဟြဲသံပေးကာ လောကပါလဓား ယန်ချင်းထံ ခုန်ဝင်တိုက် ခိုက်လိုက်လေသည်။



'ဟား....ဟား....ဟား'

ယန်ချင်း ရယ်မောလိုက်သည်။

သူ၏ လက်တစ်ဘက်သည် ခါးမှ ဓားကို ဆွဲထုတ်လိုက်ပြီး ခုန်ဝင်လာသည့် ချူးရှာအား ခုတ်ချပစ်လိုက်သည်။

ဓားရောင် ဝင်းခနဲ လက်သွား၏။

'အား....'

ချူးရှာ စူးရှစွာ အော်ဟစ်ကာ လမ်းပေါ် ပုံလျက်သား လဲကျသွားလေသည်။

ငွေအိုးကြီး ရယ်မောလိုက်သည်။

'မင်း ပဆိုးဘူး၊ မင်းကို ငါသဘောကျသွားပြီဟေ့'

ဟု ယန်ချင်းအား လှမ်းပြောလိုက်၏။

ထိုအချိန်တွင် ချူးရှာ၏ အော်ဟစ်သံကြောင့် လမ်းသွား လမ်းလာများ လှမ်းကြည့်လာကြသည်။

လောကပါလဓား ယန်ချင်းက....

'လူတွေ ဝိုင်းလာရင် မကောင်းဘူး၊ ကျုပ်တို့ သွားကြရင် ကောင်းမယ်'

ဟု ပြောသည်။

ငွေအိုးကြီး သဘောတူလိုက်သည်။

'ဟုတ်တယ်....သွားမှဖြစ်မယ်'

သူတို့နှစ်ယောက်သည် ချူးရှာအား ဂရုမစိုက်ကြတော့ဘဲ ခပ်သွက်သွက် ထွက်သွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့မြှင်ကွင်းမှ ကွယ်ပျောက်သွားချိန်တွင် သွေးအလူးလူးဖြင့် လဲကျနေသည့် ချူးရှာ လူးလိမ့်ထလာပါသည်။

ဒဏ်ရာမြင်းဆန်စွာ ရရှိထားသော်လည်း ဒယီးဒယိုင်ဖြင့် မြေးထွက်သွား၏။

သူ၏ ခြေလှမ်းများသည် နှင်းမိုးစားသောက်ဆိုင်ဆီသို့ ဦးတည်နေလေတော့တည်း။

....၀....

အတ္တသဘော

အမှန်တရားသည် အသွင်အမျိုးမျိုးဖြင့် ရှိတတ်ပေသည်။

အတ္တ၏သဘောသည် အမှန်တရားနှင့်တူသည်ဟု ရုတ်တရက် ထင်မှတ်ရပေသည်။

....၀....

www.burmeseclassic.com

www.burmeseclassic.com



အရက်အိုးငါးအိုး ကုန်သွားပြီ ဖြစ်သည်။

ယန်ခွမ်း၏ ဦးခေါင်းထဲ အိုးထိန်းစက်ပမာ ချာချာလည်နေ၏။

ရင်ထဲ ပူလောင်ကာ အာခေါင်များ ခြောက်ကပ်နေ၏။

သူ၏ မျက်လုံးထဲ၌ လောကပါလခေါ် ယန်ချင်းကို မြင်ယောင်လာသည်။

ယန်ချင်းသည် သူတွေ့လိုသော လူစားမျိုး ဖြစ်သည်။

ရှင်းရှင်းဆိုရလျှင် သူ၏ဖခင်သည် ယန်ချင်းကဲ့သို့ လူစားမျိုး ဖြစ်စေလိုသည်။

ယခုမူ ယန်ချင်းနှင့် သူသေကိုယ်သေ ရင်ဆိုင်တိုက်ခိုက်ရမည့် သဘော ရှိနေပြီ ဖြစ်လေသည်။

ယန်ချင်းအား သူက အနိုင်ရမည်လော။

အနိုင်ရမည်ဆိုလျှင်ပင် အနိုင်မယူလိုသည့်စိတ်များ ဖြစ်ပေါ်နေခြင်းမှာ ထူးဆန်းလှပေသည်။

ထို့အပြင် သူ၏အစွမ်းအစဖြင့် မည်နည်းနှင့်မျှ အနိုင်ရမည်မဟုတ် ဟုလည်း ယုံကြည်ထားပြန်လေတော့သည်။

ယန်ခွမ်းမှာ သခင်မလေး ရှောင်ရှောင်၏ လှပချောမောသော မျက်နှာကလေးကို မြင်ယောင်လာသည်။

သခင်မလေးရှောင်ရှောင်နှင့် မေတ္တာမျှပြီးကာမှ တစ်သက်တာ ဝေးရမည့်အဖြစ် မဟုတ်ပါလား။

'ညီမရယ်....အစ်ကိုတို့ ဝေးကြပြီပေါ့'

ယန်ခွမ်း ကယောင်ကတမ်း ရေရွတ်လိုက်လေသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....



'အစ်ကိုရယ်.... ရှောင်မပြေးပါနဲ့တော့ရှင်၊ ညီမတို့ မဝေးပါရစေနဲ့လား'

ဆွေးမြည့်နေသည့်စကားသံလေး ထွက်ပေါ်လာ၏။

သခင်မလေးရှောင်ရှောင်၏ အသံ ဖြစ်လေသည်။

ရုတ်တရက် မူးယစ်ရီဝေမှုများ ယန်ခွမ်း၏ဦးခေါင်းထဲမှ ပယ်ခွာသွား၏။ စားပွဲပေါ် မှောက်လျက်ရှိနေရာမှ ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်လေသည်။

ထိုအခါ သူ၏ရှေ့သို့ သခင်မလေးရှောင်ရှောင် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ယန်ခွမ်း အံ့သြတုန်လှုပ်သွား၏။

'ညီ...ညီမလေး ရှောင်ရှောင်'

မယုံကြည်နိုင်စွာဖြင့် ခေါ်လိုက်မိ၏။

ရှောင်ရှောင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်၊ အစ်ကို့ရဲ့ ရှောင်ရှောင်ပါ'

'ညီမ လိုက်လာတယ်နော်'

'အစ်ကိုရယ်.... အစ်ကိုက ညီမကို ပစ်ပြေးရက်တယ်နော်၊ ညီမလေ အစ်ကိုနဲ့ မခွဲနိုင်လို့ ဖေဖေ့ကိုဖွင့်ပြောပြီး အစ်ကို့ကို လိုက်ရှာနေတာပါရှင်၊ အစ်ကို ဒီမှာရှိနေတယ်သတင်းကြားလို့ လိုက်လာခဲ့တာပါ'

'ဟင်...ညီမရဲ့ဖေဖေကို ဖွင့်ပြောလိုက်ပြီ ဟုတ်လား'

ရှောင်ရှောင် ချစ်စဖွယ် ပြုံးလေသည်။

'ဟုတ်တယ်လေ၊ အစ်ကိုက ဖေဖေ့သဘောမတူမှာကြောက်လို့ ရှောင်ပြေးသွားတယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



‘သူ… သူက…’

‘ဖေဖေက အစ်ကိုနဲ့ သဘောမတူစရာ အကြောင်းမရှိပါဘူး တဲ့ရှင်’

‘ဟာ…’

ယန်ခွမ်း လွှတ်ခနဲ အော်လိုက်မိလေသည်။

ရွှေခင်ရွှေခင်မှာ ရှက်စနိုး ခေါင်းငုံ့ထားလိုက်လေသည်။

ယန်ခွမ်း ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

ရွှေခင်ရွှေခင်၏ မခိုးနှစ်ဘက်ကို ဆုပ်ကိုင်ရင်း…

‘ညီ ဖေဖေကသဘောတူလိုက်တယ်ပေါ့၊ ဝမ်းသာလိုက်တာ ညီမရယ်’

သူ၏မျက်နှာတွင် အပြုံးရိပ်များ လွှမ်းသွားလေသည်။

စိတ်ဓာတ် ကျဆင်းနေသည့် အရက်သမားတစ်ယောက်၏ အသွင် ရုတ်ခြည်း ပျောက်ကွယ်သွားသည်။

ရွှေခင်ရွှေခင် နှုတ်ခမ်းလေးစူကာ…

‘တစ်ကယ်ဆို အစ်ကိုက ဖေဖေ့ကို ဖွင့်ပြောဖို့ ကောင်းတာပေါ့၊ ခုလို ရွှေခင်ပြောတာကြောင့် ညီမ ဘယ်လောက်ကြောက်ခဲ့ရတယ်ဆိုတာ အစ်ကို သိမှသိရဲ့လားဟင်’

‘ဩော်… ညီမရယ်၊ အစ်ကိုတို့က အခြေအနေချင်း ကွာခြားလှတယ် မဟုတ်လား၊ အစ်ကို့ကြောင့် ညီမဘ၀ နစ်မွန်းရမှာကို…’

‘မပြောပါနဲ့တော့ အစ်ကိုရယ်’

ရွှေခင်ရွှေခင်က သူမ လက်ဖဝါးကလေးဖြင့် ယန်ခွမ်း၏ ပါးစပ်ကို လှမ်းပိတ်လိုက်လေသည်။



ယန်ခွမ်း ဆက်မပြောနိုင်တော့ပေ။

ရွှေခင်ရွှေခင်က…

‘အစ်ကို၊ အိမ်ကိုပြန်လိုက်ခဲ့မယ် မဟုတ်လားဟင်’

ဟု မေးလေသည်။

ယန်ခွမ်း၏ရင်ထဲ၌ ရှက်ရွံ့စိတ်များ ဖြစ်ပေါ်လာသည်။

သဌေးကြီးရွှေခင်စန်းနှင့် မျက်နှာချင်းဆိုင်ရမည်ကို မဝံ့မရဲ ဖြစ်လာ၏။

‘ဖြစ်ပါ့မလားညီမရယ်၊ တော်ကြာ…’

‘အို… ညီမတာဝန်ယူတယ်၊ ဖေဖေကိုယ်တိုင်က သဘောတူလို့ ဖွင့်ပြောထားပြီးသား အစ်ကိုပြန်လိုက်ခဲ့ရမယ်၊ ဒါပဲ’

ရွှေခင်ရွှေခင်က ယန်ခွမ်း၏လက်ကိုဆွဲကာ ခေါ်သွားရန် ဟန်ပြင်လိုက်၏။

‘ညီမ… ဖြစ်ပါ့မလား’

ယန်ခွမ်း မဝံ့မရဲဖြင့် မေးသည်။

ရွှေခင်ရွှေခင် ပြုံးလိုက်သည်။

‘ဘာကြောင့်မဖြစ်ရမှာလဲ အစ်ကိုရယ်၊ ဖေဖေက ညီမတို့ နှစ်ယောက်ကို သိုင်းသမားကြီးယန်ချင်းရဲ့ရှေ့မှာ သစ္စာပြုခိုင်းပြီး လက်ထပ်ပေးမယ်လို့ ပြောတယ်’

‘ဟင်…’

ယန်ချင်းဟူသော အမည်ကြားရလျှင် ယန်ခွမ်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လောကပါလဓားယန်ချင်းနှင့် ယှဉ်ပြိုင်ရန် ချိန်းဆိုထားသည့် ကိစ္စကို ပြန်လည်သတိရလာလေသည်။

ယန်ခွမ်း မျက်နှာပျက်သွားသည်ကို သတိပြုမိလိုက်သည့် ရှော်ရှောင်က....

'အစ်ကို၊ ဘာဖြစ်လို့လဲဟင်'

ဟု မေးလေသည်။

ယန်ခွမ်း ရုတ်တရက် အဖြေမပေးနိုင်ချေ။

အမှန်အတိုင်း ပြောသင့် မပြောသင့် ဝေခွဲမရ ဖြစ်နေ၏။

ရှော်ရှောင်က....

'အစ်ကိုဘာဖြစ်လို့လဲဟင်၊ ညီမကို ပြောပါဦး အစ်ကိုရယ်'

စိုးရိမ်ပူပန်သံလေးဖြင့် မေးလာလေသည်။

ယန်ခွမ်း သက်ပြင်းချလိုက်သည်။

ရှောင်ရှော်ကို သူမလိမ်ရက်တော့သဖြင့်....

'ညီမ....အစ်ကိုဟာ တစ်ချိန်က လူဆိုးကြီးတစ်ယောက် ဖြစ်ခဲ့ပါတယ်ကွယ်'

ဟူ၍ အစချီကာ သူ၏ဘဝကို ပြောပြလိုက်လေသည်။

သူ၏အသက်သခင် ကျေးဇူးရှင် 'ကျားငါးကောင်ဟူကျင်း' နှင့် ပတ်သက်၍ လောကပါလဓား ယန်ချင်းနှင့် ရင်ဆိုင်ရန် ချိန်းထားသည်အထိ ဖွင့်ပြောလိုက်ခြင်း ဖြစ်၏။

မမျှော်လင့်ဘဲ ယန်ခွမ်း၏ဘဝကိုသိလိုက်သဖြင့် ရှော်ရှော် တွေတွေကလေး ဖြစ်သွား၏။



ယန်ခွမ်းက....

'အစ်ကိုဟာ ညီမနဲ့ထိုက်တန်တဲ့လူ မဟုတ်ပါဘူးကွယ်'

ဟု တီးတိုးပြောလိုက်လေသည်။

ရှော်ရှောင်သည် တစ်စုံတစ်ခုအား အလေးအနက် တွေးတော စဉ်းစားနေပုံရ၏။

တစ်ခဏကြာမှ မျက်နှာကလေး ပြုံးပြုံးရွှင်ရွှင် ဖြစ်လာလျှပ်ပြီး....

'အစ်ကို ဘာမှမပူနဲ့၊ ဒီကိစ္စကို ညီမရှင်းနိုင်ပါတယ်'

ဟု ပြောလေသည်။

ယန်ခွမ်း အံ့သြသွား၏။

'ဟင်....ညီမ ရှင်းပေးနိုင်တယ် ဟုတ်လား'

'ဟုတ်တယ်လေ၊ ဆရာကြီး ယန်ချင်းဟာ ညီမဖေဖေရဲ့ မိတ်ဆွေ မဟုတ်လား၊ ဖေဖေနဲ့ သိပ်ခင်ကြပါတယ်၊ ညီမကိုလဲ ချစ်တာပဲ၊ စိုင်းပြီးရှင်းပြလိုက်ကြမယ်ဆိုရင် သူနောက်ဆုတ်သွားမှာပါ'

လောကပါလဓား ယန်ချင်းသည် နဂိုကပင် ရင်ဆိုင်လိုစိတ်ရှိသူ မဟုတ်ပါချေ။

သူက ကျားငါးကောင် ဟူကျင်း၏ ကိစ္စနှင့် ပတ်သက်ပြီး ရန်ငြိုးထားကာ စိန်ခေါ်ခဲ့ခြင်း ဖြစ်သည်။

လောကပါလဓားယန်ချင်း အတန်တန် ငြင်းဆန်နေသည့်ကြားမှ အတင်းအကြပ် ချိန်းဆိုခဲ့ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရွှေခင်ရွှေဝါက တောင်းမန်ပေးချမ် ရှက်စ

ကောင်းသည် ထင်မိလေသည်။

ချူးရှာသည်လည်း လောကပါလမား ယန်ချင်းအာ တောင်းပန်မည်ဟုဆိုကာ ဇွတ်အတင်း ထွက်သွားခဲ့သည် မဟု ပါလား။

ချူးရှာ အခုထိ ပြန်ရောက်မလာသေးချေ။

ရွှေခင်ရွှေဝါက....

'အစ်ကို ဘာမှမပူနဲ့တော့နော်၊ ညီမအားလုံး တာဝန် ဖြေရှင်းပေးပါ့မယ်၊ ကဲ...ညီမတို့ သွားကြစို့'

ယန်ခွမ်း၏လက်ကိုဆွဲကာ ထွက်သွားရန် ဟန်ပြင်လိုက်

ကြတော့သည်။

ယန်ခွမ်းသည် ငူငူကြီးဖြစ်ကာ သူမနောက်သို့ လိုက်ပါသွ မိ၏။

သူတို့နှစ်ယောက် ဆိုင်အပြင်ဘက် ရောက်ရှိသွားချိန်၌....

'ယန်ခွမ်း'

ခေါ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ

တော့သည်။

ယန်ခွမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

အမှတ်တမဲ့မို့ ချူးရှာ ပြန်လည်ရောက်ရှိလာပြီး သူ့အ

လှမ်းခေါ်လိုက်သည် ထင်မိလေသည်။



ချူးရှာ ပြန်ရောက်လာလျှင် လောကပါလမားယန်ချင် နှင့်ပတ်သက်ပြီး အကျိုးအကြောင်း သိရလိမ့်မည် မဟုတ်ပါ လား။

ယန်ခွမ်း ကပျာကယာ လှည့်ကြည့်လိုက်သည်။

ထိုအခါ သူထင်မှတ်သလို ချူးရှာမဟုတ်ဘဲ လူတစ်ယောက် က သူ့ထံသို့ ခပ်သွက်သွက်လှမ်းလာနေသည်ကို တွေ့မြင်ရလေ သည်။

ထိုလူကိုမြင်ရလျှင် ယန်ခွမ်း မျက်လုံးပြူးသွားပြီး....

'မီးသွေးတုံး....'

ဟု ဗမ်းသာအားရ ခေါ်လိုက်မိလေတော့သည်။

....ဝ....

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးတုံး....

မီးသွေးတုံးသည် ယန်ခွမ်း၏ငယ်ပေါင်းကြီးဖော်သူငယ်ချင်း စစ်စစ်ဖြစ်လေသည်။

ယန်ခွမ်းနှင့် နှစ်ပေါင်းများစွာ တတွဲတွဲနေခဲ့ပြီး၊ ယန်ခွမ်း လမ်းမှားပေါ်ရောက်သွားချိန်၌ လမ်းခွဲသွားခဲ့သူ ဖြစ်ဘည်။

မီးသွေးတုံးသည် ခေရုပန်းသည်လေးနှင့် အိမ်ထောင်ကျကာ အေးချမ်းသာယာသည့်ဘဝကို ပိုင်ဆိုင်ထားပြီ မဟုတ်ပါလား။

မီးသွေးတုံးအား ယခုလိုပြန်တွေ့ရမည်ဟု လုံးဝမမျှော်လင့်ခဲ့ပါချေ။

ထို့ကြောင့်....

'မီးသွေးတုံး'

ဟု ဝမ်းသာအားရ ခေါ်လိုက်မိခြင်း ဖြစ်ပေသည်။

မီးသွေးတုံးသည် လက်နှစ်ဘက်ဆန့်တန်းကာ ယန်ခွမ်းထံ ပြေးဝင်လာလေသည်။

ယန်ခွမ်းက အီးကြို့ပွေ့ဖက်သားလိုက်၏။

တပေါင်း သူငယ်ချင်းနှစ်ယောက် ပြန်လည်ဆုံတွေ့မိကြပြီ ဖြစ်လေသည်။

သူတို့နှစ်ယောက် ဝမ်းသာအဲလဲ ဖြစ်နေသည်ကိုကြည့်ကာ ရှောင်ရှောင်အလိုလို ဝမ်းသာနေမိလေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံး တို့သည် အတန်ကြာ ပွေ့ဖက်သားလိုက်ကြပြီးမှ လက်ချင်းခွဲလိုက်ကြလေသည်။



ယန်ခွမ်းက....

'သူငယ်ချင်း၊ မင်းဘယ်လိုလုပ်ပြီး ဒီကို ရောက်လာတာလဲကွ'

ဟု မေးလိုက်လေသည်။

မီးသွေးတုံးက....

'မင်းကိုလာရှာတာ'

'ဟေ ငါ့ကိုလာရှာတာ ဟုတ်လား'

မီးသွေးတုံး ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်'

'ပြောစမ်းပါဦး၊ ဘာကိစ္စများရှိနေလို့လဲကွ'

မီးသွေးတုံးသည် အကြောင်းမရှိဘဲ သူ့အား လာရှာမည် မဟုတ်ဟု ယန်ခွမ်းယုံကြည်မိလေသည်။

အခက်အခဲ ဒုက္ခတစ်ခုခု ကြုံတွေ့နေရသဖြင့် အကူအညီ တောင်းရန် သူ့အားလိုက်ရှာနေခြင်း ဖြစ်ရမည်ဟု ယုံကြည်မိ၏။

ထို့ကြောင့် အလောတကြီး မေးလိုက်ခြင်း ဖြစ်လေသည်။

မီးသွေးတုံး မျက်နှာတည်သွားသည်။

'ယန်ခွမ်း၊ မင်းက လောကပါလခေါ်း ယန်ချင်းနဲ့ရင်ဆိုင်ဖို့ စိန်ခေါ်ထားတယ်လို့ ငါသတင်းကြားမိတယ်'

ယန်ခွမ်း မျက်မှောင်ကုပ်သွားလေသည်။

'မင်းကြားတာ အမှန်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရှောင်က သူ့အတွက်ကြားဝင်တောင်းပန်မည်ဆိုသည့်အကြောင်းကိုမူ မပြောဖြစ်ခဲ့ချေ။

ရှောင်ရှောင်က ဝင်ပြောရန် ဟန်ပြင်လိုက်သော်လည်း ယန်ခွမ်းသဘောမကျဖြစ်မည်ကို စိုးရိမ်သဖြင့် မပြောဘဲနေလိုက်လေသည်။

မီးသွေးတုံးက....

'ယန်ခွမ်း၊ အစ်ကိုကြီးဟူကျင်းဟာ ငါတို့ရဲ့ အသက်သခင်ကျေးဇူးရှင်ဆိုရင် မမှားဘူး၊ ဒါကြောင့် သူ့အတွက် လောကပါလဓားယန်ချင်းကို ရင်ဆိုင်ဖို့ ငါသဘောတူတယ်၊ ယန်ခွမ်းသူ့ကိုရှင်းပစ်လိုက်စမ်းကွာ'

ဟု အားတက်သရော ပြောလိုက်လေသည်။

ယန်ခွမ်း မျက်နှာပျက်သွားသည်။

မီးသွေးတုံးအား ငူငူကြီး ရပ်ကြည့်နေမိ၏။

မီးသွေးတုံးက....

'သူငယ်ချင်း၊ သူ့ကိုရှင်းပစ်ဖို့အတွက် ငါ ဓားမြှောင်တစ်ချောင်း ယူလာတယ်၊ ဓားမြှောင်ကို မင်းသိပ်သဘောကျတယ်ဆိုတာသိလို့ ရွာက ပန်းဘဲဆရာကြီးဆီမှာ အကောင်းဆုံးဖြစ်အောင် ထုလုပ်ခိုင်းထားတာကွ၊ ရော့... ဟောဒီမှာ'

ပြောပြောဆိုဆို ဓားမြှောင်တစ်လက် ထုတ်ပေးလေသည်။

ဓားမြှောင်မှာ အသွား ခြောက်လက်မခန့်ရှိပြီး အရိုးမှာ သုံးလက်မခန့်ရှိသည်။



ရုတ်တရက်ကြည့်လျှင် အခြားသောဓားမြှောင်များနှင့် မထူးသော ဓားမြှောင်တစ်လက်ဖြစ်၏။

'ကြည့်စမ်းပါဦးကွ'

မီးသွေးတုံးက ပြောပြောဆိုဆို ဓားမြှောင်ကို ဓားအိမ်ထဲမှ ထုတ်လိုက်၏။

ထိုအခါ ခရမ်းရောင်သန်းနေပြီး တဖိတ်ဖိတ် တောက်ပနေသည့် ဓားသွားကို တွေ့မြင်ရလေသည်။

ဓားမြှောင်မှာ အလွန်မာကျောသလို မြှိနေအောင်ထက်လှကြောင်း မြင်ရုံဖြင့် သိနိုင်ပေတော့သည်။

ယန်ခွမ်းသည် ငယ်စဉ်တပင် ဓားမြှောင်ကို လက်တွေ့ကိုင်ခဲ့သူ ဖြစ်သည်။

သူ၏ဘဝတစ်လျှောက်တွင် ဓားမြှောင်တစ်လက်ကို ကိုယ်နှင့်မကွာ ဆောင်ထားခဲ့သည်ဟုလည်း ဆိုနိုင်ပေသည်။

ကြေးစား ကျောင်းစုလေ့နှင့် ရင်ဆိုင်ပြီးမှ ဓားမြှောင်ကို စွန့်လွှတ်လိုက်ခြင်းဖြစ်၏။

ယခု သူ့အတွက် အကောင်းဆုံးဟုဆိုနိုင်သော ဓားမြှောင်တစ်ချောင်း ရရှိလာပြီဖြစ်လေသည်။

မီးသွေးတုံးက....

'ယန်ခွမ်း၊ ဒီဓားမြှောင်နဲ့ လောကပါလဓား ယန်ချင်းကိုရှင်းပစ်လိုက်စမ်းပါ'

ဟု တိုက်တွန်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း ငူငူကြီးဖြစ်နေ၏။

သူ၏လက်ထဲ ထည့်ပေးလာသည့် ခါးမြှောင်ကို လှမ်းယူထားလိုက်မိ၏။

ရှောင်ရှောင် မနေသာတော့ပါ။

ကြားဝင်ပြောရန် ဟန်ပြင်လိုက်စဉ်မှာပင်....

'ယန်ခွမ်း'

ဗလုံးဗထွေးခေါ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယန်ခွမ်း၊ မီးသွေးတုံးနှင့် ရှောင်ရှောင်တို့ လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ သွေးအလူးလူးဖြင့်ပြေးလာနေသည့် ချူးရှာအား တွေ့မြင်ရလေတော့သည်။

....၁....



'ချူးရှာ'

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ ပြိုင်တူခေါ်လိုက်ကြလေသည်။

ချူးရှာသည် ဒယီးဒယိုင်ဖြင့် ပြေးလာ၏။

သူ၏တစ်ကိုယ်လုံး သွေးအလိမ်းလိမ်း ပေကျံနေ၏။

ယန်ခွမ်းတို့နှင့် မနီးမဝေးသို့အရောက်တွင် မဟန်နိုင်တော့သည့်အလား မြေပေါ်သို့ ဒုန်းခနဲလဲကျသွားလေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ အလန့်တကြား ဒေါ်ဟစ်ကာ ပြေးသွားကြ၏။

ချူးရှာမှာ အသက်ကို မနည်းရှူရှိုက်နေရပါ၏။

သူ၏ရင်ဝမှ ဒဏ်ရာကြီးမှာ မမြင်ကောင်းစရာဖြစ်လေသည်။

ယန်ခွမ်း၏မျက်နှာ ဖြူဖပ်ဖြူလျော်ဖြစ်သွား၏။

ချူးရှာ မည်သည့်နည်းနှင့်မျှ အသက်ရှင်နိုင်တော့မည်မဟုတ်ကြောင်း နားလည်လိုက်သည် မဟုတ်ပါလား။

'ချူးရှာ၊ မင်းဘယ်လိုဖြစ်ရတာလဲ'

မချိတင်ကဲ မေးလိုက်မိသည်။

ချူးရှာက ကာစ်စုံတစ်ခုပြောရန် အားယူလိုက်၏။

သို့သော် ခေါင်းတဟပ်ဟပ်ဆိုးလာပြီး နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာသည်။

စကားမပြောနိုင်လောက်အောင်ပင် မောဟိုက်နေလေတော့သည်။

မီးသွေးတုံးသည် ချူးရှာကိုကြည့်ရင်း မျက်ရည်များစီးကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်မှဖြင့်ရလေ ချူးရှာရယ်'

ဟု တဖျစ်တောက်တောက် ညည်းညူနေလေတော့သည်။

ယန်ခွမ်း အံကြိတ်လိုက်သည်။

'သူငယ်ချင်း၊ ဘာမှမပူနဲ့၊ သမားတော်ဆီ ငါခေါ်သွားမယ်၊ မင်း ဘာမှမဖြစ်စေရဘူး'

ပြောပြောဆိုဆို ချူးရှာအား ပွေ့ချီလိုက်လေသည်။

ချူးရှာက....

'သူငယ်ချင်း၊ ငါ့ကိုထားခဲ့၊ ယန်ချစ်းကို ရှင်းပစ်ပါ'

ဟု ဗလုံးဗထွေးဖြင့် ပြောလာ၏။

'အာ....'

ယန်ခွမ်း အံ့သြသွားရပါတော့သည်။

တစ်ဆက်တည်းပင် ချူးရှာသည် လောကပါလခေါ်း ယန်ချင်းနှင့် တွေ့ဆုံရန် ထွက်သွားခဲ့ပေသည်။

ပြန်ရောက်လာသောအခါ သေလုမျောပါးဒဏ်ရာကြီး ရရှိလာသည် မဟုတ်ပါလား။

ချူးရှာက....

'သူငယ်ချင်း၊ ယန်ချင်းဟာ လူယုတ်မာကွ၊ ငွေအိုးကြီးနဲ့ မိတ်ဖွဲ့ထားတယ်'

ဟု ပြောပြန်သည်။

ယန်ခွမ်း မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

'ချူးရှာ၊ မင်းဘယ်လိုပြောလိုက်တာလဲ'

ချူးရှာသည် ဝေဒနာကို အံကြိတ်ခံရင်း သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။



ယန်ခွမ်း၊ မီးသွေးတုံးနှင့် ရှောင်ရှောင်တို့မှာ အံ့သြခြင်းမကာ အံ့သြနေကြပေတော့သည်။

ချူးရှာ၏အသံ တဖြည်းဖြည်း တိမ်ဝင်လာသည်။

'ယန်ခွမ်း၊ သူဟာ လူကောင်းတစ်ယောက်လို ဟန်ဆောင် မျက်နှာဖုံးစွပ်ထားပြီး လူကောင်းတွေကို ဒုက္ခပေးနေတဲ့လူကွ၊ သူ့ကိုရှင်းပစ်ဖို့ မမေ့ပါနဲ့ကွာ၊ သူ့ကိုတားဆီးနိုင်မယ့်လူ မင်း တစ်ယောက်တည်းပဲရှိ....'

'ချူးရှာ....ချူးရှာ...'

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ အသံကုန် အော်ဟစ်လိုက်ကြ၏။

သို့သော် ချူးရှာ ကြားနိုင်တော့မည် မဟုတ်ပါ။

စကားမဆုံးမီ ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားပြီ ဖြစ်လေသည်။

ယန်ခွမ်းသည် ချူးရှာ၏ အလောင်းကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်၏။

သူ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။

မီးသွေးတုံးသည် ချူးရှာအတွက် ခံပြင်းဟန်ဖြင့် မြေကြီးကို လက်သီးဆုပ်ဖြင့် တဘုန်းဘုန်းမြည်အောင် ထိုးနေ၏။

အခြေအနေအရ ယန်ခွမ်းသည် လောကပါလခေါ်း ယန်ချင်းနှင့် ရင်မဆိုင်ဘဲ နေ၍ မရနိုင်တော့မှန်း ရှောင်ရှောင် နားလည်လိုက်၏။

သူမသည် သိသယ မကောင်းသော လေသံဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



'သူပြောတာ ကကယ်ပဲလား၊ ဦးလေးယန်ချင်းဟာ လူဆိုးကြီး တစ်ယောက်ဆိုတာ ဟုတ်နိုင်ပါ့မလား'

ဟု ညာ်းညူလိုက်လေသည်။

ယန်ခွမ်းသည် သူမအား ဆတ်ခနဲ လှည့်ကြည့်လိုက်ပြီး....

'ချူးရှာက အသက် အသေးပြီး လိမ်ပြောမယ်လို့ ညီမ ထင်နေတာလား'

ဟု ပြောလိုက်လေသည်။

သူ၏ စကားသံ ခက်ထန် တင်းမာနေပေတော့သည်။

ရှောင်ရှောင် ခေါင်းကလေး ငုံ့သွား၏။

ယန်ခွမ်းက အံတင်းတင်းကြိတ်လိုက်ပြီး,...

'ဝါကာ လောကပါလခေါ်း ယန်ချစ်းနဲ့ ရင်ဆိုင်မယ်၊ သူ့ကို သတ်သေစ်ရှင်းလင်းပစ်မယ်၊ ချိန်းထွဲ့ရက် ရောက်အောင်တောင် ငါမစောင့်တော့ဘူး သူငယ်ချင်း'

ဟု ရေရွတ်လိုက်၏။

ယန်ခွမ်းသည် မီးသွေးတုံး ပေးသည့် ခေါ်းမြောပ်ဖြင့် လောကပါလခေါ်း ယန်ချင်းအား ရင်ဆိုင်တော့မည် ဖြစ်လေသည်။

သူ့အား ရှောင်ရှောင် တန့်တားရ၍ မရတော့ပါ။

မည်သူမျှလည်း တန့်တား၍ ရနိုင်တော့မည် မဟုတ်ပေ။

ထိုကြမ္မာသည် ဆန်းကျယ်ပေသည်။



ယန်ခွမ်းသည် လောကပါလခေါ်း ယန်ချင်းနှင့် ရင်ဆိုင်ရန် စိန်ခေါ်ပြီးမှ အငကြောင်း အမျိုးမျိုးကြောင့် ရင်ဆိုင်လို့စိတ် ကွယ်ပျောက်ခဲ့ရပေသည်။

ယခုမူ ချိန်းဆိုထားသည့် အချိန်ကိုပင် မစောင့်နိုင်တော့ဘဲ ရင်ဆိုင်လိုစိတ်များ ဖြစ်ပေါ်လာပြီ ဖြစ်လေတော့သည်။

……ဝ……

လေပြည်လေညှင်း ဝေ့ယမ်းတိုက်ခတ်နေ၏။

သစ်ရွက်ကလေးများသည် ပင်ယံမြင့်မှ ခွာကာ လေဟုန် စီးပြီး မြေပေါ် ကျဆင်းလာလေသည်။

အသက် လေးဆယ်ကျော်အရွယ် အဖြူရောင် ဝတ်ဆင် ထားသူ တစ်ယောက်သည် ငလှမ်းငကမ်း၌ ရှေ့မြင်နေရသည့် ငင်္ဂလာပွဲတစ်ခုဆီသို့ ငေးမောကြည့်နေ၏။

ထိုလူမှာ လောကပါလခေါ်း ယန်ချင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ချင်းသည် ကျင်းလိန်မြို့၏ အနောက်ဘက် ဆယ်မိုင်ခန့် အကွာရှိ ရွာကလေးတစ်ရွာ၌ ရောက်ရှိနေခြင်း ဖြစ်ပေသည်။

ထိုရွာကလေးသို့ သူ မကြာခဏရောက်လာလေ့ရှိပါ၏။

ထိုရွာ၌ သူ၏ ဆွေမျိုးသားချင်းများ မရှိပါ။ အသိမိတ်ဆွေများလည်း မရှိပါချေ။ သို့သော် သူက မကြာခဏ ရောက်လာရသည်မှာ ထူးခြားသော အကြောင်းတစ်ခု ရှိနေခြင်းကြောင့် ဖြစ်ပါသည်။

ထိုရွာကလေးသို့ သူက ရောက်လာသည်နှင့် ရွာအဝင် ချယ်ရီပင်အောက်၌ ရပ်ကာ ရွာထဲသို့ တစ်နေကုန် တစ်နေခန်း ငေးမော ကြည့်နေတတ်သည်။

ရွာသူရွာသားများသည် ပျော်ရွှင်နေကြဟန် ရှိသည်။

တေးသီချင်းများ သီဆိုကာ ကခုန် မြူးထူးနေကြ၏။

မင်္ဂလာပွဲမှ သတို့သားနှင့် သတို့သမီးတို့သည်လည်း အပျော်ဆုံး အချိန် ရောက်ရှိနေလိမ့်မည် ဖြစ်ပေသည်။

ရွာထဲမှ လူများသည် သူ့အား သိကြမည် မဟုတ်ပါ။

မကြာခဏ လာရောက်လေ့ရှိသူတစ်ယောက် ဖြစ်၍ အဘယ်ကြောင့် ထိုသို့ လာနေရသည်ကို စိတ်ဝင်စားမိကြသည့်တိုင် မေးမြန်းစုံစမ်းလာကြလိမ့်မည် မဟုတ်ချေ။

ကျေးရွာခလေ့သည် အေးချမ်းသာယာပြီး ဖြူစင်ရိုးသားသည့် သဘော ရှိကြသည် မဟုတ်ပါလား။

မည်သူကမျှ ကိုယ်နှင့်မဆိုင်သည့် ကိစ္စကို စပ်စပ်စုစု ပြုလုပ်ကြလိမ့်မည် မဟုတ်ပါချေ။



ယန်ချင်းသည် မင်္ဂလာပွဲကိုကြည့်ရင်း ရင်ထဲ၌ ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာခဲ့သည်။

'ငါဟာ လက်မထပ်ဘဲ အိမ်ထောင်ကျခဲ့တဲ့ လူတစ်ယောက် ပါလား'

ဟု တီးတိုး ညည်းညူလိုက်သည်။

သူ၏ မျက်ဝန်းထဲ၌ မိန်းကလေးတစ်ယောက်၏ မျက်နှာကလေးကို မြင်ယောင်လာသည်။

'ညီမလေးရယ်....'

ယန်ချင်း၏အသံ တုန်ခါနေသည်။

သူ၏မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ လွှမ်းမိုးလာ၏။

'ညီမလေးရယ်၊ မင်းဘယ်ရောက်နေပြီလဲကွယ်'

ယန်ချင်းသည် တမ်းတမ်းတတ ရေရွတ်လိုက်လေသည်။

သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့် သိုင်းသမားကြီးတစ်ယောက်သည် မိန်းကလေးတစ်ယောက်နှင့် ပတ်သက်ပြီး ကြေကွဲဘွယ်အတိတ်ဇာတ်လမ်း ရှိခဲ့သည်မှာ ထင်ရှားနေပေတော့သည်။

ယန်ချင်း တမ်းတနေသည့် မိန်းကလေးမှာ မည်သူဖြစ်ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤရွာကလေးသို့ အဘယ်ကြောင့် မကြာခဏ လာရောက်လေ ရှိရပါသနည်း။

ယန်ချစ်းသည် တွေဝေဝေးငိုင်ရင်း အတိတ်မှဖြစ်ရပ်များကို ပြန်လည်မြင်ယောင်နေမိတော့သည်။

....၁....

နေခြည်ဖြာကျနေ၏။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

အဖြူရောင် ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်သည် အုန်းခွံရောင် မြင်းကြီးပေါ် ဝယ်ထိုင်လျက် သဘာဝအလှအပများကို ငေးမောကြည့်ရှုနေသည်။

ရှုခင်းမှာ ယောကျ်ားပီသစွာ ချောမောခန့်ညားသူ ဖြစ်ပေသည်။

မတော်ဝန်းကျင် တောတောင်ရေမြေအလှအပတွင် ကြည်နူးပျော်မွေ့နေဟန်ရှိလေသည်။



ဟိုဟိုသည်သည် ငေးမောကြည့်ရှုရင်းမှ....

'သာယာလှပလိုက်တာ'

ဟု တိုးတိုးရေရွတ်နေလေသည်။

မှန်ပေသည်။ ရှုမျှော်ခင်းများကိုကြည့်မည်ဆိုလျှင် အဝေးတွင် မှိုင်းညို့ညို့တောင်တန်းကြီးများကို တွေ့မြင်ရမည်ဖြစ်ပေသည်။

စိမ်းလန်းသော တောအုပ်များ၊ လယ်ကွင်းများနှင့် မီးခိုးများ တက်ပေါ်နေသည့် ရွာကလေးကိုလည်း တွေ့ရ၏။

မြို့ကြီးပြကြီးများ၌ မည်သို့မျှ တွေ့မြင်နိုင်ခြင်းမရှိသည့် မြင်ကွင်းမျိုး ဖြစ်ပေသည်။

လူငယ်မှာ မြို့ကြီးသား လူကုံထံအသိုင်းအဝိုင်းမှ ဆင်းသက်ပေါက်ဖွားလာသူ ဖြစ်ဟန်ရှိပေသည်။

သူ၏ဥပဓိရုပ်နှင့် အဝတ်အစားများက အထင်အရှားသက်သေခံနေသည်။

လူငယ်ငေးကြည့်နေချိန် သူ၏ကြည်နူးမှုစိတ်အစဉ်ကို နှောင့်ယှက်ဖျက်ဆီးမည့် အသံဗလံများ ထွက်ပေါ်လာသည်။

'အား....'

'အမယ်လေး'

မမျှော်လင့်ဘဲ ကြားလိုက်ရသည့် အော်ဟစ်သံများကြောင့် လူငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

အော်ဟစ်သံများ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တောင်ကုန်းတစ်ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်ပြီး သစ်ပင်ချုံနွယ်များကွယ်နေသဖြင့် ကောင်းစွာ တွေ့မြင်ရခြင်း မရှိချေ။

လူငယ် မနေနိုင်တော့ပါ။

'ဘာများဖြစ်နေပါလိမ့်'

တီးတိုးရေရွတ်ကာ မြင်းပေါ်မှခုန်ဆင်းလိုက်ပြီး ခပ်သွက်သွက် ပြေးလွှားသွားလေသည်။

သစ်ပင်ချုံနွယ်များကြားမှဖြတ်ကာ ကုန်းကမူလေးပေါ်သို့ ရောက်ရှိသွားသည်နှင့် တောင်ကုန်းတစ်ဘက်၌ တိုက်ပွဲတစ်ခုဖြစ်ပေါ်နေသည်ကို တွေ့မြင်လိုက်ရသည်။

လူငယ် မှောက်လုံးဖိုင်းသွားသည်။

တောင်ကုန်းအောက်မှ တိုက်ပွဲကို ကြောင်အမ်းအမ်းဖြင့် ကြည့်နေမိသည်။

ခက်ထန်ကြမ်းကြုတ်ဟန်ရှိသည့် လူတစ်စုသည် မြင်းလှည်းတစ်စီးအား ဝိုင်းရံတိုက်ခိုက်နေကြလေသည်။

မြင်းလှည်းနှင့် လိုက်ပါလာဟန်တူသည့် လူငါးယောက်ကကာကွယ်ခုခံနေကြသည်။

ထိုလူငါးယောက်သည် အစွမ်းကုန် ကြိုးစားခုခံနေပါသော်လည်း အင်အားချင်းမမျှသဖြင့် တဖြည်းဖြည်း အရေးနိမ့်လာကြသည်။

အမြူရောင်လူငယ် ကြည့်နေစဉ်မှာပင်....



'အား....'

'အင့်....'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများနှင့်အတူ လူသုံးယောက်လဲကျသွားလေသည်။

ကျန်နှစ်ယောက်လည်း အခြေအနေမဟန်တော့ချေ။

ဝိုင်းရံတိုက်ခိုက်နေသူများ၏ လက်ချက်ဖြင့် ဒဏ်ရာတစ်ချက်ပြီးတစ်ချက် ရရှိနေသည်။

သူတို့ ကြာကြာခုခံနိုင်ကြတော့မည် မထင်ပါ။

လူငယ် စိတ်လှုပ်ရှားလာလေသည်။

'ဒုက္ခပဲ၊ ဒီလူနှစ်ယောက် မလွယ်တော့ပါလား'

သူ၏စိတ်ထဲ၌ ထိုလူနှစ်ယောက်အား အကူအညီပေးလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ထို့ကြောင့်....

'ရပ်လိုက်စမ်း'

အော်ဟစ်လာ တောင်ကုန်းပေါ်မှ ခုန်ဆင်းလိုက်လေတော့သည်။

သူ၏အသံကြောင့် ဝိုင်းရံတိုက်ခိုက်နေကြသူများ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြပါ၏။

မုတ်ဆိတ်မွေး ပရပျစ်ရှိသော လူထွားကြီးတစ်ယောက်ကရှေ့သို့ခုန်ထွက်လာပြီး....

www.burmeseclassic.com

www.burmeseclassic.com



'ဟေ့ကောင်၊ မင်းဘယ်သူလဲ၊ ကိုယ်နဲ့မဆိုင်ဘဲ ဝင်မရှုပ်နဲ့၊ သေသွားမယ်'

ဟု ကြိမ်းမောင်းလာလေသည်။

လူငယ် ပြုံးလိုက်သည်။

'ခင်ဗျားက ဘာကယ်ပဲ ကျုပ်ကိုအနိုင်ယူနိုင်မှာမို့လားဗျာ'

'ဘာကွ၊ မင်းလိုမျောက်လေးမလောက်စား ကောင်လေး တစ်ယောက်ကို ငါက မှုနေရမှာလားကွ၊ သေဖို့သာပြင်ထား ပေတော့'

စကားဆုံးသည်နှင့် ဓားပြားကြီးတစ်လက်ကို ဝှေ့ယမ်းကာ လူငယ်ထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

လူငယ်ကလည်း ချက်ချင်းပင် ဓါးမှဓားကိုဆွဲထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက် လိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်...

'ခြွမ်း....'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။

နှစ်ယောက်သား နောက်သို့ ပြိုင်တူဆုတ်လိုက်ကြ၏။

လူထွားကြီးသည် လူငယ်အားကအံ့တသြ ကြည့်လိုက်၏။

'မင်းဘာမသူလဲ၊ ပြောစမ်း'

လူငယ် ပြုံးလိုက်သည်။

'ကျုပ်နာမည် သိချင်ရင် ကျုပ်ကို နိုင်အောင်ကြိုးစားပေါ့'

စကားဆုံးလျှင် လူထွားကြီးထံ တစ်ဟုန်ထိုး ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

လူထွားကြီးကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။



လူထွားကြီးတို့လူစုသည် ခရီးသွား မြင်းလှည်းတစ်စီးအား ဓားပြတိုက်နေခြင်း ဖြစ်ကြောင်း လူငယ် နားလည်သွားပြီ ဖြစ်သည်။

ထို့ကြောင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

လူထွားကြီးသည် လူငယ်အား အနိုင်ရမည်ထင်မိသော်လည်း တကယ်တမ်းရင်ဆိုင်ရသောအခါ လူငယ်၏ တိုက်ကွက်များမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည်ကို တွေ့မြင်ရသဖြင့် ထိတ်လန့်နေပါ၏။

အားကုန်ထုတ်ကာ ခုခံနေသည့်ကြားမှ လူငယ်၏ တိုက်ကွက်များ တရစပ် တိုးဝင်လာရာ ဆက်၍ ရင်မဆိုင်ဝံ့တော့ဘဲ နောက်သို့ ခုန်ဆုတ်လိုက်၏။

တစ်ဆက်တည်းပင်...

'ဟေ့ကောင်တွေ...ဘာငိုင်နေကြတာလဲ၊ ဝိုင်းတိုက်ကြပါ တော့လား'

ဟု သူ၏လူများအား အမိန့်ပေးလေသည်။

ထိုအချိန်တွင် မြင်းလှည်းအား ကာကွယ်ပေးနေသူနှစ်ဦးမှာ ဓားပြများလက်ချက်ဖြင့် မြေပေါ်လဲကျနေပြီး ဖြစ်လေသည်။

ဓားပြများသည် ခေါင်းဆောင်ဖြစ်သူ လူထွားကြီး၏ အမိန့်သံကြားလျှင် ကြွေးသံပေးကာ လူငယ်ထံ ခုန်ဝင်တိုက်ခိုက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေးပြမျှားမှာ လူသုံးဆယ်ခန့်ရှိပေသည်။

ဓား၊ လှံ၊ လေးမြား စသည့် လက်နက်မျိုးစုံ ကိုင်ဆောင်ထားကြပြီး ဝိုင်းအုံတိုက်ခိုက်လာကြသဖြင့် လူငယ် အခက်ကြုံသွားလေသည်။

သူ၏သိုင်းပညာ မခေသော်လည်း အများနှင့်တစ်ယောက်ဖြစ်နေ၍ နောက်သို့ ခုန်ဆုတ်လိုက်၏။

လူထွားကြီးက....

'ဟေ့ကောင်လေး၊ ခုမှ ထွက်ပြေးဖို့ မကြိုးစားနဲ့၊ မင်း သေရမယ်ဆိုတာ မှတ်ထား'

ဟု အော်ပြောပြီးလျှင်....

'မလွှတ်စေနဲ့ဟေ့'

သူ့လူများအား အမိန့်ပေးလိုက်လေသည်။

လူထွားကြီး၏တပည့်များသည် ခိုးဆိုးလုယက်နေကြသူများဖြစ်ပြီး တိုက်ပွဲများနှင့် မကြာခဏ ရင်ဆိုင်ဖူးခဲ့ကြသူများဖြစ်ပေသည်။

လူငယ် တစ်ယောက်တည်း ဖြစ်နေသည်ကို အခွင့်ကောင်းယူကာ ဝိုင်းရံထားကြပြီး တရကြမ်း တိုက်ခိုက်ကြလေသည်။

လူငယ်မှာ မတရားသည့် လုပ်ရပ်ကို တွေ့မြင်နေရသဖြင့် ကြားဝင်တားဆီးခဲ့သည်ဖြစ်သော်လည်း အများနှင့်တစ်ယောက် ရင်ဆိုင်ရသောအခါ အကြပ်ရိုက်သွား၏။

ယခုအချိန်မှ နောက်ဆုတ်၍လည်း မဖြစ်နိုင်တော့ပါ။

ရှောင်တိမ်းသွားလျှင် သိုင်းသမားသိက္ခာ ကျဆင်းသွားပေလိမ့်မည်။



သိုင်းသမားတစ်ယောက်အတွက် အသက်ထက် အရှက်ကပို၍ အရေးပါသည် မဟုတ်လား။ ထို့ကြောင့် အံတင်းတင်းကြိတ်ကာ ပြန်လှည့်တိုက်ခိုက်လိုက်လေသည်။

လူငယ်၏ အနီရောင် ပန်းပွား တပ်ဆင်ထားသော ဓားမှာ ရိပ်ခနဲရိပ်ခနဲ လှုပ်ရှားသွားလေသည်။

'ဝုန်း'

'အား'

'အမယ်လေး'

စူးရှကျယ်လောင်သောအသံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ဓားပြအချို့ မြေပေါ် လဲကျသွားလေသည်။

ထို့အတူ လူငယ်မှာ ဒဏ်ရာတစ်ချက်ရသွားသည်။

သူ၏လူအချို့ ခံလိုက်ရသည်ကိုမြင်လျှင် လူထွားကြီးက...

'ဟေ့ကောင်တွေ၊ တိုက်ကြပါတော့လားကွ'

သူ၏လူများကို ဒေါသတကြီး ကြိမ်းမောင်းနေလေတော့သည်။

ဓားပြများလည်း နောက်ဆုတ်သွားခြင်း မရှိသည့်အပြင် ရှေ့သို့တိုးလာပြီး တရကြမ်း တိုက်ခိုက်လိုက်ကြပြန်သည်။

လူငယ်သည် မြေခွေးအုပ်နှင့် ရင်ဆိုင်နေရသော ယုန်ကလေးတစ်ကောင်ကဲ့သို့ ဖြစ်နေပေသည်။

အရှေ့၊ အနောက်၊ ဝဲယာ မည်သည့်ဘက်သို့လှည့်လှည့် သူ့အား တိုက်ခိုက်လာသူများနှင့် ရင်ဆိုင်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခြေလက်များအသုံးပြုကာ မနားတမ်း တိုက်ခိုက်နေသည့်ကြားမှ ဓားပြတို့၏ ဓားချက်များမှာ သူ၏ ခန္ဓာကိုယ်ပေါ် တစ်ချက်ပြီးတစ်ချက် ကျရောက်လာလေသည်။

လူငယ်သည် ဒဏ်ရာ လေးငါးချက် ရရှိသွားသောအခါ စိုးရိမ်ထိတ်လန့်မှုများ ပျောက်သွား၏။

နာကျင်မှုနှင့် ဒေါသအမျက် ပေါင်းစပ်ကာ ခွန်အားများ တစ်ဟုန်ထိုး ဖြစ်ပေါ်လာ၏။

'ယား'

ဟြာသံပေးရင်း ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

ဓားရောင်များ ဝင်းလက်သွားသည်နှင့်....

'ဂုန်း'

'အား'

'အမယ်လေး'

ဓားပြအချို့ လဲကျသွားပြန်သည်။

'ခွေးကောင်တွေ၊ တစ်ယောက်တည်းကို ဝိုင်းတိုက်နေတာတောင် နိုင်အောင်မတိုက်နိုင်ကြဘူးလားကွ'

လူဆိုးကြီးက ဒေါသတကြီး အော်ငေါက်နေလေသည်။

ဓားပြတို့သည်လည်း နောက်ဆုတ်ရန်မစဉ်းစားဘဲ လူငယ်ကို ဖိ၍တိုက်ခိုက်ကြလေသည်။

တိုက်ပွဲမှာ ကြောက်ခမန်းလိလိ ပြင်းထန်နေလေသည်။

ဓားပြများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြသကဲ့သို့ လူငယ်၏ခန္ဓာကိုယ်ပေါ်၌လည်း ဓားဒဏ်ရာ တစ်ချက်ပြီးတစ်ချက် တိုးလာလေသည်။



သူတို့သည် လူငယ်အား မြင်းလှည်းပြတင်းပေါက်မှနေ၍ ကြည့်နေကြလေသည်။

လူငယ်က ဝေဒနာသည်းထန်စွာ ခံစားနေရသည့်ကြားမှ သူတို့အား ပြုံးပြလိုက်ပြီး....

'ဓားပြတွေ ထွက်ပြေးသွားပါပြီ၊ ခင်ဗျားတို့အတွက် အန္တရာယ်မရှိတော့ပါဘူး'

ဟု ပြောလိုက်လေသည်။

ဒုက္ခရောက်နေသူများအား သူကူညီနိုင်ခဲ့ပြီ ဖြစ်လေသည်။

လူငယ်သည် စိတ်လျှော့လိုက်သည်နှင့် ဒူးများပျော့ခွေကာ မြေပေါ်ပုံလျက်သား လဲကျသွား၏။

မြေကြီးနှင့်ကျောပြင် ထိတွေ့မိလိုက်သည်နှင့် သတိလွတ်ကာ လောကကြီးနှင့် တစ်ဒင်္ဂခွဲခွာသွားလေတော့သည်။

....၁....

www.burmeseclassic.com

www.burmeseclassic.com



အချိန်မည်မျှ ကြာသွားသည်မသိပါ။

လှငယ်သတိရလာသောအခါ ခုတင်ထက်လုံးပေါ် ရောက်ရှိနေသည်ကို သတိပြုမိလိုက်လေသည်။

ဆေးကျိုနေသည့် အနံ့ အသက်များကိုလည်း ရှူရှိုက်လိုက်ရလေသည်။

လှငယ်သည် အဆိုကောင်းသူပီပီ ခေါးပြမျှားနှင့် တိုက်ခိုက်ခဲ့ပြီး ရရှိသည့်ဒဏ်ရာများကြောင့် ဘာတိုလစ်သွား သောအခါ တက်ရောက်လာသော သူ့အားကယ်တင်လာခဲ့ခြင်း ဖြစ်ကြောင်း သိမ်ခြင်မိလိုက်လေသည်။

သူ့အား မည်သူက ကယ်တင်လာခဲ့ပါသနည်း....

လှငယ် လူးလိမ့်ထရန် ဟန်ပြင်လိုက်စဉ်မှာပဲ....

'အို....မထနဲ့ဦးလေ'

စို ရိမ်ပူပန်စွာ တားမြစ်လိုက်သည့် အသံကလေး ထွက်ပေါ်လာ၏။

လှငယ်အတွက် လွန်စွာမှပင် ချိုလွင်သာယာသည့်အသံ ဖြစ်နေပေသည်။

မိန်းကလေးတစ်ယောက်သည် ခုတင်အနီးသို့ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးမှာ ကျေးလက်သဘာဝအတိုင်း ရိုးရိုးယဉ်ယဉ် ဝတ်ဆင်ထားသည့်တိုင် လှငယ်၏မျက်ဝန်းထဲ၌ မြို့ကြီးသူများ မယှဉ်သာအောင် ချောမောလှပသူကလေးဖြစ်ကြောင်း ချက်ချင်း သတိပြုမိလိုက်လေသည်။



မိန်းကလေးက....

'အင်္ဂါကိုသတိရနေပြီနော်၊ အစ်ကို့ဒဏ်ရာတွေ ကောင်းကောင်းကျက်သေးတာ မဟုတ်ဘူး၊ မထနဲ့ဦးနော်'

ဟု ပြောလာလေသည်။

လှငယ်က....

'ကျုပ်....ကျုပ် ဘယ်ကိုရောက်နေတာလဲဟင်'

ဟု မေးလိုက်လေသည်။

မိန်းကလေးက....

'ညီမတို့အိမ်မှာ ရောက်နေတာလေ'

'ဟင်'

'ညီမတို့ အိမ်ကိုပြန်အလာ လမ်းမှာခေါးပြတိုက်ခံရတယ်လေ၊ အစ်ကိုသာ ရောက်မလာရင် ညီမတို့ဘဝ မတွေးဝံ့စရာပဲ'

လှငယ်သည် မြေပေါ်လဲကျသတိလစ်မသွားမီ မြင်းလှည်းထဲမှ သူ့ကိုအားကိုးတကြီး ကြည့်နေသည့်မျက်နှာနုနုလေးကို ပြန်လည်မြင်ယောင်လာလေသည်။

မိန်းကလေးက....

'ကျွန်မနာမည် 'ကျစ်းလန်'ပို့ ခေါ်ပါတယ်ရှင်၊ ကျွန်မဖေဖေဟာ 'ကျင်းရီ'ပဲ၊ ကျွန်မတို့သားအဖ ရွာကိုအပြန် လှည်းကြုံနဲ့ လိုက်လာခဲ့တာ၊ အစ်ကို့ကြောင့် အသက်ဘေးက ချီသာလေး လွတ်ခဲ့ရပါတယ်၊ အစ်ကို့ ဒဏ်ရာတွေနဲ့ လဲသွားတော့

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့ကျွန်မ မြစ်းလှည်းပေါ် ပွေ့ချီတင်ပြီး အိမ်ရောက်အောင် ခေါ်လာခဲ့တာပါ'

ဟူ၍ ထပ်မံရှင်းပြလေသည်။

လူငယ် အားယူ၍ ပြုံးလိုက်လေဟည်။

သူသည် ဒုက္ခရောက်နေသူအားလုံးအား ကယ်တင်နိုင်ခြင်း မရှိသော်လည်း ရိုးသားသည့် သားအဖနှစ်ယောက်ကိုမူ ကယ်တင်နိုင်ခဲ့ပြီ ဖြစ်လေသည်။

သူ့အညီး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည့်တိုင် အသက်ရှင်သန်နေသေးသဖြင့် ကယ်ဆောင်ရကျိုးနပ်ခဲ့ပြီဟု ဆိုရမည် မဟုတ်ပါလား။

မိန်းကလေးအား ပြုံး၍ ကြည့်နေမိလေတော့သည်။

ထိုအချိန်တွင် ခြေသံများ ထွက်ပေါ်လာပြီး အဘိုးအိုတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဖေဖေ'

မိန်းကလေး ချပ်သွက်သွက်ကလေး ခေါ်လိုက်သည်။

'အစ်ကို သတိရလာပြီ ဖေဖေ'

'ဪ...ကျေးဇူးရှင်လေး သတိရနေပြီကိုး'

အဘိုးအိုသည် ခုတင်အနီးသို့ ချဉ်းကပ်လာပြီး လူငယ်အား အရိုအသေ ပြုလိုက်လေသည်။

'ကျုပ်တို့မှာ ကျေးဇူးရှင်လေးပေးတဲ့အသက်ပဲ ရှိပါတော့တယ်ကွယ်'

ဟု တုန်ယင်လှိုက်မောသော လေသံဖြင့် ပြောလိုက်လေသည်။



လူငယ် ခေါင်းယမ်းလိုက်လေသည်။

'ကိစ္စမရှိပါဘူးခင်ဗျာ၊ ကျွန်တော်ဟာ မတရားတာတွေ့ရင် လက်ပိုက်ကြည့်မနေဘဲ ဝင်ပြီးဖြေရှင်းတတ်တဲ့လူပါ၊ ကျွန်တော့်ကို ကျေးဇူးတင်စရာ မလိုပါဘူးခင်ဗျာ'

'အို...မဟုတ်တာ၊ ကျေးဇူးရှင်လေးသာ ရောက်မလာရင် ကျုပ်တို့သားအဖ ဓားပြတွေလက်ထဲမှာ ဒုက္ခလှလှကြီး တွေ့နေပြီပေါ့၊ ကျေးဇူးရှင်လေးကြောင့် အသက်ချမ်းသာရာ ရခဲ့တာပါ'

ကျေးဇူးရှင်လေးဆိုသည့်စကား ထပ်နေပေတော့သည်။

လူငယ် မျက်နှာမထားတတ်အောင် ဖြစ်သွားပြီး....

'ကျွန်တော့်ကို ကျေးဇူးရှင်လေးလို့ မခေါ်ပါနဲ့ခင်ဗျာ၊ ကျွန်တော့်နာမည် ယန်ယင်းပင်လို့ ခေါ်ပါတယ်'

သူ၏အမည်ကို ပြောပြလိုက်လေသည်။

အဘိုးအိုက...,

'ကျေးဇူးရှင်လေး ယန်ယင်းပင်၊ ကျုပ်တို့ကြောင့် ခုလိုဒဏ်ရာတွေ ရခဲ့တာကို စိတ်မကောင်းပါဘူး၊ ကျေးဇူးရှင်လေးအသက်သာသွားအောင် ကုသပေးဖို့ ကျုပ်မှာ တာဝန်ရှိပါတယ်'

ဟု ပြောလေသည်။

လူငယ်(ဝါ)ယန်ယင်းပင် ပါးစပ်ပိတ်ထားလိုက်လေသည်။

သူက နာမည်ပြောပြလိုက်သော်လည်း အဘိုးအိုက သူ့အား ကျေးဇူးရှင်လေးဟုပင် ဆက်၍ခေါ်နေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက...

'သမီး၊ ကျေးဇူးရှင်လေးကို ဆေးတိုက်လိုက်ဦးလေ'

ဟု လှမ်းပြောလေသည်။

ကျင်းလန်က....

'အို... ဟုတ်သွားပဲ၊ သမီးမေ့နေလိုက်တာ'

သမသည် ယန်ယင်းပင်အား ပြုံးပြကာ အခန်းအပြင်ဘက် လှမ်းနဲ့ ပြေးထွက်သွားလေတော့သည်။

....

နှစ်လ....

နှစ်လဟူသောအချိန် ကုန်ဆုံးသွားခဲ့လေသည်။

ရွာထဲမှ သမားတော်ကြီး၏ ဆေးအစွမ်းကြောင့်လည်းကောင်း၊ ကျင်းရီတို့ သားအဖ၏ ဂရုစိုက်မှုကြောင့်လည်းကောင်း၊ ယန်ယင်းပင်၏ ဒဏ်ရာများ သက်သာပျောက်ကင်းစပြုလာလေသည်။



သမားတော်ကြီးသည် ယန်ယင်းပင်အား အလွန်အသက်ပြင်းသူဟု မှတ်ချက်ချခဲ့လေသည်။

ထိုသို့ မှတ်ချက်ချရလောက်အောင် လူနှင့် ဒဏ်ရာ မမျှအောင် ရှိသည် မဟုတ်ပါလား။

မည်သို့ဆိုစေ ယန်ယင်းပင်သည် တစ်နေ့တခြား ကျန်းမာလာပြီး သွားနိုင်လာနိုင်လောက်အောင် ကျန်းမာလာပြီ ဖြစ်သည်။

နောက်တစ်လခန့်ကြာလျှင် လူကောင်း ပကတိ ဘဝ ပြန်ရောက်ရမည်ဟု သမားတော်ကြီး အာမခံထား၏။

ကျင်းရီနှင့် ကျင်းလန်တို့လည်း ဝမ်းသာနေကြသည်။

သူတို့၏အသက်ကို ကယ်တင်ခဲ့သဖြင့် ယန်ယင်းပင်၏ဝေဒနာ သက်သာပျောက်ကင်းသွားစေလိုသည် မဟုတ်ပါလား။

သို့သော် ယန်ယင်းပင် တကယ်တမ်း သက်သာလာသောအခါ ကျင်းလန်မှာ စိတ်မချမ်းမြေ့နိုင်အောင် ဖြစ်လာရတော့သည်။

ယန်ယင်းပင်သည် ပြတင်းပေါက်မှတစ်ဆင့် ခြံဝင်းအတွင်းသို့ ငေးကြည့်နေ၏။

ခြံထဲ၌ သီးပင်စားပင်များ စုံစုံလင်လင် စိုက်ပျိုးထားပါ၏။

ကျင်းရီသည် ပေါင်းသင် မြေဆွရင်း တစ်ယောက်တည်း အလုပ်ရှုပ်နေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ယင်းပင် ငေးကြည့်နေစဉ်မှာပင်...

'အစ်ကို ဘာတွေ စဉ်းစားနေတာလဲဟင်'

ချိုယှဉ်သာယာသော စကားသံလေး နောက်ကျောဘက်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ယန်ယင်းပင် လှည့်ကြည့်လိုက်၏။

ထိုအခါ ကျင်းလန် ရောက်ရှိလာသည်ကို တွေ့မြင်ရသည်။

'ဪ... ညီမလေးကိုး'

'အစ်ကို့အတွက် လက်ဖက်ရည်နဲ့ မုန့် လာပို့တာပါ'

သူမ၏ လက်ထဲ၌ မုန့်နှင့် ကရားတစ်လုံး ခွက်တစ်လုံး ပါသည့် လင်ဗန်းတစ်ချပ် ကိုင်လာပါ၏။

ယန်ယင်းပင် ပြုံးလိုက်သည်။

'ညီမတို့လဲ အစ်ကို့အတွက် အတော့်ကို ပင်ပန်းနေရှာပေါ့နော်'

'အို... ပင်ပန်းစမ်းပါစေရှင်၊ အစ်ကိုသာ မကယ်ရင် ခုလို အသက်ရှင်နေနိုင်မှာမှ မဟုတ်တာ၊ အစ်ကို့ ကျေးဇူးကြီးမား...

'တော်ပါတော့ ညီမရယ်၊ ဒီအကြောင်း ဆက်မပြောပါနဲ့တော့လား'

ယန်ယင်းပင်က တားမြစ် ပိတ်ပင်လိုက်သည်။

ကျင်းလန် ရယ်မောလိုက်သည်။

'ဘာလဲ... အစ်ကို့ကို ကျေးဇူးတင်မှာကို သိပ်ကြောက်နေတာလား၊ ညီမတို့ကို နောက်ထပ် မကူညီရတော့ပါဘူး အစ်ကိုရယ်'



'မဟုတ်ဘူး ညီမ၊ အစ်ကို မကူညီချင်လို့ မဟုတ်ဘူး၊ အစ်ကို ကူညီခဲ့တာဟာ ဘာမှ မပြောပလောက်ပေမယ့် ညီမတို့က တကယ့် ကျေးဇူးရှင်ကြီး တစ်ယောက်လို သဘောထားနေတာကို အားနာမိလို့ပါ'

'ဖြစ်မှဖြစ်ရလေတယ်ရှင်၊ ခစ်–ခစ်–ခစ်'

ယန်ယင်းပင်သည် ရယ်မောနေသည့် ကျင်းလန်ကို ငေးကြည့်မိပါ၏။

ကျင်းလန်မှာ သူ၏ မျက်လုံးထဲဝယ် နတ်သမီးတစ်ပါးကဲ့သို့ ချောမော လှပနေပေတော့သည်။

ကျင်းလန်က...

'အစ်ကို ဘာတွေ စဉ်းစားနေတာလဲဟင်'

ဟု မေးလေသည်။

ယန်ယင်းပင် သက်ပြင်းချလိုက်သည်။

'ဘာမှ မဟုတ်ပါဘူး ညီမရယ်'

'အစ်ကို့ အိမ်မှာ ကျန်ရစ်ခဲ့တဲ့ အိမ်သူကို လွမ်းနေတာလားဟင်'

'ကို... ပေါက်ပေါက်ရှာရှာ၊ အစ်ကို့မှာ အိမ်သူမရှိပါဘူး၊ အစ်ကို့ မိဘတွေနဲ့ အတူတူနေတာပါ ညီမရဲ့'

ကျင်းလန်၏ မျက်နှာလေး ပြုံးပြုံးရွှင်ရွှင် ဖြစ်လာသည်။

www.burmeseclassic.com

'အပ်ကို့ မိဘတွေတော့ စိတ်ပူနေကြမှာပဲနော်'

'အင်း....ညီမ ပြောမှပဲ အစ်ကို အိမ်ကထွက်လာတာ နှစ်နှစ် လောက်ရှိပြီ။ အစ်ကို့ မိဘတွေ စိတ်ပူနေလောက်ပြီဆိုတာ တွေး မိတော့တယ်'

'ဟင်...နှစ်နှစ်ကျော်ပြီ ဟုတ်လား'

ယန်ယင်းပင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ အစ်ကိုဟာ သိုင်းပညာ သင်ကြားမှု ပြီးစီးသွား တာနဲ့ အတွေ့အကြုံ ရှာဖွေရအောင် အိမ်ကထွက်လာခဲ့တာ'

'ဒါဆို အစ်ကိုလဲ အိမ်ပြန်ချင်နေမှာပေါ့နော်'

'ဟာ...ဘယ်လို ပြောလိုက်တာလဲ ညီမရယ်၊ ပြန်ချင် တာပေါ့'

ကျင်းလန်က....

'အစ်ကို့ရဲ့အိမ်ကို ပြန်ရောက်သွားရင် ညီမတို့ကို မေ့သွား တော့မှာပေါ့နော်'

'ဟင်....'

ယန်ယင်းပင်သည် ကျင်းလန်၏ ပြောင်းလဲသွားသည့် အမူ အရာကို ချက်ချင်းသတိပြုမိလိုက်လေသည်။

သူမသည် ဝမ်းနည်းကြေကွဲသွားပုံရ၏။

အဘယ်ကြောင့်နည်း....



ယန်ယင်းပင်မှာ အခြေအနေကို ချက်ချင်းပင် နားလည် သဘောပေါက်သွားလေတော့သည်။

'ညီမကို အစ်ကို ဘယ်တော့မှ မေ့သွားမှာ မဟုတ်ပါဘူး၊ အမှန်အတိုင်းပြောရရင် ညီမတို့ရွာကလေးကို အစ်ကိုခွဲမသွားချင် လောက်အောင်ပါပဲကွယ်'

ကျင်းလန်က သူ့အား ခေါင်းမော့ကြည့်လိုက်၏။

ယင်ယင်းပင်က....

'အစ်ကို့ကို စိတ်မဆိုးဘူးဆိုရင် အစ်ကို စကားတစ်ခွန်း ပြောပါရစေ'

'ပြောနိုင်ပါတယ်ရှင်'

'ညီမနဲ့လဲ အစ်ကိုခွဲမသွားချင်ပါဘူးကွယ်၊ ညီမသာ သဘော တူမယ်ဆိုရင်....'

'ရှင်....'

ကျင်းလန် လန့်ဖျပ်သွားသလို မော့ကြည့်မိ၏။

သူမ၏မျက်လုံးများမှာ စိန်ပွင့်ကလေးများပမာ ဝင်းလက် တောက်ပြောင်နေပါ၏။

ယန်ယင်းပင်က....

'ညီမရယ်၊ အစ်ကို ညီမကို လက်ထပ်ပါရစေလား'

ပြောရင်း ကျင်းလန်၏ လက်ကလေးကို လှမ်းကိုင်လိုက်၏။

www.burmeseclassic.com



ကျင်းလန် မရှန်းမိပါ။

ယန်ယင်းပင်သည် မချင့်မရဲ ဖြစ်လာသည့်အလား သူမကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်လေသည်။

....ဝ....

ကျင်းလန်သည် သီချင်းတစ်ပုဒ်ညည်းညူရင်းရေပုံးကိုဆွဲကာ ပန်းခင်းထဲသို့ လှမ်းလာခဲ့လေသည်။

ပန်းပင်များကို ရေလောင်း ပေါင်းသင်ရသည်မှာ သူမ၏ တာဝန်ဖြစ်သည်။

ပန်းခင်းထဲသို့လှမ်းဝင်လိုက်စဉ် ရုတ်တရက် သူမ၏ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားပြီး လက်ထဲမှရေပုံး လွတ်ကျသွားလေသည်။

လက်နှစ်ဘက်ဖြင့် နားထင်ကိုဖိကာ....



'မူးလိုက်တာ'

ဟု လွတ်ခနဲ ညည်းညူမိလေသည်။

ယခုတလော သူမ မကြာခဏ မူးခနဲမိုက်ခနဲ ဖြစ်နေ၏။

အစပိုင်းက အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ကို သတိမပြုမိခဲ့သော်လည်း ယခုအခါ အဓိကအကြောင်းကို သူမနားလည်ခဲ့ရပြီ ဖြစ်လေသည်။

သူမသည်....

'ညီမ....'

ရုတ်တရက် ခေါ်သံထွက်ပေါ်လာပြီး ယန်ယင်းပင်မှာ သူမ အနီးသို့ ရောက်ရှိလာသည်။

'ညီမလက်ထဲကရေပုံး လွတ်ကျသွားပြီး ခေါင်းကို လက်နဲ့ဖိကိုင်ထားလိုက်တာ အစ်ကိုမြင်လို့ ပြေးလာတာ၊ ညီမ ဘာဖြစ်သွားသေးလဲဟင်'

ယန်ယင်းပင်က စိုးရိမ်တကြီး မေးလိုက်သည်။

ကျင်းလန် ခေါင်းခါယမ်းလိုက်သည်။

'ဘာမှမဖြစ်ပါဘူး အစ်ကိုရယ်၊ ခေါင်းထဲ မူးသလိုဖြစ်လာလို့ပါ၊ ခုတော့ ကောင်းသွားပါပြီ'

'လာ... ညီမ၊ သစ်ပင်ရိပ်အောက်မှာ ထိုင်ပြီး အနားယူလိုက်ဦး'

www.burmeseclassic.com

www.burmeseclassic.com



ယန်ယင်းပင်က ကျင်းလန်၏လက်ကလေးကိုကိုင်ကာ တယုတယ ဆွဲခေါ်သွားလေသည်။

သစ်ပင်ရိပ်အောက်၌ နှစ်ယောက်သားထိုင်မိကြလျှင် ကျင်းလန်က သူမ သတိပြုမိသည့်ကိစ္စကို ပြောရန် ဟန်ပြင်လိုက်၏။

သူမ၏ရင်ထဲ၌ ယန်ယင်းပင်၏ ရင်သွေးကို လွယ်ထားရပြီ ဖြစ်ကြောင်း ပြောပြရန်ဖြစ်သော်လည်း ရုတ်တရက် ပြောမထွက်ဘဲ နှုတ်ဆွံ့နေသည်။

ထိုအချိန်မှာပင် ယန်ယင်းပင်က....

'ညီမကို အရေးကြီးတဲ့စကား ပြောစရာရှိတယ်'

ဟု စကားစလာသည်။

ကျင်းလန် စိတ်ဝင်စားသွားသည်။

'အစ်ကို ဘာပြောမလို့လဲဟင်'

ဟု မေးလိုက်သောအခါ ယန်ယင်းပင်က....

'ညီမ အစ်ကိုတို့ ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး၊ အစ်ကို့ မိဘတွေကိုပြန်ပြီး အကျိုးအကြောင်းပြောပြမယ်၊ ပြီးရင် ညီမနဲ့ အစ်ကို လက်ထပ်လိုက်ကြရင် မကောင်းဘူးလားဟင်'

'ရှင်....'

ကျင်းလန် တအံ့တသြ ဖြစ်သွားရလေတော့သည်။



ယန်ယင်းပင်က....

'ညီမကို မိသားဖသားပီပီ တောင်းရမ်း လက်ထပ်ယူမယ်၊ အစ်ကို့ မိဘတွေဆီ အကျိုးအကြောင်း သွားပြောမယ်၊ မကြာပါဘူး၊ ဆယ့်လေးငါးရက်အတွင်း အစ်ကိုပြန်ရောက်လာမှာပါ၊ အစ်ကို့ကို မျှော်နေနော် ညီမ'

ကျင်းလန် ဝမ်းသာဝမ်းနည်း ဖြစ်သွားရသည်။

ဝမ်းသာရသည်မှာ ယန်ယင်းပင်နှင့်လက်ထပ်ပြီး အေးချမ်းသာယာသည့်ဘဝတစ်ခု တည်ဆောက်နိုင်တော့မည်ကို တွေးမိ၍ ဖြစ်သည်။

ဝမ်းနည်းရသည်မှာ ယန်ယင်းပင်သည် သူမနှင့်ခွဲကာ မိဘများထံ ပြန်သွားရဦးမည်ဖြစ်ခြင်းကြောင့်တည်း။

သူမ၏မျက်နှာလေး ညှိုးသွားသည်ကို တွေ့ရလျှင် ယန်ယင်းပင်က....

'ညီမရယ်၊ အစ်ကို မကြာခင်ပြန်လာမှာပါ၊ အစ်ကိုတို့ လက်ထပ်ပြီး တစ်သက်လုံး အတူတူနေသွားကြတာပေါ့၊ အခုခဲလေး ခဏပါကွယ်'

ဟု ချော့မော့နှစ်သိမ့်လိုက်သည်။

ကျင်းလန်က....

'အစ်ကို မြန်မြန်ပြန်လာနော်'

'စိတ်ချပါ ညီမရယ်'

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုပြန်မလာခဲ့ရင် ညီမတော့ အစ်ကို့ကိုလွမ်းတာနဲ့ သေရမှာပါပဲကွယ်'

ယန်ယင်းဖြင့် ငြီးလိုက်သည်။

'ညီမကလဲ ကလေးလေးကျနေတာပဲ၊ ကဲ...ညီမ လွမ်းကျန်ရစ်မနေရအောင် အစ်ကို့ကိုယ်စား ဟောဒီပဝါလေး ထားခဲ့မယ်၊ ဟုတ်ပြီလား'

ပြောပြောဆိုဆို ဒေါင်းနှင့်နဂါးရုပ်ပုံပါရှိသည့် ပဝါလေးကို ထုတ်ပေးလေသည်။

ကျင်းလန်က ပဝါလေးကိုယူရင်း...

'ဒေါင်းနဂါးဟာ မင်္ဂလာရှိတဲ့အထိမ်းအမှတ်မို့ ညီမ တယုတယ သိမ်းထားပါမယ်ရှင်၊ အစ်ကိုလဲ ညီမကို မမေ့ရလေအောင် ဟောဒီပဝါလေးကိုပဲ တစ်ဝက်စီပိုင်းပြီး တစ်ယောက်တစ်ပိုင်း ယူထားလိုက်ကြရင် မကောင်းဘူးလားဟင်'

ယန်ယင်းမင် ချက်ချက် သဘောကျလိုက်သည်။

'ကောင်းတယ်၊ ညီမသဘောပဲ'

ကျင်းလန်က ပဝါကို နှစ်ပိုင်းဖြတ်လိုက်၏။

နဂါးရုပ်ပုံပါရှိသည့် တစ်ပိုင်းကို သူမ ယူထားလိုက်ပြီး ကျန်တစ်ပိုင်းကို ယန်ယင်းပင်အား ပေးလိုက်သည်။

'အစ်ကို သိမ်းထားနော်'

'စိတ်ချ၊ ညီမဟာ ဒေါင်းကလေးလိုလှပြီး ကျက်သရေရှိတဲ့ မိန်းကလေးတစ်ယောက်ပါပဲ၊ အစ်ကို မပျောက်မပျက် သိမ်းထားပါ့မယ်ကွယ်'

ကျင်းလန်သည် သူမ၏ပဝါပိုင်းမှ နဂါးရုပ်ပုံကိုကြည့်ကာ...



'အစ်ကိုဟာလဲ နဂါးတစ်ကောင်လိုထက်မြက်ပြီး ရဲရင့်တဲ့ လူတစ်ယောက်ပါပဲရှင်'

ဟု ပြောလေသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ကျင်းလန်မှာ သူမတွင်ရင်သွေးရှိနေပြီဖြစ်ကြောင်း ပြောရန်မေ့လျော့သွား၏။ ခွဲခွာချိန်မရောက်မီ ချစ်ရသူ၏ မျက်နှာကို တစ်ဝကြီးကြည့်ထားဖို့မှလွဲပြီး သူမ ဘာမျှသတိမရနိုင်တော့ပေ။

သူတို့နှစ်ယောက်၏ ခွဲခွာခြင်းသည် တဒင်္ဂမျှသာဖြစ်သည်။ မကြာမီအချိန်အတွင်းပြန်လည်ဆုံတွေ့ကာ ဘဝတစ်လျှောက် လက်တွဲသွားနိုင်လိမ့်မည် ဖြစ်ပေသည်။

ထိုအချက်ကို နှစ်ဦးစလုံးယုံကြည်ထားပါသော်လည်း ဘဝကံကြမ္မာသည် သူတို့နှစ်ယောက် တစ်သက်လုံး ပြန်မတွေ့နိုင်ဘဲ ကွဲကွာသွားအောင် ဖန်တီးနိုင်ခဲ့ပေတော့သည်။

...o...

www.burmeseclassic.com

www.burmeseclassic.com



ရွာကလေးသည် အမှတ်တမဲ့ကြည့်လျှင် ကျင်းလန်၏ ဇာတိရွာကလေးနှင့် ခပ်ဆင်ဆင်တူနေ၏။

ရွာထိပ်ရှိ ချယ်ရီပင်ကြီးသည် သူနှင့် ကျင်းလန်တို့ ထိုင်နေကျ ချယ်ရီပင်ကြီး အလားသဏ္ဍာန် ရှိသည်။

ထို့ကြောင့် ဤရွာကလေးသို့ ယန်ချင်း မကြာခဏ လာရောက်ခဲ့ခြင်း ဖြစ်ပေသည်။

ကျင်းလန်နှင့်ခွဲကာ သူ၏ မိဘများထံ ပြန်လာခဲ့၏။

သူတို့၏အကြောင်း မိဘများထံဖွင့်ပြော လက်ထပ်မင်္ဂလာဆောင်နှံရန် စီစဉ်ထားလေသည်။

သို့သော် အိမ်သို့ သူပြန်ရောက်သွားချိန်၌ နှစ်နှစ်တိုင်တိုင် သူ၏သတင်း မကြားရသဖြင့် မိခင်ဖြစ်သူမှာ စိတ်ပူကာ အိပ်ရာထဲ ဘုန်းဘုန်းလဲသည့်အဖြစ်နှင့် ရင်ဆိုင်တိုးရလေတော့သည်။

ယန်ချင်းသည် မင်္ဂလာကိစ္စကိုမပြောနိုင်ဘဲ မိခင်ကြီးအား ကိုယ်ဖိရင်ဖိ ပြုစုစောင့်ရှောက်ခဲ့ရလေသည်။

သူပြန်ရောက်လာသဖြင့်မိခင်ဖြစ်သူ၏ဝေဒနာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားခဲ့ပေသည်။

ထိုအချိန်တွင် တစ်နှစ် ဟူသော အချိန် ကုန်လွန်သွားခဲ့ပြီ ဖြစ်လေသည်။

တစ်နှစ်တိုင်တိုင် သူပြန်မလာသဖြင့် ကျင်းလန် စိတ်ပူနေမည်ကို စိုးရိမ်ကာ ယန်ချင်းက မိခင်ထံ အကျိုးအကြောင်း ပြောပြရန် စီစဉ်လေသည်။



ထိုအတောအတွင်းမှာပင် သူ၏မိခင်သည် သူမသဘောကျသည့် မိန်းကလေးတစ်ယောက်နှင့် သူ့အား အိမ်ထောင်ချပေးရန် စီစဉ်လေသည်။

ယန်ချင်းသည်ငြင်းဖယ်လိုက်ပါလျှင် မိခင်ဖြစ်သူ စိတ်ထိခိုက်မည့်အရေးကို တွေးကာ အကြောင်းအမျိုးမျိုးပြကာ အချိန်ဆွဲခဲ့လေသည်။

တစ်ဘက်မှလည်း သူနှင့် ကျင်းလန်တို့အကြောင်းကို ပြောပြနိုင်ရန် အကြံထုတ်ခဲ့လေသည်။

ဤသို့ဖြင့် အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားပြီး နှစ်နှစ်ကျော် သုံးနှစ်ကာလသို့ ရောက်ခဲ့ရလေသည်။

နောက်ဆုံး၌ မိခင်ဖြစ်သူက သူနှင့် ကျင်းလန်တို့အကြောင်း သိရှိသွားပြီး လက်ထပ်ပေးမည်ဟု သဘောတူလိုက်ရာ ယန်ချင်းလည်း ဝမ်းသာအားရဖြင့် ကျင်းလန်၏ရွာကလေးသို့ အပြေးလာခဲ့လေသည်။

သို့သော် ရွာကလေးသို့ရောက်သောအခါ ကျင်းလန်အား ရှာမတွေ့တော့ပါ။ ကျင်းလန်သည် လက်ထပ်ထိမ်းမြားခြင်း မပြုရသေးပါဘဲ ကိုယ်ဝန် ရှိလာရသည်ကို အကြောင်းပြုကာ ရွာသူရွာသားများ ကဲ့ရဲ့ပြစ်တင်ကြသဖြင့် အရှက်ရပြီး ရွာကို စွန့်ခွာထွက်သွားကြောင်း သိရလေတော့သည်။

ယန်ချင်းသည် ထိုအချိန်မှစပြီး ကျင်းလန်အား လိုက်လံရှာဖွေနေရာ ယခုအချိန်ထိတိုင်အောင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲ ပြီးဆုံးသွားပြီဖြစ်သည်။

လမ်းပေါ်၌ လူရှင်းသွား၏။

ယန်ချင်းမှာ ချယ်ရီပင်ကြီးအောက်၌ ရပ်နေဆဲ။

သူ၏မျက်လုံးများ ရီဝေနေသည်။

သူ၏နှုတ်ခမ်းများ တလှုပ်လှုပ်ဖြစ်ကာ တစ်စုံတစ်ခု ရေရွတ်နေလေသည်။

ယင်းရေရွတ်သံကို ကြားနိုင်မည်ဆိုလျှင်....

'ညီမရယ်၊ အစ်ကို နာမည်ရင်းကို ပြောမပြမိခဲ့တဲ့အပြစ်ရယ်၊ အစ်ကိုပြန်ချိန်တန်ပါလျက် ပြန်မလာနိုင်ခဲ့တဲ့အပြစ်ကို ခွင့်လွှတ်ပါတော့'

ဟူ၍ဖြစ်ကြောင်း သိရပေလိမ့်မည်။

အမှန်တော့ ယန်ချင်းသည် ဒဏ်ရာများ သက်သာပျောက်ကင်းသွားပါက ကျင်းလန်ဘို့ရွာကလေးအား စွန့်ခွာသွားမည့်သူ ဖြစ်သည်။

ကျင်းလန်နှင့် မေတ္တာမျှမိမည်ဟု မမျှော်လင့်ခဲ့မိပါ။

ကျင်းလန်တို့သားအဖ သူ့အပေါ် ကျေးဇူးတင်နေကြသဖြင့် အားတုံ့အားနာဖြစ်ကာ နာမည်ရင်းကို ဖွင့်မပြောဘဲ ယန်ယင်းမင်ဟု ပြောခဲ့မိခြင်းဖြစ်သည်။



သူက ကျင်းလန်ကို အမှန်တကယ် ချစ်မြတ်နိုးခဲ့ပါသည်။

ကျင်းလန်အား လက်ထပ်ရန် အခိုင်အမာဆုံးဖြတ်ခဲ့သည်။

သို့သော် ကံတရားက သူတို့၏ဘဝကို စည်းခြားပစ်ခဲ့ပေတော့သည်။

ယန်ချင်းသည် အတိတ်မှဖြစ်ရပ်များကို တွေးတောရင်း ရင်ထဲ နာကျင်လာ၏။

ထာဝရသိမ်းဆည်းထားသည့် ပဝါလေးကို အင်္ကျီရင်ဘတ်ကြားမှထုတ်ယူကာ ကြည့်လိုက်၏။

ပဝါလေးကား မကြာခဏ ထုတ်ယူကြည့်ခြင်းကြောင့်လည်းကောင်း၊ သက်တမ်းကြာမြင့်ခဲ့ပြီက တစ်ကြောင်းမို့ ဝါကျင့်ကျင့် အရောင်သမ်းကာ ခေါက်ရိုးကျိုးလျက် ရှိနေချေပြီတကား။

သို့တိုင် ပဝါပေါ်မှ ဒေါင်းရုပ်ပုံသည်လှပနေဆဲ၊ သက်ဝင်လှုပ်ရှားတော့မည်ဟု ထင်နေရဆဲပင်။

ယန်ချင်းသည် ဒေါင်းပုံကို မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။

ရုတ်တရက် သူ၏မျက်ဝန်းအစုံ၌ မျက်ရည်များစီးကျလာလေသည်။

မျက်ရည်တစ်ပေါက်သည် ဒေါင်းရုပ်ပုံပေါ်သို့ တည့်တည့်မတ်မတ် ကျရောက်သွားလေသည်။

www.burmeseclassic.com



ယန်ချင်းသည် မျက်ရည်များကိုသုတ်ပစ်ခြင်းမပြုဘဲ ပဝါလေးကို သိမ်းဆည်းပြီးနောက် ချယ်ရီပင်ကြီးအောက်မှ ထွက်ခွာလာခဲ့ပေတော့သည်။

....ဝ....

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားတော့မည် ဖြစ်သည်။

ကောင်းကင်တစ်ခုလုံး ပုစွန်ဆီရောင်သမ်းနေ၏။

အိပ်တန်းပြန်ငှက်များ အုပ်စုဖွဲ့ကာ ပျံသန်းသွားနေကြသည်ကို တွေ့ရ၏။

ညနေဆည်းဆာအချိန်သည် ရစ်သပ်ရှုမောဘွယ် ကောင်းအောင် သာယာလှပနေသည်။

အရှေ့ဘက်မလှမ်းမကမ်း၌ ကျင်းလိမ်မြို့ကို တွေ့မြင်နေရပြီဖြစ်လေသည်။



ယန်ချင်းက လေးတွဲ့သောခြေလှမ်းများဖြင့် ကျင်းလိမ်မြို့ဆီသို့ မှန်မှန်ကြီးလျှောက်သွားနေ၏။

သူ၏ပုံဟန်မှာ ခံစားချက်ကင်းမဲ့သည့် ယန္တရားရုပ်တစ်ခုနှင့်တူလှပေတော့သည်။

ကျင်းလိမ်မြို့နှင့် တစ်စထက်တစ်စ နီးကပ်လာချိန်ဝယ်....

'ရပ်လိုက်စမ်း'

အော်ဟောက်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယန်ချင်း တုံ့ခနဲရပ်သွား၏။

ယခုမှသတိဝင်လာပြီး ပတ်ဝန်းကျင်ကို သေသေချာချာကြည့်လိုက်ရာ လူတစ်ယောက်က ရှေ့မှလမ်းပိတ်၍ ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

'ဟင်....နဂါးလေးပါလား'

ယန်ချင်း လွှတ်ခနဲရေရွတ်လိုက်၏။

မှန်ပေသည်၊ လမ်းပိတ်ထားသူမှာ နဂါးလေးယန်ခွမ်းဖြစ်လေသည်။

နဂါးလေးယန်ခွမ်း၏မျက်နှာ ကြောက်မက်ဘွယ် ကောင်းအောင် ခက်ထန်နေပေသည်။

ယန်ချင်းအား စေ့စေ့ကြည့်ရင်း....

'လူယုတ်မာကြီး၊ ခင်ဗျားကိုရှင်းပစ်ဖို့ ချိန်းတဲ့ရက်အထိ ကျုပ်မစောင့်နိုင်တော့ဘူးဗျ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါ်သတ်ကြီး အော်ပြောလာလေသည်။

ယန်ချင်း အံ့ဩသွားသည်။

'နဂါးလေး၊ မင်းဘယ်လိုဖြစ်လာတာလဲကွ'

'ကျုပ် ဘာဖြစ်လာတယ်ဆိုတာ ခင်ဗျားသိတယ်၊ ကဲ... ခင်ဗျားရဲ့ဓားကို ထုတ်ပေတော့'

ပြောပြောဆိုဆို နဂါးလေးယန်ခွမ်းက တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

ယန်ချင်းသည် အတွေ့အကြုံရင့်ကျက်သူပီပီ တစ်စုံတစ်ခု မှားယွင်းနေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ထို့ကြောင့် လက်ကာပြရင်း...

'နဂါးလေး၊ ဟူကျင်းဟာ သေသင့်သေထိုက်တဲ့လူတစ်ဦးဆိုတာ နားလည်ထားစမ်းပါကွာ၊ သူ့ကိုသာ ငါက မဖယ်ရှားခဲ့ဘူးဆိုရင် ယခုချိန် သူက လူကောင်းဆယ်ယောက်လောက် မျက်ရည်ကျအောင် လုပ်ပြီးလောက်ပြီကွ၊ မင်းရဲ့စိတ်ထားကို ငါနားလည်ပါတယ်၊ စိတ်လိုက်မာန်ပါ မလုပ်ချင်စမ်းပါနဲ့ကွာ'

ဟု ဖျောင်းဖျပြောဆိုလိုက်လေသည်။

'ဟား...ဟား...ဟား'

နဂါးလေးယန်ခွမ်းက ဟားတိုက် ရယ်မောလိုက်လေသည်။

'အစ်ကိုကြီးဟူကျင်းဟာ သေသင့်သေထိုက်တဲ့လူဆိုတာကို ကျုပ်လက်ခံပါတယ်၊ ဒါပေမယ့် ချူးရှာအတွက်တော့ ကျုပ် လက်မခံနိုင်ဘူးဗျ'



'ချူးရှာ ဟုတ်လား၊ သူကဘယ်သူလဲ'

'ခင်ဗျား ဟန်ဆောင်မနေပါနဲ့ဗျာ၊ ကျုပ်ကိုလှည့်စားနေလို့ အပိုပါ'

ယန်ချင်း၏မျက်နှာ တည်သွားသည်။

နဂါးလေးယန်ခွမ်းအား စိုက်ကြည့်ရင်း...

'နဂါးလေး၊ ငါ့ကို ဘယ်လိုလှည့်စားလို့ မင်းဆင်နေသလဲ'

ဟု ခပ်ပြတ်ပြတ် မေးလိုက်သည်။

နဂါးလေးယန်ခွမ်းက...

'ခင်ဗျားဟာ လူကြီးလူကောင်း ဟန်ဆောင်မျက်နှာဖုံးစွပ်ထားတဲ့ လူဆိုးခေါင်းကြီးတစ်ယောက်ဆိုတာ ကျုပ်သိတယ်'

'ဘာ...မင်းဘယ်လိုပြောလိုက်တယ်'

'ဟွန်း...ခင်ဗျားဟာ မကောင်းသူပယ် ကောင်းသူကယ်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ လောကပါလဓားလို့ အမည်ခံယူပြီး လူတွေကို လှည့်စားနေခဲ့တယ်၊ တကယ်တော့ ခင်ဗျားဟာ သွေးဇိညာဉ်ဂိုဏ်းရဲ့ ပါးကွက်သားတစ်ယောက်ပဲ၊ သွေးဇိညာဉ်ဂိုဏ်းအတွက် အနှောင့်အယှက်ဖြစ်နေတဲ့လူတွေကို ခင်ဗျားက တာဝန်ယူ ဖယ်သင်ရှင်းလင်းပေးပြီး နာမည်ကောင်းယူနေတဲ့ လူပဲ'

လောကပါလဓားယန်ချင်း ခံပြင်းဒေါသ ထွက်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'နဂါးလေး၊ မင်း...မင်းလွန်လာပြီ'

နဂါးလေးယန်ခွမ်း မဲ့ပြုံးပြုံးလိုက်သည်။

'သွေးစည်းညာဉ်ဂိုဏ်းက ကျုပ်ကိုအသုံးချ သို့ မရတာနဲ့ သုတ်သင်ရှင်းလင်းပစ်ဖို့ ငွေအိုးကြီးကို တာဝန်ပေးခဲ့တယ်၊ ခင်ဗျားဟာ ငွေအိုးကြီးနဲ့ပေါင်းပြီး ချူးရှာကိုသတ်ပစ်ခဲ့တယ်'

'ဘာ...ဘာပြောတယ်၊ မင်းဘာကြောင့် ငါ့ကိုမတရားစွပ်စွဲနေတာလဲ'

'စွပ်စွဲတာ မဟုတ်ဘူး၊ ချူးရှာကိုယ်တိုင် သေအံ့မူးမူးအချိန်မှာ ခင်ဗျားရဲ့ယုတ်မာပုံတွေကို ပြောသွားတာ'

လောကပါလဓား ယန်ချင်းသည် အတွေ့အကြုံရင့်ကျက်သူတစ်ယောက် ဖြစ်ပေသည်။

နဂါးလေးယန်ခွမ်း၏ စွပ်စွဲပြောဆိုမှုကြောင့် ခံပြင်းသွားသော်လည်း တင်စုံတစ်ခု မှားယွင်းနေပြီဖြစ်ကြောင်း ချက်ချင်းပင် တွေးလိုက်မိလေသည်။

နဂါးလေးယန်ခွမ်းသည် တစ်ချိန်က နာမည်ကြီးဒုစရိုက်ဂိုဏ်းခေါင်းဆောင်ဖြစ်ခဲ့သည့်တိုင် ဟူယင်ဘု ကျောင်း၌ အတူလက်တွဲတိုက်ပွဲ ဝင်ခဲ့ကြပြီးနောက် စိတ်ရင်းကောင်းသူဖြစ်ကြောင်း သိခဲ့ရလေသည်။

ထို့ကြောင့် သူ့အား မတရားစွပ်စွဲနေသည်မှာ အကြောင်းတစ်ခုခုကြောင့် ဖြစ်ရမည်ဟု တွေးမိလာသည်။



နဂါးလေးယန်ခွမ်းအား စိုက်ကြည့်လိုက်ပြီး....

'နဂါးလေး၊ ချူးရှာသေသွားပြီ ဟုတ်လား'
ဟု မေးလိုက်လေသည်။

နဂါးလေးယန်ခွမ်း အံကြိတ်ကာ...

'ခင်ဗျားကိုယ်တိုင် ရက်ရက်စက်စက်တိုက်ခိုက်ခဲ့ပြီးမှ မသိချင်ဟန်ဆောင်မနေပါနဲ့ဗျာ၊ သူ့အတွက် ခင်ဗျားအသက်ကို အလျော်ပေးရလိမ့်မယ်'

လောကပါလဓား ယန်ချင်း ရင်ထိတ်သွားလေသည်။

'ကျုပ်ရဲ့လက်ချက်ကြောင့်လို့ ဘယ်သူပြောသလဲ'
ဟု မေးလိုက်၏။

နဂါးလေး ယန်ခွမ်းက....

'ချူးရှာ ကိုယ်တိုင်ပြောသွားတာ၊ သူကအသက်အသေခံပြီး လိမ်ပြောပါ့မလားဗျာ၊ တကယ်ဆိုရင် အစ်ကိုကြီးဟူကျင်းအတွက် ကျုပ်ကခင်ဗျားနဲ့ ရစ်မဆိုင်သင့်ဘူးလို့ ကျုပ်ကိုဖျောင်းဖျသွားတယ်၊ ခင်ဗျားကိုအကျိုးအကြောင်း ရှင်းပြပြီး ယှဉ်ပြိုင်ပွဲကို ဖျက်သိမ်းခိုင်းမယ်၊ သူထွက်သွားတာ ခင်ဗျားက သူ့ကို ရက်ရက်စက်စက် သတ်ပစ်လိုက်တာပဲ'

'မင်းမှားနေပြီကွ'

လောကပါလဓား ယန်ချင်း၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နဂါးလေး ယန်နွမ်း ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မမှားဘူး၊ ခင်ဗျားလို ကြည်ညိုလေးစားစရာကောင်းတဲ့လူနဲ့ ယှဉ်ပြိုင်ဖို့ အတင်းအကြပ်စိန်ခေါ်ခဲ့မိတာ ကျုပ်မှားပြီလို့တောင် ထင်ခဲ့သေးတယ်၊ ဒါပေမယ့် ခင်ဗျားဟာ ကူယုတ်မာကြီးတစ်ယောက်ဆိုတာ သိရပြီ၊ စိန်ခေါ်ခဲ့မိတဲ့အတွက် နောင်တမရတဲ့အပြင် ဝမ်းတောင်သာသေးတယ်၊ ကဲ...ခင်ဗျားရဲ့ဓားကို ထုတ်ပေတော့'

စကားဆုံးလျှင် နဂါးလေးယန်နွမ်းက မီးသွေးကားပေးလိုက်သည့် ဓားမြှောင်ကို ထုတ်ယူလိုက်လေသည်။

လောကပါလဓား ယန်ချင်းနှင့် ပြတ်ပြတ်သားသား ရင်ဆိုင်ရန် အဆိုင်အမာဆုံးဖြတ်ထားပုံရ၏။

သူ့အား မည်သူကမျှ တားဆီးနိုင်စွမ်းရှိတော့မည် မဟုတ်ပါတကား။

လောကပါလဓား ယန်ချင်းသည် အဖြစ်မှန်ဖော်ထုတ်လိုစိတ်များ ဖြင့်ပေါ်နေပါ၏။

နဂါးလေးယန်နွမ်းနှင့် ရင်ဆိုင်တိုက်ခိုက်လိုစိတ် အလျဉ်းမရှိချေ။

ထို့ကြောင့်...

'နဂါးလေး၊ ငါတို့ယှဉ်ပြိုင်ဖို့ ချိန်းထားတဲ့ရက်ကို မရောက်သေးဘူးကွ၊ ဒါကြောင့်...'



'ကျုပ်မစောင့်နိုင်တော့ဘူး၊ ခင်ဗျားဓားထုတ်လိုက်ပါ'

နဂါးလေးယန်နွမ်းက ကြားဖြတ် အော်ပြော လိုက်ခြင်းကြောင့် လောကပါလဓားယန်ချင်း ရှေ့ဆက်မပြောသာအောင် ဖြစ်သွားရလေတော့သည်။

နဂါးလေးယန်နွမ်းက...

'ခင်ဗျား ခုချိန်ထိ ဓားမထုတ်သေးဘူးလား၊ ကျုပ်မစောင့်နိုင်တော့ဘူး၊ ခင်ဗျားရှောင်နိုင်ရင် ရှောင်ပေတော့'

ကျယ်လောင်စွာ အော်ဟောက်လိုက်ပြီး လောကပါလဓားယန်ချင်းထံ ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။

ချူးရှာအတွက် ခံစားချက်ပြင်းထန်နေရကား လောကပါလဓား ယန်ချင်းတစ်ယောက် တိုက်ပွဲကို ရှောင်လွှဲ၍မရနိုင်အောင် စောင်တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

သူက တိုက်ပွဲစလိုက်သဖြင့် လောကပါလဓား ယန်ချင်းသည် ပြန်လည်တိုက်ခိုက်လာရလိမ့်မည် ဖြစ်ပေသည်။

~~ထိုအခါ မည်သူမျှ နှောင့်ယှက်နိုင်ကြတော့မည် မဟုတ်ပါ။~~

မည်သည့်အကြောင်းဖြင့်ဖြစ်စေ၊ တိုက်ပွဲကို တားဆီးနိုင်တော့မည်မဟုတ်ချေ။ သူတို့နှစ်ယောက်အနက် တစ်ယောက်ယောက် မြေပေါ် လဲကျသွားမှသာလျှင် တိုက်ပွဲအဆုံးသတ်လိမ့်မည် ဖြစ်သည်။

မည်သူ မြေပေါ် လဲကျသွားမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



မည်သူက မားမားမတ်မတ် ရပ်ကျန်နေခဲ့ပါမည်နည်း။

နဂါးလေးယန်ခွမ်းသည် တိုက်ပွဲကို စတင်ဖန်တီးလိုက်သည့် တဒင်္ဂအချိန်အတွင်းမှာပင် မမျှော်လင့်သောဖြစ်ရပ်နှင့် ကြုံတွေ့လိုက်ရသည်။

....o....

နဂါးလေးယန်ခွမ်းမှာ သိုင်းပညာမတတ်ပါ။

သူ၏ဘဝတစ်လျှောက်လုံးတွင် အသက်လု တိုက်ပွဲများနှင့် အကြိမ်ပေါင်းများစွာ ရင်ဆိုင်ခဲ့ရပေသည်။

အတွေ့အကြုံအရ အသက်ကိုပခေနမထားဘဲ တိုက်ကွက်ကို တိုက်ကွက်ချင်း တုံ့ပြန်ခြင်းဖြင့် ရင်ဆိုင်ကာ လျှပ်တစ်ပြက် တိုက်ခိုက်မှုကို အားကိုးပြီး ရင်ဆိုင်ခဲ့ရသည်ချည်း ဖြစ်သည်။

သူ၏ စွန့်စားသောတိုက်ကွက်များသည် နောင်တွင် နဂါးလေးဟူသော နာမည်တစ်လုံးဖြင့် ဒုစရိုက်လောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားစေခဲ့သည်။



တစ်ချက်ကောင်း တိုက်ခိုက်လေ ရှိခြင်းကြောင့် သူ၏ တိုက်ကွက်ထိသွားသူတိုင်း တုံ့ပြန်နိုင်စွမ်းမရှိတော့ဘဲ ဖြစ်ရပေသည်။

ရန်သူအား အခွင့်အရေးလုံးဝမပေးသဖြင့် နဂါးလေးဟု ထင်ရှားလာခြင်း မဟုတ်ပါသား။

ယခု....

နဂါးလေးယန်ခွမ်းသည် လောကပါလဓား ယန်ချင်းအား တိုက်ခိုက်လိုက်ပြီး ဖြစ်လေသည်။

ဘယ်ဘောမှ နောက်ဆုတ်လေ မရှိဘဲ တစ်ချက်ကောင်း ပွဲသိမ်း တိုက်ခိုက်လေ ရှိသည့်အတိုင်း တိုက်ခိုက်လိုက်ခြင်းဖြစ်ပေသည်။

မီးသွေးတုံး၏ဓားကို သူကအသုံးချလိုက်ခြင်း ဖြစ်သည်။

ချူးရှာနှင့် မီးသွေးတုံးတို့သည် သူ၏ ယယ်ပေါင်းကြီးဖော်များဖြစ်သည်။

သုံးယောက်ပေါင်း တစ်ဘဝဟုပင် ဆိုနိုင်ပေတော့သည်။

မီးသွေးတုံးပေးလိုက်သည့်ဓားသည်ပင် သူတို့သုံးယောက်၏ အမှတ်အသားဖြစ်သည်။

ယန်ခွမ်း၊ မီးသွေးတုံးနှင့် ချူးရှာတို့၏ ဝိညာဉ်များသည် ထိုဓားမြှောင်ပေါ်၌ ပူးကပ်နေသည်ဆိုနိုင်သည်။

ယန်ခွမ်းက ဩဘသံပေးရင်း လောကပါလဓား ယန်ချင်းထံ ခုန်ဝင်ကာ ဓားမြှောင်ဖြင့် ထိုးစိုက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လောကပါလဓားယန်ချွင်းသည် ခေါင်းရှေ့ တစ်ဘက်ကမ်း ခတ် တောင်ပြောက်သွားသည်ကိုမြင်ပေသည်။

ထို့ကြောင့် လောကပါလဓားကို ဆွဲထုတ်ကာ ပြန်လည် တိုက်ခိုက်လာလျှင် မိမိအတွက် ရာသက်ရှည်နိုင်ဖွယ်လမ်း မရှိ ကြောင်း နဂါးလေးယန်ခွမ်း နားလည်ထားသည်။

ယခုကိုက်ခွဲသည့် သူ့ဦးနှစ်ယောက်စလုံး သေဆုံးသွားနိုင် လောက်အောင် ကိုက်ခွဲပြီးဖြစ်ပေတော့သည်။

သို့သော် တိုက်ခိုက်မှုစတင်လိုက်သည်နှင့် မမျှော်လင့်သော ဖြစ်ရပ်နှင့် ကြုံတွေ့လိုက်ရလေသည်။

လောကပါလဓားယန်ချွင်းသည် သူ့အား မမှိတ်မသုန် စိုက်ကြည့်ရင်း ကျောက်ရုပ်ကြီးတမျှ ရပ်မနေ မလှုပ်မယှက် ရပ် နေ၏။

သူ၏လက်နှစ်ဖက် ဓားသို့ တွဲလောင်းချထားသည်။

ဓါးဓားကို ဆွဲထုတ်ခြင်းအလျဉ်းမရှိချေ။

နဂါးလေးယန်ခွမ်း ထိတ်လန့်သွား၏။

လောကပါလဓားယန်ချွင်းသည် အဘယ်ကြောင့် ခုခံတိုက် ခိုက်ခြင်း မပြုရပါသနည်း။

မိမိရင်ဆိုင်ခဲ့ရသူတိုင်းသည် မိမိအား သတ်သင်ရှင်းလင်းပစ် ရန် အသည်းအသန်ကြိုးစားကြသူများချည်းသာ ဖြစ်သည်။



ကြောက်မက်ဖွယ်အကောင်းဆုံး၊ အပြင်းထန်ဆုံး တိုက် ကွက်များထုတ်ဖော်ကာ တိုက်ခိုက်ကြသူများချည်းသာ ဖြစ် ပေသည်။

မိမိ၏တိုက်ကွက်ကို ခုခံခြင်းအလျဉ်းမရှိဘဲ ရပ်တည်ခံနေ သူဟူ၍ တစ်ယောက်တစ်လေမျှပင် မရှိချေ။

ထို့ကြောင့် ရန်သူအား အနိုင်ယူလိုက်ရသည့်တိုင် မိမိသည်း သက်သာမည်မဟုတ်မှန်း ယန်ခွမ်းနားလည်၏။

သိုက်လိုက်တန်တန် အနိုင်ရခြင်းမျိုးလည်း ဖြစ်သည်ဟု ယုံကြည်ထားပေသည်။ သို့သော် မိမိတိုက်ခိုက်မှုကို လက်ခံ ခံသူဟူ၍ လုံးဝမတွေ့ဖူးသဖြင့် နဂါးလေးယန်ခွမ်း ကြောင် အမ်းအမ်းဖြစ်သွားလေသည်။

ဓါးငုံ့ခံနေသူအား သူက အနိုင်ယူရမည်လော။

အနိုင်ယူရန်ကြိုးစားမည်ဆိုလျှင် သူသည် တန်ဖိုးမဲ့သူတစ်ဦး ဖြစ်သွားပေလိမ့်မည်။

ယန်ခွမ်း ရုတ်တရက် မည်သို့ဆုံးဖြတ်ရမှန်းမသိ ဖြစ်သွား လေသည်။

လောကပါလဓား ယန်ချွင်းက ခုခံတိုက်ခိုက်ရန် မကြိုးစား ခြင်းသည်ပင် ထောင်ချောက်တစ်ခု ဖြစ်နေသည်လော။

ပေခွဲမရနိုင်မီမှာပင် သူ၏ လက်ထဲမှ ဓားမြှောင်သည် လောကပါလဓားယန်ချွင်း၏ရင်ဝသို့ [illegible] ဆောက်ကနဲ [illegible] စိုက် ကျက်သား ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူချင်းနီးကပ်သွားသဖြင့် သူတို့နှစ်ယောက် မျက်လုံးချင်း ဆုံမိလိုက်ကြသည်။

နဂါးလေးယန်ခွမ်း ရင်ထဲဒိန်းခနဲဖြစ်သွား၏။

ထောင်ချောက်တစ်ခုမဟုတ်ပါ။

လောကပါလဓားယန်ချင်းသည် လုံးဝမခုခံဘဲ နေလိမ့်မည်ဖြစ်ကြောင်း ချက်ချင်းသဘောပေါက်သွား၏။

'သူကဘာကြောင့် မခုခံရတာလဲ'

ဟူသောအတွေး ဦးခေါင်းထဲဝင်ရောက်လာသည်နှင့် တိုက်ခိုက်လိုစိတ်များ ကွယ်ပျောက်သွားရလေသည်။

နဂါးလေးယန်ခွမ်းသည် ဓားကိုင်ထားသည့်လက်ကို ပြန်လည်ရုပ်သိမ်းရန် ကြိုးစားလိုက်သည်။

သို့ပါသော်လည်း မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်တော့ချေ။

ကြံရာမရသည့်နောက်ဆုံး လက်ကောက်ဝတ်ကို ဆတ်ခနဲ လှည့်ကာ ဓား၏ဦးတည်ရာလမ်းကြောင်းကို ပြောင်းလဲသွားအောင် ကြိုးစားလိုက်လေသည်။

ဓားမြှောင်သည် လောကပါလဓားယန်ချင်း၏ ရင်ဝသို့ တိုးဝင်သွားရာမှ လမ်းကြောင်းပြောင်းလဲသွားကာ ဝဲဘက် လက်မောင်းကို ထိုးစိုက်မိလိုက်လေသည်။

လောကပါလဓားယန်ချင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။



နောက်သို့ သုံးလေးလှမ်းမျှ ဆုတ်သွား၏။

'ထောက်...'

နဂါးလေးယန်ခွမ်း၏လက်ထဲမှဓားမြှောင်လည်း လွတ်ကျသွားသည်။

နောက်သို့ ကပျာကယာ ဆုတ်လိုက်သည်။

ယန်ချင်းအား မျက်လုံးပြူး၍ကြည့်ရင်း...

'ခင်...ခင်ဗျား ဘာကြောင့် မခုခံတာလဲ'

ဟု မေးလိုက်သည်။

လောကပါလဓားယန်ချင်း ပြုံးလိုက်သည်။

'မင်းမှားနေပြီဆိုတာ သိစေချင်လို့ပါ'

'ဘာ...'

ယန်ခွမ်း၏အသံ ဟိန်းထွက်လာသည်။

ယန်ချင်းက...

'မင်းက ငါ့ရဲ့ရင်ဝကို ထိုးချလိုက်ဖို့ကောင်းတယ်ကွ'

ဟု ပြောသည်။

နဂါးလေးယန်ခွမ်းသည် လောကပါလဓား ယန်ချင်း၏ လက်မောင်းကို လှမ်းကြည့်မိလေသည်။

လောကပါလဓား ယန်ချင်း၏လက်မောင်း၌ အဝတ်အစားစုတ်ပြဲကာ ဓားဒဏ်ရာ အထင်းသားပေါ်လွင်နေ၏။

ထိုဓားဒဏ်ရာမှသွေးများ စီးကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နဂါးလေးယန်ခွမ်းသည် မြင်ကွင်းကို မယုံကြည်နိုင်စွာ ကြည့်နေမိသည်။

လောကပါလမေား ယန်ချင်း၏ဒဏ်ရာမှ စီးကျလာသည့် သွေးများကား နီရဲနေခြင်းမရှိဘဲ သွေးမည်းများဖြစ်နေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့်ပင်။

'ဒါ...ဒါ...ဘယ်လိုဖြစ်ရတာလဲ'

ယန်ခွမ်း အထစ်ထစ်အငေါ့ငေါ့ ရေရွတ်လိုက်သည်။

လောကပါလမေား ယန်ချင်း၏ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာသည်။

'မင်းရဲ့ဓားမှာ အဆိပ်ရှိနေတာကို'

'ဘာ...ဘာဗျ'

'မင်းက ဖိုင်ဘက်ကို ကောက်ကျစ်စဉ်းလဲတဲ့နည်းနဲ့ အနိုင်ယူတတ်တယ်ဆိုတာ ကျုပ်ကကြိုသိရရင် မြန်မြန်ပြီးတိုက်ခိုက်မိမှာ မဟုတ်ဘူးပေါ့'

ယန်ခွမ်း ခေါင်းယမ်းလိုက်သည်။

'ခင်ဗျား မဟာရားမှပြောနဲ့၊ ကျုပ်ဘယ်တုန်းကမှမယုတ်မာခဲ့ဘူးဗျ'

'မင်းဘာပဲပြောပြော ငါက လက်တွေ့ခံနေရပြီလေကွာ'

'ဘာဆိုင်လို့လဲဗျ'



'မင်းရဲ့ဓားမှာ အဆိပ်မပါဘူးလို့ မင်းက ငြင်းချင်သေးလို့လား'

'ကျုပ်...ကျုပ်...'

ယန်ခွမ်းသည် မြေပေါ်ကျနေသည့် ဓားမြှောင်ကလေးကို လှမ်းကြည့်မိလိုက်သည်။

ဓားမြှောင်ကလေး အဘယ်ကြောင့် ကြည့်ပြာရောင် သမ်းနေရသည်ဆိုခြင်းကို သူ နားလည် သဘောပေါက်သွားပြီဖြစ်လေသည်။

ဓားသွားပေါ်၌ အဆိပ်များ သုတ်လိမ်းထားခဲ့ခြင်းကြောင့် မဟုတ်ပါလား။

အမှန်တော့ ဓားမြှောင်တွင် အဆိပ်ရှိနေသည့်အဖြစ်ကို သူ မသိခဲ့ပါ။ သူကရှင်းပြလျှင်လည်း ယန်ချင်းက လက်ခံနိုင်ပါမည်လော။

ယန်ချင်း၏ လက်မောင်းဒဏ်ရာမှ သွေးမည်းများကျဆင်းနေခြင်းသည် အထင်အရှား သက်သေခံနေပြီဖြစ်သည်။

ယန်ချင်းက....

'မင်းဟာ ဓားမှာ အဆိပ်သုတ်လိမ်းထားမှာ မဟုတ်ဘူးဆိုတာ ကျုပ်ယုံကြည်ပါတယ်ကွာ'

ဟု ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်ကဘာဖြစ်လို့ အဆိပ်ကိုသုံးရမှာလဲ'

'မင်းကမသုံးဘူး၊ ဒါပေမယ့် သူများက မင်းသုံးဖြစ်အောင်လို့ အကွက်ဆင်လိုက်တယ်ဆိုတာ ငါယုံကြည်တယ်'

ယန်ခွမ်းသည် မီးသွေးတုံး၏မျက်နှာကို ပြေး၍ မြင်ယောင်လိုက်သည်။

မီးသွေးတုံးက အဘယ်ကြောင့် အဆိပ်သုတ်လိမ်းထားသည့်ဓားကို ပေးခဲ့ရပါသနည်း။

ယန်ချင်းက…

'မင်းက အဆိပ်နဲ့ဓား ကိုင်လေ့မရှိဘူး၊ ဒါပေမယ့် ငါ့ကို အဆိပ်ဓားနဲ့ တိုက်ခိုက်ခဲ့တာအမှန်ပဲ၊ အေး….ငါကလဲ ဘယ်တော့မှ မတရားတဲ့အလုပ်မလုပ်ခဲ့ဘူး၊ ဒါပေမယ့် မင်းရဲ့သူငယ်ချင်းချူးရှာဟာ ငါ့ကြောင့်သေသွားရသလို ဖြစ်နေတယ်'

ဟု ပြောလေသည်။

ယန်ခွမ်း၏ခန္ဓာကိုယ် တဆတ်ဆတ်တုန်ယင်လာသည်။

တစ်စုံတစ်ခုမှားယွင်းနေပြီဖြစ်ကြောင်း ပထမဆုံးအကြိမ်သတိပြုမိလာတော့သည်။

ယန်ချင်းက ဆက်ပြောသည်။



'နဂါးလေး၊ သွေးစည်းသဉ်ဂိုဏ်းကတော့ အမှောင်ကိုပဲ ကြောက်စရာကောင်းတယ်ဆိုတာ မင်းလက်ခံဖို့ ကောင်းပါပြီကွာ၊ တကယ်ဆိုရင် ချူးရှာသေရတာ ငါ့လက်ချက်ကြောင့် မဟုတ်ပါဘူး၊ ဟူယင်ဘု ကျောဘက်ကပြန်လာပြီး ကတည်းက ငါ ဘယ်သူနဲ့မှ မတွေ့ခဲ့ရသေးပါဘူး'

ယန်ခွမ်း မျက်မှောင်ကြီးကြုတ်ကာ တွေးတောစဉ်းစားနေမိသည်။

သူနားမလည်နိုင်အောင်ဖြစ်ရသည်မှာ မီးသွေးတုံးကိုပင်ဖြစ်ပါသည်။

မီးသွေးတုံးသည် အရေးကြီးသည့်အချိန်တွင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပြီး အဆိပ်ဓားဖြစ်ကို ပေးသွားခဲ့လေသည်။

သူ ရောက်ရှိလာခြင်းသည် သွေးရိုးသားရိုးမှ ဟုတ်ပါ၏လော။

ယန်ချင်းစကားသံ ပြန်လည်ထွက်ပေါ်လာပြန်သည်။

'နဂါးလေး….၊ ငါက ထိပ်သီးသိုင်းသမားတွေကိုတောင် မကြောက်မရွံ့ ရင်ဆိုင်လာခဲ့တဲ့လူပါ၊ ငါ့ရဲ့သိုင်းပညာဟာ ထိပ်ဆုံးအဆင့်မှာရှိတယ်လို့ မပြောနိုင်ရင်တောင်မှ မင်းကိုအလွယ်တကူ အနိုင်ယူနိုင်တယ်ဆိုတာ နားလည်ထားစမ်းပါ၊ ငါက ဘာကြောင့် မင်းရဲ့တိုက်ကွက်ကို မခုခံရသလဲဆိုတာ မင်းသိ

www.burmeseclassic.com

www.burmeseclassic.com



သလား၊ ငါကမင်းပြောသလို လူယုတ်မာမဟုတ်ဘူး၊ ချူးရှာကို သတ်တာ ငါမဟုတ်ဘူးဆိုတာ သက်သေပြချင်လို့ပဲ

ယန်ခွမ်းသည် ယန်ချင်းအား အထိတ်တလန့် ကြည့်မိ၏။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိစေရန် နောက်ကွယ်မှ ဖန်တီးသူရှိနေကြောင်း သတိပြုမိလိုက်သည်။

နဂါးလေးယန်ခွမ်းနှင့် လောကပါလမေး ယန်ချင်းတို့ ရှောင်လွှဲ၍မရအဲ ထိပ်တိုက်ရင်ဆိုင်တွေ့စေလိုသည်မှာ အဘယ်ကြောင့်နည်း။

ထိုအချက်ကို လောကပါလမေးယန်ချင်းက သူ့ထက် အလျင် တွေးမိခဲ့ဟန်ရှိကြောင်း နဂါးလေးယန်ခွမ်း သတိပြုမိလာသည်။

အနားမလည်နိုင်သည့် ကိစ္စတစ်ခုသည် သူ့အပေါ် လွှမ်းမိုးနေပြီ ဖြစ်သည်။

သူကိုယ်တိုင် စိတ်လိုလက်ရ ပြုလုပ်ခဲ့သည့် ကိစ္စတိုင်းသည် နောက်ကွယ်မှ ထိတ်တခိုက် ကြိုးကိုင်ဖန်တီးသူ ဖြစ်စေလိုသည့် ကိစ္စများချည့် ဖြစ်နေမှုရှိသည်။

မိမိသည် သူတစ်ပါး ကြိုးဆွဲရာ က နေမိသည့်ဘဝ ရောက်နေပြီဟု တွေးမိလျှင် ယန်ခွမ်း မကျေမနပ် ဖြစ်လာသည်။

သူက အဆိပ်မေးမြွေဖြင့် တိုက်ခိုက်ခဲ့သော်လည်း မေး ကြောင်တွင် အဆိပ်ရှိကြောင်း မသိခဲ့သည်မှာ အမှန်ဖြစ်၍ ချူးရှာအား လုပ်ကြံလိုက်သူမှာ မိမိမဟုတ်ဟု လောကပါလ



မေး ယန်ချင်း၏ငြင်းဆန်မှုသည် လိမ်ညာခြင်းဟု တထစ်ချမဆို နိုင်ပါတော့ချေ။

ယန်ခွမ်းငေးငိုင်နေစဉ် လောကပါလမေးယန်ချင်းက အေး ယူ၍ပြုံးရင်း....

'အဆိပ်က အတော်ပြင်းတာပဲကွ'

ဟု ပြောလာသည်။

သူ၏ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်နေပါ၏။

မြေပေါ်၌ ကြာကြာရပ်နေနိုင်မည်မဟုတ်တော့မှန်း ထင် ရှားသည်။

ယန်ခွမ်းလည်း ယခုမှ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

'အဆိပ်အကြောင်း ကျုပ်ဘာမှမသိဘူးဗျ'

ဟု ပြောလိုက်သည်။

ယန်ချင်း ခေါင်းညိတ်လိုက်သည်။

'ငါနားလည်ပါတယ်ကွာ၊ ငါက သူတို့နဲ့ဆက်ပြီး ရင်ဆိုင် နိုင်တော့မှာမဟုတ်ဘူး၊ ဒါကြောင့် ငါတို့နှစ်ယောက်ကိုသာ ကေ သိင်းလောကတစ်ခုလုံးကိုပါ မကောင်းကြံနေတဲ့လူတစ်စု ကို ဖော်ထုတ်ပြီးဆုံးမဖို့ မင်းတာဝန်ယူစမ်းပါ'

ယန်ခွမ်း အံကြိတ်လိုက်သည်။

'သွေးဝိညာဉ်ဂိုဏ်း၊ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'အိပ်ရာတက်ဆာပေါ့ကွာ၊ ဒီနေ့နဲ့ပယ်သ ပြီ၊ ငါသက်သာ မိုက်ရဲ့အချက်တစ်ချက်ရှိတယ်၊ ငါပြောပြခဲ့မယ်၊ မင်းကြိုးစားရင် ဒေသဝိညာဉ်ဂိုဏ်းကို ဖော်ထုတ်နိုင်မှာပါ'

ယန်ချောင်းသည် အဆိပ်မိထားပြီဖြစ်ရာ မကြာမီသေဆုံး သွားရတော့မည်ဟု ယုံကြည်ထားပုံရလေသည်။

ယန်ခွမ်း၏ရင် တင်းကျပ်လာသည်။

သူထက်လိုက်ဖျာန်ပါ လုပ်လိုက်ခြင်းဖြင့် အမှားကြီးတစ်ခု ကျူးလွန်မိလိုက်ပြီမဟုတ်ပါလား။

ယန်ချောင်းက...

'ငါဟာ ဒေသဝိညာဉ်ဂိုဏ်းကို ဖော်ထုတ်ဖို့ သဲကြီးမဲကြီး ကြိုးစားနေတာ လူတိုင်းသိကြတယ်၊ အခုသူတို့နဲ့ပတ်သက်ပြီး သဲလွန်စတစ်ခု ငါရထားပြီ၊ မင်းသေသေချာချာ နားထောင် ပါ၊ ငါ့ရဲ့မိတ်ဆွေ...'

ရုတ်တရက် သူ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

နှုတ်ခမ်းထောင့်မှ သွေးမှုန်များ စီးကျလာသည်။

မျက်မှောက်ကျသွားကာ မြေပေါ်လဲကျသွားသည်။

ယန်ခွမ်းသည် မျက်လုံးကြီးပြူးကာ ကြည့်နေမိ၏။

ယန်ချောင်းသည် မြေပေါ်မှလူးလိမ့်ထနိုင်ရန် ကြိုးစားပါသေး သည်။

သို့သော် အဆိပ်တက်နေပြီဖြစ်၍ မည်မျှပင် ကြိုးစားပါ သော်လည်း ပြန်မထနိုင်တော့ချေ။



ယန်ခွမ်းသည် ယန်ချောင်း၏အဖြစ်ကို ငေးကြည့်ရင်းမှပင် ရုတ်တရက် ရင်ထဲမခံစားချက်များ ပေါက်ကွဲသွားဟန်ဖြင့် အသံကုန်ဟစ်အော်လိုက်၏။

သူ၏အသံသည် ကျယ်လောင်စွာ မြည်ဟည်း ထွက်ပေါ် လာပြီး အဝေးသို့တိုင် လွင့်ပျံ့သွားတော့သည်။

...၁...

www.burmeseclassic.com

www.burmeseclassic.com

အမှန်တရား

မကောင်းမှုပြုသူ၏အကျိုးမှာ မကောင်းသည့် ရလာဒ်ပင် ဖြစ်သည်။

ကောင်းမှုပြုလျှင် ကောင်းကျိုးခံစားရမည်။

မကောင်းမှုနှင့် ကောင်းမှုသည် အားပြိုင်နေသလို ခွန်တွဲနေတတ်သည်။

ထို့ကြောင့် စေ့စေ့ကြည့်မှ အမှန်တရားကို တွေ့မြင်ရမည် ဖြစ်သည်။

....၁....



လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်လာလျှင် ဝန်းကျင်တစ်ခုလုံး ခရေပန်းရနံ့များ သင်းကိုင်သွားလေသည်။

လမ်းဘေးတစ်ဘက်တစ်ချက်တွင် စီတန်း၍ စိုက်ပျိုးထားသည့် ခရေပင်ကြီးများကို မျက်စိတဆုံး တွေ့မြင်နိုင်ပေ၏။

ခရေပင်များကြား၌ ဟိုတစ်စုသည်တစ်စု ရှိနေသည့် အိမ်ခေါင်မိုးများကို တွေ့မြင်ရမည်ဖြစ်သည်။

ရွာသူရွာသားများကပင် ခရေပင်များ စိုက်ပျိုးထားကြခြင်းလော၊ ခရေပင်များကြား၌ ရွာလာတည်ထားခြင်းလော မသိနိုင်တော့ချေ။

ယန်ခွမ်းသည် ခရေနံ့သင်းသော လေပြည်ကိုရှူရှိုက်ရင်း ခပ်သွက်သွက် လှမ်းလာခဲ့လေသည်။

ခရေပင်များကြားမှဖြတ်ကာ ခရေခြံရွာကလေးသို့ ခြေချမိသည်နှင့် ကြခတ်ဝါးများဖြင့် စည်းရိုးကာထားသည့် ခြံတစ်ခြံသို့ ဦးတည်လှမ်းသွားလိုက်ပြန်သည်။

ခြံတံခါး ပိတ်ထားပါသည်။

ခြံထဲ၌ ခပ်ကုပ်ကုပ်တဲအိမ်တစ်လုံး ရှိနေ၏။

ယန်ခွမ်းက....

'မီးသွေးတုံး'

ဟု ခေါ်လိုက်သည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း အိမ်ကလေးထဲမှ တုံ့ပြန်သံထွက်ပေါ်လာခြင်း မရှိချေ။

www.burmeseclassic.com

လူသူ တစ်စုံတစ်ယောက်မှ မရှိသည့်အလား တိတ်ဆိတ်ငြိမ်သက်နေသည်။

'မီးသွေးကုံး'

ယန်နွမ်းက ထပ်ခေါ်လိုက်သည်။

ယခုတစ်ကြိမ်၌လည်း တုံ့ပြန်သံမကြားရပါ။

ယန်နွမ်း စိတ်မရှည်တော့ဘဲ ခြံဝင်းတံခါးကို ဖျက်ဆီးကာ ခြံဝင်းထဲဝင်ရန် ဆုံးဖြတ်လိုက်၏။

ထိုစဉ်...

'မိတ်ဆွေ၊ ခြံထဲမှာ ဘယ်သူမှမရှိကြဘူးကွ'

စကားသံနှင့်အတူ ရွာသားတစ်ယောက် လှမ်းလာသည်ကို တွေ့ရလေသည်။

ယန်နွမ်းက...

'အိမ်ပိုင်ရှင်တွေ ဘယ်သွားကြသလဲဗျ'

ဟု မေးလိုက်သည်။

ရွာသားက...

'သူတို့ စီချူးမြို့ကိုပြောင်းသွားကြတာ မကြာသေးဘူး၊ ဒီခြံကိုထားပစ်ခဲ့ကြတယ်၊ မကြာမကြာ လာကြည့်မယ်လို့တော့ ပြောသွားကြတယ်'

'ဟာ...'

ယန်နွမ်း လွတ်ခနဲရေရွတ်လိုက်မိသည်။

မီးသွေးတုံး ပြောင်းသွားပြီမဟုတ်ပါလား။



'သူတို့ပြောင်းသွားတဲ့အိမ်ကိုသိရင် ကျေးဇူးပြုပြီး ပြောပြပါလားဗျာ'

ဟု မေးလိုက်လေသည်။

ရွာသား ခေါင်းကုပ်လိုက်သည်။

'ကျုပ် သေသေချာချာမသိဘူး၊ စီချူးမြို့ထဲကအုတ် ကောင်းတစ်ခုရဲ့ မျက်နှာချင်းဆိုင်မှာ အိမ်တစ်လုံးဝယ်လိုက်တယ်လို့ ကြားတာပဲ'

ဟု မရေမရာပြောလေသည်။

ယန်နွမ်း အားမရနိုင်ဘဲ ပြင်သွားသည်။

'သူတို့ပြောင်းသွားတဲ့နေရာကိုသိတဲ့လူ ရွာထဲမှာများရှိပါ့မလားဗျ'

ဟု မေးလိုက်ပြန်ရာ ရွာသားက...

'သူတို့က ကတိုက်ကရိုက်ပြောင်းသွားကြတာ၊ ကျုပ်တို့ရွာလေးဟာ အေးချမ်း သာယာလှပါတယ်၊ သူတို့က ဘာကြောင့် ရွာကိုစွန့်ပြီး နေပြည်တော်ဖက်ကို ပြောင်းသွားချင်ကြသလဲ မပြောတတ်တော့ပါဘူးဗျာ'

ဟု ညည်းလေသည်။

ဆက်မေးနေလျှင်လည်း အကြောင်းထူးတော့မည် မဟုတ်မှန်း ယန်နွမ်းရိပ်မိလိုက်သဖြင့်...

'မိတ်ဆွေပြောပြခဲ့တာတွေအတွက် [illegible] ကျေးဇူးတင်ပါတယ် ဗျာ၊ ကဲ...ကျုပ်ကိုခွင့်ပြုပါဦး'

www.burmeseclassic.com



ရွာသား အားနှုတ်ဆက်ကာ လှည့်ထွက်လာခဲ့လေသည်။

ခရေခြံရွာပြင်သို့ရောက်သည်နှင့် စီချူးမြို့သို့ ဦးတည်ကာ ခရီးပြင်း နှင်လေတော့သည်။

....၀....

စီချူးမြို့။

ယန်ခွမ်းသည် စည်ကားသိုက်မြိုက်လှသည့် စီချူးမြို့သို့ရောက်ရှိလာခဲ့မြဲဖြစ်သည်။

အဆိပ်ခေါးမြှောင်လာပေးသည့် မီးသွေးတုံးနှင့် စာရင်းရှင်းရလိမ့်မည် ဖြစ်ပေသည်။

လောကပါလမေး ယန်ချင်းနှင့် ရင်ဆိုင်မည်ဆိုလျှင် မိမိသာ သေဆုံးသွားရလိမ့်မည်ဟု လူတိုင်း ယုံကြည်ထားကြမည် ဖြစ်ပေသည်။



သူသေကိုယ်သေ တိုက်ခိုက်တတ်သည့်ဉာဉ်ကို ကောင်းစွာ နားလည်ထားသူမှာ မီးသွေးတုံးနှင့် ချူးရှာတို့ နှစ်ယောက်တည်းသာ ရှိပေသည်။

ချူးရှာကား သေဆုံးသွားခဲ့ချေပြီ။

မီးသွေးတုံးသည် အဆိပ်ခေါးမြှောင်ကို လာပေးခြင်းဖြင့် သူနှင့်ယန်ချင်း နှစ်ယောက်စလုံး သေဆုံးသွားစေလိုသည့် သဘော သက်ရောက်နေသည်။

ယန်ခွမ်း၏စိတ်ထဲ မရှင်းမလင်းဖြစ်နေသည်မှာ မီးသွေးတုံးသည် ယန်ချင်းနှင့်ယှဉ်ပြိုင်မည့်အချိန်တွင် အချိန်ကိုက်ရောက်ရှိလာခြင်းဖြစ်သည်။

ချူးရှာ သေဆုံးသွားသဖြင့် ယှဉ်ပြိုင်ရန် ရှောင်လွှဲမရတော့သည့်အချိန်၌ အဆိပ်ခေါးမြှောင်ကို ပေးသွား၏။

ချူးရှာသေဆုံးသွားခြင်း၊ မီးသွေးတုံးက အဆိပ်ခေါးမြှောင်ပေးခြင်းတို့သည် ကြိုတင် စီမံထားသည့်ကိစ္စများ ဖြစ်သည်ဟု ယန်ခွမ်း သံသယရှိနေပေတော့သည်။

ခရေခြံရွာကလေးမှ မီးသွေးတုံးပြောင်းရွှေ့သွားခြင်းသည်င် သူ၏သံသယစိတ်ကို ပိုမိုကြီးထွားလာစေတော့သည်။

စီချူးမြို့တွင် မီးသွေးတုံးအား ရှာတွေ့လိမ့်မည်ဟု ယုံကြည်သွားသည်။

သို့သော် စီချူးမြို့သို့ရောက်သောအခါ ယန်ခွမ်း အခက်ကြုံသွားရလေသည်။

အကြောင်းမှာ စီချူးမြို့တွင် ဘုန်းကျောင်းအတော်များများရှိနေခြင်းကြောင့် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း စိတ်ဓါတ်ကျဆင်းသွား၏။

သို့သော် မီးသွေးတုံးအား မရှာနေ ရှာဖွေရလိမ့်မည်ဖြစ်ရာ ကား ဘုံကျောင်းဘက်ခုမှတစ်ခုသို့ပြောင်းကာ လိုက်လံရှာဖွေခဲ့လေသည်။

ဘုံကျောင်းဆယ်ကျောင်းခန့် ရောက်ရှိခဲ့ပြီး ဘုံကျောင်းနှင့် မျက်နှာချင်းဆိုင်ရှိ အဆောက်အအုံများ၌ ရှာဖွေခဲ့လေသည်။

မီးသွေးတုံးနှင့်ပတ်သက်ပြီး မည်သို့သောသတင်းမှ မကြားရချေ။ မီးသွေးတုံးမှာ စုပ်စမြုပ်စ ကွယ်ပျောက်နေပေသည်။ ယန်ခွမ်းသည် စီချူးမြို့မှ ထွက်သွားလိုစိတ်များပင် ဖြစ်၍လာသည်။

သူလိုက်လံရှာဖွေခဲ့သည်မှာ ဘုံကျောင်းများလည်း ကုန်သလောက် ရှိနေပြီဖြစ်သည်။

အချိန်အတန်ကြာ ကုန်ဆုံးသွားပြီးနောက် နေမွန်းတည့်အချိန်သို့ ရောက်ရှိလာ၏။ နေခြစ်ခြစ်တောက်ပူပြင်းနေသဖြင့် လမ်းပေါ်၌ လူရှင်းနေပေသည်။

ယန်ခွမ်းသည် နေပူကျဲကျဲအောက်၌ ခေါင်းငိုက်စိုက်ချကာ လျှောက်လာရင်း မြို့၏အစွန်အဖျားကို ရောက်မှန်းမသိ ရောက်ရှိလာလေသည်။

လမ်းဘေး၌ အရိပ်ကောင်းသော သစ်ပင်ကြီးများ အစီအရီ ရှိနေပါ၏။



အိမ်များ တစ်လုံးနှင့်တစ်လုံး ထိစပ်နေခြင်း မရှိတော့ဘဲ ခြံဝင်းကျယ်ကြီးများဖြင့် သီးသန့်နေထိုင်သည့် ရပ်ကွက်ကြီး တစ်ခုအနားသို့ ရောက်ရှိလာခြင်းလည်း ဖြစ်ပေသည်။

ယန်ခွမ်း၏ ခန္ဓာကိုယ်၌ ချွေးများ စို့နေ၏။

စိတ်ရှုပ်ထွေးမှုကြောင့် မောပန်းနွမ်းနယ်လာသည်ဟု ခံစားရလေသည်။ ထို့ကြောင့် လမ်းဘေးရှိ အရိပ်ကောင်းသည့် သစ်ပင်ကြီးတစ်ပင်အောက်သို့ ဝင်ကာ အနားယူလိုက်၏။

သူ မြက်ဆိုပေါ်၌ ထိုင်ရင်း...

'မီးသွေးတုံးက မဟုတ်တာလုပ်မယ်ဆိုရင် သူ့ဖြောင့်သွားတဲ့ နေရာကို အမှန်အတိုင်း ပြောသွားပါ့မလား'

ဟု ညည်းညူလိုက်မိ၏။

မီးသွေးတုံးက လိမ်ပြောခဲ့သည်ဆိုလျှင် စီချူးမြို့သို့ လိုက်လာခဲ့သည်မှာ အဓိပ္ပာယ်ရှိတော့မည် မဟုတ်ချေ။

'မီးသွေးတုံး ဘယ်ရောက်နေပြီလဲ'

သူတွေးတောစဉ်းစားနေစဉ်မှာပင်...

'ဒေါင်...ဒေါင်... ဒေါင်...ဒေါင်'

ခပ်လှမ်းလှမ်းမှ ခေါင်းလောင်းထိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ယန်ခွမ်း ရုတ်ခနဲ ခုန်ထလိုက်သည်။

ခေါင်းလောင်းထိုးသံသည် ဘုံကျောင်းတစ်ခုမှထွက်ပေါ်လာခြင်းမဟုတ်ပါလား။ ရှာဖွေခြင်းမပြုရသေးသည့် ဘုံကျောင်းတစ်ခုသည် တိတ်ဆိတ်ငြိမ်သက်လှသည့် ချမ်းသာကြွယ်ဝသူများ နေထိုင်ရာ ရပ်ကွက်ကြီး တစ်ခုအတွင်း၌ ရှိနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းသည် ခေါင်းလောင်းသံ ထွက်ပေါ်လာရာဆီသို့ ဦးတည်ကာ ခပ်သွက်သွက် လှမ်းသွားလေသည်။

ခြံဝင်းကျယ်ကြီး သုံးလေးခုအား ဖြတ်ကျော်ပြီးသည်နှင့် လမ်းဘေး တစ်နေရာ၌ ဟောင်းနွမ်း အိုမင်းနေပြီ ဖြစ်သော ဘုန်းကျောင်းတစ်ခုကို တွေ့မြင်လိုက်ရသည်။

ယန်ခွမ်း ဝမ်းသာသွားသည်။

ဘုန်းကျောင်းသည် ဟောင်းနွမ်း ဆွေးမြည့်နေသည် ဖြစ်စေ၊ သပ်လှပ်တောက်ပနေသည်ဖြစ်စေ သူ စိတ်မဝင်စားပါ။

သူ စိတ်ဝင်စားမိသည်မှာ ဘုန်းကျောင်းနှင့် မျက်နှာချင်းဆိုင် ခြံဝင်းကြီးကိုသာ ဖြစ်ပေသည်။

ဘုန်းကျောင်း၏ အရှေ့ဘက်တည့်တည့်တွင်ခြံဝင်းကြီးတစ်ခု ရှိနေပါ၏။

ထိုခြံဝင်းအတွင်း၌ ခန့်နားထည်ဝါလှသည့် အဆောက်အအုံကြီးတစ်ခု ရှိနေ၏။ ခြံဝင်းတံခါးမကြီးရှေ့၌ အစောင့်အကြပ်များ စောင့်ကြပ်နေသည်ကိုလည်း တွေ့မြင်ရလေသည်။

ယန်ခွမ်း မျက်မှောင်ကုပ်သွား၏။

'မီးသွေးတုံးဟာ ဆင်းရဲတာပဲ၊ ဒီလို ခြံနဲ့ဝင်းနဲ့ ဘယ်လို လုပ်ပြီး နေနိုင်မှာတဲ့လဲ'

ထိုသို့ တွေးတော စဉ်းစားရင်း ဘုန်းကျောင်းရှေ့မှ ထွက်သွားရန် ဟန်ပြင်လိုက်၏။

ထိုအချိန်မှာပင် ခြံဝင်းတံခါး ပွင့်သွားပြီး အတွင်းဘက်မှ အမျိုးသမီး တစ်ယောက်သည် ကလေးငယ် တစ်ယောက်အား လက်ဆွဲကာ ထွက်လာသည်ကို တွေ့ရသည်။



ယန်ခွမ်း၏ ခြေလှမ်းများ တုန့်ခနဲ ရပ်သွားသည်။

ထွက်လာသည့် အမျိုးသမီးနှင့် ကလေးငယ်ကို တအံ့တသြ ငေးကြည့်နေမိသည်။

ထိုအမျိုးသမီးသည် အဖိုးတန် ပိုးဖဲအဝတ်အစားများ ဝတ်ဆင်ထားပြီး ရွှေငွေ လက်ဝတ်ရတနာများ ဆင်မြန်းထားလေ၏။

အစောင့်အကြပ်များက သူမကို အရိုအသေ ပြုနေကြသဖြင့် အရေးပါသူဖြစ်ကြောင်း ထင်ရှားနေပေသည်။

ယန်ခွမ်းငေးကြည့်နေစဉ်မှာပင် အမျိုးသမီးသည် သူ့အနီးသို့ ရောက်ရှိလာသည်။

ယန်ခွမ်း မလှုပ်မယှက် ရပ်နေဆဲ။

အမျိုးသမီးသည် သူ၏ရှေ့မှဖြတ်လျှောက်သွားရန် ဟန်ပြင်ပြီးမှ သတိပြုမိသွားဟန် ရှိလေသည်။

ယန်ခွမ်းကို တအံ့တသြကြည့်လာပြီး....

'အစ်ကို....အစ်ကိုယန်ခွမ်း မဟုတ်လား'

ဟု မေးလာသည်။

ယန်ခွမ်း ဝမ်းသာသွား၏။

'ဟုတ်တယ်၊ ကျုပ် ယန်ခွမ်းပါ၊ ညီမဟာ မီးသွေးတုံးရဲ့ ဇနီး ခရေ မဟုတ်လား'

'ဟုတ်ပါတယ်ရှင်၊ ကျွန်မ ခရေပါ'

'ကျုပ် ခရေခြံရွာကိုတောင် ရောက်ခဲ့သေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



ခရေ မြုံ လိုက်သည်။

'ကျွန်မတို့ ဒီကိုပြောင်းလာကြတာမကြာသေးဘူး၊အစ်ကို့ရဲ့ ကျေးဇူးရှင် တစ်ယောက်က ကျွန်မတို့ကို ကူညီစောင့်မလိုက်လို့ ချမ်းချမ်းသာသာ နေနိုင်ကြဲ ဘဝကို ရောက်နေပြီလေ၊ အစ်ကို ယန်ခွမ်းကို တွေ့ရရင် သူတော့ သိပ်ကို ဝမ်းသာသွားမှာပဲ၊ ကျွန်မကို အိမ်ကို လိုက်ခဲ့ပါလားရှင်'

သူမသည် ရိုးသားမှုနှင့်လင်းလက်နေပြီ ဝမ်းသာအားရ ဖိတ်ခေါ် လေသည်။

မီးသွေးတုံးနှင့် ပက်သက်ပြီး သူမ ဘာမျှသိရှိထားပုံ မရချေ။

ယန်ခွမ်း စိတ်မကောင်း ဖြစ်သွားလေသည်။

ခရေသည် မီးသွေးတုံးနှင့် ပတ်သက်ပြီး ဘာဆိုဘာမျှ သိထားပုံ ရမည်မထင်ပါ။ မီးသွေးတုံးက ခြေရာပျောက်ကာ ရှောင်ပြေးသော်လည်း သူမက ဖိတ်ခေါ်နေသည် မဟုတ်ပါ လား။

ယန်ခွမ်း သက်ပြင်းချလိုက်မိလေသည်။

'အရှေ့ကာ လူတစ်ယောက်က ညီမတို့ မိသားစုကို ပြောင်း သွားတယ်လို့ ပြောလို့'

'ဟုတ်တယ်အစ်ကို၊ အိမ်နီးချင်းတစ်ယောက်ကို ကျွန်မ ပြောခဲ့မိတာပါ၊ ကဲ လာပါ၊ ကျွန်မနဲ့ လိုက်ခဲ့ပါရှင်'

ယန်ခွမ်း အနည်းငယ် စဉ်းစားလိုက်ပြီး....

'မီးသွေးတုံး အိမ်ထဲမှာ ရှိတယ်မဟုတ်လား'



'ရှိပါတယ်ရှင်၊ အစ်ကို့ကိုတွေ့ရင် သိပ်ပြီး ဝမ်းသာသွား မှာပါ'

'ကဲ....ညီမသွားစရာရှိတာ သွားပေတော့၊ အစ်ကို အာသာ သွားတွေ့လိုက်မယ်'

'အို....ရပါတယ်၊ ညီမလိုက်ပို့ ပေးပါ့မယ်'

'ညီမ...'

'လာပါရှင်'

ခရေက အတင်းဆွဲခေါ်သဖြင့် ယန်ခွမ်းလည်း မတတ်သာဘဲ လိုက်ပါသွားရလေသည်။

သူတို့ခြံဝင်းရှေ့သို့ ရောက်ရှိသွားသောအခါ အစောင့် အကြပ်များက ဦးညွှတ်အရိုအသေပေးပြီး ခြံဝင်းတံခါးကြီးကို ဖွင့်ပေးလိုက်လေသည်။

'လာ....အစ်ကို'

ခရေသည် ယန်ခွမ်းအား ခေါ်ဆောင်သွား၏။

ယန်ခွမ်းသည် ဂါလေးငယ်ကို မွေ့ချီကာ ပြုံးရွှင်ရယ်မော ရင်း လိုက်ပါသွားလေသည်။

မကြာပါချေ။ သူတို့နှစ်ယောက် အဆောက်အအုံရှေ့သို့ ရောက်ရှိသွားလေသည်။

ခရေက....

'အစ်ကို....အစ်ကို....ဟောဒီမှာ အစ်ကို့ သူငယ်ချင်း ရောက် လာတယ်'

ဟု အော်ပြောရင်း ပြေးဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းက နောက်မှလိုက်သွားလေသည်။

မီးသွေးတုံးနှင့် ခရေတို့၏ကလေးမှာ နှစ်နှစ်သားအရွယ် ရှိနေချေပြီ။

မီးသွေးတုံးကဲ့သို့ အသားမည်းမည်းကြုတ်ကြုတ် ရှိသော်လည်း အလွန်ချစ်စရာကောင်းသည့် ကလေးတစ်ယောက် ဖြစ်လေသည်။

ယန်ခွမ်းချီထားသည်ကို သဘောကျနေသည့်အလား တခစ်ခစ် ရယ်မောနေလေသည်။

ယန်ခွမ်းသည် ကလေးငယ်ကိုချီရင်း အဆောက်အအုံအတွင်းသို့ ဝင်သွား၏။ အတွင်းဘက်သို့ ရောက်သွားသည်နှင့် ခပ်သွက်သွက် ပြေးထွက်လာသည့် ခြေသံများ ကြားလိုက်ရ၏။

မီးသွေးတုံးသည် အတွင်းဘက် အခန်းတစ်ခုမှ ဒရောသောပါး ပြေးထွက်လာပြီး ခရေနောက်မှ လိုက်လာခြင်း ဖြစ်လေ၏။

'မီးသွေးတုံး'

ယန်ခွမ်းက အာလုပ်သံကြီးဖြင့် ခေါ်လိုက်သည်။

မိမိ၏ငယ်ပေါင်း သူငယ်ချင်းတစ်ယောက်နှင့် ပြန်တွေ့ရသည်မှာ ဝမ်းသာစရာကောင်းလှသည် မဟုတ်ပါလား။

သို့သော် သူတို့ ဝမ်းသာပျော်ရွှင်ခြင်း ရှိမည်မဟုတ်မှန်း နှစ်ယောက်စလုံး နားလည်ထားကြပေတော့သည်။

'ယန်ခွမ်း'

မီးသွေးတုံး လွှတ်ခနဲ ခေါ်လိုက်သည်။



သူ၏အသံ ခြောက်ကပ်ကပ်ကြီး ဖြစ်နေသည်။

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်လိုက်ကြလေသည်။

မီးသွေးတုံးမှာ အဖိုးတန် ပိုးဖဲအဝတ်အစားများ ဝတ်ဆင်ထားပါ၏။ ချမ်းသာကြွယ်ဝသည့် သူဌေးကြီးတစ်ယောက် အသွင် ရှိနေ၏။

ခင်ပွန်းသည်ဘဝမှ သူဌေးကြီးတစ်ယောက်ဘဝသို့ နေ့ချင်းညချင်း ကူးပြောင်း ရောက်ရှိလာခဲ့ရသည်မှာ အံ့ဩစရာကောင်း ပါနည်း....။

ယန်ခွမ်းသည် မီးသွေးတုံးအား စိုက်ကြည့်ရင်း ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်နေလေတော့သည်။

မီးသွေးတုံးမှာလည်း ယန်ခွမ်းအား မမျှော်လင့်ဘဲ တွေ့လိုက်ရခြင်းကြောင့် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ယန်ခွမ်း၏လက်ထဲ၌ သူ၏ရင်သွေးလေးအား ပွေ့ချီထားသည်ကို တွေ့ရသောအခါ မျက်နှာမျက်သွားလေတော့သည်။

'ယန်ခွမ်း....ငါ့သားလေးဟာ....'

'အေး....ဟုတ်တယ်၊ မင်းသားလေးဟာ တကယ့်ကို ချစ်စရာကောင်းတဲ့ ကလေးပဲကွ'

'မင်း....မင်း....'

ယန်ခွမ်း ရယ်မောလိုက်လေသည်။

မီးသွေးတုံး၏ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းက....

'မီးသွေးတုံး....ငါက ခရေခြံရွာကိုတောင် ရောက်ခဲ့သေးတယ်ကွ'

'ငါ...ငါပြောင်းလာတာက....'

'ဘာလဲ...မင်းက ငါ့သာလည်မှာစိုးလို့ တိတ်တိတ်လေး ပြောင်းရွှေ့လာတာ မဟုတ်လား'

'ငါ...ငါက....'

'မင်းက နွေချင်း ညချင်း ချမ်းသာကြွယ်ဝလာတာပဲကိုးကွ၊ မင်းရဲ့ကျေးဇူးရှင်ဟာ အတော့်ကို ကျေးဇူးတင်စရာကောင်းတဲ့ လူပဲ၊ အဲဒီလူဟာ ချူးရှာများ ဖြစ်နေမလားကွ'

'ယန်ခွမ်း'

မီးသွေးတုံးသည် ဒဏ်ရာရထားသည့် တိရစ္ဆာန်တစ်ကောင်ပမာ အော်ဟစ်လိုက်လေသည်။

ခရေသည် သူတို့အား ကြောင်အမ်းအမ်းဖြင့် ကြည့်နေ၏။

အလွန်ချစ်ခင်ခဲ့ကြသည့် ငယ်ပေါင်းသူငယ်ချင်း နှစ်ယောက်သည် အကြောင်း တစ်ခုခုကြောင့် စိတ်ဝမ်းကွဲနေကြပြီဖြစ်ကြောင်း ရိပ်မိလိုက်လေသည်။

ယန်ခွမ်း၏လက်ထဲ၌ ရောက်နေသည့် ကလေးငယ်အတွက် သူမလည်း စိုးရိမ်ပူပန်လာ၏။

ထို့ကြောင့် ရှေ့တိုးသွားပြီး....



'ကျွန်မကို ကလေးပေးပါရှင်'

ဟု တောင်းလိုက်လေသည်။

ယန်ခွမ်းက မီးသွေးတုံးအား လှမ်းကြည့်လိုက်၏။

မီးသွေးတုံးမှာ တောင်းပန်တိုးလျှိုးသည့် အကြည့်ဖြင့် ၎င်းအား ကြည့်နေသည်ကို တွေ့မြင်ရလေသည်။

ယန်ခွမ်း၏ရင်ထဲ ဖော်မပြနိုင်သည့် ခံစားချက်များ ဖြစ်ပေါ်လာ၏။

'သစ္စာဖောက်....'

ရင်ထဲမှ အကြိမ်ကြိမ် ရေရွတ်မိ၏။

မီးသွေးတုံးသည် သစ္စာဖောက်ဖြစ်နေကြောင်း ထင်ရှားပါလျှင်နေပြီ မဟုတ်ပါလား။

ဒေါင်းနဂါး ဂိုဏ်း၌ သူတို့နှစ်ယောက် အတူတကွရှိခဲ့ပြီးက သစ္စာဖောက်ဆိုလျှင် အဆုံးစီရင်ပစ်ရန် အမိန့်ပေးဆုံးဖြတ်လေ့ ရှိပေသည်။

မီးသွေးတုံး၏ ပြောင်းလဲသွားသည့် ဘဝအခြေအနေနှင့် ပစ္စည်းဥစ္စာများသည် သစ္စာဖောက်ဖြစ်ကြောင်း ပြင်းရှိမရနိုင်အောင် သက်သေခံနေပြီဖြစ်ရာ ယန်ခွမ်းက ကလေးငယ်ကို သုံးချရန်စိတ်မကူးတဲ့....

'ကလေးက အိမ်အပြင်ဘက်ကိုထွက်ချင်နေတယ် ညီမရဲ့'

ဟုပြောကာ ခရေလက်ထဲ ကလေးကို ထည့်ပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခရေ တမ်းသာသွားသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့သည် အဆင်မပြေ ဖြစ်နေသည့်အ
တိုင်း ကြီးကြီးကျယ်ကျယ် ခိုက်ရန်ဖြစ်ပွားမည်မဟုတ်ဟု ယုံကြ
ထားသည်။

ထို့ကြောင့် ကလေးကိုချီလျက် အမြင်ဘက် ခပ်သွက်သွက်
ထွက်သွားသည်။

အခန်းတွင်း၌ ယန်ခွမ်းနှင့် မီးသွေးတုံးတို့ နှစ်ယောက်တည်း
သာ ကျန်ရစ်ခဲ့ကြ၏။

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လို
ကြသည်။

ယခုတစ်ကြိမ်တွင် သူတို့၏အကြည့်သည် တစ်ယောက်
တစ်ယောက် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူး မမြင်ဖူးသည့်အလ
ခပ်စိမ်းစိမ်းဖြစ်နေပေတော့သည်။

....ဝ....



အခန်းတွင်းဝယ် တိတ်ဆိတ်ငြိမ်သက်နေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့ တစ်ယောက်ကိုတစ်ယောက် စိုက်
ကြည့်နေကြ၏။

ရုတ်တရက် မီးသွေးတုံး ခေါင်းငုံ့သွားပြီး...

'မင်းရဲ့အသက်အန္တရာယ် ထိခိုက်မယ့်အလုပ်ဆိုရင်တော့ ငါ
ဘာမှလုပ်မှာမဟုတ်ဘူးကွ'

ဟု ပြောလေသည်။

သူ၏အသံ ခပ်တိုးတိုးဖြစ်သော်လည်း ယန်ခွမ်း ကောင်းစွာ
ကြားရနိုင်ပါ၏။

ယန်ခွမ်း သက်ပြင်းချလိုက်သည်။

'မင်းနဲ့ဆိုင်ခြင်း မဆိုင်ဘူး၊ ဒါပေမယ့် ငါဟာ အသက်သေရ
ာထက် လူယုတ်မာဖြစ်ရမှာကို ပိုပြီးကြောက်တယ်ဆိုတာ မင်း
ားလည်ဖို့ကောင်းတယ်၊ ငါ့စိတ်ကို မင်းသိပါတယ်ကွာ'

'ယန်ခွမ်း'

မီးသွေးတုံး၏အသံ တုန်ခါနေသည်။

ယန်ခွမ်းက....

'မီးသွေးတုံး၊ ငါ့ကို သူငယ်ချင်းတစ်ယောက်လို မင်းအဘော
ထားနိုင်တော့ဘူးလားကွ'

မီးသွေးတုံး ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး...မဟုတ်ဘူး ယန်ခွမ်း၊ မင်းကို ငါ ဒုက္ခရောက်
အောင် လုပ်တာမဟုတ်ဘူး၊ လောကပါလခေါ်း ယန်ချင်းကိုကြိုင်

www.burmeseclassic.com

www.burmeseclassic.com



ရဖို့ ဒီတစ်လမ်းမှမရှိတယ်ကွာ၊ မင်းက တခြားလူတွေကို တစ်ချက်ကောင်း အနိုင်ရချင်ရမယ်၊ သူ့ကို အနိုင်ရမှာမဟုတ်ဘူး'

ယန်ခွမ်း ပြုံးလိုက်သည်။

'မီးသွေးတုံး၊ အဆိပ်ဓားကို အသုံးပြုလဲ မထူးဘူး၊ အသုံးမပြုလဲ မထူးဘူးဆိုတာ မင်းနားလည်ပါတယ်၊ သူနဲ့ယှဉ်ပြိုင်ပြီဆိုကတည်းက ငါဟာ မလွဲမသွေ သေရဆုံးသွားလိမ့်မယ်ဆိုတာ မင်းသိပါတယ်ကွာ'

'မဟုတ်ဘူး...မဟုတ်ဘူး၊ မင်းမှားနေပြီ'

မီးသွေးတုံး အကြောက်အကန် ငြင်းဆန်လိုက်သည်။

ယန်ခွမ်းက....

'မီးသွေးတုံး၊ ငါသေသွားမှာပဲ ဆိုပေမယ့် လောကပါလခား ယန်ချင်းဟာလဲ ငါ့လက်ချက်တော့ အနည်းနဲ့ အများမိသွားဦးမှာပဲလို့ တွက်ဆထားကြတယ် မဟုတ်လား၊ ငါက အဆိပ်ဓားမြှောင်ကို အသုံးပြုမယ်ဆိုရင် သူလဲ အသက်ရှင်စရာ အကြောင်းမရှိတော့ဘူးလေ'

မီးသွေးတုံးသည် ယန်ခွမ်းအား မျက်လုံးကြီးပြူးကာ ကြည့်နေသည်။

ယန်ခွမ်းက....

'ငါကိုအသုံးချပြီး လောကပါလခား ယန်ချင်းကိုရှင်းပစ်ဖို့ ကြံစည်နိုင်တာ နည်းတဲ့အရည်အချင်းမဟုတ်ဘူး၊ ငါက ယန်ချင်းအပေါ် စိတ်နာသွားအောင် ချူးရှာကို ရှင်းပစ်လိုက်ကြတယ်



ချူးရှာအတွက် ငါဒေါသအမျက်ထွက်နေချိန်မှာ မင်းဟာ ငါ့အနားမှာရောက်နေပြီး ယန်ချင်းကိုရှင်းဖို့ အဆိပ်ဓားမြှောင်ကို ပေးဖို့ အချိန်ကိုက်စီစဉ်လိုက်တာ သိပ်ကိုမှညာပါတယ်၊ ဟင်း...ဟင်း...ဒါတွေဟာ မင်းရဲ့အကြံတွေ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဆိုတာ ငါနားလည်ပါတယ်ကွာ'

မီးသွေးတုံး မျက်နှာရှုံ့မဲ့သွား၏။

ပြင်းထန်သော ဝေဒနာတစ်ရပ် ခံစားလိုက်ရပုံရှိသည်။

ယန်ခွမ်းပြောသမျှ ချေပနိုင်ခြင်းမရှိဘဲ ငုံ့ကြီး ရပ်နေ၏။

ယန်ခွမ်းက မီးသွေးတုံးအား စိုက်ကြည့်လိုက်ပြီး...

'မင်းဘာကြောင့် ခုလိုလုပ်ခဲ့ရတယ်ဆိုတာ ငါမသိချင်ဘူး၊ ငါသိချင်တာက ငွေအိုးကြီး ဘယ်မှာရှိတယ်ဆိုတာပဲ'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်၏။

သူ၏လက်ထဲ၌ ကလေးငယ်ရှိနေစဉ်က မီးသွေးတုံး မျက်နှာပျက်နေခဲ့ခြင်းသည်ပင် သူ့အား အဆိပ်ဓားမြှောင် အဘယ်ကြောင့် ပေးခဲ့ရသည်ဟူသော မေးခွန်း၏အဖြေ ဖြစ်ပေတော့သည်။

မီးသွေးတုံး ပင့်သက်ရှိုက်ကာ....

'ယန်ခွမ်း၊ ငါ့ရှင်းပြပါရစေဦးကွာ'

ဟု ပြောလေသည်။

ယန်ခွမ်း ပြုံးလိုက်၏။

'ငါတို့ အချင်းချင်းတွေပဲ၊ မင်းပြောတာကို ငါဘာကြောင့် နားမထောင်နိုင်ရမှာလဲကွ'

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးတုံး လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

'ယနေ့ည ဝါက မကောင်းမှုတွေကြောင့် ပုန်းလို့ ဒေါင်းနဂါး ကို ကျောခိုင်းပြီး ထွက်ပြေးခဲ့တယ်ဆိုတာ မင်းသိပါတယ်၊ ဒေါင်းနောက်ကို အရိပ်မည်းကြီးက လိုက်နေတယ်လေ၊ တကယ်ဆို မင်းနဲ့ချူးရှာသော ငါနဲ့မတွေ့ဖြစ်နိုင်ရင် ငြိမ်းကို မရခဲ့ကြဘူးဆိုရင် ခုလိုဖြစ်လာစရာ အကြောင်းမရှိဘူးလေ၊ ဘေးချမ်းဟာ ဘဝလေးထဲကို ဒုက္ခတွေ တစ်ပုံ တစ်ပုံကြီး ရောက်လာတာ မင်းကြောင့်ပဲ'

ပြောရင်း ပြောရင်း မီးသွေးတုံး၏အသံ တုန်ခါလာသည်။

အဘယ်ကြောင့် ယန်ဒွမ်းနောက်သို့ လိုက်လာပြီး အဆိပ်သတ် မီးယားသည့်ဆရာမကြောင် ပေးခဲ့ရခြင်းအကြောင်း ရှင်းပြလိုက်သတော့သည်။

.....o.....



မီးသွေးတုံးသည် ခြံဝင်းတံခါးကိုတွန်းဖွင့်ကာ လှမ်းဝင်ရင်း တဲအိမ်ကလေးဆီသို့ လှမ်းမျှော်ကြည့်လိုက်လေသည်။

သူ၏တစ်ကိုယ်လုံး ချွေးများစို့နေ၏။

သို့သော် မောသည်ပန်းသည် သတိမထားမိ၊ သူ၏မျက်နှာ ပြုံးရွှင်နေလေသည်။

သူ၏လက်ထဲကိုင်ထားသည့် ခြင်းတောင်းအကာစ်နှင့် အိမ်မှ ထွက်သွားစဉ် ခရေပန်းအပြည့်ပါသွားပြီး ယခုအိမ်ပြန်ရောက်လာသောအခါ စားသောက်ဖွယ်ရာများ၊ မုန့်များ ပါလာသည်။

သူ၏ဘဝသည် ဥစ္စာဓနအားဖြင့် ဆင်းရဲနွမ်းပါးသည် မှန်သော်လည်း သဘာဝပျော်ရွှင်မှုအပေါင်းဖြင့် ပြည့်စုံနေရကား ပြည့်စုံသောဘဝတစ်ခုဟု ယူကြည့်၍ကျေနပ်ခံထားပေသည်။

မီးသွေးတုံးသည် အိမ်ကလေးဆီသို့ လှမ်းကြည့်လိုက်သောအခါ အသံဗလံမကြားရဘဲ တိတ်ဆိတ်ငြိမ်သက်ကာ လူရိပ်လူယောင်ပင်လည်း မတွေ့ရပါ။

ခါတိုင်းဆိုလျှင် သူ၏သားလေး ငိုးငိုး ဝက်ဝက်ရယ်မောနေသံ၊ မိန်းမသည်၏ သားချော့တေးသီကျူးနေသံကို ကြားရတတ်မြဲ။

ယနေ့မူ ထူးထူးခြားခြား တိတ်ဆိတ်နေသည်ကို သတိပြုမိလိုက်ခြင်းကြောင့် မီးသွေးတုံး မျက်မှောင်ကြုတ်သွားလေသည်။

'သားရေ...ခရေ၊ ဒီသားအမိတွေ ဘယ်များသွားနေကြပါလိမ့်၊ အဖေကြီးပြန်လာပြီလေ'

'သွားရေ...ခရေ၊ မင်းတို့သားအမိ...'

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မီးသွေးတုံး၏စကားသံ တစ်ပိုင်းတစ်စဖြင့် ပြတ်တောက်သွား၏။

အိမ်ထဲ၌ သူတွေ့လိုသူများကိုမတွေ့ရဘဲ မျှော်လင့်မထားသူ တစ်ယောက်အား တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

'ဟင်....ခင်....ခင်ဗျား....'

မီးသွေးတုံး ထိတ်လန့်သွား၏။

ထိုလူအား မျက်လုံးကြီးပြူး၍ကြည့်ကာ....

'ငွေအိုးကြီး....'

သူ၏ခေါ်သံ ကျယ်လောင်စွာ ဟိန်းထွက်လာလေတော့ သည်။

မှန်ပေသည်။ အိမ်ထဲ၌စောင့်နေသူမှာ ငွေအိုးကြီး ဖြစ်ပေ သည်။

ငွေအိုးကြီးက ရယ်မောရင်း ထိုင်ရာမှထလာလေသည်။

'ဟဲ....ဟဲ....ဟဲ....မင်းကို ပြန်တွေ့ရတာ ဝမ်းသာလိုက်တာ ကွာ၊ မင်းတော်တော် နေနိုင်ရက်တာပဲ၊ မိန်းမတွေ ကလေးတေ ရနေတာတောင် အသိမပေးဘူး၊ နို့မဟုတ်ရင် သူတို့အတွက် လက်ဆောင်ပစ္စည်းတွေ ပို့ပေးနိုင်တာပေါ့ကွာ'

ဟု ပြောလေသည်။

မီးသွေးတုံး မျက်နှာပျက်သွား၏။

ငွေအိုးကြီးသည် ချုံ့ရှာထက်ပင် ဉာဏ်များသူဖြစ်ကြောင်း ကောင်းစွာနားလည်ထားသည် မဟုတ်ပါလား။

'ခင်ဗျား ကျုပ်အိမ်ကိုဘယ်လိုလုပ်ပြီး သိသွားတာလဲ၊ ဘာ လာလုပ်တာလဲ ပြောစမ်း'



သူ၏အသံ ဒေါသသံပါနေ၏။

ငွေအိုးကြီး အရယ်မပျက်ဘဲ....

'မိတ်ဟောင်း ဆွေဟောင်းတွေဆိုတော့ ဆင်းဆင်းရဲရဲဖြစ် နေတယ်ဆိုတာကြားလို့ ကူညီစောင့်မရအောင် ကျုပ်လာခဲ့တာ ပေါ့ကွာ၊ ဟဲ....ဟဲ'

'ဘာဗျ၊ ခင်ဗျားအကူအညီ ဘာမှမလိုချင်ဘူး၊ ကျုပ်အိမ်ထဲ က ထွက်သွားစမ်း၊ ခင်ဗျားလိုလူစားမျိုး၊ ကျုပ်အိမ်ထဲဝင်နေ တာ ကျက်သရေ ယုတ်တယ်၊ အခုချက်ချင်း ထွက်သွား'

မီးသွေးတုံး ခပ်ပြတ်ပြတ်ပင် မောင်းထုတ်လိုက်လေသည်။

ငွေအိုးကြီး မျက်နှာတည်သွား၏။

'မီးသွေးတုံး၊ မင်းရဲ့သားလေးဟာ အတော်ကိုချစ်စရာ ကောင်းတဲ့ကလေးလေးပဲကွ၊ မင်းရဲ့ဇနီးသည်ဟာလဲ အိမ်ထောင် ရှင်မကောင်း တစ်ယောက်ပါ၊ မင်းတို့ရဲ့ ပျော်ရွှင်စရာကောင်း တဲ့ မိသားစုလေးအတွက် ငါကူညီမှာပေါ့'

ဇနီးနှင့်သားအကြောင်း ထည့်ပြောလာသဖြင့် မီးသွေးတုံး လှုပ်လှုပ်ရှားရှား ဖြစ်လာရလေတော့သည်။

'လူယုတ်မာကြီး၊ ကျုပ်ဇနီးနဲ့ကလေး တစ်ခုခုဖြစ်သွားရင် ခင်ဗျားမလွယ်ဘူး'

အော်ငေါက်ရင်း ငွေအိုးကြီးထံ ပြေးဝင်တိုက်ခိုက်ရန် ဟန် ပြင်လိုက်လေသည်။

ငွေအိုးကြီး လက်ကာပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒေါသမကြီးစမ်းပါနဲ့ကွာ၊ သူတို့ ဘာမှမဖြစ်စေရဘူးလို့ ငါအာမခံပါတယ်ကွာ၊ အေး...မင်းက လိမ်မာမယ်ဆိုရင် ပေါ့လေ'

'ဘာ...ဘာပြောတယ်'

'မီးသွေးတုံး၊ မင်းသာ ငါနဲ့ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် သူတို့ဘာမှ မဖြစ်စေရဘူး၊ မင်းတို့မိသားစုဟာ သူဌေးသူကြွယ် တွေလို နေနိုင်တဲ့အထိ ငါကကြ ဖြည့်ဆည်းပေးမယ်၊ တကယ် လို့များ ငါ့ရဲ့ကမ်းလှမ်းချက်ကို ငြင်းပယ်မယ်ဆိုရင်တော့....'

ငွေအိုးကြီးသည် မီးသွေးတုံးအား အစီပွယ်ပါပါ စိုက် ကြည့်၍ ကြိမ်းမှ...

'သူတို့အတွက် ငါစိတ်မကောင်းပါဘူးကွာ'

ဟု စကား လက်စ သပ်လိုက်လေသည်။

မီးသွေးတုံး ဒေါသချောင်းချောင်း ထွက်သွား၏။ သို့သော် ငွေအိုးကြီးအားတိုက်ခိုက်ရန် ကြိုးစားခြင်းမပြုပေ။ သူ၏ဇနီးသည်နှင့် ရင်သွေးသည် ငွေအိုးကြီး၏လက်တွင်း၌ ရောက်ရှိနေသည် မဟုတ်ပါလား။

မီးသွေးတုံး အံတင်းစေ့ကြိတ်ရင်း....

'ခင်ဗျား ခုလိုလုပ်တာကို နဂါးလေးသိသွားရင် လွယ်မယ် မှတ်သလား'

ဟု ပြောလိုက်၏။

ငွေအိုးကြီး ခေါင်းညိတ်လိုက်သည်။



'ငါသိတာပေါ့ကွာ၊ နဂါးလေးဟာ မင်းရဲ့ယပေါင်းပဲ၊ မင်းရဲ့မိသားစု တစ်ခုခုဖြစ်သွားမယ်ဆိုရင် သူက ငါ့ကို မြေလှန် ရှာတော့မှာပေါ့'

'ခင်ဗျား သိတယ်ဆိုရင် ဘာကြောင့် ဒုက္ခပေးချင်ရတာ လဲဗျ'

ငွေအိုးကြီးသည် ယန်ခွမ်းအား မပေါ့ဆစ့်သည်ကိုနားလည် မိသဖြင့် မီးသွေးတုံး အားတက်သွားလေသည်။

ငွေအိုးကြီးက....

'မီးသွေးတုံး၊ ငါ ဘာကြောင့် ခုလိုလုပ်ရတယ်လို့ မင်း ထင်သလဲ၊ နဂါးလေးရဲ့အသက်ကို ကာယ်ဖို့ကွ မှတ်ထား'

'ဘာဗျ'

'နဂါးလေးဟာ မကြာခင်မှာ လောကပါလ ယန်ချင်းနဲ့ ရင်ဆိုင်တိုက်ခိုက်တော့မယ်၊ သူက ယန်ချင်းကို အနိုင်ရလိမ့် မယ်လို့ မင်းထင်သလား'

မီးသွေးတုံး ပါးစပ်ပိတ်ထားလိုက်လေသည်။

ဒေါင်းနဂါးဂိုဏ်းအား ကျောခိုင်းထွက်လာပြီးသည့်နောက် ပိုင်း ဒုစရိုက်လောက၊ သိုင်းလောကနှင့် ကင်းအောင် နေခဲ့ပေ သည်။

သို့တိုင် ခရေပန်း ရောင်းချရန်အတွက် မြို့ပေါ်သို့ရသည့် အခါ ဒုစရိုက်သမားတို့၏ သတင်းများ၊ သိုင်းလောကမှသတင်း များ ကြားရလေ့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



လောကပါလအား ယန်ချင်းသည် သိုင်းလောက၌ ထိပ်တန်း အဆင့်တွင်ရှိနေပြီး ထိပ်သီး ဒုစရိုက် ဓေါင်းဆောင်များအား ရှင်ဆိုင် အနိုင်ယူခဲ့သူအဖြစ် ကျော်ကြားနေသည်ကို ကြားသိခဲ့ပေသည်။

ယန်ခွမ်းသည် သိုင်းပညာတတ်မြောက်ထားခြင်း မရှိသဖြင့် လောကပါလအား ယန်ချင်းအား မည်သို့မျှ ယှဉ်နိုင်မည်မဟုတ်ဟု ယုံကြည်မိ၏။

နဂါးလေးယန်ခွမ်းသည် မကြာမီ ဒုက္ခရောက်ရတော့မည် မဟုတ်ပါလော။

မီးသွေးတုံး တွေဝေငေးငိုင်သွားသည်ကို အခွင့်ကောင်း ယူကာ ငွေအိုးကြီးက ဆက်ပြောလေသည်။

'ကျားငါးကောင် ဟုကျင်းအတွက် နဂါးလေးက ယန်ချင်းကို ရှင်းပစ်ဖို့ ကြိုးစားမှာပဲ၊ ယန်ချင်းကလဲ ဓေါင်းနဂါးဂိုဏ်းမှာ ခေါင်းဆောင် ဖြစ်ခဲ့ဖူးတဲ့အတွက် နဂါးလေးကို ရှင်းပစ်ဖို့ ကြိုးစားမှာပဲ၊ သူတို့ရစ်ဆိုင်ပြီးတာနဲ့ ယန်ချင်းဟာသိုင်းလောက မှာ သူရဲကောင်းကြီးအဖြစ်ထင်ရှားပြီး ကျန်ရစ်ခဲ့တော့မှာကွ'

မီးသွေးတုံး၏ ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာလေသည်။

ငွေအိုးကြီးက....

'မင်း သူ့ကို ကူညီချင်လိမ့်မယ်လို့ ငါထင်တယ်'

မီးသွေးတုံး အံ့ကြိတ်လိုက်သည်။



'နဂါးလေးဟာ ကျုပ်သူငယ်ချင်းပဲဗျ'

'မှန်တယ်၊ မင်းသူငယ်ချင်းကို မင်း ကူညီရလိမ့်မယ်၊ ငါကလဲ မင်းရဲ့မိသားစုကို ကူညီမယ်၊ မင်းဟာ ချမ်းသာကြွယ်ဝတဲ့ ဘဝကို နေ့ချင်း ညချင်း ရောက်သွားစေရမယ်၊ မင်းသားလေးရဲ့ နောင်ရေးကို ကောင်းအောင် စီမံနိုင်စေရမယ်လို့ ငါ အာမခံတယ်'

မီးသွေးတုံး သက်ပြင်းချလိုက်လေသည်။

ငွေအိုးကြီးအား စေ့စေ့ကြည့်ရင်း....

'ကျွန်တော် ဘာလုပ်ရမလဲ ပြောပါ'

ဟု မေးလိုက်၏။

ငွေအိုးကြီးက နဂါးလေးအား မည်သို့မည်ပုံ ကူညီရမည် ဆိုသည်ကို ရှင်းလင်း ပြောပြလိုက်လေတော့သည်။

....၀....

www.burmeseclassic.com

www.burmeseclassic.com



မီးအေးတုံး၏စကားဆုံးသွားပြီဖြစ်လေသည်။

ယန်ခွမ်း မလှုပ်မယှက်ရပ်နေ၏။

သူ၏မျက်ဝန်းအစုံသည် မျက်နှာကျက်ဆီသို့ ငေးမောကြည့်နေ၏။

မီးသွေးတုံးက....

'ချူးရှာကို တွေ့လိုက်ရတော့ ငါ သိပ်အံ့သြသွားတယ်၊ ငွေဟိုးကြီးဟာ ယန်ချင်းနဲ့ ရင်မဆိုင်ပဲ မနေနိုင်အောင် မင်းကို တွန်းပို့နေပြီဆိုတာ ငါရိပ်မိလိုက်တယ်၊ ဒါပေမယ့် အားလုံး နောက်ကျနေပြီ သူငယ်ချင်း၊ ဒါကြောင့်လဲ ငါဟာ ခရေခြံရွာ ကလေးကိုစွန့်ခွာပြီး ထွက်လာခဲ့တာပဲ၊ ငါဟာ ချမ်းသာကြွယ်ဝ အတွက် သူငယ်ချင်းကို သစ္စာဖောက်မယ့်လူ မဟုတ်ဘူးဆိုတာ ယုံပါကွာ'

စကားဆုံးလျှင် နံရံ၌ အလှချိတ်ထားသည့် ဓားနှစ်လက် အနီးသို့ လှမ်းသွားပြီး ဓားတစ်လက် ဆွဲယူလိုက်၏။

ထို့နောက် ယန်ခွမ်းအား ပေးသည်။

ယန်ခွမ်းမျက်မှောင်ကုပ်သွား၏။

မီးသွေးတုံးက...

'ယူလိုက်ပါ သူငယ်ချင်း၊ ငါ့မှာ အပြစ်ရှိနေပါပြီ၊ ငါ့ အားလုံးစီရင်လိုက်ပါတော့'

ဟု ပြောလေသည်။



မီးသွေးတုံး ဟန်ဆောင်နေခြင်း မဟုတ်မှန်း ယန်ခွမ်း ကောင်းစွာ နားလည်မိသည်။

မီးသွေးတုံးက....

'သူငယ်ချင်း....မင်း မစီရင်ရင် ငါ့ကိုယ်ငါ စီရင်ရလိမ့်မယ်'

စကားဆုံးသည်နှင့် ဓားဖြင့် သူ၏ရင်ဝကို ပြန်လည်ထိုးစိုက်ရန် ဟန်ပြင်လိုက်သည်။

'မလုပ်နဲ့'

ယန်ခွမ်း ဟန့်တားလိုက်၏။

ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး မီးသွေးတုံး၏ လက်ထဲမှ ဓားကို လုယူလိုက်သည်။

မီးသွေးတုံးက အဘင်း ပြန်လုရင်း....

'ယန်ခွမ်း....ငါ့ကိုမတားနဲ့'

ဟု အော်ဟစ် ရုန်းကန်သည်။

ထိုစဉ်မှာပင်....

'အစ်ကိုရေ...ကယ်ပါဦး'

အပြင်ဘက်မှ စူးရှသည့် အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ယန်ခွမ်းကော မီးသွေးတုံးပါ ထိတ်လန့်သွားသည်။

'ညီမ....'

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးတုံး အထိတ်တလန့် အော်ဟစ်ခေါ်လိုက်၏။

တို့နောက် အမြစ်ဘက် ပြေးထွက်သွားသည်။

ယန်ခွမ်းလည်း နောက်မှ ထပ်ကြပ်မကွာ လိုက်သွားသည်။

သူတို့ နှစ်ယောက် အပြင်ဘက် ရောက်ရှိသွားသောအခါ ခရေမှာ သွေးအိုင်ထဲ လဲကျနေသည်ကို တွေ့ရသည်။

'ညီ....'

မီးသွေးတုံး ယာအား ပြေးသွားပြီး ပွေ့ထူလိုက်၏။

ခရေ၏ ခန္ဓာကိုယ်မှ သွေးများ သူ၏ တစ်ကိုယ်လုံး စွန်းထင်း ပေကျံသွား၏။

ယန်ခွမ်းကား သူတို့နှစ်ယောက်ကို ငူငူကြီး ရပ်ကြည့်နေမိလေသည်။

မီးသွေးတုံး၏ မျက်နှာ ဖြူဖပ်ဖြူလျော် ဖြစ်နေ၏။

သူ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေ၏။

'ညီမ ဘယ်လိုများ ဖြစ်နေတာလဲ ညီမရယ်'

မီးသွေးတုံး၏ အသံ တုန်ယင်လှိုက်လှဲနေပေတော့သည်။

သူ၏ ရင်ဝ၌ ဓားဒဏ်ရာ တစ်ချက် ရှိနေ၏။

ထိုဒဏ်ရာကြောင့်ပင် သူမအား လူ့လောကမှ စွန့်ခွာသွားရန် လှမ်းခေါ်နေပေသည်။

ခရေသည် ဒဏ်ရာပြင်းစွာ ခံစားနေရပြီး သေအံ့မူးမူး ဖြစ်နေချိန်မှာပင်...



'အစ်ကို... သား.... သားကို သူတို့ ခေါ်သွားပြီ'

ဟု ပြောနေသည်။

မီးသွေးတုံးက....

'ညီမ ဘာမှမပူပါနဲ့ကွယ်၊ သူတို့ကို အစ်ကို ဆုံးမပြီး သားလေးကို ပြန်ခေါ်လာမှာပါ'

'အစ်ကို.... သား.... သားကို....'

ခရေ စကားဆုံးအောင် မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားတော့သည်။

'ညီမ....'

မီးသွေးတုံးက ရင်ပွင့်မတတ် အော်ခေါ်လိုက်၏။

သူ၏အသံကို ခရေ ကြားနိုင်တော့မည် မဟုတ်ပါ။

ယန်ခွမ်း၏ ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာသည်။ ဟိုဟိုသည်သည် အကဲခတ် ကြည့်လိုက်လျှင် အစောင့်အကြပ်များသည် မလှမ်းမကမ်းမှ နေ၍ သူတို့အား စောင့်ကြည့်နေကြသည်ကို တွေ့မြင်ရသည်။

ယန်ခွမ်း၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေ၏။

ရုတ်တရက် အစောင့်များထံ လျင်မြန်စွာ ပြေးဝင်သွားပြီး ပြင်းထန်စွာ တိုက်ခိုက်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း....'

'အား....'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာတော့သည်။

....ဝ....

စူးရှကျယ်လောင်သော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာသည်။

အစောင့်များမှာ ငေးကြည့်နေကြရာမှ ယန်ခွမ်းက နွားရိုင်းတစ်ကောင်ပမာ တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လိုက်ခြင်း ခံသဖြင့် ချက်ချင်းပင် ဖရိုဖရဲ ဖြစ်သွားကြသည်။

အချို့ အော်ဟစ်ရင်း မြေပေါ် လဲကျသွား၏။

အချို့ နောက်ဆုတ် ထွက်ပြေးသွားကြ၏။



အချို့ကား ဓားလှံလက်နက်များ ကိုင်ဆောင်ကာ ပြန်လည်တိုက်ခိုက်ရန် ကြိုးစားကြသည်။

ယန်ခွမ်းကလည်း လုံးဝ ညှာတာခြင်း မရှိ၊ အကြောက်အလန့်ကင်းမဲ့စွာဖြင့် ပြင်းထန်စွာ တိုက်ခိုက်သည်။

'ဝုန်း....'

'အား....'

'အမယ်လေး'

အစောင့်များ တစ်ယောက်ပြီးတစ်ယောက် မြေပေါ် လဲကျသွားပြန်လေသည်။

ယခုတစ်ကြိမ် ကျန်ရှိနေသေးသူများမှာ ဆက်၍တိုက်ခိုက်ရန် မကြိုးစားကြတော့ဘဲ ထွက်ပြေးကြသည်။

ယန်ခွမ်းသည် အစောင့်များ၏ ခေါင်းဆောင်ဖြစ်သည့် အနီရောင် ဝတ်ဆင်ထားသူအား ခြေထောက်ဖြင့် လှမ်းပြီး ကန်ကျောက်လိုက်ရာ....

'ဝုန်း'

'အား'

ထိုလူမှာ မြေပေါ် ခွေပစ်လက်ပစ် လဲကျသွားလေသည်။

ယန်ခွမ်းက ထိုလူ၏ရင်ဘတ်ကို ခြေထောက်ဖြင့် တက်နင်းထားလိုက်၏။

မီးသွေးတုံးသည် ခရေ၏အလောင်းကို ပွေ့ဖက်ကာ ငိုကြွေးနေရာမှ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာခြင်းကြောင့် လှည့်ကြည့်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းက အစောင့်များအား တိုက်ခိုက်နေသည်ကို တွေ့ရပြီးလျှင်...

'ယန်ခွမ်း၊ သူတို့ဟာ ငါ့ရဲ့ အစောင့်တွေကွ'

ဟု လှတ်ခနဲ လှမ်းပြောလိုက်လေသည်။

ယန်ခွမ်းက....

'မင်းရဲ့အစောင့်တွေဆိုရင် မင်းရဲ့မိန်းမ ခုလိုဖြစ်သွားတာကို ဘာကြောင့် လက်ပိုက်ကြည့်နေကြတာလဲ'

မီးသွေးတုံး ဒေါသထွက်လာလေတော့သည်။

'သူတို့ကို သတ်ပစ်လိုက်'

ဟု တအားကြုံးအော်လိုက်သည်။

'ငွေအိုးကြီး ဘယ်မှာလဲ'

ဟု မေးလိုက်လေသည်။

အစောင့်ခေါင်းဆောင်မှာအသက်ရှုကျပ်သွားခြင်းကြောင့် မျက်လုံးများပင် ပြူးထွက်လာပါသည်။

လက်နှစ်ဘက်ဖြင့် ယန်ခွမ်း၏ခြေထောက်ကို ဖယ်ရှားပစ်ရန် ကြိုးစားရင်း....

'ကျုပ်...ကျုပ်ကို ချမ်းသာပေးပါဗျာ'

ဟု အော်ဟစ်တောင်းပန်နေ၏။

ယန်ခွမ်းက...

'ငွေအိုးကြီး ဘယ်မှာလဲ'

ဟု ထပ်မေးလိုက်၏။

ထိုအခါ ခေါင်းခါယမ်းရင်း...

'ကျုပ်...ကျုပ် မသိပါဘူးဗျာ'



'ဘာပြောတယ်'

ယန်ခွမ်းက ခြေထောက်ကို အားဖိုက်ဖိနင်းလိုက်လျှင် အရိုးကျိုးသံသဲ့သဲ့ ထွက်ပေါ်လာပြီး....

'သေပါပြီဗျာ'

ထိုလူ ငယ်သံပါအောင် အော်ဟစ်လိုက်လေသည်။

ယန်ခွမ်းက...

'ငွေအိုးကြီး ဘယ်မှာလဲ'

ဟု တတိယအကြိမ်မြောက် မေးလိုက်လေသည်။

အစောင့်ခေါင်းဆောင်က.....

'ကျင်း...ကျင်းလိန်မြို့မှာ ရှိပါတယ်ဗျာ'

'ဘာကွ၊ ကျင်းလိန်မြို့မှာ ဟုတ်လား'

'ဟုတ်ပါတယ်'

'ကျင်းလိန် ဘယ်နေရာမှာလဲ'

'နှင်းမိုးရေကန်က နှင်းမိုးစားသောက်ဆိုင်မှာပါ'

ယန်ခွမ်း၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

'မင်းပြောတာ အမှန်ပဲနော်'

'ကျုပ် လိမ်မပြောရဲပါဘူးဗျာ'

'ကောင်းပြီ'

ယန်ခွမ်းက ခြေထောက်ကို ပို၍ အားစိုက်ဖိနင်းလိုက်၏။

ထိုလူမှာတစ်ချက်အော်ဟန်လိုက်ပြီးနောက် ခေါင်းငိုက်စိုက်ကျကာ ငြိမ်သက်သွားလေတော့သည်။

ယန်ခွမ်းက မီးသွေးတုံးအား လှမ်းကြည့်လိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



မိုးသွေးတုံး၊ မင်းမိန်းမ အသက်ပြန်ရှင်လာတော့မှာ မဟုတ်
ဘူး မင်းရဲ့ကလေးကို ပြန်လိုချင်တယ်ဆိုရင်တော့ ငါ့နောက်
ကိုခဲ့ပေတော့

ဟု အော်ပြောကာ ပြေးထွက်သွားလေသည်။

မိုးသွေးတုံး ကြောင်အမ်းအမ်းဖြစ်သွား၏။
သို့သော် ချက်ချင်း သတိဝင်လာပြီး ခရေ၏ အလောင်းကို
ပေါ် ထမ်းတင်ကာ ယန်ခွမ်းနောက်သို့ ပြေးလိုက်သွားလေ
ာ့သည်။

....၆....

မြုပ်ကွက်

ထင်ရှားသော ဖြစ်ရပ်များသည် အကောင်အထည်ရှိသည်။
စဉ်းစားဆင်ခြင်မှုဖြင့် တမှန်တရားကို ရှာဖွေနိုင်၏။
ရှုပ်စင်းလွန်းသောအခါ မြုပ်ကွက်ဖြစ်သွားတတ်ပေသည်။

....ဝ....

www.burmeseclassic.com

www.burmeseclassic.com



ကျဝ်းလိန်မြို့....

ကျင်းလိန်မြို့သည် ရာသီချ‌ရွေး နေ့ညချရွေး စည်ကားသိုက်မြိုက်နေသည့် မြို့ကြီးဖြစ်ပေသည်။

ယန်ခွမ်းနှင့် မီးသွေးတုံးတို့သည် ကျင်းလိန်မြို့သို့ ရောက်ရှိလာခဲ့ကြပြီ ဖြစ်လေသည်။

ခရေ၏အလောင်းကား ပါမလာတော့ပါ။

ယန်ခွမ်း၏ ဖျောင်းဖျမှုဖြင့် ကျဝ်းလိန်မြို့သို့လာရာ လမ်းခရီး၌ အင်တော်တည့်နေရာ ရှိမြေကြ ...မြှုပ်နှံရန် မီးသွေးတုံးက သဘောတူခဲ့လေသည်။

ထို့ကြောင့် ကျင်းလိန်မြို့သို့ ရောက်ရှိလာသောအခါ ခရေ၏အလောင်း ပါမလာခဲ့ခြင်း ဖြစ်ပေသည်။

သူတို့ နှစ်ယောက်သည် ကျင်းလိန်မြို့သို့ ရောက်သည်နှင့် နှင်းမိုးရေကန်သို့ ဦးတည်ထွက်လာကြလေသည်။

နှင်းမိုးရေကန်မှ နှင်းမိုးစားသောက်ဆိုင်ရှေ့တွင် ဒဏ်ရာပြင်းထန်စွာ ရရှိထားသည့် ချူးရှာရောက်ရှိလာပြီး ယန်ခွမ်း၏ လက်ပေါ်၌ သေဆုံးသွားခဲ့ပေသည်။

ထိုအဖြစ်အပျက်ကို ယန်ခွမ်းနှင့် မီးသွေးတုံးတို့ မေ့ပျောက်နိုင်ကြတော့မည် မဟုတ်ပါချေ။

သူတို့နှစ်ယောက် နှင်းမိုးစားသောက်ဆိုင်ရှေ့သို့ ရောက်ရှိသွားကြသည်နှင့် လူတစ်ယောက်သည် သူတို့အား အသင့်စောင့်ဆိုင်းနေသည်ကို တွေ့မြင်ရလေသည်။



'တဖုံး'

ယန်ခွမ်း ခေါ်လိုက်၏။

အသင့်စောင့်နေသူ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်ဟာ ငှက်ဆိုးဂိုဏ်း ဝေမင်းထင်ရဲ့ လက်ရုံး တဖုံးပါ၊ ခုတော့ ငွေအိုးကြီးရဲ့လက်ရုံး ဖြစ်နေပါပြီ၊ ခေါင်းနဂါးဂိုဏ်း ခေါင်းဆောင် နဂါးလေးကို ကြိုဆိုဖို့ စောင့်ဆိုင်း နေတာပါဗျာ'

ဟု ပြောလာလေသည်။

မီးသွေးတုံးက....

'ယန်ခွမ်း၊ သူတို့ဟာ ငါ့အတွက်ပဲ'

ပြောရင်း ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ယန်ခွမ်းက တားဆီးခြင်း မပြုချေ။

'မင်းရဲ့ကလေးကို ပြန်မလိုချင်တော့ဘူးလား'

ဟု မေးလိုက်သည်။

မီးသွေးတုံး တစ်ချီတည်း ငြိမ်ကျသွားလေတော့သည်။

တဖုံး ရယ်မောလိုက်လေသည်။

'ဟဲ...ဟဲ...ဟဲ... နဂါးလေးက တကယ့်ကို နားလည်မှုရှိတဲ့ လူတစ်ယောက်ပါပဲဗျာ'

ယန်ခွမ်းက....

'သူဘယ်မှာလဲ'

ဟု မေးလိုက်၏။

www.burmeseclassic.com

တုဖုံးက...

'သူစောင့်နေပါတယ်ဗျာ'

'ကောင်းပြီ၊ ကျုပ် သူနဲ့တွေ့မယ်'

ပြောပြောဆိုဆို ယန်ခွမ်းက ဆိုင်တဲလှမ်းဝင်ရန် ခြေလှမ်းပြင်လိုက်လေသည်။

တုဖုံး ဟန့်တားလိုက်၏။

'ခဏနေပါဦးဗျာ'

'မင်းဘာပြောချင်သလဲ'

'ခင်ဗျားဆီက ကတိတစ်ခုရမှ သူကလက်ခံတွေ့ဆုံနိုင်မယ်ဆိုတဲ့အကြောင်း ပြောပြဖို့ ကျုပ်ကို တာဝန်ပေးထားပါတယ်'

ယန်ခွမ်း မျက်မှောင်ကုပ်သွားလေသည်။

'သူက ဘယ်လိုကတိမျိုး လိုချင်နေလို့လဲ'

'စကားပဲ ပြောရမယ်၊ လက်မပါရဘူးတဲ့ဗျ'

ထိုစကားကြားလျှင် ယန်ခွမ်း မဲ့ပြုံးပြုံးမိလိုက်လေ၏။ သူက လက်မြန်ခြေမြန်ရှိလှသည့် အကြောင်းကို ငွေအိုးကြီးနားလည် သဘောပေါက်ထားသည် မဟုတ်ပါလား။

တုဖုံးက ဆက်ပြောလေသည်။

'ခုချိန်မှာ အပြစ်မရှိတဲ့ကလေးငယ်လေးဟာ အစ်မဘန်ကို သနားစရာကောင်းနေတယ်လို့ ပြောပါတယ်ဗျာ'



'တောက်....တိရစ္ဆာန်ကောင်တွေ'

မီးသွေးတုံး ဒေါသမထိန်းနိုင်တော့ပါ။

တုဖုံးထံ ပြေးဝင်တိုက်ခိုက်လိုက်သည်။

'နေဦး'

ယန်ခွမ်း ,မနေသာတော့ဘဲ ဟန့်တားထားလိုက်ရလေသည်။

မီးသွေးတုံးက အတင်းရုန်းကန်ရင်း....

'ယုန်ခွမ်း၊ ဒီလူယုတ်မာတွေကို ဂေါ်သတ်မယ်ကွ'

ဟု အော်ပြောနေ၏။

ယန်ခွမ်း ပြုံးလိုက်သည်။

'မီးသွေးတုံး၊ သူတို့ပြောတာ မှန်တယ်ကွ၊ ခုအချိန်မှာ အပြစ်မရှိတဲ့ ကလေးလေးလောက် သနားစရာကောင်းတဲ့ဟာ မရှိတော့ဘူး'

မီးသွေးတုံးမှာ ရင်သွေးငယ်၏ မျက်နှာကိုမြင်ယောင်ရင်း တဖြည်းဖြည်း ငေါ်မ်ကျသွားလေသည်။

ယန်ခွမ်းက တုဖုံးကိုကြည့်ကာ....

'ကျုပ်ပြောတာ မင်းကြားတယ်မဟုတ်လား'

ဟု လှမ်းမေးလိုက်သည်။

တုဖုံး ခေါင်းညိတ်လိုက်သည်။

'ကြွားပါတယ်မျာ၊ ကဲ....အထဲကိုကြွပါ၊ ဒါပေမယ့်.... ခင်ဗျားတစ်ယောက်တည်း ဝင်လာရမှာနော်၊ သူကတော့ အပြင်ဘက်မှာပဲ နေခဲ့ရလိမ့်မယ်'

မီးသွေးတုံးအား ညွှန်ပြကာပြောလိုက်သည်။

ယန်ခွမ်းက မီးသွေးတုံး၏ပခုံးကိုပုတ်ကာ....

'မင်းရဲ့ကလေးကို ငါခေါ်လာခဲ့မယ် ဟုတ်လား'

ထိုအခါ မီးသွေးတုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ယန်ခွမ်းသည် ထောင်ချောက်အတွင်းသို့ ဝင်သွားတော့မည် မဟုတ်ပါလား။

'သူငယ်ချင်း'

'ငါ့အတွက်မပူပါနဲ့ကွာ'

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့် လိုက်ကြသည်။

ယန်ခွမ်းက ပြုံးပြလိုက်ပြီး....

'ငါပြောခဲ့ရင် ဘယ်တုန်းက ပြောသလိုမဖြစ်ဘဲ နေခဲ့ဖူးလို့ လဲကွ'

ဟု ပြောလိုက်သည်။

မီးသွေးတုံးက....

'မင်းကို ငါယုံပါတယ်'

ဟု တိုးတိုးပြောလေသည်။



ယန်ခွမ်း အသံမှမပြောဘဲ ဆိုင်အပေါက်ဝသို့ လှမ်းသွား လေသည်။

တဖိုးက လမ်းဖယ်ပေးလိုက်သည်။

'ဝင်သွားပါဗျာ၊ ငွေအိုးကြီးစောင့်နေပါတယ်'

ယန်ခွမ်းက ဆိုင်ထဲလှမ်းဝင်သွားပြီး မြင်ကွင်းမှကွယ်ပျောက် သွားလေသည်။

....၀....

ဆိုင်ထဲ လူရှင်းနေ၏။

အသံဗလံဟူသရွေ့ လုံးဝမကြားရဘဲ တိတ်ဆိတ်ငြိမ်သက် နေ၏။

သို့သော် သူ့အား စောင့်ကြိုနေသူတစ်ယောက်ရှိနေမှန်း ယန်ခွမ်း နားလည်ထားပါ၏။

ငွေအိုးကြီးသည် စားပွဲတစ်လုံး၌ထိုင်ကာ လှမ်းဝင်လာသည့် ယန်ခွမ်းကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းက သူနှင့်မလှမ်းမကမ်း၌ ခြေလှမ်းရပ်လိုက်၏။

သူတို့ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြလေသည်။ ငွေအိုးကြီး၏မျက်နှာ တဖြည်းဖြည်း ပြုံးယောင်သမ်းလာသည်။

ထိုပ်ရာမှထရပ်လာပြီးလျှင် လက်နှစ်ဘက် ဆန့်တန်းကာ....

'ကြိုဆိုပါတယ်ကွာ'

ဟု ပြောလေသည်။

မိတ်ဟောင်းဆွေဟောင်းတစ်ယောက်နှင့် ပြန်လည် တွေ့ဆုံလိုက်ရခြင်းကြောင့် ဝမ်းသာအားရ ကြိုဆိုလိုက်ပုံမျိုး ဖြစ်ပေသည်။

ယန်ခွမ်းက ရှေ့သို့လှမ်းသွားပြီး ငွေအိုးကြီးနှင့် မျက်နှာချင်းဆိုင်လိုက်၏။ ပြုံးရယ်ခြင်းအလျဉ်းမရှိဘဲ ပကတိခံစားချက်ကင်းမဲ့သောမျက်နှာထားဖြင့်....

'ကလေးဘယ်မှာလဲ'

ဟု မေးလိုက်လေသည်။

ငွေအိုးကြီး ခေါင်းညိတ်လိုက်သည်။

'ရှိပါတယ်ကွာ၊ ငါနဲ့နေရတာ ပျော်နေပုံရတယ်၊ ကလေးက ချစ်စရာလေး၊ ငါတောင် မွေးစားမလားလို့ စိတ်ကူးနေတာ'

'ခင်ဗျားနဲ့မှမတန်တာ'

ယန်ခွမ်းက ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။



ငွေအိုးကြီး မျက်နှာပျက်သွားသည်။

ယန်ခွမ်းအား စိုက်ကြည့်လိုက်ပြီး....

'နဂါးလေး၊ မင်းက ကလေးကိုပြန်လိုချင်တယ်ဆိုရင်တော့ ဒီအတိုင်းမရနိုင်ဘူးကွ၊ အပေးအယူတစ်ခုတော့ လုပ်ရလိမ့်မယ်ကွ'

ဟု ပြောသည်။

ယန်ခွမ်းက....

'ပြောပါ'

'နေဦး၊ မီးသွေးတုံးက ငါတို့နဲ့ပေါင်းပြီး မင်းကိုအဆိပ်ခတ်ပေးခဲ့တဲ့ကိစ္စကို မင်းမေ့ပစ်လိုက်နိုင်တာ တကယ်ပဲလား၊ မင်းက သူ့ကို လက်တုန့်ပြန်ဖို့ ကြံစားနေတာလားကွ'

'ခင်ဗျားက အကျပ်မကိုင်ခဲ့ဘူးဆိုရင် သူက ကျုပ်ကိုလှည့်စားဖို့ ဘယ်ကြံစားလိမ့်မလဲဗျာ၊ သူ့မှာ အပြစ်မှုမရှိတာ'

ငွေအိုးကြီး ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ မင်းကသူ့ကို ခွင့်လွှတ်နိုင်တယ်ဆိုရင်တော့ ငါတို့ ရှေ့ဆက်ဆွေးနွေးလို့ ဖြစ်ပါတယ်၊ မင်းက ကလေးကို ပြန်လိုချင်တယ်ဆိုရင် ပြန်ပေးဖို့အသင့်ပါပဲ၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲ'

'လောကပါလ်များယန်ချင်းနဲ့ မင်းရင်ဆိုင်ရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ကြားလိုက်ရသည့်စကားကြောင့် ယန်ခွမ်း တအံ့တသြဖြစ်သွားရ၏။

ငွေအိုးကြီးအား နားမလည်နိုင်စွာ ကြည့်လိုက်သည်။

လောကပါလဓား ယန်ချင်းနှင့် သူရင်ဆိုင်ပြီးဖြစ်ကြောင်း ငွေအိုးကြီး မသိသေး၍လော....

ယန်ခွမ်း အနည်းငယ်စဉ်းစားလိုက်ပြီး....

'ကျုပ်က သူ့ကိုရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပြီဗျ'

ဟု ပြောလိုက်လေသည်။

'ဟား....ဟား....ဟား'

ငွေအိုးကြီး ရယ်မောလိုက်လေသည်။

'ခင်ဗျား ဘာရယ်တာလဲ'

'နဂါးဓား မင်းကိုယ်မင်း လည်လှပြီ ထင်မနေစမ်းပါနဲ့ ကွာ၊ မင်းဟာ လောကပါလဓား ယန်ချင်းနဲ့ ရင်ဆိုင်ပြီးပြီ ဆိုတာ ငါသိပါတယ်၊ မင်းက ချူးရှာအတွက် မီးသွေးတုံး ပေးတဲ့ကောင်နဲ့ သူ့ကို ရင်ဆိုင်ခဲ့တာပဲ ဟုတ်လား၊ မင်း အခုထိ အသက်ရှင်နေသေးရင် လောကပါလဓားယန်ချင်းဟာ ဘယ်လို အခြေအနေ ရောက်သွားပြီလဲဆိုတာ ထင်ရှားနေပါပြီကွာ'

ဟု ပြောလေသည်။



ယန်ခွမ်း မျက်နှာပျက်သွားလေသည်။

'ခင်ဗျားက သိလျက်သားနဲ့ ဘာဖြစ်ကြောင့် ကျုပ်ကို သူနဲ့ ယှဉ်ပြိုင်ဖို့ ပြောနေရတာလဲ'

'ဟဲ....ဟဲ....ဟဲ၊ မင်း အခု ရင်ဆိုင်ရမှာက လောကပါလဓား ယန်ချင်းပဲ၊ ဒါပေမယ့် သူဟာ အစစ်မဟုတ်ဘူး အတုကွ'

'ဘာဗျ'

'လောကပါလဓား ယန်ချင်းအစစ်ဟာ မင်းရဲ့လက်ချက်နဲ့ သေသွားပြီဆိုတာ ငါတို့သိပါတယ်၊ အခု ငါတို့က လောကပါလဓား ယန်ချင်း အတုတစ်ယောက် ဖန်တီးထားကြတယ်လေ ကွာ၊ မင်း ရင်ဆိုင်ရမှာက ငါတို့ဖန်တီးထားတဲ့ လူပဲကွ'

ယန်ခွမ်း ရင်ထိတ်သွား၏။

ငွေအိုးကြီးသည် အလွန် ဉာဏ်များသူ ဖြစ်ကြောင်း သူ ကောင်းကောင်းကြီး နားလည် သဘောပေါက်ထားပေတော့ သည်။

ငွေအိုးကြီးက....

'မင်း ဘယ်လိုသဘောရသလဲ'

ဟု မေးလေသည်။

လောကပါလဓား ယန်ချင်းမှာ မိမိလက်ချက်ဖြင့် သေဆုံး သွားပြီဟု ငွေအိုးကြီး ယုံကြည်ထားပုံရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လောကပါလဓား ယန်ချင်း သေဆုံးသွားပြီဟု ယုံကြည်သဖြင့် အတုကိုဖန်တီးသည်မှာ အဘယ်ကြောင့်ပါနည်း။

ငွေအိုးကြီးက....

'လောကပါလဓား ယန်ချင်းကို လူတိုင်း ကြည်ညိုလေးစားကြတယ် မဟုတ်လားကွ၊ ငါတို့လူတစ်ယောက်ကသာ သူ့နေရာဝင်ယူနိုင်မယ်ဆိုရင် ဘယ်လိုနေမလဲ၊ မင်း စဉ်းစားကြည့်စမ်း'

သိုင်းလောကတစ်ခုလုံး ပျက်စီးသွားမှာပေါ့ဟု ယန်ခွမ်း စိတ်ထဲ၌ ပြောနေမိလေသည်။

တစ်ဆက်တည်းပင် ချူးရှာမှာလောကပါလဓားယန်ချင်း၏ လက်ချက် မိခဲ့ရသည့်အဖြစ်ကို ပြန်လည်တွေးမိလာ၏။

'လက်စသပ်တော့ ငွေအိုးကြီးက အတုတစ်ယောက် ဖန်တီးပြီး ချူးရှာကို ရှင်းပစ်လိုက်တာကိုး၊ ချူးရှာရဲ့စကားကို ငါက မြွင်းချက်မရှိ ယုံကြည်နေမယ်ဆိုတာ သူ ရိပ်မိထားတာပဲ'

တွေးရင်း ချူးရှာအားလုပ်ကြံလိုက်သည့် လောကပါလဓား ယန်ချင်းအတုအား တွေ့လိုစိတ်များ ဖြစ်ပေါ်လာလေတော့သည်။

'သူ ဘယ်မှာလဲ'

ဟု မေးလိုက်၏။

ငွေအိုးကြီး ပြုံးလိုက်သည်။



'မင်း သိပ်တွေ့ချင်နေပြီလားကွ၊ မကြာခင် တွေ့ရမှာပါကွာ၊ ငါ့စကားကို အရင်ဆုံး ဆုံးအောင် နားထောင်ပါဦး'

'ခင်ဗျား ဘာပြောချင်လို့လဲ'

'မင်းက သူနဲ့ရင်ဆိုင်ရမယ်ဆိုတာလေ'

'ဘာလဲ... ကျုပ်က သူ့ကို နိုင်အောင် မတိုက်နိုင်ဘူးလို့ ခင်ဗျား ထင်နေတာလားဗျ'

ငွေအိုးကြီး လက်ကာပြလိုက်လေသည်။

'မဟုတ်ရပါဘူးကွာ၊ မင်းဟာ လောကပါလဓား အစစ်ကိုတောင် နိုင်အောင်တိုက်နိုင်သေးတာပဲ၊ ငါတို့ ဖန်တီးထားတဲ့ အတုကို အလွယ်တကူ အနိုင်ယူနိုင်မယ်ဆိုတာ ငါတို့ နားလည်ထားတာပေါ့ကွာ'

'ဒါဖြင့် ခင်ဗျားသဘောက....'

'မင်းက သူနဲ့ရင်ဆိုင်တဲ့အခါ အရှုံးပေးဖို့ပဲ'

ယန်ခွမ်း မဲ့ပြုံးပြုံးလိုက်လေသည်။

'ခင်ဗျားက ကျုပ်ကို အရူးလို့ထင်နေတာကိုး'

'မီးသွေးတုံးရဲ့ကလေး ရှိသေးတယ်လေ'

ယန်ခွမ်း ခေါင်းခါယမ်းလိုက်လေသည်။

'ကိုယ့်အသက်ထက် သူများအသက်က ပိုပြီး အရေးကြီးပါတယ်လို့ ခင်ဗျားကို ဘယ်သူက ပြောသလဲ'

www.burmeseclassic.com

www.burmeseclassic.com



ငွေအိုးကြီး မျက်နှာပျက်သွားလေသည်။

ယန်ခွမ်းက....

'ကျုပ်ကခင်ဗျားဖြစ်စေချင်သလို လောကပါလဓားယန်ချင်းအတုရှေ့မှာ ဒူးထောက်ပြီး အရှုံးမပေးနိုင်ဘူး၊ အသေမခံနိုင်ဘူးဆိုတာ မှတ်ထားစမ်းပါဗျာ'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ငွေအိုးကြီး ကပျာကယာ လက်ကာပြလိုက်သည်။

'မဟုတ်သေးဘူး၊ ကျုပ်ပြောတာ ဒီလိုသဘောမျိုး မဟုတ်ဘူးဗျ'

'ခင်ဗျားပဲ အရှုံးပေးရမယ်ဆို'

'မင်း အရှုံးမပေးနိုင်ရင်လဲ တခြားနည်း ရှိပါသေးတယ်ဗျာ'

'ခင်ဗျားဆိုလိုတာက....'

'သရေပွဲဆိုရင်ကော'

ယန်ခွမ်း ဘာမျှပြန်မပြောဘဲ နေလိုက်လေသည်။

ငွေအိုးကြီးက....

'နဂါးလေး၊ ငါတို့အစီကလိုချင်တဲ့အချက်ကတော့ မင်းဟာ ဒေါင်းနဂါးဂိုဏ်းရဲ့ ခေါင်းဆောင်အဖြစ်နဲ့ လောကပါလဓားကို ရင်ဆိုင်မယ်၊ ပြိုင်ပွဲအပြီးမှာ မင်းဟာ နောင်တတရားရပြီး



မကောင်းမှုတွေကို စွန့်လွှတ်လိုက်မယ်၊ လောကပါလဓားနဲ့ လက်တွဲလိုက်မယ်ဆိုတာကိုပဲ'

ယန်ခွမ်းသည် ယခုမှ ငွေအိုးကြီးအကြံအစည်ကို နားလည်သဘောပေါက်သွားလေတော့သည်။

လောကပါလဓားအတု ဖန်တီးခြင်း၊ မိမိအား ဒေါင်းနဂါးဂိုဏ်း ခေါင်းဆောင်အဖြစ် ရင်ဆိုင်ခိုင်းခြင်း၊ နောင်တရကာ မကောင်းမှုများ စွန့်လွှတ်မည်ဟု ကြေငြာခိုင်းခြင်း စသည်တို့မှာ ထောင်ချောက်များ ဖြစ်ပေသည်။

သူကို၏ ပြိုင်ပွဲသည် ဖန်တီးထားသည် ဖြစ်သည့်အတိုင်း အကြောင်းမသိသော သိုင်းလောကသားများအား လှည့်စားနိုင်ပေလိမ့်မည်။

ငွေအိုးကြီး၏အာဂီအစဉ်အတိုင်းဖြစ်မြောက်သွားမည်ဆိုပါက သိုင်းလောကသားများသည်၊ လောကပါလဓားယန်ချင်းအတုအား ချီးကျူးဂုဏ်ပြုကြပေလိမ့်မည်။

အဖြစ်မှန်ရလာသည့်ဒေါင်းနဂါးဂိုဏ်းကိုလည်း ကြိုဆိုလက်ခံကြပေလိမ့်မည်။

ဒုစရိုက်သမားများဘဝမှ လူအများ လက်ခံသူများအဖြစ် အသွင် ကူးပြောင်းကာ ပြောင်မြောက်တင်းတင်း ရပ်တည်လှုပ်ရှားနိုင်ကြလိမ့်မည် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်း တွေးတောစဉ်းစားနေစဉ် ငွေအိုးကြီးက ဆက်ပြောလာလေသည်။

'ယန်ခွမ်း... မင်း စိတ်ကူးမလွဲစမ်းပါနဲ့ကွာ၊ အားလုံးအတွက် အခွင့်အရေးပဲကွ၊ ပြင်းပယ်လိုက်ရင် မင်းအတွက် အများကြီး မှားသွားလိမ့်မယ်'

ယန်ခွမ်းက...

'ကျုပ်က အရှုံးပေးနိုင်တော့မှာ မဟုတ်ဘူးဗျ'

ဟု ပြောလိုက်၏။

ငွေအိုးကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'ကိစ္စမရှိဘူး၊ သရေပွဲဆိုရင်လဲ ဖြစ်တယ်'

ဟု ကပျာကယာ ပြောလေသည်။

ယန်ခွမ်း ခါးခါးသီးသီး ငြင်းဆန်လိုက်မည်ကို စိုးရိမ်နေဟန် ရှိလေသည်။

ယန်ခွမ်းက သူ့အား စိုက်ကြည့်လိုက်ပြီး....

'မီးသွေးကုံးရဲ့ ကလေးကော'

ဟု မေးလိုက်၏။

ငွေအိုးကြီး ခေါင်းညိတ်လိုက်သည်။

'စိတ်ချ ...ဘာမှ မဖြစ်စေရဘူး၊ ငါ တာဝန်ယူတယ်'

'ခင်ဗျားတာဝန်ယူရုံနဲ့ မလုံလောက်သေးဘူးဗျ'



'ဘာဖြစ်လို့လဲ'

'မီးသွေးကုံးလက်ထဲ ကလေးပြန်ရောက်သွားမှ ကျုပ် စိတ်ချနိုင်မှာဗျ'

ငွေအိုးကြီး သက်ပြင်းချလိုက်သည်။

'နဂါးလေး၊ ငါ ပြန်လွှတ်ပေးလိုက်ချင်ပါတယ်ကွာ၊ ဒါပေမယ့် ကလေးကို လွှတ်လိုက်တာနဲ့ မင်းက သဘောတူညီချက်ကို ဖျက်ပစ်လိုက်မယ်ဆိုရင်ကော....'

'စိတ်ချ၊ ကျုပ်က ပြောပြီးသား စကားကို ဘယ်တော့မှ ပြန်မပြင်ဘူး'

ငွေအိုးကြီး ပခုံးတွန့်လိုက်သည်။

'ဝမ်းနည်းပါတယ်ကွာ၊ မင်းက ပြိုင်ပွဲမှာ သရေယူပြီးတဲ့ အချိန်ရောက်မှ လွှတ်ပေးနိုင်မယ်'

'အဲဒီအချိန်ရောက်လို့မှ ခင်ဗျားက လွှတ်မပေးဘူး ဆိုရင်ကော'

'ငါ့စကားကို ငါတာဝန်ယူပါတယ်ကွာ'

'ကျုပ်က ဘယ်လိုလုပ်ယုံရမှာလဲ'

ငွေအိုးကြီး ခေါင်းကုပ်လိုက်သည်။

သူတို့ တစ်ဦးကိုတစ်ဦး ယုံကြည်မှုမရှိကြလျှင် မည်သည့်နည်းနှင့်မျှ အဆင်ပြေနိုင်လိမ့်မည်မဟုတ်ပါချေ။

www.burmeseclassic.com

ယန်ခွမ်းက....

'ခင်ဗျားမကြိုက်ဘူးဆိုရင် ကျုပ်အကြံတစ်ခုပေးမယ်'

ဟု ပြောလိုက်ရာ ငွေအိုးကြီး စိတ်ဝင်စားသွားသည်။

'ပြောစမ်းပါဦးကွ'

'ကျုပ်ရဲ့ မိတ်ဆွေတစ်ယောက်ရှိတယ်၊ မီးသွေးတုံးရဲ့ကလေးကို စောင့်ရှောက်ဖို့ သူ့ကို တာဝန်ပေးလိုက်မယ်ဆိုရင်ကော'

'ဘယ်ဖြစ်မလဲ၊ ကလေးကို ဘယ်သူ့လက်ထဲမှ လွှဲမပေးနိုင်ဘူး'

ငွေအိုးကြီး ခါးခါးသီးသီး ငြင်းဆန်လိုက်၏။

ယန်ခွမ်း ပြုံးလိုက်သည်။

'ကလေးလွှဲပေးရမယ်လို့ ပြောတာမဟုတ်ပါဘူး၊ ကျုပ်ရဲ့ မိတ်ဆွေကို ခင်ဗျားတို့ဆီမှာ ခေါ်ထားဖို့ပါ၊ ကလေးကို သူ့လက်ထဲမှာထားရင် လုံလောက်ပါပြီဗျာ'

ငွေအိုးကြီး မျက်မှောင်ကုပ်သွားပြီး....

'သူက ကလေးကိုခေါ်ပြီး ထွက်ပြေးသွားမှာပေါ့'

ဟု စောဒကတက်လိုက်၏။

ယန်ခွမ်းက....

'ခင်ဗျားလူတွေ ရှိနေတာပဲဗျ'



ငွေအိုးကြီး တွေဝေသွားသည်။

ယန်ခွမ်းက....

'ခင်ဗျားဟာ သိုင်းလောက တစ်ခုလုံး ဖိမ့်ဖိမ့်တုန်အောင် ကြောက်နေကြတဲ့ သေွးဝိညာဉ်ဂိုဏ်းမှာ အရေးပါတဲ့ လူတစ်ယောက် မဟုတ်လားဗျာ၊ ဘာကြောင့်များ လူတစ်ယောက်ကို ထိန်းသိမ်းထားဖို့ တွေဝေနေရတာလဲ'

ငွေအိုးကြီး သက်ပြင်းချလိုက်သည်။

'ကောင်းပြီ၊ ကျုပ်သဘောတူတယ်၊ မင်းနဲ့ မီးသွေးတုံးတို့ ပြန်သွားကြပါ၊ မင်းရဲ့မိတ်ဆွေကို လွှတ်လိုက်ပါ'

'ပြိုင်ပွဲကကော'

'တို့ ထပ်တွေ့ကြသေးတာပေါ့'

ယန်ခွမ်းလည်း သဘောတူလိုက်၏။

'ခင်ဗျားက ကျုပ်မိတ်ဆွေနဲ့ မီးသွေးတုံးရဲ့ကလေးကို လက်ဖျားနဲ့တောင် မတို့မိအောင် ဂရုစိုက်ပါ'

'စိတ်ချ၊ သူတို့ ဘာမှမဖြစ်စေရဘူး၊ ကျုပ်တာဝန်ယူတယ်'

'ကျုပ်သွားမယ်'

စကားဆုံးလျှင် ယန်ခွမ်း ချာခနဲလှည့်ထွက်သွားလေသည်။

ငွေအိုးကြီးက....

'ဒီကနေ့နေ့ဝင်သွားတဲ့အချိန်မှာ မင်းရဲ့မိတ်ဆွေကို အရောက်လွှတ်လိုက်ပါ၊ ကျုပ် ဒီကပဲစောင့်နေမယ်'

www.burmeseclassic.com



ဟု လှမ်းရှုမှာကြားလိုက်သည်။

ယန်ခွမ်း ခေါင်းညိတ်ပြကာ နှင်းမိုးစားသောက်ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည်။

....၀....

သိုင်းလောကၾွ ထူးခြားသည့်သတင်းတစ်ခု ထွက်ပေါ်လာလေသည်။

ထိုသတင်းအား လူတိုင်းလူတိုင်း စိတ်ဝင်စားသွားကြလေသည်။

အဖြူရောင်နှင့် အနက်ရောင်သိုင်းလောကသားများသာမက သိုင်းလောကသားမဟုတ်သည့် ကုန်သည်ပွဲစားများ၊ ဈေးသည်များမှအစ လူတိုင်းစိတ်ဝင်စားသွားကြခြင်း ဖြစ်သည်။

ထိုသတင်းနှင့် ပတ်သက်၍လည်း သို့လော သို့လော ဝေဖန်ချက်များ ပေးကြသည်။



လူစုမိလေတိုင်း အားပါးတရ ပြောဆိုဆွေးနွေးကြသည်။

ထိုသတင်းမြစ်ဖျားခံရာ ကျင်းလိန်မြို့ဆီသို့ ဦးတည်ခရီးနှင်ကုန်ကြ၏။

သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားစေခဲ့သည့် သတင်းမှာ သိုင်းလောက၏ရှေ့ဆောင် လောကပါလဓား သိုင်းသမားကြီး ယန်ချင်းနှင့် ဒေါင်းနဂါးဂိုဏ်းခေါင်းဆောင် နဂါးလေးတို့ ရင်ဆိုင်တိုက်ခိုက်ကြမည် ဆိုသည့်သတင်းပင် ဖြစ်လေသည်။

သူတို့နှစ်ဦးသည် ကျင်းလိန်မြို့ရှိ သူဌေးကြီး ရှောင်စန်း၏ ခြံဝင်းအတွင်း၌ ယှဉ်ပြိုင်ကြမည်ဖြစ်လေသည်။

....၀....

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာခဲ့ပြီ ဖြစ်သည်။

နံနက်ခင်း နေခြည်အောက်၌ ကျင်းလိန်မြို့မှာ ခါတိုင်းထက်ပို၍ စည်ကားသိုက်မြိုက်နေ၏။

ယနွေ့....

ယနွေ့သည် သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားနေသည့် လောကပါလဓား ယန်ချင်းနှင့် ဒုစရိုက်ကမ္ဘာမှ ရာဇာတစ်ပါးဖြစ်သည့် နဂါးလေးတို့ ရင်ဆိုင်တိုက်ခိုက်ကြမည့်နေ့ မဟုတ်ပါလား။

သူဌေးကြီး ရှောဝ်စန်း၏ခြံဝင်းမှာ ငါးကောခန့် ကျယ်ဝန်းသေသည်။

ခြံဝင်းအတွင်းရှိ မြေကွက်လပ်၌ စင်မြင့်တစ်ခု ဆောက်လုပ်ထား၏။

ယနွေ့ မိုးလင်းလာသည်နှင့် ခြံဝင်းတံခါးကြီး ဖွင့်လိုက်ရာ ပြိုင်ပွဲကြည့်လိုသူများ စင်မြင့်ရှေ့သို့ အုတ်အုတ်ကျွက်ကျွက် ရောက်ရှိလာကြလေတော့သည်။

တစ်ခဏအတွင်းမှာပင် မြေကွက်လပ်တွင် မြေချစရာပင် မရှိလောက်အောင် လူများ ပြည့်ကျပ်စည်ကားသွား၏။

သူဌေးကြီးရှောင်စန်း၏ အဆောက်အအုံကြီးမှ ကြည့်လျှင် မြေကွက်လပ်၏မြင်ကွင်းကို ကောင်းစွာတွေ့မြင်နေရသည်။



သခင်မလေးရှောင်ရှောဝ်သည် ပြတင်းပေါက်မှနေပြီး လှမ်းမျှော်ကြည့်နေလေသည်။

သူမ၏မျက်နှာလေး ညှိုးငယ်နေပါသည်။

ရင်ထဲ၌လည်း ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်နေ၏။

'အစ်ကိုရယ် ဘယ်များရောက်နေပြီလဲရှင်'

ဟု မြည်ကျေးတမ်းတမိသည်က အကြိမ်ကြိမ်ဖြစ်လေသည်။

ယန်ခွမ်းသည် ချူးရှာ့သေဆုံးသွားပြီးနောက် ဒေါသထွက်နေသဖြင့် သူမကိုပင် ဂရုမစိုက်နိုင်တော့ဘဲ လောကပါလဓား ယန်ချင်းအား ရှာဖွေရန်ထွက်သွားခဲ့လေသည်။

ရှာ၍တွေ့သည် မတွေ့သည်ကို သူမ မသိပါ။

သူမ သိနားလည်ထားသည်မှာ ထိုအချိန်မှစပြီး ယန်ခွမ်း တစ်ယောက် ပျောက်ဆုံးသွားခြင်း ဖြစ်ပေသည်။

သူမသည် ကျင်းလိန်မြို့အနှံ့ လိုက်လံရှာဖွေခဲ့ပါသေး၏။

အရိပ်အယောင်ပင် မတွေ့ရတော့သည့်နောက်ဆုံး လက်လျှော့ကာ အိမ်ပြန်လာခဲ့ရခြင်း ဖြစ်သည်။

ယခု ယန်ခွမ်း၏သတင်း ကြားရပြီဖြစ်သည်။

ယန်ခွမ်းသည် လောကပါလဓား ယန်ချင်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်လိမ့်မည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင်ပင်ထိုယှဉ်ပြိုင်ပွဲကိုသူမတို့၏ခြံဝင်းအတွင်း၌ ကျင်းပခဲ့လေတော့သည်။

မကြာမီ ယန်ခွမ်းအား တွေ့ရပေလိမ့်မည်။

သူမအား ဥပေက္ခာပြုထားခဲ့သော်လည်း သူမစိတ်မနာနိုင်ပါ။ ယန်ခွမ်းမည့်ကဲ့သို့ ခံစားရမည်ဆိုသည်ကို ကောင်းစွာ နားလည်သဘောပေါက်ထားပေသည်။

ယခု....

သူမသည် ယန်ခွမ်းအား အပူတပြင်းတွေ့လိုနေ၏။

ထိုသို့ တွေ့လိုနေရသည့် အကြောင်းမှာ....

ရှောင်ရှောင်သည် ဖြတ်စီးပေါက်အနီးမှခွာကာ အိမ်ထဲလှည့်ဝင်လာခဲ့လေသည်။

သူမ၏ခြေလှမ်းများသည် ခန်းမကျယ်တစ်ခု၏ တံခါးဝအနီး၌ ရပ်တန့်သွားလေသည်။

တံခါးစေ့ရုံသာစေ့ထားသဖြင့် အတွင်းဘက်မှ စကားသံများကို အတိုင်းသားကြားနေရပါ၏။

အခန်းတွင်း၌ လူသုံးယောက်ရှိနေ၏။

သူဌေးကြီးရှောင်စန်း၊ လောကပါလဓား ယန်ချမ်းနှင့် ရှောင်စန်း၏မိတ်ဆွေ ကုန်သည်ကြီးလုံဝီးတို့ ဖြစ်လေသည်။



ကုန်သည်ကြီးလုံဝီးသည် သူဌေးကြီးရှောင်စန်း၏ စီးပွားဘက်ဖြစ်ပြီး မကြာခဏ ဝင်ထွက်သွားလာနေသူ ဖြစ်ပေသည်။

လုံဝီးနှင့် ရှောင်စန်းတို့သည် လောကပါလဓားယန်ချမ်းအား စိုက်ကြည့်နေကြလေသည်။

ရှောင်စန်းက....

'နဂါးလေးကို အနိုင်ရမှုဖြစ်မယ်ဆိုတာ ခင်ဗျားနားလည်ပါတယ်နော်'

ဟု မေးလေသည်။

လောကပါလဓားယန်ချမ်း ရယ်မောလိုက်သည်။

'သူ့ကိုသိုင်းကွက်ဆယ်ကွက်အတွင်း ကျုပ်ကအနိုင်ယူပြမှာပါဗျာ၊ အေးအေးဆေးဆေးသာ စောင့်ကြည့်နေကြပါ'

ကုန်သည်ကြီးလုံဝီးက....

'နဂါးလေးက အင်မတန်လက်မြန်တယ်လို့ သတင်းတွေ ဖြစ်ပေါ်နေတယ်၊ သူ့ကို ပေါ့လို့မရဘူး၊ တစ်ခါတည်း ပြတ်ပြတ်သားသား ရှုံးပစ်ရလိမ့်မယ်၊ ပြိုင်ပွဲမှာ....'

ရှောင်ရှောင် ဆက်ပြီးနားမထောင်လိုတော့ပါ။

သူမ မေတ္တာသက်ဝင်မိသည့် ယန်ခွမ်းမှာ ဒေါင်းနဂါးဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သည်ဟုသိရပြီးသည့်နောက်ပိုင်း စိတ်ထိခိုက်ကြေကွဲခဲ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းအား ဆက်သင်ရန်းသဗီးပယ်ရန် တိုင်ပင်ပြောဆိုမနေကြသည်ကို သူမဆက်ပြီး မကြားလိုတော့ပါ။

ယန်ခွမ်းသည် ပြိုင်ပွဲသို့လာရောက်မည်ဆိုပါက ကျွန်ုပ်တို့ခံတွင်းသို့ဝင်မြင်းနှင့် အတုတုဖြစ်ပေလိမ့်မည်။

လောကပါလဧရာယန်ချင်း အာဆအနိုင်ယူနိုင်သည့်ဘိုင် ပြိုင်ပွဲကိုလာရောက်ကြည့်ရှုကြသည့် သိုင်းလောကသားများနှင့်ရင်ဆိုင်ရဦးမည်မှာ သေချာလှ၏။

ယန်ခွမ်းအား မည်သို့အကူအညီပေးရမည်နည်း....။

ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရန် တားဆီးရမည် ဖြစ်ပေသည်။

သူမသည် တားဆီးရန် ကြိုးစားအားထုတ်နိုင်ပါမည်လော။

ရှောင်ရှောင်သည် ဗာဆောက်အဦးအပြင်ဘက်သို့ ထွက်လာခဲ့လေတော့သည်။

....၀....



သူဌေးကြီးရှောင်စန်း၏ အဆောက်အအုံကြီးနှင့် ပြိုင်ပွဲကျင်းပမည့် စင်မြင့်မှာ ပေငါးဆယ်ခန့် ကွာဝေးပေသည်။

စင်မြင့်ရှေ့၌ သိုင်းလောကမှ အထူးဧည့်သည်တော်များအတွက် ခုံများအစီအရီချထား၏။

လောကပါလဓား ယန်ချင်းနှင့် ဒေါင်းနဂါးဂိုဏ်း၏ အကြီးအကဲ နဂါးလေးတို့ ရင်ဆိုင်ကြမည့်ပွဲဖြစ်ရာ သိုင်းလောကသားများအတွက် ပွဲကြီးပွဲကောင်းတစ်ခုဟု ဆိုရမည်ဖြစ်ပေသည်။

ထို့ကြောင့်လည်း စိတ်ဝင်စားကြသည့် သိုင်းလောကသားများ၊ ရပ်ဝေးမှ လာသူများဖြင့် မြေကွက်လပ်၌ ကြက်ပျံမကျစည်ကားသိုက်မြိုက်နေသည်။

သူဌေးကြီးရှောင်စန်းသည် လောကပါလဓား ယန်ချင်းနှင့် ခင်မင်ရင်းနှီးသူ ဖြစ်ရကား ပြိုင်ပွဲကို သူ၏ခြံဝင်းအတွင်း၌ပြုလုပ်ရန် စီစဉ်ပေးခဲ့ခြင်း ဖြစ်သည်။

သူဌေးကြီးရှောင်စန်းသည် ကုန်သည်လောက၊ မင်းစိုးရာဇာလောက၊ သိုင်းလောက၌ ဝင်ဆန့်သူဖြစ်ရကား ထိတ်ထိတ်ကြဲပုဂ္ဂိုလ်များကို ဖိတ်ကြားနိုင်ခဲ့လေသည်။

ပြိုင်ပွဲစင်မြင့်ရှေ့၌ ရှောင်လင်၊ ဝူတန်း၊ ဂူဖီ၊ ခွန်လွန် စသော သိုင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပြင် ကျင်းလင်မြို့စားနှင့် နေပြည်တော်မှ မင်းစိုးရာဇာအချို့ ရောက်ရှိနေရာယူထားကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီး ရှောင်စန်းနှင့် လောကပါလမောင်း ယန်ချင်းတို့ စင်မြင့်ပေါ်သို့ ရောက်ရှိလာကြသောအခါ ပရိသတ်များက လက်ခုပ်လက်ဝါးတီးကာ ဩဘာပေးကြလေသည်။

'လောကပါလမောင်း အနိုင်ရပါစေ'

'သိုင်းလောကရဲ့ လူဆိုးတွေကို သုတ်သင်ရှင်းလင်းပစ်ပါ'

'ဒေါင်းနဂါးဂိုဏ်းကို ဖြိုခွဲပစ်'

စသည့် ဟစ်ကြွေးသံများလည်း တစ်ခဲနက် ထွက်ပေါ်လာလေသည်။

သူဌေးကြီးရှောင်စန်း၏ မျက်နှာ ပြုံးရွှင်နေသည်။

ညီ့ပရိသတ်များအား လက်ဝေ့ယမ်းပြလိုက်ပြီး....

'ကြွရောက်လာတဲ့ မိတ်ဆွေ အပေါင်းတို့....သိုင်းလောကရဲ့ မီးရှူးတန်ဆောင် သိုင်းသမားကြီး ယန်ချင်းဟာ မကြာခင်မှာ သိုင်းလောကကို ဒုက္ခပေးနေတဲ့ ဒေါင်းနဂါးဂိုဏ်းရဲ့ အကြီးအကဲ နဂါးလေးကို ရင်ဆိုင်အနိုင်ယူမှာဖြစ်ပါတယ်၊ သိုင်းသမားကြီး ယန်ချင်းဟာ သိုင်းလောကအကျိုး၊ အများအကျိုး စွမ်းစွမ်းတမံ ဆောင်ရွက်နေသူ ဆိုတာ အားလုံး အသိပါပဲ၊ အခုလဲ နဂါးလေးကို ဆုံးမပေးဦးမှာမို့ သိုင်းလောကရဲ့ အထူးကျေးဇူးတင်ထိုက်တဲ့ ပုဂ္ဂိုလ်ကြီးအဖြစ် သတ်မှတ်ပြီး ကျုပ်က ဂုဏ်ပြုပွဲ ပြုလုပ်ပေးဖို့ စီစဉ်ထားပါတယ်၊ဒါကြောင့် ပြိုင်ပွဲပြီးဆုံးသွားတဲ့



အခါ နှင်းမိုးရေကန်ဘေးက နှင်းမိုးစားသောက်ဆိုင်ကို ကြွကြွပါလို့ ဖိတ်ကြားအပ်ပါတယ်ဗျာ'

ဟု မြွောက်လိုက်သည်။

သူ၏စကားအဆုံးတွင် လက်ခုပ်ဩဘာသံများ၊ ကောင်းချီးပေးကာ ဟစ်ကြွေးလိုက်သည့်အသံများ တစ်ခဲနက် ထွက်ပေါ်လာသည်။

သူဌေးကြီးရှောင်စန်းက....

'ကဲ....အချိန်လဲ တန်ပါပြီ၊ ကျုပ်တို့ သူရဲကောင်းကြီးဟာ စင်မြင့်ပေါ်မှာ အသင့်ရှိနေပါပြီ၊ နဂါးလေးဟာ သတ္တိရှိတယ်ဆိုရင် ရောက်လာသင့်ပါပြီဗျာ'

ဟု ကျယ်လောင်စွာ ပြောလိုက်သည်။

ထို့နောက် လောကပါလမောင်း ယန်ချင်းအား ဦးညွှတ်ကာ နောက်ဆုတ်သွားလေသည်။

ယန်ချင်းက ရှေ့သို့ လှမ်းထွက်လာပြီး....

'နဂါးလေး....ကျုပ် အဆင်သင့်ဖြစ်နေပြီ'

ဟု အောင်မြင် ခန့်ညားသော အသံကြီးဖြင့် ပြောလိုက်လေသည်။

သူ၏ စိန်ခေါ်သံနှင့် မရှေးမနှောင်းမှာပင်....

'ကျုပ်လာပါပြီဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ရှုးရှသော အသံတစ်ချက် ထွက်ပေါ်လာ၏။

လူရိပ်တစ်ခု စင်မြင့်ပေါ်သို့ ရိပ်ခနဲ ခုန်တက်လာသည်ကို တွေ့မြင်လိုက်ကြရ၏။

ဒေါင်းနဂါးဂိုဏ်း၏ အကြီးအကဲ နဂါးလေးယန်ခွမ်း ရောက်ရှိလာပြီ ဖြစ်လေသည်။

....၀....

ယန်ခွမ်း ရောက်ရှိလာပြီ ဖြစ်သည်။

ပရိသတ်များထံမှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာလေသည်။

သို့သော် ယန်ခွမ်းနှင့် လောကပါလဓား ယန်ချင်းတို့ မျက်နှာချင်း ဆိုင်လိုက်ကြသည်နှင့် ဆူဆူညံညံ အသံများ တစ်မုဟုတ်ချင်း ငြိမ်ကျသွားတော့သည်။



သူဌေးကြီးရှောခ်စန်းသည် စင်မြင့်ပေါ်မှ ဆင်းသွားပြီဖြစ်လေသည်။

စင်မြင့်ပေါ်၌ ယန်ခွမ်းနှင့် လောကပါလဓား ယန်ချင်းတို့ နှစ်ယောက်သာ ကျန်ရစ်ခဲ့သည်။

အမှန်တော့ ဌေးအိုးကြီး၏ တပည့် ကျောက်ပေါက်မာသည် လောကပါလဓား ယန်ချင်းအဖြစ် ဟန်ဆောင်ထားခြင်း ဖြစ်ပေသည်။

ကျောက်ပေါက်မာသည် ယန်ခွမ်းကိုတွေ့ရလျှင် သဘောကျစွာ ပြုံးလိုက်သည်။

'ယန်ခွမ်း....ဌေးအိုးကြီးနဲ့ သဘောတူထားတာကို မင်းသတိရတယ် မဟုတ်လားကွ'

ဟု တိုးတိုး မေးလေသည်။

ယန်ခွမ်း မဲ့ပြုံးပြုံးလိုက်သည်။

'ကျောက်ပေါက်မာ၊ မင်းက ငါ့ကို ဘယ်တုန်းကများ ခြိမ်းခြောက်ဝံ့ခဲ့လို့လဲကွ'

ဟု ပြောပြန်လိုက်သည်။

မှန်ပေသည်။ ကျောက်ပေါက်မာသည် သူ၏အမိန့်ကို နာခံရသူ၊ သူခိုင်းစေသမျှ စောဒကတက်ခွင့် မပြုလုပ်ရသူ ဖြစ်ခဲ့သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပေါက်မာ ရယ်မောဖိုက်လေသည်။

'ဟဲ...ဟဲ...ဟဲ...အခြေအနေ အချိန်အခါကိုလဲ ကြည့်ဦး ပေါ့ကွ၊ ခုချိန်မှာ မင်းဟာ ငါတို့လက်ခုပ်ထဲက ရေဖြစ်နေပြီ ိုတာ မမေ့နဲ့လေကွာ'

'ငါက မင်းတို့ခိုင်းသလို လုပ်မယ်များ ထင်နေသလား'

ကျောက်မပေါက်မာ ရင်ထိတ်သွား၏။

'တာပြောတယ်၊ မီးသွေးတုံးတို့သားအဖ ဒုက္ခရောက်သွား ာကို မင်းမြင်ချင်လို့လား'

ဟု ငေါက်လိုက်၏။

ယန်ခွမ်းက....

'မင်းဟို ဘာတတ်နိုင်မှာမို့လဲ'

'ယန်ခွမ်း...မင်း...'

ထိုအချိန်တွင်....

'လောကပါလ သိုဝိုးသမားကြီး နိုင်ပါစေ'

'လူဆိုးနဂါးလေးကို ခုံးမလိုက်စမ်းပါ'

ပရိသတ်များ၏ အော်ဟစ်အားပေးသံများ ထွက်ပေါ်လာ လသည်။

လောကပါလ ယန်ချင်းအဖြစ် ဟန်ဆောင် ထားသည့် ကျောက်ပေါက်မာ အခက်ကြုံနေပါ၏။



ယန်ခွမ်းနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်ဆိုလျှင် မည်သို့မျှ အနိုင်ရမည် မဟုတ်ကြောင်း နားလည်သဘောပေါက်ထားလေသည်။

ယန်ခွမ်းသည် မီးသွေးတုံးတို့သားအဖကြောင့် သူ၏လက်ခုပ်ထဲမှ ရေဖြစ်ရမည်ဟု ထင်မှတ်ထားသော်လည်း ယန်ခွမ်း၏ စကားကြောင့် ဝေခွဲမရနိုင်အဲ ဖြစ်နေရ၏။

ယန်ခွမ်းက မီးသွေးတုံးတို့သားအဖအား လျစ်လျူရှုလိုက်မည်ဆိုလျှင် ပထမဦးဆုံး ဒုက္ခရောက်ရမည့်သူမှာ သူပင်ဖြစ်နေဟည် မဟုတ်ပါလား။

ကျောက်ပေါက်မာက အံကြိတ်ရင်း....

'ငါက အခြေအနေ မဟန်ဘူးဆိုတာကို အချက်ပြလိုက်တာနဲ့ မီးသွေးတုံးတို့သားအဖ သေသွားမှာပဲကွ'

ဟု ပြောလိုက်၏။

ယန်ခွမ်းက....

'မင်းက အချက်ပြမှာကို သူတို့ စောင့်ကြည့်နေကြတယ် ဟုတ်လား'

'သေချာတာပေါ့ကွာ၊ မင်းဟာ ကိုတစ်သဘောတူထား သလို မလုပ်ဘဲ ထင်ရာလုပ်မယ်ဆိုရင် သူတို့က မီးသွေးတုံးတို့ သားအဖကို ရှင်းပစ်လိုက်ရုံပဲပေါ့'

ယန်ခွမ်း နှာခေါင်းရှုံ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မီးသွေးတုံးတို့ထက်အရှင်၊ မင်းသေသွားရမယ်ဆိုတာကော မတွေးမိဘူးလားကွ'

ကျောက်ပေါက်မာက သက်ပြင်းချလိုက်လေသည်။

'ယန်ခွမ်း၊ ငွေအိုးကြီးအတွက် မင်းရဲ့အသက်ကော ငါ့ရဲ့အသက်ပါ ဘာမှအရေးမကြီးဘူးဆိုတာ မှတ်ထားစမ်းပါကွာ'

ယန်ခွမ်း သက်ပြင်းချလိုက်သည်။

ကျောက်ပေါက်မာသည် သူတစ်ပါးခိုင်းသမျှ ပြုလုပ်ရသည့်ဘဝ မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ သူက ခွင့်လွှတ်နိုင်မည် မဟုတ်ပါချေ။

'မင်းက ချူးရှာကို သတ်ပစ်လိုက်တာ မဟာအမှားပဲ၊ နို့မဟုတ်ရင် မင်းကို ငါခွင့်လွှတ်နိုင်ဦးမယ်'

ကျောက်ပေါက်မာ အံကြိတ်လိုက်လေသည်။

'ယန်ခွမ်း၊ ဘာပြောတာပြောမနေနဲ့တော့၊ ငါ့ရဲ့တိုက်ကွက်ကို ခုခံဖို့ပြင်ထားပေတော့'

စကားဆုံးလျှင် ခါးမှဓားကို ဆွဲထုတ်ကာ ယန်ခွမ်းထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ယန်ခွမ်းသည် သူ့အား ပြန်လည်တိုက်ခိုက်သည့်တိုင် လဲကျသွားစေလောက်အောင် ပြင်းထန်စွာ တိုက်ခိုက်မည်မဟုတ်ဟု ယုံကြည်ထား၏။



သူတို့၏ပြိုင်ပွဲသည် သေရေးပွဲ ဖြစ်ရမည်ဟု ငွေအိုးကြီးက သတ်မှတ်ပေးခဲ့သည် မဟုတ်ပါလား။

ယန်ခွမ်းသည် မည်မျှပင် မကျေမနပ်ဖြစ်နေပါစေ သူ့အား အနိုင်တိုက်ခိုက်ရလိမ့်မည် မဟုတ်ပါ။

ထိုအချက်ကို အခွင့်ကောင်းယူကာ ယန်ခွမ်းအား သုတ်သင်ရှင်းလင်းပစ်ရမည်ဟု ငွေအိုးကြီးက သူ့အား တိတ်တဆိတ်မှာကြားခဲ့ပေတော့သည်။

ယန်ခွမ်းသည်သူ့အား သုတ်သင်ရှင်းလင်းပစ်မည်ဆိုသည်ကို သိထားလိမ့်မည် မဟုတ်ပါချေ။

ကျောက်ပေါက်မာသည် ဓားကိုဝှေ့ယမ်းကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်လေတော့သည်။

ယန်ခွမ်း မလှုပ်မယှက် ရပ်နေ၏။

ရှောင်တိမ်းရန် ဟန်ပြင်ခြင်းမရှိသကဲ့သို့ ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်ခြင်းပင် မရှိပါချေ။

ကျောက်ပေါက်မာအတွက် တစ်ဖက်သတ်တိုက်ပွဲ ဖြစ်သွားသည်ဟု ဆိုရပေလိမ့်မည်။

ကျောက်ပေါက်မာ အားတက်သွားပြီး....

'သေပေတော့'

www.burmeseclassic.com

www.burmeseclassic.com



ဂြိုသံပေးကာ ယန်ခွမ်း၏ လည်ကုပ်ကို ဓားဖြင့် ပိုင်းချလိုက်၏။

'ဟေ....'

ပွဲကြည့်ပရိသတ်များတစ်ခဲနက်ဟစ်ကြွေးလိုက်ကြလေသည်။

ကျောက်ပေါက်မာ အနိုင်ရပြီဟု အားလုံး ထင်မှတ်လိုက်ကြ၏။

ထိုအခိုက် အချိန်ကလေးမှာပင် ယန်ခွမ်းသည် ရှေ့သို လျှပ်တစ်ပြက်တိုးလိုက်ပြီး ကျောက်ပေါက်မာ၏ ဓားကိုင်ထားသည့်လက်ကို တံတောင်ဆစ်မှနေ၍ လက်ဝါးဖြင့် ဖျပ်ခနဲ ပင့်တင်လိုက်၏။

တစ်ဆက်တည်းပင် ကျောက်ပေါက်မာ၏ရင်ဝကို လက်သီးဖြင့် ထိုးချလိုက်လေသည်။

'ဖုန်း'

'အွတ်'

ကျောက်ပေါက်မာမှာ လွတ်ခနဲ အော်လိုက်မိလေသည်။

လက်ထဲမှဓား လွတ်ကျသွားပြီး ရှေ့သို ခါးကိုင်းကျလာ၏။

ယန်ခွမ်းက ကျောက်ပေါက်မာ၏ဆံပင်ကို လက်တစ်ဘက်ဖြင့် ဆောင့်ဆွဲလိုက်ပြီး၊ ကျန်လက်တစ်ဘက်ဖြင့် မျက်နှာတွင်ဖုံးအုပ်ထားသည့် မျက်နှာဖုံးတုကို ဆွဲချွတ်ပစ်လိုက်၏။



တင်ဖန် ပွဲကြည့်ပရိသတ်ဘက်လှည့်ကာ....

'ခင်ဗျားတို့ လေးစားတဲ့ လောကပါလဓား ယန်ချင်းဟာ ဘယ်လိုလူစားမျိုး ဖြစ်နေသလဲ ဆိုတာ ကြည့်ကြစမ်းပါ ခင်ဗျားတို့အားလုံး အလိမ်ခံနေရပြီဆိုတာ မှတ်ထားပါ'

ဟု အော်ပြောလိုက်၏။

မမျှော်လင့်သော ဖြစ်ရပ်နှင့် ကြုံတွေ့လိုက်ရခြင်းကြောင့် ပရိသတ်များ တအံ့တသြ ဖြစ်သွားကြလေတော့သည်။

ယန်ခွမ်းက....

'တကယ်တော့ သေွးဝိညာဉ်ဂိုဏ်းဟာ လောကပါလဓား ယန်ချင်းအတု ဖန်တီးပြီး သိုင်းလောကကိုမွှေနှောက်ဖို့ ကြံစည်နေတယ်၊ သူတို့က ကျုပ်ကိုပါအသုံးချဖို့ ကြံစားနေကြတာပဲ၊ သွေးဝိညာဉ်ဂိုဏ်းရဲ့လုပ်ရပ်တွေကို မကြာခင်မှာ လောကပါလဓား ယန်ချင်းကိုယ်တိုင် ရှင်းပြပါလိမ့်မယ်၊ ခုတော့...'

သူ၏စကား မဆုံးမီ....

'ဝုန်း'

'အား'

'အမယ်လေး'

သူဌေးကြီး ရှောင်စန်း၏ အဆောက်အအုံအတွင်းမှ ၎င်းရှိသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်များ ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

ထိုအချိန်မှာပင် ယန်ခွမ်းသည် စင်မြင့်ပေါ်မှ ခုန်ဆင်းကာ အဆောက်အအုံဆီသို့ ဦးတည်ပြေးသွားသွားလေတော့သည်။

...၀...

သူဌေးကြီးရှောင်စန်း၏ အဆောက်အအုံအတွင်းမှ တစ်ခုသော အခန်းအတွင်း၌ လူတစ်စုရှိနေကြပါ၏။

အနက်ရောင် ဝတ်ဆင်ထားသူတစ်စုသည် လူတစ်ယောက်အား ဝိုင်းရံစောင့်ကြပ်နေကြခြင်း ဖြစ်လေသည်။

ထိုလူမှာ မီးခိုးရောင်အင်္ကျီရှည် ဝတ်ဆင်ထားသည့် လယ်သမားတစ်ယောက်အသွင်ရှိသူ ဖြစ်ပေသည်။

ထိုလူသည် မီးဆေးတံ၏ အလေးကို ချိုပိုးထားလေသည်။

ထိုလူမှာ ယန်ခွမ်း စေလွှတ်လိုက်သူဖြစ်၏။

ငွေအိုးကြီးက ယန်ခွမ်းနှင့်သဘောတူညီချက်အရ ထိုလူအား လက်ကိုင်ထားခဲ့ရခြင်းဖြစ်ပေသည်။



ငွေအိုးကြီးတို့လူစုသည် သူဌေးကြီးရှောင်စန်း၏ အဆောက်အအုံအတွင်းသို့ အဘယ်ကြောင့် ရောက်ရှိနေကြပါသနည်း။

ဖွင့်ထားသည့် ပြတင်းပေါက်မှတစ်ဆင့် မြေကွက်လပ်မှ ပြိုင်ပွဲစင်မြင့်အား တွေ့မြင်နေရပါ၏။

စင်မြင့်ပေါ်တွင် ယန်ခွမ်းနှင့် ကျောက်ပေါက်မာတို့ ရင်ဆိုင်နေကြပြီဖြစ်သည်။

မီးခိုးရောင် ဝတ်ဆင်ထားသူသည် ကလေးကိုချိုပိုးထားရင်း အခြေအနေစောင့်ကြည့်နေ၏။

ငွေအိုးကြီး၏လူများသည် စင်မြင့်ပေါ်မှပြိုင်ပွဲကို စိတ်ဝင်စားစွာ ကြည့်နေကြသည်။

မီးခိုးရောင်ဝတ်ထားသူ ပြုံးလိုက်သည်။

မကြာခင် သူလှုပ်ရှားဖို့အချိန် ကျရောက်လာတော့မည် မဟုတ်ပါလား။

ထိုတဒင်္ဂအချိန်အတွင်းမှာပင် ယန်ခွမ်းသည် လောကပါလဓား ယန်ချင်းအဖြစ် ဟန်ဆောင်ထားသည့် ကျောက်ပေါက်မာအား အနိုင်ယူလိုက်သည်ကို တွေ့မြင်လိုက်ရ၏။

မီးခိုးရောင်ဝတ်ထားသူက စတင်လှုပ်ရှားလိုက်၏။

သူနှင့်မလှမ်းမကမ်း၌ရှိနေသည့် အနက်ရောင်ဝတ်ဆင်ထားသူများအား စတင်တိုက်ခိုက်ပစ်လိုက်သည်။

ထိုလူများမှာ အငိုက်မိသွားသဖြင့်....

'ဝုန်း'

'အား'

'အမယ်လေး'

www.burmeseclassic.com

www.burmeseclassic.com



စူးရှကျယ်လောင်သော အော်ဟစ်သံများနှင့်အတူ ဖရိုဖရဲ ဖြစ်သွားကြ၏။

မီးခိုးရောင် ဝတ်ထားသူသည် ရရှိလာသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ ကလေးကိုပွေ့ချီရင်း အခန်းအပြင်ဘက် ပြေး ထွက်သွားရန် ကြိုးစားလိုက်သည်။

ထိုအချိန်မှာပင်....

'ဘာဖြစ်တာလဲဟေ့'

စကားသံနှင့်အတူ လူတစ်စု ပြေးဝင်လာကြသည်ကို တွေ့မြင် လိုက်ရ၏။

ထိုလူစုအား ဦးဆောင်လာသူမှာ ကုန်သည်ကြီး လုံဝီး ဖြစ် လေသည်။

လုံဝီးသည် မီးခိုးရောင်ဝတ်ဆင်ထားသူ ပြေးထွက်လာသည် ကို မြင်လျှင်....

'ရပ်လိုက်စမ်း'

အော်ငေါက်ကာ ဟန့်တားတိုက်ခိုက်လိုက်၏။

လုံဝီးမှာ နောက်သို့ သုံးလေးလှမ်းမျှ ဆုတ်လိုက်ရသည်။

လုံဝီး မျက်နှာပျက်သွား၏။

'ဟေ့ကောင်တွေ၊ ဘာလုပ်နေကြတာလဲ၊ တိုက်ကြပါတော့ လား'

သူနှင့် အတူလိုက်ပါလာသူများအား အမိန့်ပေးလိုက်လေ သည်။

ထိုအခါ အနက်ရောင် ဝတ်ဆင်ထားကြသူများသည် မီးခိုး ရောင် ဝတ်ဆင်ထားသူအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။



'ဝုန်း'

'အား'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများနှင့်အတူ ဖရိုဖရဲဖြစ်ကာ နောက် ဆုတ်သွားကြရလေတော့သည်။

လုံဝီး မျက်နှာပျက်သွား၏။

'မင်း....မင်း ဘယ်သူလဲ'

ဟု မေးလိုက်၏။

မီးခိုးရောင်ဝတ်ဆင်ထားသူ ရယ်မောလိုက်သည်။

'ကျုပ်ဘယ်သူလဲဆိုတာထက် မင်းဟာ ငွေအိုးကြီးဆိုတာကို ဝန်ခံစမ်းပါကွာ'

'ဘာ....ဘာဗျ'

'ငွေအိုးကြီး၊ မင်း ရှေ့ဆက်ပြီး ဟန်ဆောင်နေလို့ မရတော့ ပါဘူးကွာ၊ မင်းတို့ရဲ့အကြံအစည်တွေကို ငါတို့သိထားပြီးပါပြီ'

ကုန်သည်ကြီး လုံဝီး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

မီးခိုးရောင်ဝတ်ဆင်ထားသူက....

'ငွေအိုးကြီး၊ မင်းဟာ သွေးဝိညာဏ်ဂိုဏ်းရဲ့ အဓိက အစိတ် အပိုင်းတစ်ခုပဲ၊ မင်းဟာ ဒုစရိုက်လောကထဲမှာ ကျင်လည်ရင်း လူစွမ်းလူစင်တဲ့လူတွေကို စည်းရုံးသိမ်းသွင်းတယ်၊ သွေးဝိညာဉ် ဂိုဏ်းရဲ့အင်အား ပိုပြီးပျံ့နှံ့လာအောင် လုပ်ခဲ့တယ်၊ ယန်ခွမ်းဟာ အလားအလာရှိတဲ့လူဆိုတာသိတော့ ဒေါင်းနဂါးဂိုဏ်းကြီးပြိုလဲ ဆိုးတက်လာအောင် နောက်ကွယ်ကနေ ကူညီပံ့ပိုးပေးခဲ့တယ်၊ ဒါပေမယ့် ယန်ခွမ်းဟာ ထိပ်ဆုံးကို ရောက်လာတဲ့အချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ဩဇာကိုမခံဘဲ ကျောခိုင်းသွားတာမို့ မင်းက မကျေနပ်ဘဲ ဒုက္ခပေးဖို့ ကြံစည်ခဲ့တယ်၊ ငွေ့အိုးကြီး၊ မင်းရဲ့လုပ်ရပ်တွေ ပေါ်လွင်နေပါပြီ၊ သွေးဝိညာဉ်ဂိုဏ်းရဲ့ အစိုက ခေါင်းဆောင်ဟာ ဘယ်သူဘယ်ဝါဆိုတာလဲ ပေါ်လွင်လာပါပြီ၊ မင်း အေးအေးဆေးဆေး အညံ့ခံရင် ကောင်းမယ်'

ဟု ပြောလေသည်။

ငွေ့အိုးကြီး ဒေါသခြောင်းခြောင်း ထွက်သွားလေတော့သည်။

'ကျုပ်ကလူတကာအပေါ် လှည့်စားလာခဲ့သမျှ ဒီတစ်ခါ နှိပ်ကွပ်ခံလိုက်ရတာပဲ၊ ယန်ခွမ်းက ကလေးကိုစောင့်ရှောက်ဖို့ လူတစ်ယောက်လွှတ်လိုက်မယ် ဆိုကတည်းက ကျုပ်နားလည်ဖို့ ကောင်းတယ်'

မီးခိုးရောင်ဝတ်ထားသူ ပြုံးလိုက်သည်။

'ကျုပ် ဘယ်သူလဲဆိုတာ မင်းရိပ်မိပြီပေါ့ဟုတ်လား'

'သေချာတာပေါ့ဗျာ၊ ခင်ဗျားဟာ လောကပါလမေ့ား ယန်ချင်းအစစ်ပဲ၊ နေစမ်းပါဦး၊ ခင်ဗျားနဲ့ယန်ခွမ်း ဘယ်လိုလုပ်ပြီး လက်တွဲမိသွားကြတာလဲ'

မီးခိုးရောင်ဝတ်ထားသူ သက်ပြင်းချလိုက်၏။

သူ၏မျက်နှာကို လက်ဖြင့်ပွတ်သပ်လိုက်ရာ မျက်နှာဖုံးစာတစ်ခု ကွာကျသွားပြီး တည်ကြည်ခန့်ညားသည့်ရုပ်သွင် ပေါ်ပေါက်လာ၏။

ထိုလူမှာ ငွေ့အိုးကြီးတို့က သေဆုံးသွားပြီဟု ထင်မှတ်နေခဲ့သည့် လောကပါလမေ့ားယန်ချင်း ဖြစ်နေလေသည်။



ယန်ချင်းက....

'နဂါးလေးကိုအထင်သေးမိတာ မင်းတို့အမှားပဲ၊ သူက ခေါ်းမှာ အဆိပ်သုတ်လိမ်းထားတယ်ဆိုတာ သိတာနဲ့ ကျုပ်အသက်ကိုကယ်တာဖို့ ကြိုးစားခဲ့တာပဲ'

ဟူ၍အစချီကာ နဂါးလေးယန်ခွမ်းနှင့် ရင်ဆိုင်ခဲ့ရပုံများကို ပြောပြလိုက်လေတော့သည်။

....o....

'အား'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ယန်ချင်းသည် မြေပေါ်ဘိုင်းခနဲ လဲကျသွား၏။

နဂါးလေး ယန်ခွမ်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ယန်ချင်းအား မယုံကြည်နိုင်စွာ ကြည့်နေမိ၏။

ယန်ချင်းသည် မြေပေါ်၌လူးလိမ့်ကာ အကြောဆွဲနေ၏။

သူ၏နှုတ်ခမ်းထောင့်မှသွေးများ ယိုစီးကျနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



နဂါးအလေးယန်ခွမ်းသည် မီးသွေးတုံးလာပေးသည့် ခေါ်း မြှောင်ကိုမယုံကြည်နိုင်စွာ ကြည့်လိုက်မိလေသည်။

ထိုခေါ်းမြှောင်မှာ အဆိပ်များဖြင့် စိရင်ထားသည့် အဆိပ်ခေါ်းမြှောင်တစ်လက် ဖြစ်နေသည် မဟုတ်ပါလား။

ယန်ခွမ်း ခေါင်းခါယမ်းလိုက်သည်။

'ဒါ...ဒါ ဘယ်နည်း နဲ့မှ မဖြစ်နိုင်ဘူး'

မည်သို့ဆိုစေ လောကပါလခေါ်းယန်ချင်းသည် အဆိပ်ခေါ်းမြှောင်ကြောင့် ဒုက္ခရောက်နေပြီ ဖြစ်သည်။

မကြာမီ သေဆုံးသွားရတော့မည် ဖြစ်လေသည်။

သူက ယန်ချင်းအား အနိုင်ရလိုက်ပါ၏။

ချူးရှာအတွက် လက်တုန့်ပြန်နိုင်လိုက်ပြီ ဖြစ်သည်။

သို့သော် တစ်စက်ကလေး ခုံတိုက်ခိုက်ခြင်း မရှိခဲ့သော ယန်ချင်း၏အပြုအမူမှာ အံ့ဩစရာ ကောင်းနေပါ၏။

ယန်ချင်းသည် ဒုစရိုက်သမားများအား ပြစ်ပြင်းထန်ထန် ဆုံးမနိုင်ကြပ်ပြစ်တတ်သူ မဟုတ်ပါလား။

သူသည် ဒုစရိုက်လောက၌ ကျင်လည်ကျက်စားခဲ့သူဖြစ်သည် တိုင် ခုခံခြင်းမပြုသူအား အနိုင်ယူလေ့မရှိခဲ့ပါ။

ယန်ချင်းက ခုခံခြင်းမပြုပါဘဲသူ့က် သူ၏လက်ချက်ဖြင့် သေဆုံးသွားရမည်ဆိုသည်ကို လက်မခံနိုင်ပါ။

ထို့အပြင် သူသည်ပြိုင်ဘက်အပေါ် ကောက်ကျစ်စဉ်းလဲ သည့်နည်းလမ်းဖြင့် အနိုင်ယူခဲ့ဖူးသည်ဟူ၍ မရှိပါ။



ယခုမှ ယန်ချင်းအား အဆိပ်ခေါ်းမြှောင်အသုံးပြုကာ အနိုင်ယူလိုက်သည်ဆိုလျှင် လူယုတ်မာတစ်ယောက် လုံးလုံးလျားလျား ဖြစ်သွားပေလိမ့်မည်။

ယန်ခွမ်း တွေးတောစဉ်းစားနေစဉ်မှာပင် လောကပါလခေါ်းယန်ချင်းသည် လူးလွန့်နေရာမှ တဖြည်းဖြည်း ငြိမ်ကျသွားသည်ကို တွေ့ရလေသည်။

ယန်ခွမ်း ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျား မသေရဘူး'

ရုတ်တရက် ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး ယန်ချင်း အနီးသို့ ပြေးသွားလေသည်။

ယန်ချင်းမှာ မလှုပ်မယှက် တောင့်တောင့်ကြီး ရပ်နေချေပြီ။

သူ၏ ခြေဖဝါး လက်ဖဝါးများနှင့် မျက်နှာမှာ ညိုပုပ်ပုပ် အရောင်သမ်းနေ၏။ အဆိပ်ဒဏ်ကို အပြင်းအထန်ခံစားနေရမှန်း သိသာလေသည်။

ယန်ခွမ်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွား၏။

'ငါ...ငါ သူ့ကိုဘယ်လိုကယ်တင်ရမလဲ'

ဟူ၍ တတွတ်တွတ်ညည်းညူနေမိ၏။

အခြေအနေအရ သူကမည်သို့မျှ တတ်စွမ်းနိုင်မည် မဟုတ်ပါ။

ယန်ချင်းအား သမားတော်တစ်ယောက်ယောက်မှသာလျှင် [?]ယ်တင်နိုင်လိမ့်မည် ဖြစ်လေသည်။

'သမားတော်...'

www.burmeseclassic.com

www.burmeseclassic.com



ယန်ခွမ်းသည် သမားတော်ကိုတမ်းတရင်း သူ၏အသက်ကို ကယ်တင်ခဲ့ဖူးသည့် ကျားငါးကောင်ဟူကျင်းနှင့် သမားတော်တို့ အား သတိရလာလေသည်။

ကျားငါးကောင်ဟူကျင်းသည်လည်းကောင်း၊ သမားတော် သည်လည်းကောင်း သေဆုံးသွားခဲ့ကြပြီ ဖြစ်လေသည်။

သို့သော်...

'ကံကောင်းတာပဲ'

ယန်ခွမ်း လွှတ်ခနဲအော်လိုက်၏။

ချက်ချင်းပင် အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်လေသည်။

သမားတော်သည် သူနှင့်လမ်းမခွဲမီ အရေးအကြောင်းရှိက အသုံးပြုနိုင်ရန် အဆိပ်ဖြေဆေး ပေးခဲ့သည် မဟုတ်ပါလား။

ယခု ယန်ခွမ်း၏လက်ထဲ၌ အဆိပ်ဖြေဆေးပုလင်းလေး ပါ လာပြီ ဖြစ်လေသည်။

ယန်ခွမ်းသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ပုလင်းအဖုံးဖွင့်ကာ အဆိပ်ဖြေဆေးများကို ယန်ချင်း၏ပါးစပ် ထဲ လောင်းချလိုက်၏။

ပုလင်းထဲ၌ ဆေးတစ်စက်မှမကျန်အောင် လောင်း ချပစ် လိုက်ခြင်းတည်း။

အဆိပ်ဖြေဆေးတိုက်ကျွေးလိုက်ပြီး တစ်ခဏအတွင်းမှာပင် ယန်ချင်း၏အခြေအနေ သိသိသာသာကြီး ပြောင်းလဲလာလေ တော့သည်။

ညိုပုပ်ပုပ်ဖြစ်နေသော အသားအရည်မှာ သွေးရောင်လွှမ်း လာ၏။



လွန်စွာမှပင် နွေးကွေးသွားပြီဖြစ်သော အသက်ရှူနှုန်းမှာ လည်း တဖြည်းဖြည်းမှန်လာသည်။

ယန်ခွမ်း ဝမ်းသာသွားလေသည်။

'သူ...သူမသေနိုင်တော့ဘူး'

ဟု ဝမ်းသာအားရ ဟင်ကြွေးလိုက်လေသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ယန်ချင်းမှာ အင် ခနဲ ညည်းညူကာ မျက်လုံးပွင့်လာလေတော့သည်။

...၀...

ကုန်သည်ကြီးဆုံပိုး (၀၁) ရေနှိုးကြီး ငိုပ်နေ၏။

ယန်ခွမ်း၏ ဖြောင့်မတ် တည်ကြည်သော စိတ်ထားသည် လောကပါလများယန်ချင်း အသက်ပြန်ရှင်လာစေခြင်း ဖြစ်လေ တော့သည်။

ယန်ချင်းက အဘယ်ကြောင့် အသက်အသေခံကာ ဖိုက်ခိုက် ခြင်း မပြုဘဲ နေခဲ့ရပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ငွေအိုးကြီးက ယန်ချင်းကိုကြည့်ကာ…

'ခင်ဗျားက နဂါးလေးကို ဘာကြောင့်မတိုက်ခိုက်ခဲ့တာလဲ'

ဟု မေးလိုက်လေသည်။

ယန်ချင်း ပြုံးလိုက်သည်။

'နဂါးလေးရဲ့ဝိညာဉ်ကို ကျုပ်ရိပ်မိခဲ့ပါတယ်၊ သူဟာ ဆိုးချင်လို့ ဆိုးနေတာ မဟုတ်ဘူး၊ ဘဝပေးအခြေအနေကြောင့် ဖျားရိုက်နေတဲ့ ခြေကျ မိခဲ့တယ်ဆိုတာ ထင်ရှားနေတယ်၊ သူ့လို လူစားမျိုးကို အနိုင်ယူသုတ်သင်ပစ်လိုက်တာထက် လူကောင်း တစ်ယောက် ဖြစ်လာအောင် ပြုပြင်လမ်းညွှန်ပေးနိုင်မယ်ဆိုရင် လူ့လောကကောင်းကျိုးပြုမယ့် လူတစ်ယောက် ဖြစ်လာမယ် ဆိုတာ ကျုပ်ရိပ်မိတယ်၊ ပြီးတော့ သူစွပ်စွဲသလို ချူးရှာကို ကျုပ်မသတ်ဘူးဆိုတာ သက်သေပြချင်လို့ပဲ'

ငွေအိုးကြီး ငိုင်သွား၏။

ယန်ချင်းသည် နဂါးလေး၏ စိတ်သဘောထားကို နားလည်နေခြင်းကြောင့် သူတို့နှစ်ယောက် ရန်သူအဖြစ်မှ မိတ်ဆွေဘဝသို့ ကူးပြောင်းသွားစေနိုင်ခဲ့ခြင်း မဟုတ်ပါလား။

ယန်ချင်းကြောင့် နဂါးလေးတို့ မိတ်ဆွေဖြစ်သွားခြင်းသည် သူတို့အတွက် မျက်စီးခြင်း မည်ပေတော့သည်။

လောကပါလသား ယန်ချင်းက…

'မင်းတို့က နဂါးလေးကို လျှော့တွက်ခဲ့ကြတာကိုး၊ ချူးရှာ သေဆုံးသွားတာ မင်းတို့ယောဂကြောင့်ဆိုတာ သူရိပ်မိသွား တယ်၊ မီးသွေးတုံးရဲ့ နောက်ကိုလိုက်ရင် မီးခိုးကြက်လျှောက် အားလုံး ပေါ်ကုန်တာပေါ့၊ မင်းတို့ကလဲ မီးသွေးတုံးရဲ့သား



လက်ထဲမှာရှိနေတယ်ဆိုပြီး၊ သူ့ကို ဂရုမစိုက်ဘဲနေခဲ့ကြတာ မှား တာပေါ့၊ နဂါးလေးဟာ သူ့ကိုထိပါးလာရင် လက်စားချေပြန်ရမှ ကျေနပ်တဲ့လူဆိုတာ မင်းတို့နားမလည်တာ အံ့သြစရာပါပဲကွာ၊ ကဲ…သူငွေအိုးကြီး ဗရင်ဂျီ ဘယ်မှာလဲ၊ ခေါ်လိုက်စမ်းပါ၊ သူဟာ သွေးဝိညာဉ်ဂိုဏ်းကို ဦးဆောင်နေတဲ့လူဆိုတာ ငါရိပ်မိ ထားပါပြီ'

ဟု ပြောလေသည်။

ငွေအိုးကြီး အံကြိတ်လိုက်သည်။

'ယန်ချင်း၊ ခင်ဗျားဟာ ဒုစရိုက်သမားတွေကို နှိပ်ကွပ်နေ တော့ အဖြူရောင် သိုင်းသမားတွေက ခင်ဗျားနဲ့လက်တွဲပါဝင် လာကြတယ်၊ ဒါကြောင့် ကျုပ်တို့ရဲ့ အဓိကရန်သူဟာ ခင်ဗျား ဖြစ်လာရတာပေါ့၊ ခင်ဗျားကြောင့် ဒုစရိုက်သမားတွေ ပြေး ပေါက်မှားကုန်သလို ကျုပ်တို့ သွေးဝိညာဉ်ဂိုဏ်းလဲ အကျပ်တွေ့ ခဲ့တာပေါ့၊ ခင်ဗျားကိုရှင်းဖို့ တစ်နည်းပဲရှိတယ်၊ နဂါးလေးနဲ့ ထိပ်တိုက်ရင်ဆိုင် တွေ့ပေးဖို့ပဲ၊ ကျုပ်တို့စီစဉ်သလို အားလုံးဖြစ် လာတယ်၊ နဂါးလေးလက်ချက်နဲ့ ခင်ဗျားသေသွားပြီလို့ပဲ ထင်ခဲ့ကြတယ်၊ တကယ်ဆိုရင် ခင်ဗျားမရှိတော့တဲ့နောက်ပိုင်း ကျုပ်တို့ လူတစ်ယောက်ကို အစားထိုးပြီး သွေးဝိညာဉ်ဂိုဏ်းကို အသွင်ပြောင်းပစ်ဖို့ ကြိုးစားခဲ့တာပဲ၊ ခုတော့ နဂါးလေးနဲ့ ခင်ဗျားကြောင့် ကျုပ်တို့ အကြံအစည်တွေ ပျက်ရပြီပေါ့၊ ခင်ဗျားကို ချမ်းသာပေးမယ်မျှော် မှတ်သလား'

ယန်ချင်း ရယ်မောလိုက်သည်။

'မင်းအာမျှား တတ်နိုင်မှာမို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'စိုက်ချ၊ တတ်နိုင်တယ် မတတ်နိုင်ဘူးဆိုတာ ခင်ဗျား အခု သိရမယ်'

ပြောပြောဆိုဆို ငွေအိုးကြီးက တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

လောကပါလခေါ်း ယန်ချင်းအား မယှဉ်နိုင်မှန်း နားလည်အားသည့်တိုင် ပြေးလမ်းမရှိတော့သဖြင့် သေးရှုးသေးတန်းဖြင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်ခြင်း ဖြစ်လေသည်။

ထိုစဉ်မှာပင် အလင်းရောင်တစ်ချက် ဝင်းလက်သွားပြီး....

'ဒုတ်'

'အား'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။

ယန်ချင်း ရင်ထိတ်ကာ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်လေသည်။

ငွေအိုးကြီးသည် မျက်လုံးကြီးပြူးထွက်လာကာ ကြမ်းပြင်ပေါ် တအိအိ ပြိုလဲကျသွားလေသည်။

ထိုအခါမှ သူ၏နောက်ကျောတွင် ဓားတစ်လက်စိုက်ဝင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူများ ထိတ်လန့်တုပ်လှုပ်သွားကြသည်။

ချက်ချင်းပင် နောက်လှည့်ထွက်ပြေးကုန်ကြလေသည်။

သို့သော် လူရိပ်တစ်ခု ရောက်ရှိလာပြီး တိုက်ခိုက်လိုက်လေရာ...

'ဝုန်း'



'အား'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူများ ဖရိုဖရဲ ဖြစ်သွားကြ၏။

ယန်ချင်းက တိုက်ခိုက်လာသူအား လှမ်းကြည့်လိုက်သောအခါ နဂါးလေးယန်ချွမ်း ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

....ဝ....

လေပြည်လေညှင်း ဝေ့ယမ်းတိုက်ခတ်လာသည်။

ရော်ရွက်များသည် လေဟုန်စီးကာ ဝေ့ကာဝဲကာဖြင့် မြေပေါ် ကျဆင်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ နဂါးလေး ယန်ခွမ်းနှင့် လောကပါလဒေါ်း ယန်ချင်းတို့ မျက်နှာချင်းဆိုင် ရပ်နေကြလေသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြပါသော်လည်း စကားမပြောဖြစ်ကြပါချေ။

သူဌေးကြီးရှောစ်စန်း၏ ခြံဝင်းအတွင်းမှ ပြိုင်ပွဲသည့် သေွးဝိညာဉ်ဂိုဏ်းအား အသွင်ပြောင်းကာ သိုင်းလောက၌ အတည်တကျ ခြေချနိုင်ရန် ကြိုးပမ်းခြင်း တစ်ရပ် ဖြစ်ခဲ့သော်လည်း ယန်ခွမ်း ၏ ဖြုပ်ကွက်ကြောင့် ပျက်စီးသွားခဲ့ရပေသည်။

သေွးဝိညာဉ်ဂိုဏ်း၏ လျှို့ဝှက်ချက်များ ဘွားဘွားကြီး ပေါ်ပေါက်ခဲ့ရသည်။

ယန်ခွမ်းဘက်မှာ လောကပါလဒေါ်းယန်ချင်းက မားမားမတ်မတ် ရပ်တည်ကာ ဖြေရှင်းခဲ့သဖြင့် သိုင်းလောကသားများ၏ အထင်မှားမှုမှ ကင်းလွတ်ခဲ့ရပေသည်။

လူတိုင်းကပင် ယန်ခွမ်းအား လက်ခံကြိုဆိုခဲ့ကြလေသည်။

သိုင်းလောက၌ ဖြစ်ပေါ်နေသော မကောင်းမှုများသည် သူဌေးကြီးရှောင်စန်း၏ ဦးဆောင်မှုဖြင့် ငွေအိုးကြီးက တာဝန်ခံဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း ထင်ရှား ပေါ်လွင်လာခဲ့လေသည်။

၁၀

ငွေအိုးကြီးသေဆုံးသွားပြီးနောက် သူဌေးကြီးရှောင်စန်းမှာ လက်စလွတ်ထွက်ပြေးတိမ်းရှောင်သွားခဲ့၏။



သွေးဝိညာဉ်ဂိုဏ်းအား လျှို့ဝှက်စွာ ဦးဆောင်နေသော သူဌေးကြီးတင်းရှောင် လွတ်မြောက်သွားခြင်းကြောင့် ယန်ချင်းကော ယန်ခွမ်းပါ ရင်မအေးနိုင်အောင် ဖြစ်ခဲ့ကြရပေသည်။

သို့သော် ရှာမတွေ့တော့သဖြင့် လက်လျှော့လိုက်ကြရပေသည်။

ယန်ချင်းက ဦးစွာ သက်ပြင်းချလိုက်ပြီး....

'တင်းရှောင်ဟာ သိုင်းလောကမှာကော မင်းစိုးရာဇ် အသိုင်းအဝိုင်းမှာပါ ဝင်ဆန့်တယ်၊ သူဟာ သွေးဝိညာဉ်ဂိုဏ်းခေါင်းဆောင်ဆိုတာ ဘယ်သူမှ မရိပ်မိကြဘူး၊ သူလွတ်မြောက်သွားတာဟာ မကောင်းတဲ့လက္ခဏာပဲ၊ သူ့ကို တွေ့အောင်ရှာရလိမ့်မယ်'

ဟု ပြောလေသည်။

ယန်ခွမ်းက....

'ခုဆိုရင် သွေးဝိညာဉ်ဂိုဏ်းက လူတွေကို နေရာအနှံ့မှာ ဖော်ထုတ်ဆုံးမနိုင်ခဲ့ပါပြီ၊ သူဌေးကြီးတင်းရှောင် လွတ်မြောက်နေသေးပေမယ့် သူက ဘာမှ လုပ်နိုင်တော့မှာ မဟုတ်ပါဘူး'

သူတို့နှစ်ယောက် ခွဲခွာချက်ခြင်း မတူကြပါချေ။

ယန်ချင်း ပြုံးလိုက်သည်။

'ထားပါတော့လေ၊ မင်းက သူ့ကို ဂရုမစိုက်ဘူးဆိုရင်သော် ကိုယ့်ကိုယ်ကိုတော့ ဂရုစိုက်ပါကွာ'

'ဗျာ....ဦး ဆိုလိုတာက....'

www.burmeseclassic.com

www.burmeseclassic.com



'ရွှေဝစ်စန်းဟာ ငွေအိုးကြီးရဲ့သခု မဟုတ်လား၊ ငွေအိုးကြီးတောင် အတော်ညာဏ်များနေတာ ရွှေဝစ်စန်းက ပိုပြီး ညာဏ်များတော့မှာပေါ့ကွာ'

ယန်ခွမ်းက....

'သူက ကျွန်တော့်ကို ဒုက္ခပေးဖို့ကြိုးစားရင် မှားသွားမှာပေါ့၊ ခုချိန်မှာကျွန်တော်တို့ကို ဒုက္ခပေးဖို့မပြောနဲ့၊ သူ့ကိုယ်သူ ဒုက္ခမရောက်အောင် အသေအသဲ ကြိုးစားနေရမှာပါ'

'မင်းပြောတာမှန်ပါတယ်၊ ဒါပေမယ့် သတိဆိုတာ ပိုတယ်မရှိပါဘူးကွာ၊ ကိုယ့်ကိုကိုယ်လဲ ဂရုစိုက်ပေါ့'

'စိတ်ချပါဗျာ'

'ကဲ....ငါသွားမယ်၊ မီးသွေးတုံးကို ငါက နှုတ်ဆက်ခဲ့တယ်လို့ ပြောလိုက်ပါ'

'ဟုတ်ကဲ့၊ ကျွန်တော် ဆက်ဆက်ပြောလိုက်ပါ့မယ်'

ယန်ချင်းသည် ယန်ခွမ်းအားနှုတ်ဆက်ကာ မြင်းပေါ်တက်လိုက်လေသည်။

ထို့နောက် လက်ဝေ့ယမ်းပြကာ မြင်းကို မောင်းနှင်ထွက်ခွာသွား၏။

ယန်ခွမ်း သက်ပြင်းချလိုက်သည်။

ယန်ချင်း မြင်ကွင်းမှကွယ်ပျောက်သွားသည်အထိ ငေးမောကြည့်နေပြီးမှ လှည့်ထွက်လာခဲ့လေသည်။

သူ၏ခြေလှမ်းများ လေးလံနေပါ၏။



သူဌေးကြီး ရွှေဝစ်စန်းသည် သွေးဝိညာဉ်ဂိုဏ်း၏ ခေါင်းဆောင်ဖြစ်ကြောင်းပေါ်လွင်သွားပြီးနောက် ကျင်းလိန်မြို့တော်ဝန်သည် ရာဇဝတ်သားအဖြစ် ကြေငြာကာ ဖမ်းဆီးပေးနိုင်သူအား ဆုငွေပေးမည်ဟု အမိန့်ထုတ်ပြန်လေသည်။

သူဌေးကြီးရွှေဝစ်စန်း ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများကိုဘဏ္ဍာအဖြစ် သိမ်းပိုက်ကာ သွေးဝိညာဉ်ဂိုဏ်းတွင် ပါဝင်ခဲ့သူများအား ဖော်ထုတ်အရေးယူလေသည်။

သွေးဝိညာဉ်ဂိုဏ်းမှာ မမျှော်လင့်ဘဲ ပေါ်ပေါက်သွားပြီး စိစိညက်ညက်ချေမှုန်းခံလိုက်ရခြင်း ဖြစ်ပေတော့သည်။

သူဌေးကြီးရွှေဝစ်စန်း ထွက်ပြေးလွတ်မြောက်သွားပါသော်လည်း ရွှေဝစ်ရွှေဝစ်မှာ မျက်နှာငယ်ကလေးဖြင့် ကျန်ရစ်ခဲ့ရှာသည်။

ရွှေဝစ်စန်းပိုင်ဆိုင်သည့်ပစ္စည်းများကို စွန့်လွှတ်လိုက်ရသဖြင့် ခြူးတစ်ပြားမှမရှိတော့ဘဲ ဆင်းရဲမွဲတေသည့် ဘဝသို့ ဒုန်းချပ်းညချပ်း ရောက်ရှိသွားရှာလေသည်။

သူမသည် သွေးဝိညာဉ်ဂိုဏ်းနှင့် ပတ်သက်ခဲ့ခြင်းမရှိသဖြင့် ဖမ်းဆီးအရေးယူခြင်း မခံရသော်လည်း လူတကာ၏ တံတွေးခွက်ထဲမျောရသည့်ကိန်း ဆိုက်ခဲ့ပေသည်။

ခိုကိုးရာမဲ့ဖြစ်နေသည့် ရွှေဝစ်ရွှေဝစ်အတွက် မိမိတွင် တာဝန်ရှိသည်ဟု ယန်ခွမ်း ခံယူထားပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ချင်းသည် တင်းရှောင်အား ရှာဖွေဖော်ထုတ်ရန် ထွက်ခွာသွားပြီ ဖြစ်သည်။

သို့တိုင် ယန်ချင်းနှင့်အတူ လိုက်မသွားနိုင်ဘဲ ရှောင်ရှောင်ရှိရာသို့ ပြန်လည်သွားခဲ့လေသည်။

သာခု...

ရှောင်ရှောင်သည် မီးသွေးတုံးကို သားအဖနှင့်အတူ နှင်းမိုးစေးအောက်ဆိုင်၌ ရောက်ရှိနေကြသည် မဟုတ်ပါလား။

ယန်ခွမ်းသည် ဆိုင်ထဲလှမ်းဝင်လိုက်သည်နှင့်....

'ယန်ခွမ်း ပြန်လာပြီ'

မီးသွေးတုံး၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဆိုင်ထဲ၌ လူရှင်းနေ၏။

မီးသွေးတုံးသည် သားငယ်ကိုရင်ခွင်ပိုက်ကာ ရှောင်ရှောင်နှင့်အတူ မျက်နှာချင်းဆိုင်ထိုင်နေ၏။

ရှောင်ရှောင်သည် သိုးငယ်သောမျက်နှာကလေးဖြင့် လှမ်းကြည့်နေသည်ကို တွေ့ရလေသည်။

ယန်ခွမ်းက မီးသွေးတုံးတို့အနီးသို့ လှမ်းသွားလိုက်၏။

မီးသွေးတုံးက....

'သူ ထွက်သွားပြီလား'

ဟု မေးလေသည်။



ယန်ခွမ်း ခေါင်းညိတ်လိုက်သည်။

'သွားပြီ'

'သာက ဆုတွေးကြီးရှောင်စန်းကို တွေ့အောင်ရှာမှာပဲ'

'ဒါက သူ့တာဝန်လေ၊ သူက ဒုစရိုက်သမားတွေကို ဆုံးမမယ်ဆို့ ဆုံးဖြတ်ထားတဲ့လူပဲ မဟုတ်လား'

ယန်ခွမ်းက ရှောင်ရှောင်ကို ကြည့်လိုက်လေသည်။

ရှောင်ရှောင်က....

'ဘာ်ကို ...ဖေဖေဟာ လူဆိုးကြီးတစ်ယောက် ဖြစ်နေတယ်ဆိုတာ တကယ်ပဲလား ဟင်'

ဟု လေသံမျှဖြင့် မေးလာလေသည်။

ယန်ခွမ်း သက်ပြင်းချလိုက်သည်။

'ညီမရယ်....သူဟာ....'

သူ စကားဆုံးအောင် မပြောလိုက်ရပါချေ။

ဆိုင်လုလင် တစ်ယောက်သည် သူတို့အနီးသို့ ရောက်ရှိလာပြီး....

'ဆရာလေး၊ ဘာများသုံးဆောင်မလဲ၊ အမိန့်ရှိပါဗျာ'

ဟု မေးလာသည်။

ယန်ခွမ်း ခေါင်းယမ်းလိုက်သည်။

'ကိစ္စမရှိဘူး၊ ကျုပ်မစား....'

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ်လည်း စကားဆုံးအောင် မပြောလိုက်ရပါချေ။

အကြောင်းမှာ ဆိုင်လုလင်သည့်မေးမြန်းစုံစမ်းရင်း ယန်ခွမ်းအနီးသို့မသိမသာတိုးကပ်လာပြီး လက်ထဲကိုင်ထားသည့် လက်သုတ်ပဝါကြားတွင်ဖွက်ထားသော ဓားမြှောင်တစ်လက်ဖြင့် တိုက်ခိုက်လိုက်ခြင်းကြောင့် ဖြစ်သည်။

မမျှော်လင့်သောဖြစ်ရပ်မို့ ယန်ခွမ်း ကြောင်အမ်းအမ်းဖြစ်သွား၏။

မီးသွေးတုံးနှင့် ရှောင်ရှောင်တို့လည်း ဆိုင်လုလင်၏ အပြုအမူကြောင့် တအံ့တသြဖြစ်သွားကြသည်။

မီးသွေးတုံးသည် ချက်ချင်းသတိဝင်လာပြီး....

'ယန်ခွမ်း၊ သတိထား'

ဟု အော်ပြောလိုက်၏။

သို့သော်....

နောက်ကျသွားပြီ ဖြစ်လေသည်။

ဆိုင်လုလင်၏ဓားမြှောင်သည် တအံ့တသြဖြစ်နေသည့် ယန်ခွမ်း၏ရင်ဝကို ဖောက်ထွင်းစိုက်ဝင်သွားလေသည်။

ပြင်းပျသော နာကျင်မှုဝေဒနာ ခံစားလိုက်ရသဖြင့်....



'အား....'

ယန်ခွမ်း လွှတ်ခနဲအော်ဟစ်လိုက်၏။

တဆက်တည်းပင် လက်ဝဲယမ်းကာ ဆိုင်လုလင်အား ရိုက်ထုတ်ပစ်လိုက်လေသည်။

'ဝုန်း....'

ဆိုင်လုလင်လည်း အနောက်ဘက် လွင့်စဉ်သွား၏။

သို့သော်....

ချက်ချင်းခုန်ထလာပြီး ဓားကိုဝှေ့ယမ်းကာ ယန်ခွမ်းထံ ပြေးဝင်လာသည်။

ထိုအချိန်တွင် ယန်ခွမ်းသည် သွေးအလူးလူးဖြင့် ကြမ်းပြင်ပေါ် လဲကျသွားပြီဖြစ်သည်။

ဆိုင်လုလင် ထပ်မံတိုက်ခိုက်လာသည်ကို မည်သည့်နည်းနှင့်မျှ ခုခံနိုင်စွမ်း မရှိတော့ချေ။

မီးသွေးတုံး မနေနိုင်တော့ချေ။

'ရပ်လိုက်စမ်း'

ထိုင်ရာမှခုန်ထပြီး ဆိုင်လုလင်ရှေ့မှ ပိတ်ဆို့၍ ဟန့်တားလိုက်သည်။

ဆိုင်လုလင် ဒေါသူသွားပြီး....

'ရှပ်လိုက်တာ၊ ဖယ်စမ်းကွာ'

www.burmeseclassic.com



အောင်ငေါက်ရစ်း မီးသွေးတုံးအား တိုက်ခိုက်လိုက်သည်။

မီးသွေးတုံးသည် အလေ့အကျင့် တားဆီးလိုက်ရခြင်းဖြစ်သကဲ့သို့ လက်တစ်ဘက်တွင် ရင်သွေးငယ်အား ပွေ့ချီထားရကား ကျန်လက်တစ်ဘက်ဖြင့်သာ ဆိုဝ်လုလင်၏ ဓားကိုင်ထားသည့်လက်ကို ဖမ်းဆုပ်ယှဉ်ထားနိုင်ခဲ့သည်။

ဂမုန်းရှုံးထိုး ပြေးဝင်လာသည့် ဆိုဝ်လုလင်အား လက်တစ်ဘက်တည်းဖြင့် တားဆီးရန်မှာ မည်သို့မျှ မဖြစ်နိုင်သည့်ကိစ္စ ဖြစ်ပေသည်။

'သွားစမ်း'

ဆိုင်လုလင်က အောင်ငေါက်ကာ ခြေထောက်ဖြင့် ကန်ကျောက်လိုက်သည်။

'ဝုန်း...'

'အား...'

မီးသွေးတုံးသည် ဝမ်းဗိုက်ကိုအကန်ခံလိုက်ရသဖြင့် လွတ်ခနဲ အောင်ရင်း ရှေ့သို့ခါးကိုင်းကျသွား၏။

ဆိုဝ်လုလင်က...

'သေပေတော့'

အောင်ငေါက်ကာ ဓားဖြင့်လှမ်းထွက်လိုက်ရာ ဓားသည် မီးသွေးတုံးကိုမထိဘဲ ကလေးငယ်အား ထိုးစိုက်မိသကဲ့သို့ ဖြစ်သွားလေတော့သည်။

'ဝါး...'



ကလေးငယ်၏ငိုသံ ထွက်ပေါ်လာသည်။

မီးသွေးတုံး မျက်လုံးပြူးသွား၏။

'သား...'

အရှူးကြီးတစ်ယောက်မမာ အော်ခေါ်လိုက်၏။

ဆိုဝ်လုလင်အား တိုက်ခိုက်ရန်ပင် သတိမရတော့ဘဲ ရင်သွေးငယ်ကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်သည်။

ဆိုင်လုလင်သည် အကြွစ်နာတရားရှိပုံမရဘဲ ကောက်ကျစ်စဉ်းလဲသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာသည်။

မီးသွေးတုံးက သူ့အား ဂရုမစိုက်နိုင်အောင်မှန်း သိလျှင် အခွင့်ကောင်းယူကာ ဓားမြှောင်ဖြင့် ပေါက်ချလိုက်၏။

ဓားမြှောင်သည် ငိုကြွေးနေသည့် မီးသွေးတုံး၏ရင်ဝသို့ စူးနစ်ဝင်ရောက်သွားတော့သည်။

'အင့်...'

မီးသွေးတုံး မယဲမကွဲညည်းညူကာ ရစ်သွေးငယ်ကိုပိုက်၍ ကြမ်းပြင်ပေါ် လဲကျသွားသည်။

သူတို့ သားအဖ နှစ်ယောက်၏ အဖြစ်ဆိုးကား ရင်နင့်စရာကောင်းလှပေတော့သည်။

ရှောင်ရှောဝ်သည် ဆိုင်လုလင် (ဝါ) လူသတ်သမားကို မယုံကြည်နိုင်စွာဖြင့် မျက်လုံးကြီးပြူးကာ ငေးကြည့်နေပါ၏။

ယန်ခွမ်းကား ဒဏ်ရာပြင်းထန်စွာရထားသည့်တိုင် ကြမ်းပြင်ပေါ်မှ လူးလိမ့်ထရန် ကြိုးစားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်က....

'ယန်ခွမ်း....မင်း သေဖို့သာ ပြင်ထား'

အောင်ဧကြက်ရင်း ခုန်ဝင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေတော့သည်။

'မလုပ်နဲ့'

ရှောင်ရှောင်မှာ ယခုမှ သတိဝင်လာပြီး ကြားဝင်တားမြစ်လိုက်သည်။

ဆိုင်လုလင်သည် သူ၏ရှေ့မှ ကာဆီးနေသည့် ရှောင်ရှောင်အား တွန်းဖယ်ပစ်လိုက်သည်။

'ဖယ်လိုက်စမ်း'

ရှောင်ရှောင်က ဖယ်မပေးပါ။

'အစ်ကိုယန်ခွမ်းကို သတ်ချင်တယ်ဆိုရင် အရင်ဆုံး ကျွန်မကို သတ်ပစ်လိုက်ပါ'

ဟု တွင်တွင်ကြီး အော်ပြောနေ၏။

ဆိုင်လုလင်သည် ရှောင်ရှောင်၏ တားမြစ်မှုကြောင့် စိတ်မရှည်နိုင်တော့သည့် သဘောဖြင့်....

'သမီး ဘေးဖယ်လိုက်စမ်း'

အမိန့်ပေးရင်း မျက်နှာပေါ်မှ မျက်နှာဖုံးတုကို ခွာချလိုက်လေသည်။



ထိုအခါ သူဌေးကြီးရှောင်စန်း၏ ရုပ်သွင် ပေါ်လွင်လာလေတော့သည်။

'ဖေဖေ....'

ရှောင်ရှောင် လွှတ်ခနဲ ခေါ်လိုက်၏။

ဆိုင်လုလင် (ဝါ) သူဌေးကြီးရှောင်စန်းက....

'သမီး...သူတို့ကြောင့် ဖေဖေ ဘယ်လောက် ဒုက္ခရောက်ခဲ့ရတယ်ဆိုတာ သမီး သိတဲ့အတိုင်းပဲ၊ သူတို့ကို ရှင်းပစ်မှအေးမယ်၊ ကဲ....ဘေးဖယ်လိုက်ပါ'

ရှောင်ရှောင် ငိုင်သွား၏။

သူမ၏ ဖခင်သည် လူဆိုးကြီးတစ်ယောက် ဖြစ်သည်ကို သူမ လက်မခံနိုင်အောင် ဖြစ်ခဲ့ရပေသည်။

သို့သော် ယခုတော့ သူမကိုယ်တိုင် မြင်တွေ့နေရပြီ ဖြစ်လေသည်။

ရှောင်စန်း၏ လက်ချက်ဖြင့် မီးသွေးတုံးတို 'သားအဖ သေဆုံးခဲ့ရပြီ ဖြစ်၏။

ထို့အတူ ယန်ခွမ်းသည်လည်း ဒဏ်ရာပြင်းစွာရကာ သွေးအိုင်ထဲ လဲနေ၏။

ရှောင်ရှောင်သည် ရှေ့သို့ တစ်လှမ်းချင်း တိုးလာနေသည့် ဖခင်ဖြစ်သူကိုလည်းကောင်း၊ ကြမ်းပြင်ပေါ်မှ လှုပ်မရှိနိုင်ရန်

www.burmeseclassic.com



ကြိုးစားနေသည့် ယန္တန်ခွမ်းကိုလည်းကောင်း တစ်လှည့်စီ ကြည့်နေပါ၏။

ရှောင်စန်းသည် သေးစွန်းနေသော ဓားကို ကျစ်ကျစ်ပါ အောင် ဆုပ်ထား၏။

သူ၏ပုံစာန်မှာ ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်နေပြီး ရှုးသွပ်နေသူ တစ်ယောက်နှင့် တူလှပေသည်။

ရှောင်ရှောင် ခေါင်းခါယမ်းလိုက်သည်။

'ပေပေ အစ်ကိုယန္တန်ခွမ်းကို မသတ်ပါနဲ့ ပေပေရယ်'

သူမ တောင်းပန်လိုက်လေသည်။

သို့သော် ရှောင်စန်း လက်မခံပါချေ။

'ဖောာ်ထွက်လိုက်စမ်း'

အော်ဟစ်ရင်း သူမအား တွန်းဖယ်လိုက်ပြီး ယန္တန်ခွမ်းထံ ခုန်ဝင်သွားလေသည်။

ထိုစဉ်မှာပင်....

'ရပ်လိုက်'

အော်ဟစ်သံ တစ်ချက် ထွက်ပေါ်လာ၏။

လူရိပ် တစ်ခုသည် လျှင်မြန်စွာ ခုန်ဝင် ရောက်ရှိလာပြီး ရှောင်စန်းအား တိုက်ခိုက်လိုက်သည်။



ရှောင်စန်းသည် ယန္တန်ခွမ်းအား တိုက်ခိုက်ခြင်း မရှိတော့ဘဲ ချက်တရက် ရောက်ရှိတိုက်ခိုက်လာသူနှင့် ပြန်လည်ရင်ဆိုင်လိုက်ရလေတော့သည်။

....၁....

'ဝုန်း....'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာ၏။

ရှောင်စန်းသည် မသဲမကွဲ ညည်းညူကာ ကြမ်းပြင်ပေါ် လဲကျသွားလေသည်။

ရှောင်ရှောင် ထိတ်လန့်သွား၏။

'ပေပေ....'

www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့် အော်ဟစ်ခေါ်ကာ ပြေး၍ ဖေးမလိုက်လေသည်။

ယန်ခွမ်းသည် ကောင်းစွာ ရပ်တည်လာနိုင်ပြီဖြစ်၏။

ရှောင်စန်းအား တိုက်ခိုက်ကာ သူ့အား ကယ်တင်လာခဲ့သူကို လှမ်းကြည့်လိုက်၏။

'ဟင်...ဆရာကြီး ယန်ချင်း'

မှန်ပေသည်။

သူ့အား ကယ်တင်ခဲ့သူမှာ လောကပါလဓား ယန်ချင်း ဖြစ်ပေသည်။

ယန်ချင်းက...

'ငါ လမ်းတစ်ဝက်က ပြန်လှည့်လာခဲ့မိတာ သိပ်ကံကောင်းသွားတယ်၊ ငါ့စိတ်ထဲ လေးနေတယ်ကွ၊ မင်း တစ်ခုခု ဖြစ်လိမ့်မယ်လို့ ငါထင်နေတယ်လေ'

ယန်ခွမ်း ပြုံးလိုက်၏။

'ဦး ပြောတဲ့အတိုင်းပဲ သူဌေးကြီး ရှောင်စန်းဟာ မလွတ်နိုင်တော့ပါဘူး'

'သေချာတာပေါ့ကွာ'

ထိုစဉ်...



'ဖေဖေ...မလုပ်ပါနဲ့'

ရှောင်ရှောင်၏ အထိတ်တလန့် အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ရှောင်စန်းသည် ယန်ချင်းထံ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်သည်ကို တွေ့မြင်ရလေသည်။

ယန်ခွမ်း အံကြိတ်လိုက်၏။

'ဦး....ဘေးဖယ်လိုက်'

အော်ပြောရင်း ရှေ့သို့ ခုန်ဝင်ကာ ယန်ချင်းအား တွန်းထုတ်ပစ်လိုက်၏။

တစ်ဆက်တည်းပင် ရှောင်စန်းနှင့် ရင်ဆိုင်လိုက်လေသည်။

ယန်ချင်းမှာ ကြောင်အမ်းအမ်း ဖြစ်ကာ ဘေးသို့ ရှောင်တိမ်းသွား၏။

ယန်ခွမ်းနှင့် ရှောင်စန်းတို့ ထိပ်တိုက် ရင်ဆိုင်မိကြလေသည်။

ရှောင်စန်း၏ ဓားသည် ယန်ခွမ်း၏ရင်ဝ၌ ထိုးစိုက်မိလိုက်ပြီး ယန်ခွမ်း၏ လက်သီးမှာ ရှောင်စန်း၏ မျက်နှာကို တည့်တည့် မတ်မတ် ထိုးချမိလိုက်၏။

'ခွပ်'

www.burmeseclassic.com

www.burmeseclassic.com



'အား....'

အောက်ဟစ်သံများနှင့်အတူ နှစ်ယောက်စလုံး ကြမ်းပြင်ပေါ် လဲကျသွားကြလေတော့သည်။

....၁....

'ယန်ခွမ်း၊ မင်းဘာလုပ်နေသလဲ'

ယန်ချင်းက စိုးရိမ်တကြီး မေးသည်။

ယန်ခွမ်း ပြုံးလိုက်၏။

'သူ [illegible] မီးသွေးတုံးတွေ သားအဖ သေသွားရပြီမျှ'

ဟု ပြောလေသည်။

ယန်ခွမ်းသည် လူ၏ ညာဘက်အတိုင်း ရှောင်စန်းကို လက်သီးတစ်ချက်ထိုးကာ တုန့်ပြန်လိုက်ပြီဖြစ်လေသည်။

ယန်ချင်းက....

'မင်းကို ငါ အများကြော်ဆီခေါ်သွားမယ်'

ပြောပြောဆိုဆို ပွေ့ထူရန် ဟန်ပြင်လိုက်၏။



သို့သော် ယန်ခွမ်း၏ရင်ဝမှဒဏ်ရာမှာ သွေးများစိမ့်ထွက်နေသဖြင့်...

'ဒဏ်ရာကို သွေးတိတ်အောင် အရစ်ဆုံးလုပ်ထားရမယ်'

ဟု ရေရွတ်ရင်း အင်္ကျီရင်ဘတ်ကြားသို့ လက်နှိုက်လိုက်၏။

စိတ်ရှုပ်ထွေးနေချိန်၌ ကြုံရမရှဖြစ်ကာ ဒဏ်ရာကို စည်းနှောင်ရန် သိမ်းဆည်းထားသည့် ပဝါတစ်ပိုင်းကို ထုတ်ယူလိုက်ခြင်းဖြစ်၏။

ယန်ခွမ်းသည် ယန်ချင်း၏လက်ထဲမှပဝါကိုမြင်လျှင် ငေးငိုင်သွားပြီး....

'ဟာ....ကျွန်တော့်မှာလဲ ဒီလိုပဝါတစ်ပိုင်း ရှိသေးတယ်'

ဟု ဗလုံးဗထွေး ရေရွတ်လိုက်၏။

ယန်ချင်း မျက်လုံးပြူးသွားသည်။

'ဘာပြောတယ်၊ မင်းဆီမှာလဲ ဒီလို ပဝါတစ်ပိုင်းရှိတယ် ဟုတ်လား'

ယန်ခွမ်းမှာ ဒဏ်ရာကြောင့် မေ့ဟိုက်နေ၏။

ဘာမျှ ပြန်မပြောဘဲ သိမ်းဆည်းထားသည့် ပဝါလေးကို ထုတ်ယူလိုက်၏။

ယန်ခွမ်း၏ပဝါနှင့် ဆက်စပ်လိုက်သောအခါ ဒေါင်းနဂါး ရုပ်ပုံပါရှိသည့် ပဝါတစ်ဆည်ဖြစ်နေသည်ကို [illegible]။

ယန်ချင်းက....

ယန်ချင်းက....

www.burmeseclassic.com



'မင်း….မင်းဘယ်သူလဲ၊ ဒီပဝါတစ်ပိုင်းကို ဘယ်လိုလုပ်ပြီးရခဲ့တာလဲ'

ဟု အခမ်းမရ မေးလိုက်၏။

ယန်ခွမ်းက….

'ဦး….ဦးဟာ ယန်ယင်းပင်လားဗျာ'

ဟု ပြန်မေးလိုက်ရာ ယန်ချင်း ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ကွာ'

ယန်ခွ ယန်ခွမ်းသည် သူတွေ့လိုလှသည့် ယန်ယင်းပင်အား တွေ့လိုက်ပြီဖြစ်လေသည်။

သူ၏ရင်ထဲ ဖော်မပြနိုင်သည့် ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်လိုက်ကြ၏။

ယန်ခွမ်း၏ရင်ထဲ အောင့်တက်လာ၏။

သူ၏ဦးခေါင်းများ မူးနောက်ရီဝေလာ၏။

'အဖေ'

နှစ်ပေါင်းများစွာ အောင့်အည်းမျိုသိပ်ထားခဲ့ရသည့် စကားလုံးတစ်ခု ပွင့်အန်ထွက်လာ၏။

'အဖေ ကို ကျွန်တော်ရှာနေတာ ကြာပါပြီ အဖေရယ်'

ထိုစကားသည် ယန်ခွမ်း၏ နောက်ဆုံးစကား ဖြစ်လေသည်။

စကားဆုံးသည်နှင့် ဇက်ကျိုးကျသွား၏။



'သား….'

ယန်ယင်းပင် (ဝါ) ယန်ချင်း အော်ခေါ်လိုက်၏။

သူကလည်း ဇနီးနှင့် သားကို ရှာဖွေနေခဲ့ရသည် မဟုတ်ပါလား။

နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့သည့် သားအဖနှစ်ယောက်၏ ပြန်လည်ဆုံတွေ့မှုသည်….

….ဝ….

လေပြည်လေညင်း ဝေ့ ယမ်းတိုက်ခတ်နေ၏။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

တောလမ်းကလေးအတိုင်း သီလရှင်တစ်ပါး လျှောက်လှမ်းလာနေပါ၏။

'ဒေါင်….ဒေါင်'

မလှမ်းမကမ်းရှိ တောင်ကုန်းတစ်ခုပေါ်မှ ခေါင်းလောင်းသံများ ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုတောင်ကုန်းပေါ်၌ သီလရှင်ဘုံကျောင်းတစ်ခုရှိပေသည်။

သီလရှင်ကလေးသည် တောင်ကုန်းပေါ်သို့ မော့ကြည့်လိုက်၏။

သူမ၏မျက်နှာ ဆွေးရိပ်သန်းနေ၏။

'လူသားတိုင်း လောဘ၊ ဒေါသ၊ မောဟ၊ အာဃာတတွေ ကင်းငြိမ်းကြပါစေ'

ဟု တီးတိုးဆုတောင်းလိုက်၏။

ထို့နောက် သီလရှင်ဘုံကျောင်းဆီသို့ ဦးတည်လျှောက်လှမ်းသွားလေသည်။

ထိုသီလရှင်လေးမှာ သခင်မလေး ရှောင်ရှောင်ပပ် ဖြစ်ပေတော့သည်။

တတိယပိုင်းဇာတ်သိမ်း-ပြီး၏။

ဝဏ္ဏအောင်

www.burmeseclassic.com